
www.burmeseclassic.com

# ကာနောက်ဖမ်းသား နှင့် သိုက်ထိပ်ခေါင်တင်

ဝင်း ဆိုး

(ပညာရေး)




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| မျက်နှာဖုံးခွင့်ပြုချက် | ၄၄၄/၉၈(၈) |
| စာမူခွင့်ပြုချက် | ၄၃၅/၉၈(၁၀) |
| ထုတ်ဝေသူ | ဦးဝင်းမြင့် |
| | ဝင်းမြင့်အောင်စာပေ |
| | အမှတ် ၃၁၅၊ ၂ (ခ)ရပ်ကွက်၊ |
| | တိုးချဲ့ထောက်ကြံ့၊ မင်္ဂလာဒုံမြို့နယ်၊ |
| | ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ်သူ | ဒေါ်ရွှေခင် (၀၅၄၄၉) |
| | ဝင်းလိုက်ပုံနှိပ်တိုက် |
| | အမှတ် ၃၅၂၊ စရည်းပင်လမ်း၊ |
| | သဃ်္ဃန်းကျွန်းမြို့နယ်။ |
| မျက်နှာဖုံးပုံနှိပ်သူ | ဦးတိုးဝင်း (၀၂၄၃၁) |
| | နေလရောင် အော့(ဖ်)ဆက်၊ |
| | ၉၆(ခ)၊ ၁၁ လမ်း၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | ၁၉၉၉၊ ပထမအကြိမ်၊ |
| | ဇန်နဝါရီလ |
| အုပ်ရေ | ၁၀၀၀၊ |
| တန်ဖိုး | ၂၅၀ ကျပ် |
| မျက်နှာဖုံးပန်းချီ | စံတိုး |


BURMESE CLASSIC

## စိမ့်(ပညာရေး)

# ကနောင်မင်းသား
# နှင့်
# လှိုင်ထိပ်ခေါင်တ

www.burmeseclassic.com

www.burmeseclassic.com



# မာ တိ ကာ

စာရေးသူ၏ အမှာစာ

၁။ မျက်ရည်နှင့်စခဲ့သော လှိုင်ထိပ်ထား၏ဘဝ ... ၁
၂။ ချစ်လို့ရယ်မကုန် ဝသုန်ဣမြေသိကြားစေသက်သေညွှန်း ... ၉
၃။ မယွင်းတဲ့သစ္စာ ပြယ်ပါဘူးမောင်ဘုရား ... ၂၀
၄။ လှိုင်ထိပ်တင်အမိုက်မကလေးကို ပိုက်ထွေးတော်မူလှည့်ပါ ... ၃၈
၅။ မိဖဲအိမ်စားပြမှုမှ စခဲ့သောဇာတ်လမ်း ... ၅၁
၆။ မင်းကောင်းရွှာပြည် မန္တလေး၌အေးစိမ့်တည် ... ၆၄
၇။ ဘုရင့်တပ်မတော်၊ သဘော်နှင့်ငွေဒင်္ဂါးစက်ရုံ ... ၇၃
၈။ မချစ်ပြင်ပြင်မကြင် ကိုယ်တော်စိမ်းပြီလား ... ၉၂
၉။ ရေမြှုပ်ဗုံးနှင့် တိုင်းပြည်ရှုံးခဲ့ရသောနိဒါန်း ... ၁၁၅
၁၀။ မြင်ကွန်းကနောင်အရေးတော်ပုံ ... ၁၂၂
၁၁။ မကြုံတတ်လေဘု စရပ်မှာညှော်သည်ဆုံးသည်သို့ ... ၁၃၉
၁၂။ လှိုင်ထိပ်ခေါင်တင်၏ နောက်ဆုံးနေ့များ ... ၁၅၁
နောက်ဆက်တွဲ (က) ... ၁၅၇
မှီငြမ်းစာအုပ်များ ... ၁၅၈

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏ အမှာစာ

## 'ကနောင်'နှင့် 'လှိုင်'တို့၏ ဆွတ်ပျံ့လွမ်းမောဖွယ် စာတ်လမ်းနှင့်အတူ

၁

"ဘုရားကြီးကို. . .ဘုရားကြီးကို"

အညာမိုးသည် စိတ်မပါ့တပါ ခပ်ဖွဲဖွဲကလေး ရွာနေ၏။ စာရေးသူတို့ မိသားစုသည် မန္တလေးတိုးချဲ့ မြို့ကွက်သစ် သိုးခြံဘူတာသံလမ်းမှတ်တိုင်တွင် ကားစောင့်နေကြသည်။ မကြာခင် ကားစပယ်ယာကလေး၏ ခရီးသည် ခေါ်သံနှင့်အတူ 'စစ်မန်းရော' ခရီးသည်တင် လိုင်းကားကလေး တစ်စီး မှတ်တိုင်တွင် ထိုးဆိုက်လာသည်။ ထို လိုင်းကားပေါ်သို့ အပြေးအလွှားတက်ပြီး ဘုရားကြီးသို့ ထွက်ခဲ့ကြသည်။

မန္တလေးနေပြည်တော်ရှိ ဘုရားများကို ဘွဲ့တော်အသီးသီး သမုတ်ခဲ့သော်လည်း ဘွဲ့တော်ကို အခေါ်နည်းကြသည်။ ဥပမာ ဘုရင်မင်းမြတ်၏ ကုသိုလ်တော်ဖြစ်သော လောကမာရဇိန် စေတီတော်ကို 'ကုသိုလ်တော်'ဟူ၍ လည်းကောင်း၊ သီပေါမင်း၏ ကောင်းမှုတော် မာရ်အောင်ရတနာစေတီတော်ကို 'ဝါခင်းကုန်းဘုရား'ဟူ၍ လည်းကောင်း၊ မဟာမုနိဘွဲ့တော်ရင်းရှိသော ဘုရားကို 'ဘုရားကြီး'ဟူ၍လည်းကောင်း ခေါ်ဝေါ်ကြသည်ကို သတိပြုမိသည်။



အချို့က ဘွဲ့တော်ရင်း 'မဟာမုနိ'ဘုရားကို 'မြတ်'တစ်လုံးပို၍ 'မဟာမြတ်မုနိ'ဟု ဘွဲ့မည် သ,ကြသေးသည်။ သို့သော် အင်းဝမြို့ဟောင်းရှိ ညောင်ရမ်းမင်းတရား ကောင်းမှုတော်သာ 'မဟာမြတ်မုနိ'ဟု ဘွဲ့တော်ရှိ၍ မန္တလေးရှိ ရုပ်ပွားတော်မှာ 'မြတ်' မပါဘဲ 'မဟာမုနိ'ဟူ၍သာ ဘွဲ့တော်ရှိကြောင်း မှတ်သားရဖူးပါသည်။

စာရေးသူတို့သည် မဟာမုနိဘုရားအား ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းပြီး အောင်သပြေပန်းဖြင့် ရှိခိုးပူဇော်ကြသည်။ ရွှေရောင်ဝင်းမှည့်နေသော မဟာမုနိရှင်တော်မြတ်အား ကြည်ညိုသဒ္ဓါပွားကာ ဖူးမြော်ပြီးနောက် စာရေးသူတို့သည် ရတနာပုံ မန္တလေး မြနန်းစံကျော်ရွှေနန်းတော်ကြီးဆီသို့ ခရီးဆက်ခဲ့ကြသည်။

၂

ရွှေနန်းတော်အတွင်း၌ လေ့လာရန် တောင်စမုတ်ဆောင်ဘက်မှ ဝင်ကြ၏။ ဦးစွာ နန်းမြင့်ပေါ်သို့ တက်ခဲ့ကြသည်။ ရွှေနန်းတော်ကြီးကို နန်းမြင့်ပေါ်မှ စီး၍ကြည့်ရင်း မြန်မာတို့သည် တစ်ချိန်က ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှာန်းနှင့် အချုပ်အခြာအာဏာ ပိုင်စိုးခဲ့ကြသည်ကို ဂုဏ်ယူနေမိသည်။ ပြီးတော့ ဗုဒ္ဓသာသနာတော် ထွန်းကားလျက် မြန်မာ့ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ခဲ့သော နိုင်ငံတော်ကြီးသည် ထီးကျိုးစည်ပေါက် နယ်ချဲ့လက်အောက် ကျွန်ဘဝရောက်ခဲ့ရသည်ကို တွေးမိသည့်အခါ မချိတင်ကဲ လှိုက်လှဲဝမ်းနည်းမိပြန်သည်။

ရွှေနန်းတော်တွင် အဦးအထိပ်ဖြစ်၍ ဘုံခုနစ်ဆင့်ဖြင့် မိုးယံစွင့်စွင့် မြင့်တက်နေသော ရွှေနန်းပြာသာဒ်တော်ကြီးမှာ နန်းမြို့တစ်ဝန်း၏ ကျက်သရေကို ဆောင်လျက်ရှိ၏။ အဆောင်များ၏ အမိုးနီနီထက်တွင် ဖြူဖြူဖွေးဖွေး အဆောင်ကလေးများကို တွေ့ရသည်။ ငှက်ခတ်တဲများ ဖြစ်၏။ ယင်း အဆောင်များ၏ အမိုးပေါ်၌ ငှက်ခတ်ထဲထားသည်မှာလည်း အကြောင်းရှိသည်။

'ကောသမ္ဗီပြည်၌ ကောသမ္ဗီမင်း၏ မိဖုရားခေါ်သာရီသည်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းလအခါတွင် ကမ္ဗလာနီကို ခြုံပြီး နေရောင်ခံသည်။ ဤတွင် ကေသရီမိဖုရားကို သားတစ်အမှတ်ဖြင့် ငှက်ကြီးတစ်ကောင်က ချီသွားပြီး တောအရပ် သစ်ပင်တစ်ပင်တွင် ထားသည်။ မိဖုရားတွင် ပဋိသန္ဓေ အရင့်အမာပါသွားရာ သားဖွားလျှင် တောတွင်း ရသေ့ တစ်ပါးက ကျွေးမွေးပြုစုထားသည်။ ထိုအကြောင်းကို စွဲ၍ မိဖုရား အဆောင်တော်လေးဆောင်တွင် ငှက်စောင့် ငှက်ခတ်ဆဲထားသည်' ဟု ရွှေဘုံနိဒါန်းကျမ်းက ဆိုသည်။

နန်းမြင့်ပေါ်မှ ဆင်းခဲ့ကြပြီးနောက် နန်းတော်ဆောင်များကို လှည့်ပတ်ကြည့်ရှု လေ့လာကြသည်။ ရွှေနန်းပြာသာဒ်တော်ကြီးတွင် ထားရှိသော သီဟာသနပလ္လင်တော်ကို လေ့လာစဉ် ပလ္လင်တော် ထက်တွင် သာသနာ့ဒါယကာ မင်းတုန်းမင်းတရားကြီးနှင့် မိဖုရား ခေါင်ကြီး စကြာဒေဝီတို့ အကန့်တော့ခံနေဟန်ကို မြင်ယောင်လာ သည်။ ပလ္လင်တော်ရှေ့ ဝဲဘက် အထူး သီးသန့်နေရာတွင် အိမ်ရှေ့ ကနောင်မင်းသားက ခစားလျက် ရှိ၏။ ကနောင်မင်းသားနှင့် ဆက်နွှယ်ပြီး စာရေးသူ၏ စိတ်အစဉ်တွင် ကနောင်မင်းသားအား အသည်းအသက်မက ချစ်မြတ်နိုးခဲ့သူ လှိုင်ထိပ်ခေါင်တင် မင်းသမီး ကို သတိရလာပြန်လေသည်။

၃

ထိုနေရာမှ ထွက်ခွာလာကြပြီး အရှေ့မေတာဝန်ဆောင်၊ ငြိတိုက် ဆောင်၊ လေသာဆောင်၊ လက်ဖက်ရည်တော်ဆောင် စသည်တို့သို့ လျှောက်လာကြသည်။ လက်ဖက်ရည်တော်ဆောင်ကို လေ့လာကြည့်ရှု ရင်း တစ်ချိန်က လက်ဖက်ရည်တော်တွင် ထမ်းရွက်ရသည့် ရှာစည် ရွာစား စလေဦးပုညကို အမှတ်ရမိပြန်သည်။ အဘိဓာန်၊ အလင်္ကာ ဆန်း၊ ကဝိလက္ခဏာကျမ်းတို့ကို ပါဠိမှပေါက် တတ်မြောက်ခဲ့သူ။ ပိဋကတ်ကျမ်း၊ ဗေဒင်ကျမ်း၊ ရာဇဝင်ကျမ်းဂန်များနှင့် သက္ကတ ဘာသာကိုလည်း လေ့လာ တတ်မြောက်သူ။ ယောဂာ၊ တရားစာ၊ မေတ္တာစာ၊ မော်ကွန်း၊ ကဗျာ၊ တေးထပ်၊ ပြဇာတ်၊ ဆေးကျမ်း၊



မှာတမ်း၊ ဝတ္ထုအစရှိသော တိုင်းပြုပြည်ပြု၊ သာသနာပြု စာပေများကို ပြုစုခဲ့သူ ဦးပုည၊ မြင်ကွန်းညီနောင်တို့ကို ကြောက်သဖြင့် အခါပေးခဲ့ ရသည့် ဦးပုည၊ သူ အခါပေးသည့်နေ့တွင်ပင် အိမ်ရှေ့ ကနောင် မင်းသားကြီး ကျဆုံးခဲ့ရပုံတို့ကို စိတ်မှန်းဖြင့် မြင်ယောင်လာကာ နှမြောတသ ယူကြုံးမရသည့် ဝေဒနာကို ခံစားလာရသည်။

စာရေးသူသည် ငယ်စဉ်က လှိုင်မင်းသမီး ရေးသားဖွဲ့ဆိုထား သည့် တေးကဗျာများကို ဖတ်ရှုလေ့လာရင်း အချစ်ကြီးသူ၊ သစ္စာ တရား ကြီးမားသူ လှိုင့်ကို အသနားပိုကာ အိမ်ရှေ့ကနောင်မင်းသား အား မကျေမနပ် ဖြစ်ခဲ့သည်။

အသက်ရလာသည်နှင့်အမျှ သမိုင်းဆိုင်ရာ အချက်အလက် များကို လက်လှမ်းမီသရွေ့ ဖတ်ရှု လေ့လာသည့်အခါတွင် ကနောင် မင်းသားသည် နိုင်ငံတော်ကို ခေတ်သစ်နိုင်ငံတော်တစ်ခု ဖြစ်မြောက် အောင် ကိုယ်ထိလက်ရောက် မည်မျှ ကြိုးပမ်းအားထုတ်ခဲ့သည်ကို သိလာရသည်။ ခေတ်မီစက်ရုံများ တည်ခဲ့သည်။ နိုင်ငံခြားသို့ ပညာတော်သင်များ စေလွှတ်ခဲ့သည်။ ခေတ်မီလက်နက် ထုတ်လုပ် ရေးကို ဆောင်ရွက်ခဲ့သည်။ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်မှု ပြောင်းလဲရေးအတွက် ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်ကာကွယ်ရေး အတွက် အောင်ပင်လယ်ကန်တွင် ရေမြှုပ်ဗုံးများ စမ်းသပ်ခဲ့သည်။ အောင်မြင်ပါလျက် ရေမြှုပ်ဗုံး ဇာတ်သိမ်းခဲ့ရသည်။ နန်းလုပွဲကြောင့် အိမ်ရှေ့ကနောင်မင်းသားကြီး ရေတိမ်နစ်ခဲ့ရသည်။ သူ၏ စေတနာ မွန်မှလာသည့် လုပ်ဆောင်ချက်များသည် နောင်းလူတို့အတွက် ဂုဏ်ယူဖွယ်၊ အားတက်ဖွယ်၊ သံဝေဂယူဖွယ်များအဖြစ် ကျန်ရစ်ခဲ့ သည် မဟုတ်ပါလား။ သည့်အတွက် ကနောင်မင်းသားအပေါ် အမြင်ကြည်လင်လာသည်ဟု ဆိုရပေမည်။

၄

ယခု စာရေးသူသည် 'ကနောင်မင်းသားနှင့် လှိုင်ထိပ်ခေါင်တင်' တို့၏ ကြည်နူးဖွယ်၊ ဆွတ်ပျံ့ဖွယ်၊ လွမ်းမောဖွယ်ဇာတ်လမ်းများကို

www.burmeseclassic.com

www.burmeseclassic.com



စာတစ်အုပ်အဖြစ် ပြုစုထားသည်။ ဤစာအုပ်တွင် လှိုင်ထိပ်ခေါင်တင် ရေးဖွဲ့ခဲ့သော တေးကဗျာများကို ရနိုင်သမျှ စုဆောင်းဖော်ပြထားပါသည်။ သူ့ကဗျာများသည် ကိုယ်ရေးကိုယ်တာ ခံစားချက်များ ဖြစ်သော်လည်း သူ ကျင်လည်နေရသော ပဒေသရာဇ်အသိုင်းအဝိုင်း၏ သက်ဦးဆံပိုင်စနစ်များ တစ်ပိုင်းတစ်စ ထင်ဟပ်နေသည်ကို တွေ့ရပေမည်။ ပြီးတော့ လှိုင်သည် ရေးက ဘောလယ်သံရိုးကို ခေတ်မီသံဆန်းဖြင့် ဖွဲ့ဆိုထားရာ စာဆိုလှိုင်၏ ရင့်ကျက်သော အနုပညာကိုလည်း လေ့လာနိုင်ပေမည်။

တိုင်းပြည်အပေါ်ထားရှိသော ကနောင်မင်းသား၏ စေတနာ၊ သဒ္ဓါ၊ အရည်အသွေးနှင့် လှိုင်ထိပ်ခေါင်တင်၏ ကဗျာဉာဏ်၊ **စာ**ဉာဏ်ကွန့်မြူး ထက်မြက်ပုံတို့အား ဤစာအုပ်ကို ဖတ်ရှုရသော **စာရှု**သူသည် အတိုင်းအတာတစ်ခုအထိ လေ့လာ အကဲခတ်နိုင်သည် ဆိုပါစို့၊ ဤစာအုပ်ကို ရေးရကျိုးနပ်ပြီဟု ယူဆရပါတော့မည်။

**စိမ့်(ပညာရေး)**

## ၁။ မျှတ်ရည်နှင့်စခဲ့သော လှိုင်ထိပ်ထားအိဘ

ချစ်သမျှကို မြင်းမိုရ်ရွှေတောင်လုံးသာပလေ။
လေးဆူဒီပါ သီတာရေမြေဆုံးစေတော့လေ။
*အို..ဘယ်မမှန်းပါတော့နိုင်၊ ကပ်လုံးဆုံးတိုင်တိုင်။*
ရုံးညာပိုင် အုံးပြိုင်သဘ္ဘာ ကြွေ့မှာလလေ။
ကြိုးမည့်နှောင်တာ ရိုးပြာမြေဝယ် မြေ့စေတော့လေး။
မှန်သရွှေ့ကိုလ၊ ဖန်စေ့စေ့ရေ။
ကိုးဂုဏ်ရှင့်ဂူတော်မွေ့၊ တူမသွေပါစေမယ်နှင့်သား။
လှစ်ကျူမြွက်ကြား၊ ဝှက်စကား၊ မြတ်ရှင်ပင်တန်ခိုးတော်အား။
မခြားသိစေကြောင်း၊ ပန်ထွာတည့်ခဝပ်ညောင်း။
တူပြိုင်ဂူလိုဏ် စကားသစ္စာခိုင်။
သံသာလေကမ်းတိုင်၊ တူပြိုင်ကူးမယ်၊ ဆူထူးငယ်ပန်ရှယ်သွန်း။
ချစ်လို့ရယ်မကုန်၊ ဝသုန်ဤမြေသိကြားစေ၊ သက်သေညွှန်း။
ပျံ့မွှန်းမွေးလှိုင်ကြူလေတည့်မှ၊ သုံးလူ့ထွတ်မှန်ကူ။
မတူလေပြိုင်နှုန်းကင်း၊ ခြောက်ဖြာစုံရောင်မျိုးလင်း။ ။

ပြန်။ ။ချစ်ချင်းငယ်ပြိုင်၊ မြစ်မင်းပိုင်အဏ္ဏဝါက ပြန်မသာကဲ။
ယွင်းစေ့ဝသုန် ငွေစန်းသော်တာယုန်သို့ ကမ္ဘာကုန်ကျယ်သ[illegible]ငယ်မှာ ဘယ်မေ့လိမ့်လဲ။

www.burmeseclassic.com

www.burmeseclassic.com



မမြကလေး၏ ငြိမ့်ညောင်းသာယာလှသော သီချင်းသံအဆုံးဝယ် လှိုင်မင်းသမီး ကလေးသည် မယ်တော်မမြကလေး၏ လက်မောင်းကို ကိုင်ကာ ကန့်ကရ ပြောလိုက်သည်။

"နားဆင်လို့ ကောင်းလိုက်တာ မယ်မယ်ရယ်။ ဒီသီချင်းလည်း တင်တင့်ကို သင်ပေးရမယ်နော်"

"သင်ပေးမှာပေါ့ သမီးလေးရယ်။ ကဗျာဂီတဟာ လူတွေရဲ့ နှလုံးသားကို သိမ်မွေ့စေတယ်။ ရဲရင့် တည်ကြည်စေတယ်။ ဂီတနဲ့ပတ်သက်ပြီး တင်တင့်ကို အများကြီး သင်ပေးရဦးမယ်"

သည်အခိုက်အတန့်ကလေးမှာပင် အနောက်နန်းတော်သို့ မြို့ဝန်မင်းနှင့် အနောက်ဝန်မင်းတို့ ရောက်လာကြသည်။ သူတို့နှင့်အတူ လူတစ်ကျိပ် ခန့်လည်း ပါလာသည်။

ဝန်မင်းတို့ကို မြင်လိုက်ရသည်နှင့်ပင် ယခုလာခြင်းကား ကောင်းသော လာခြင်း မဟုတ်သည်ကို အနောက်နန်းမိဖုရား မမြကလေး သိလိုက်ပါပြီ။ ဘယ်လို အရေး ကိစ္စများပါလိမ့်။ မမြကလေးသည် မိခင်ဒေါ်အိကို မသိမသာ ကြည့်မိသည်။ ဒေါ်အိကလည်း စူးစမ်းသောအကြည့်ဖြင့် မမြကလေးကို ပြန်ကြည့်သည်။ စောစောက တေးသီချင်းသံ၊ စကားသံတို့ဖြင့် ဝေစည်နေသော ခန်းမဆောင်ထဲတွင် ရုတ်ခြည်း တိတ်ဆိတ်သွား၏။

မြို့ဝန်မင်း၏ အသံသည် တိတ်ဆိတ်မှုကို ချိုးဖောက်လိုက်သည်။

"နာခံကြစေ၊ အမိန့်တော် . . . သားတော် ပြည်မင်းသား မသင့်မလျော် ကြံစည်ရာတွင် ဖောက်ပြန်ပါဝင်သူ မိဖုရားမမြကလေးနှင့် ၎င်း၏အမိ မယ်အိတို့ကို သွားမြဲလမ်း သွားကြစေ"

အမိန့်သံ၏ အဆုံးဝယ် ဒေါ်အိသည် "အမယ်လေး . . .ပြုရက်ကြ ပါပေရဲ့"ဟု မြည်တမ်းကာ ထိုင်နေလျက်မှ လဲကျသွား၏။ ဒေါ်အိခမျာ မပြန်လမ်းသို့ မြန်းရတော့မည့် အမိန့်သံကြောင့် နှလုံးလေဟပ်ကာ မေ့မြောသွား လေတော့သည်။

ဘွားတော်၏ အဖြစ်ကို မြင်တွေ့လိုက်ရသော လှိုင်မင်းသမီးကလေးသည် ရုတ်တရက် ထိတ်လန့်သွားသည်။ ချက်ချင်းပင် ဘွားတော်ကို ဖက်ရမ်းလှုပ်နှိုးရင်း "အမယ်လေး ဘွားဘွားသေပါပြီ"ဟုဆိုကာ ရှိုက်ကြီးတငင် ငိုချလိုက်သည်။

မမြကလေးမှာမူ မိမိ၏ နားစည်အတွင်းသို့ အရှိန်ပြင်းစွာ ဝင်ရောက်လာသော အမိန့်သံကြောင့် "အို"ဟု တစ်လုံးတည်းသာ အာမေဋိတ်ပြုပြီး မျက်စိကိုမှိတ်၊ လက်နှစ်ဖက်ဖြင့် နားကို ပိတ်လိုက်မိသည်။ ထို့ကြောင့်ပင် မိခင်ဒေါ်အိ လဲကျ မေ့မြောသွားသည်ကို ချက်ချင်း မသိလိုက် မမြင်လိုက်ပေ။ သမီးတော်ကလေး အော်ဟစ် ငိုယိုသံကြားမှ အသိဝင်လာသည်။

မမြကလေးသည် မိခင်ဒေါ်အိကို ပွေ့ထူဖက်ထားပြီး "မယ်မယ် . . . မယ်မယ်" ဟု တစာစာ ခေါ်နေသည်။ ဒေါ်အိကား ခေါ်၍မရ။ လှုပ်နှိုး၍လည်း မနိုးပေ။ မမြလေး၏ ရင်ခွင်ထဲတွင် သတိလစ်မေ့မြောနေသည်။ မိခင်၏ အဖြစ်ကိုကြည့်ရင်း မမြကလေး၏ နှလုံးအိမ်မှာ တဒိတ်ဒိတ် ခုန်လာသည်။ မယ်တော် အသက်မှ ရှိပါသေးရဲ့လား။ မိခင်အတွက် ပူပင်သောကသည် သူ့ရင်ထဲ လှိုက်ခနဲတက်လာသည်။

"လုပ်ကြပါဦး၊ မယ့်မယ့်ကို ခေါ်လို့လည်း မရတော့ပါလား"ဟု ချောက်ချားစွာ မြည်တမ်းရင်း အသနားခံသည့် မျက်နှာဖြင့် ဝန်မင်းတို့ကို မော့ကြည့်သည်။ ဝန်မင်းတို့လည်း မမြကလေးတို့ သားအမိအဖြစ်ကို သနားပါသည်။ သို့သော် ယခုအချိန်တွင် မမြကလေးတို့သည် ရာဇဝတ်သားများ ဖြစ်နေကြပြီမို့ မပတ်သက်လိုပါ။ ကြည့်လည်း မကြည့်ရက်သဖြင့် မျက်နှာ လွှဲထားကြသည်။

မမြကလေး၏ အဖြစ်ကို မြင်မှပင် မလှုပ်မယှက်ငေးကြည့်နေကြသည့် နန်းတွင်းသူ အပျိုတော်များ လှုပ်ရှားလာကြသည်။ ဆေးပြေးယူသူယူ၊ ယပ်ခတ်သူခတ်၊ နှာနပ်သူနပ်ဖြင့် ပျာယာခတ်သွားကြ၏။ ခဏအကြာတွင် ဒေါ်အိသည် လေသံသဲ့သဲ့ ညည်းကာ သတိပြန်လည်လာသည်။ မမြကလေးမှာ ယခုမှပင် စိတ်သက်သာရာ ရပြီး သက်ပြင်းချနိုင်တော့သည်။ ပြီးတော့ မိခင်ကြီးကို အားပေးစကား ပြောလိုက်သည်။

"ဘာလို့ ကြောက်ရွံ့ထိတ်လန့်နေရမှာလဲ မယ်မယ်ရဲ့။ သေတစ်နေ့ မွေးတစ်နေ့ပေါ့"

"မယ်တော်ကို အားပေးမည့်သာ အားပေးရသည်။ မိမိကိုယ်တိုင် များစွာ တုန်လှုပ် ချောက်ချားနေသည်။ မျှော်လင့်မထားသည့်ကိစ္စမို့ များစွာ အံ့ဩ ထိတ်လန့်သွားသည်။ စိတ်အာရုံသည် တည်ငြိမ်ခြင်း မရှိ။

www.burmeseclassic.com

www.burmeseclassic.com



‘ပြည့်မင်းသား မသင့်မလျော် ကြံစည်ရာတွင် ဖောက်ပြန်ပါဝင်သူ’ ဆိုပါလား။ မိမိအမုန်းတီးဆုံး၊ အရွံရှာဆုံး၊ မလိုလားအပ်ဆုံးသော စွပ်စွဲချက်မို့ များစွာ ခံပြင်းလှသည်။ မမြကလေး၏ နှလုံးသားပြင်ဝယ် မခံမရပ်နိုင်သော ဝေဒနာနှင့်အတူ ဝမ်းနည်းခြင်းကိုပါ ရောထွေး ခံစားလာရသည်။

“သာယာဝတီမင်းတရားအပေါ် သူတစ်ထူးတို့ အကြံအစည်ရှိခဲ့လျှင် တောင် မိမိမှာ ကြံရာပါ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ကြောင်း တစ်ချိန်တုန်းက မောင်တော် သာယာဝတီမင်းကို ရှင်းပြ လျှောက်ထားခဲ့ဖူးပြီပဲ။ ယခုအချိန်မှာ မောင်တော်မင်းတရား ကိုယ်စိတ်ကျန်းခံ့တော် မမူရှာပေဘူး။ မိမိမှာ မိဖုရား တစ်ယောက် ဖြစ်သော်လည်း အနီးကပ်ပြုစုနိုင်ခွင့်ရဖို့ ဝေးလို့၊ ဆေးဝါး ဓာတ်စာကလေးများပင် ဆက်သနိုင်ခွင့် မရှိခဲ့။ သည်ချိန်မှာ ‘ကြံရာပါတို့ သွားမြဲလမ်း သွားစေ’ ဆိုသည့် သေဒဏ်သည် မည်သူ့စနက်ဖြစ်သည်ကို မိမိ ရိပ်စားမိပါလျက် တစ်ခွန်းတစ်ပါဒမျှ ငြင်းဆိုခွင့် မရ။ ပေးသမျှ ပြစ်ဒဏ် လည်စင်းပြီးသာ ခံရပေတော့မှာပါကလား။

မမြကလေး၏ အာရုံများ အတွေးကမ္ဘာကလေး တစ်ခုဆဲ ခေတ္တ ရောက်သွားချိန်မှာ ‘ဒိုင်းတော်’များ၏ ခိတ်မရှည်သံက ထွက်ပေါ်လာသည်။

“ထုတ်စေ…ထုတ်စေ”

“မြို့ဝန်မင်းနှင့် လက်မရွံ့အာဏာသားတို့သည် နန်းမတော်မမြကလေး နှင့် မယ်တော်ဒေါ်အိတို့ကို ခေါ်ထုတ်ရန် စတင်လှုပ်ရှားကြသည်။ ဒေါ်အိက ထမည် အပြုတွင် လှိုင်သည် ဘွားတော်၏ လည်ပင်းကို လှမ်းဖက်ထားပြီး…

“ဘွားဘွားကို မခေါ်ကြပါနဲ့၊ ဘွားဘွား မလိုက်ရဘူး…တင်တင့်ကို ပစ်မသွားရဘူး”ဟု တစာစာ ငိုတော့သည်။

မြို့ဝန်မင်း အကြံအိုက်သွား၏။ မည်သို့ လုပ်ရပါမည်နည်း။ လှိုင်မင်းသမီး ကလေးမှာ ယခုမှ အသက်ဆယ့်နှစ်နှစ်သာ ရှိသေးသည်။ အလွန် နုနုယ် ငယ်ရွယ်သည့် ကလေး၊ ဥမမည် စာမမြောက်သေးသည့်အရွယ် ဖြစ်သည်။ သူ့ဘွားအေနှင့် မယ်တော်သည်သာ သူ အားကိုးရာ ဖြစ်သည်။ သူ အားကိုး အားထားပြုရာ ဘွားအေနှင့် မယ်တော်တို့ကို ခေါ်ထုတ်ပြီး မပြန်လမ်းသို့ ပို့ကြတော့မည်။ လှိုင့်ကမ္ဘာကလေး အစိတ်စိတ်အမြွှာမြွှာ ကွဲသွားပေတော့မည်။ သူ့ခမျာ အရွယ်နှင့်မမျှအောင် ပူပင်သောက ရောက်နေရရှာသည်။ သည့်



အတွက် မြို့ဝန်မင်းသည် အခမ္မနည်းကို မသုံးလိုပေ။

ဒေါ်အိကို ခေါ်ခွင့်မရသဖြင့် မမြကလေးကို တစ်လှည့်ခေါ်သည်။ လှိုင်သည် ဘွားတော်ကို ဖက်ထားရာမှ လွှတ်လိုက်ပြီး မယ်တော် မမြကလေး၏ ရင်ခွင်ထဲသို့ တိုးဝင်ကာ ဖက်ထားလိုက်ပြန်သည်။

“မလိုက်ရဘူး…မလိုက်ရဘူး၊ မယ်မယ်လည်း မလိုက်ရဘူး။ မယ်မယ် ကို ခေါ်မသွားကြပါနဲ့”ဟု သနားစဖွယ် တောင်းပန်နေရှာသည်။ လှိုင်သည် ပြောနေရင်းမှ ဘွားတော်ကို ခိတ်မချပြန်။ မယ်တော်နှင့် ဘွားတော်တို့ကြား ခင်ထိုင်ကာ လက်တစ်ဖက်စီ ဖက်ထားရင်း “ဘွားဘွားလည်း မသွားရဘူး၊ မယ်မယ်လည်း မသွားရဘူး”ဟု ဆိုကာ ရှိုက်ကြီးတငင် ငိုနေပြန်တော့သည်။

ဘွားတော်နှင့် မယ်တော်တို့အတွက် ယခုကဲ့သို့ သောကရောက် နေရှာသော လှိုင့်အဖြစ်ကို မြို့ဝန်မင်း မကြည့်ရက်နိုင်ပေ။ သို့သော် တာဝန်က ရှိသေးသည်။ ထို့ကြောင့် အညင်သာဆုံးသော လေသံဖြင့် ယခုလို တောင်းပန် လိုက်သည်။

“ထိပ်ထားကလေး…သည်းခံတော်မူပါ။ ရာဇဝတ်တော်အလျှောက် ခေါ်ရ ခြင်းမို့ ခွင့်ပြုတော်မူပါ”

“ဟင်အင်း…ဟင်အင်း…မခေါ်ရဘူး၊ မယ်မယ်တို့လည်း လိုက်မ သွားရဘူး၊ တင်တင့်ကိုပါ ခေါ်မှ လိုက်ရမယ်။ တင်တင်တစ်ယောက်တည်း ခွဲမထားခဲ့ပါနဲ့ဘိုးဘိုးရယ်၊ သုံးယောက်စလုံးကွပ်မျက်ပါ။ တင်တင့်ကိုပါ မကွပ်မျက်ရင် ဘယ်သူ့ကိုမှ မကွပ်မျက်ရဘူး’

“လှိုင်သည် ကလေးပီပီ ဇွတ်အတင်း ပြောရင်း ဘွားတော်နှင့် မယ်တော်တို့ကို မလွှတ်တမ်း ဖက်ထားတော့သည်။ ဤတွင် ဘွားတော် ဒေါ်အိက ယခုလို ဝင်ပြောသည်။

‘မြို့ဝန်မင်းရယ်၊ ခွဲပြီးထားခဲ့လို့တော့ရမယ်မထင်ဘူး၊ ဒီတော့ သုံးယောက်စလုံး ကွပ်မျက်ရအောင်သာ အမိန့်တော်ထပ်ပြီး ခံလိုက်ပါတော့’

မြို့ဝန်မင်းက ခေါင်းကို ညင်သာစွာ ခါရမ်းရင်း သက်ပြင်းရှည်ကြီး ချလိုက်သည်။ မဖြစ်နိုင်သည့် ကိစ္စပေပဲ။

မမြကလေးသည် သမီးတော်ကလေး၏ ဖြစ်အင်ကို မြင်ရလျှင် သည်းအူပြတ်မျှ နာနာကျင်ကျင် ခံစားရသည်။ သမီးတော်လေး၏ ငိုရှိုက်သံ

www.burmeseclassic.com

www.burmeseclassic.com



သည် သူ၏ နားစည်ကို အရှိန်ပြင်းစွာ ရိုက်ခတ်ပြီး နှလုံးသည်းပွတ်တွင်းသို့ သံရည်ပူနှယ် စီးမျောသွား၏။ သည်ဒဏ်ကို နှလုံးသားက ခံနိုင်စွမ်း မရှိပြီ။ မမြကလေးသည် သမီးတော်လေးကို ပါးချင်းအပ်ကာ ချော့မော့ပြောလိုက်သည်။

"သမီးလေးရယ်၊ တင်တင်ရယ်၊ မယ်မယ့် အသည်းနှလုံးတွေ တစ်စစီ ကြွေပြတ်ရပါတော့မယ်။ သည်ဒဏ်ကို မယ်မယ် ကြာကြာမခံစားပါရစေနဲ့။ မြန်မြန်သေရင် မြန်မြန်အေးရမယ်။ မယ်မယ်တို့ကို သွားခွင့်ပြုလိုက်ပါတော့ သမီးရယ်"

'တင်တင့်တစ်ယောက်တည်းခွဲပြီး သွားမလို့လား မယ်ဖုရားရယ်၊ ကွပ်မျက် ခိုင်းတဲ့သူက ဘယ်သူလဲဟင်၊ ခမည်းတော်ဘုရားက ကွပ်မျက်တော့လို့ ဆိုသတဲ့လား၊ ဘယ်သူ့ကိုမှ မကွပ်မျက်ကြပါနဲ့ဘိုးဘိုးတို့ရယ်'

လှိုင်သည် ရှိုက်၍ရှိုက်၍ ငိုရင်း တောင်းပန်နေရှာသည်။ နန်းတွင်းသူများသည် လှိုင်တို့မြေးဘွား၊ သားအမိကို ကရုဏာသက်သော မျက်လုံးများဖြင့် ငေးကြည့်နေကြသည်။ သူတို့ထဲမှ နန်းတွင်းသူအချို့ဆိုလျှင် မျက်ရည်များပင် ကျလုလု ဖြစ်နေသည်။ ယခင်အခါများက မိဖုရားမမြကလေးတို့အပေါ် ရိုင်းပျစော်ကားသည့် အပြုအမူ အပြောအဆိုများ မသိမသာ ပြုမူပြောဆိုခဲ့ကြသူများ ရှိခဲ့ဖူးသည်။ မမြကလေးတို့ကို အမုန်းပွားစေရန်လည်း ကုန်းချောစကားများ ပြောခဲ့ကြဖူးသည်။ ထိုသို့သော နန်းတွင်းသူများပင်လျှင် ယခုအခါ မမြကလေးတို့ကို ကရုဏာ သက်နေကြ၏။ မိမိတို့ ပြုမူ ပြောဆိုခဲ့မိသမျှ မဟုတ်မမှန် လုပ်ကြံကုန်းချောမိခဲ့သမျှ မှားလေခြင်းဟု နောင်တ တစ်ဖန် ပူပန်နေမိကြတော့သည်။

မမြကလေးသည် သမီးတော်လေး လှိုင်၏ ပါးပြင်ဝယ် စီးကျနေသော မျက်ရည်စများကို အသာအယာသုတ်ပေးရင်း သူ့စိတ်အစဉ်ဝယ် အတွေးမျှင်များ ယှက်သန်းလာသည်။

'မိမိ မရှိတော့သည့်နောက် သမီးကလေးတင်တင် ခိုနားစရာ ဘယ်မှာပါလိမ့်။ အားကိုးအားထားပြုနိုင်သူ ဘယ်သူရှိပါလိမ့်။ သမီးကလေး လျှောက်လှမ်းရဦးမည့် ကာလရှည်ကြီးမှာ အခက်အခဲတွေက တောင့်စဉ်တောင်တန်းကြီးတွေပမာ ကာဆီးနေပါပေါ့လား။ သည်လို အခက်အခဲတွေကို ကျော်ဖြတ်နိုင်ဖို့ ဘယ်သူ လက်တွဲ ခေါ်ယူမှာပါလိမ့်။ အင်း...ဘယ်လိုကံများက ဖန်တီးလို့



ခုလို အဖြစ်ဆိုးမျိုးနဲ့ ကြုံရပါလိမ့်နော်'

မမြကလေးသည် ကံကိုပင် ပုံချနေမိသည်။ ကံကို ဘယ်လိုလျှောက်လဲချက်ကမှ ပြုပြင်ပြောင်းလဲလို့ မရနိုင်မှန်း တွေးမိပြန်တော့ သူ့ရင်ထဲမှာ သောကမီးတွေ လောင်မြိုက်လာရပြန်သည်။

အချိန်ကား အကုန်မြန်ပေစွ။ လှိုင် ငိုရင်း၊ တားရင်း၊ လှိုင့်ကို ချော့မော့ရင်းဖြင့် နေဝန်းနီနီသည်ပင် တောင်စွယ်တွင် မေးတင်နေချေပြီ။ မြို့ဝန်မင်းလည်း မနေသာတော့ပြီမို့ မိဖုရားမမြကလေးကို သတိပေးရတော့သည်။

မမြကလေး စဉ်းစားသည်။ သမီးလေးကို တစ်စုံတစ်ရာပြောမှ ဖြစ်ပေတော့မည်။ ထို တစ်စုံတစ်ရာသည် သမီးကလေး မလွဲမသွေ လက်ခံနိုင်မည့် အကြောင်းပြချက် ဖြစ်ရပေမည်။ မမြကလေး အားတင်းလိုက်သည်။ သမီးလေး၏ နူးညံ့မွတ်ညက်သော နဖူးပြင်ကို ညင်သာစွာ နမ်းလိုက်၏။ ပြီးတော့ သမီးလေးကို ကြင်နာစွာ ကြည့်ရင်း တိုးတိုးသာသာ ပြောလိုက်သည်။

"သမီးလေး တင်တင်...သမီးကလေးက ဘယ်လိုပင် တားဆီးပေမယ့် ရနိုင်တော့မယ် မဟုတ်ပါဘူးကွယ်။ နောက်ဆုံး ပြောမပြရင် တင်တင့်ကို သူတို့က အတင်းအဓမ္မ ဖမ်းချုပ်ကြလိမ့်မယ်။ မယ်မယ့် လက်ဖျားနဲ့တောင် မထိရက်တဲ့ သမီးလေးကို ကြမ်းကြမ်းတမ်းတမ်း ပြုကြတာ မြင်ရရင် မယ်ဖုရား ဘယ်မှာ အသေဖြောင့်နိုင်ပါ့မလဲ။ တစ်ကြိမ်မဟုတ်၊ ဆယ်ကြိမ် ဆယ်ပြန် သေရတာထက် ပိုဆိုးတော့မပေါ့။ မယ်မယ်တို့ကို သနားရင် သွားခွင့်ပြုလိုက်ပါတော့ သမီးလေးရယ်"

မယ်တော်မမြကလေး၏ စကားသည် လှိုင့်ရင်ကို များစွာ ထိခိုက်သွားစေ၏။ မယ်တော်နှင့် ဘွားတော်တို့ကို ငဲ့ညာသောအားဖြင့် လှိုင်သည် တင်းမနိုင်ဘဲ လက်လျှော့လိုက်တော့သည်။ လှိုင်သည် ဝေဝါးနေသော မျက်စိအစုံဖြင့် ဘွားတော်နှင့် မယ်တော်တို့ကို တစ်လှည့်စီ ကြည့်ကာ ခေါင်းညိတ်လိုက်သည်။ ပြီးလျှင် လက်အုပ်ကလေးချီကာ ရှိသေစွာ ကန်တော့သည်။

"တင်တင့်မှာ အပြစ်ရှိသမျှ ခွင့်လွှတ်တော်မူကြပါ ဘွားဘွားနှင့် မယ်မယ် ဖုရား"

www.burmeseclassic.com

www.burmeseclassic.com



ဝပ်စင်းဦးချနေသော လှိုင့်ကျောပြင်မှာ တဆတ်ဆတ် တုန်ယင်လျက် ရှိ၏။ ဘွားတော် ဒေါ်အိသည် မြေးမကလေး လှိုင့်ကို မကြည့်ရက်နိုင်သဖြင့် မျက်လွှာအစုံကို မှိတ်လိုက်သည်။ ရင်ထဲမှာ ဆို့နင့် တင်းကျပ်လွန်းသဖြင့် ဆုပင် မပေးနိုင်ရှာပေ။

မမြကလေးသည် မျက်တောင်ကို အတင်းပုတ်ခတ်ပြီး ကျလုလုမျက်ရည်ကို ထိန်းလိုက်၏။ တည်ငြိမ်အောင် အတတ်နိုင်ဆုံး ကြိုးစားကာ ဆုပေးလိုက်သည်။

"မယ်မယ့်သမီးလေး ဘုန်းကြီးပါစေ၊ အသက်ရှည်ပါစေ၊ နှလုံးစိတ်ဝမ်းချမ်းမြေ့ပါစေကွယ်"

"ပေးတဲ့ဆုနဲ့ ပြည့်ရပါလို၏ မယ်မယ်ဖုရား"

သမီးတော်လေးကို ချစ်ရသည့် ဒုက္ခ၊ တွယ်တာရသည့်ဒုက္ခတွေကို လတ်တလော ခံစားနေရသဖြင့် မမြကလေး၏ ရင်မှာ ကွဲထွက်မတတ်ပင်။ ကြာလျှင် အခြေအနေ ဆိုးလာပေတော့မည်။ ထို့ကြောင့် မမြကလေးသည် သမီးတော်လေးထံမှ အကြည့်ကို ဇွတ်အတင်း လွှဲဖယ်ကာ မယ်တော်ဒေါ်အိကို ဖေးမတွဲခေါ်လျက် နန်းဆောင်အတွင်းမှ လှမ်းကြွသွားတော့သည်။

"အမယ်လေး...တင်တင့်တစ်ယောက်တည်း ကျန်ရစ်ခဲ့ပြီ။ တင်တင့်ကို သတ်သွားကြပါ ဘိုးဘိုးတို့ရယ်။ မယ်မယ်တို့ မရှိရင် တင်တင် ဘယ်သူနဲ့ နေရမလဲ။ ဘယ်သူ့ကို အားကိုးရမလဲ။ သမီးတော်တို့အဖြစ်ကို မြင်လှည့်ပါဦး ခမည်းတော်ဘုရား"

လှိုင်သည် ပြောင်ရိုရင်း လုစ်ခနဲထကာ ဘွားတော်နှင့် မယ်တော်တို့နောက်သို့ အပြေးလိုက်သည်။ အနားတွင်ရှိနေကြသည့် နန်းတွင်းသူများက ရုတ်ခြည်းပင် လှိုင့်ကို ပွေ့ယူလိုက်ကြသည်။ ရုန်းရင်းကန်ရင်း ငိုယိုနေသော လှိုင့်ကို ပိုက်ဖက် ချော့မော့နေချိန်မှာတော့ မိဖုရားမမြကလေးနှင့် မိခင်ဒေါ်အိတို့ကို တင်ဆောင်သွားသော လှည်းသည် အပြင်းမောင်းနှင့် ထွက်သွားလေပြီ။

အနောက်နန်းဆောင်အတွင်းမှာမူ လှိုင်မင်းသမီးကလေး၏ ငိုရှိုက်သံတို့ဖြင့်သာ လွှမ်းခြုံသွားလေတော့သတည်း။

## ၂။ ချစ်လို့ရယ်မတုန် ဝသုန်ဟိုးနေ့ သိကြားသေတ်သော့သွန်း

အမရပူရမြို့တည် နန်းတည် ဘိုးတော်မင်းတရား လက်ထက်တွင် ဆေါ်တော်အမှုထမ်း မွန်လူမျိုး ဖိုးထောရာဆိုသူ ရှိသည်။ သူ့အား ပုသိမ်နယ် သူ့ဇာတိ ချက်မြုပ်ကျေးရွာကို သာရဝေါ အမည်ပေး၍ သနားတော်မူသည်။ ဖိုးထောရာ၏ သားသည် သမိန်ထော ရာဇာဘွဲ့ခံ ပုသိမ်မြို့ဝန် ဖြစ်၏။ မြို့ဝန်၏ ယောက်ဖအရင်းမှာ ရေကင်းသားဇာတိ မောင်ဦး ဖြစ်သည်။

မောင်ဦးသည် ရုပ်ရည်လှပ ခန့်ညားသည်။ ယောက်ျားကောင်း ပီသသည်။ ရာဇသတ်၊ ဓမ္မသတ်ကျမ်းတို့ကို အထူး ကျွမ်းကျင်သည်။ ဟံသာဝတနယ်တစ်ဝိုက် အမှုအခင်းများရှိလျှင် မောင်ဦး၏ အစီရင်ကို ခံယူကြသည်။ ထို့ကြောင့် သူ့ကို ခုံသမာဓိအရာမှာ ထားကြ၏။

သည်သတင်းကို မင်းတရားကြီး ကြားသိလေလျှင် ဝမ်းမြောက်လှသဖြင့် မင်းပျံချီဘွဲ့ ပေးပြီး သာရဝေါပုံနှင်း ခန့်တော်မူသည်။ မင်းပျံချီသည် ရေကင်းသူ မယ်အိနှင့် အကြောင်းပါသည်။ မယ်အိမှာ နှယ်နှယ်ရရ မဟုတ်ပေ။ မွန်ဘုရင် ရာဇာဓိရာဇ်၏ အနွယ်တော်ထဲမှ ဖြစ်သည်။ မင်းပျံချီနှင့် မယ်အိတို့သည် ဟံသာဝတမြို့သို့ ပြောင်းရွှေ့လာကြသည်။ သူတို့တွင် မမြကြူတ်ဆိုသည့် သမီးကလေးကို မြန်မာသက္ကရာဇ် ၁၁၇၁–ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၂–ရက် တနင်္လာနေ့ နေတက်ချိန်တွင် ဖွားမြင်သည်။

မမြကြူတ်ကလေးသည် လွန်စွာ ချော့မော့လှပ၏။ အသားအရေမှာ

www.burmeseclassic.com



ရွှေဝါရောင် ဝင်းပြီး ပြာညိုရိပ်သမ်းနေသဖြင့် စိမ်းညိုရောင်သမ်းသော ပုရပိုက်ခေါက် ရွှေအလား ထူးခြားသော အသားအရေ ရှိသည်။ ထို့ကြောင့် မမြကြုတ်ဟု မှည့်ခေါ်သည်။ မျက်လုံး၊ မျက်ခုံး၊ နှာတံကအစ ရှုမငြီးအောင် လှပသည်။ မမြကြုတ်ကလေး လှလွန်း ချစ်စရာကောင်းလွန်းသဖြင့် အိမ်နီးပါးချင်းများက 'မြမြ'ဟု ချစ်စနိုး ခေါ်ကြသည်။ အရွယ်ရောက်လာသောအခါ ကိုယ်လုံးကိုယ်ထည်ကပါ အလှထပ်ဆင့်ပြန်သောကြောင့် ရှုမြင်သူတွေ အသက်ရှူများအောင်ပင် လှပချောမွေ့လာသည်။ ထို့ကြောင့် ရွာနီးချုပ်စပ်တွင် မမြကြုတ်၏ အလှဂုဏ်သတင်းသည် ပို၍ ပျံ့နှံ့ကျော်ကြားလာလေတော့သည်။

မမြကြုတ်သည် အလှကျက်သရေ တင့်ဖြိုးဝေသည်သာမက ပညာဉာဏ်လည်း ထက်မြက်လှသည်။ သူ့ဖခင် မင်းပျံ့ချီ ဖတ်ရှုလေ့လာသည့် ရာဇသတ်၊ ဓမ္မသတ်၊ ပျို့၊ ကဗျာ၊ လင်္ကာ စသည်တို့လည်း မပြတ်လေ့လာသည်။ သည်တော့ အရွယ်နှင့် မလိုက်အောင် ထူးခြားသည့် ဂုဏ်သတင်းသည် လူတိုင်း၏ ပါးစပ်ဖျားတွင် ရေပန်းစားလာသည်။

ဘကြီးတော် စစ်ကိုင်းမင်းလက်ထက်တွင် ပထမအင်္ဂလိပ် ကျူးကျော်စစ်ကြောင့် သာယာဝတီမြို့စား မင်းသားသည် အောက်ပြည်သို့ စုန်ဆင်းကာ အင်္ဂလိပ်တို့နှင့် စစ်ပြိုင်ရသည်။ စစ်တွင် အောင်နိုင်မှုမရ၊ မြန်မာနိုင်ငံ၏ ရခိုင်ကမ်းမြောင်ဒေသနှင့် တနင်္သာရီကမ်းမြောင်ဒေသတို့ကို အင်္ဂလိပ်တို့အား ပေးလိုက်ရသည်။ စစ်ရေးစစ်ရာများ ပြီးစီးပြီဖြစ်သော်လည်း သာယာဝတီမင်းသားသည် နေပြည်တော်သို့ ရုတ်တရက် မပြန်သေးပေ။ ပုသိမ်မြို့သို့ စုန်ဆင်းကာ အပန်းတော်ဖြေသည်။ ထိုမှအပြန် စစ်အတွင်းက မိမိတပ်များနှင့် ဆီးဆို့ခုခံခဲ့သည့် ဓနုဖြူမြို့၌ ရက်ကာလအတန်ကြာ စံနေတော်မူသည်။

သည်အချိန်မှာ မင်းပျံ့ချီ ကိုဦးနှင့် မယ်အိတို့၏ သမီး မမြကြုတ် ချောမောလှပကြောင်း သတင်းကောင်းသည် သာယာဝတီမင်းသား၏ ရွှေနားတော်သို့ ပေါက်ကြားသွားသည်။ ဤတွင် မင်းသားသည် မမြကြုတ်အပေါ် ရွှေမေတ္တာတော် တိမ်းညွတ်တော်မူသည်နှင့် အိမ်တော်ဝန် နေမျိုးဝန္နကျော်၊ စာရေးတော်ကြီး သီဟကျော်ထင်နော်ရထာ၊ အတွင်းဝန် နေမျိုးသီဟစည်သူတို့အား နောက်ပါအမှုထမ်းများ၊ အဆောင်အယောင်ပစ္စည်းများနှင့် စေလွှတ်လိုက်သည်။ အိမ်တော်ဝန်နှင့် အမှုထမ်းအဖွဲ့သည် ဟင်္သာတသူကြီး



ဦးရွှေလူနှင့်အတူ မင်းပျံ့ချီအိမ်သို့ သွားကာ လာရင်းကိစ္စကို ပြောကြသည်။ အရှင့်ညီတော်တစ်ပါးက သမီးကလေး မမြကြုတ်ကို ကောက်ယူတော်မူမည် ဖြစ်၍ အမိန့်တော်ကို သွေဖီရန် မဝံ့ပြီ။ သို့ဖြင့် လက်ခံသဘောတူကြိုက်ကြသည်။ ထိုစဉ်က မမြကြုတ်၏ အသက်မှာ ၁၆ နှစ်။ အလှသွေးကြွယ်ချိန်ဖြစ်၏။ သာယာဝတီမင်းသားသည် မမြကြုတ်ကို ချစ်မြတ်နိုးလှသဖြင့် 'မမြကလေး'ဟု ယုယစွာ ခေါ်သည်။ မမြကလေးအား ရွှေလောင်းတိုက်ကို အပ်နှင်းတော်မူသဖြင့် ရွှေလောင်းတိုက်သခင် မမြကလေးဟု စတင် ထင်ရှားလာသည်။

သာယာဝတီမင်းသားနှင့် မမြကလေးတို့ ချစ်တုန်းခင်တုန်း ပြုံးပျော်ကြည်နူးချိန် မြန်မာသက္ကရာဇ် ၁၁၉၅-ခုနှစ်(ခရစ်နှစ် ၁၈၃၃)တွင် သမီးကလေး တစ်ယောက် ဖွားမြင်သည်။ သူကား မယ်တော်မမြကလေး၏ ခြေရာကို နင်းမည့် မဖွားခေါ် မဖွားကြီးပင် ဖြစ်သည်။

နေပြည်တော်တွင် ဘကြီးတော် စစ်ကိုင်းမင်းသည် ရန္တပိုစာချုပ် ချုပ်ပြီးသည့် နောက်ပိုင်းမှ စ၍ နာကြည်းမှုနှင့်အတူ စိတ်ဓာတ်ကျဆင်းမှုလည်း ဖြစ်နေသည်။ ထို့ကြောင့် နိုင်ငံအရေးများကို ဆောင်ရွက်ရာ၌ အမှန်နှင့်နီးကပ်စွာ သွားတော်ကြဆခြင်း မပြုနိုင်ပေ။ စိတ်ဓာတ်ရေးရာအရ ကောင်းစွာ နာမကျန်း ဖြစ်နေသည့် အားနည်းချက်ကို အခွင့်ကောင်းယူကာ နန်းမတော်မယ်နုနှင့် မောင်ဖြစ်သူ စလင်းမင်းသားကြီး ဦးအိုတို့သည် ရရှိသည့် အာဏာကို အစွမ်းကုန် အသုံးချနေသည်။ သူတို့ကို မနှစ်သက်သူ၊ လက်မခံသူများသည် ထိုအချိန်က ရေပန်းစားနေသော သာယာဝတီမင်းသား၏ ဘက်တော်သားများ ဖြစ်လာကြသည်။

စလင်းမင်းသားဦးအိုသည် သာယာဝတီမင်းသား၏ အန္တရာယ်ကို ရိပ်မိလာသည်။ ထို့ကြောင့် ချိုးနှိမ်နိုင်မည့် အခွင့်ကောင်းကို ရှာဖွေစောင့်စားနေသည်။ မကြာခင်မှာပင် အခြေအနေတစ်ရပ်ကို တွေ့သည်။ ဒေါ်ဥအုံမြို့သူကြီး ငရေး၏ကိစ္စပင် ဖြစ်သည်။ ငရေးသည် သတ္တိရှိသည်။ စိတ်ဓာတ်ခိုင်မာသည်။ တိုက်ရည်ခိုက်ရည် ရှိသည်။ သာယာဝတီမင်းသား၏ ...တ်တဆိတ် လေ့ကျင့်ထားသူများ၏ ခေါင်းဆောင်လည်း ဖြစ်သည်။ သူသည် သာယာဝတီမင်းသား၏ နမတော် ပုဂံမင်းသမီး၏ ဝန်စားရေးလည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ ပုဂံမင်းသမီးနှင့် သာယာဝတီမင်းသားတို့မှာ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း၊ တစ်ဂိုဏ်းတည်း ဖြစ်၏။ မပြတ် ဆွေးနွေးတိုင်ပင်လေ့ ရှိကြသည်။

ဤသည်တို့ကို ရိပ်စားမိသော စလင်းမင်းသားကြီးသည် ဘကြီးတော် မင်း၏ သဘောတူညီချက်ကို ရယူကာ ငရေးကို ဖမ်းရန်ကြိုးစားသည်။ ပုဂံမင်းသမီး၏ အိမ်ကို စလင်းမင်းသားကြီး၏ လူများက ဝိုင်းပြီး ငရေးကို တောင်းသည်။ ပုဂံမင်းသမီးနှင့် သူ၏ ဝန်စာရေးတို့လည်း သာယာဝတီ မင်းသား၏ အိမ်သို့ ထွက်ပြေး ခိုလှုံကြသည်။ သို့နှင့် သာယာဝတီမင်းသား အိမ်သို့သွားကာ ငရေးကို ထုတ်ပေးရန် တောင်းဆိုပြန်သည်။ သာယာဝတီ မင်းသားက မရှိကြောင်း ငြင်းဆိုလိုက်၏။ ဤတွင် မင်းသား၏ ထိပ်တန်း အရာရှိများ၊ ပုဂံမင်းသမီး၏ ထိပ်တန်း အရာရှိများကို ဖမ်းဆီးပြီး အကျဉ်း လိုက်ကြသည်။

မကြာခင် သာယာဝတီမင်းသား၏ အိမ်တော်ကို စစ်သည်တော်များ အတင်း ဝင်ရောက်ရှာဖွေရန် စေလွှတ်လိုက်သည်။ မင်းသား၏ အိမ်တော်အ တွင်း တိုက်ပွဲငယ် ဖြစ်ပြီး စလင်းမင်းသားကြီးဘက်မှ ဆုတ်ခွာသွားသည်။ သာယာဝတီမင်းသားလည်း သူ၏ အိမ်သားများ၊ တပည့်တပန်းများ ခေါ်ကာ ဧရာဝတီမြစ်တစ်ဘက်ကမ်း စစ်ကိုင်းသို့ ညတွင်းချင်း ကူးသွားသည်။ စစ်ကိုင်းမှတစ်ဆင့် ရွှေဘိုမြို့သို့ ထွက်ခွာသွားသည်။ ထီးနန်းရရှိရေးအတွက် ဆက်လက် ကြိုးပမ်းသည်။ သို့ဖြင့် အင်းဝနေပြည်တော်ကို လွယ်ကူစွာ သိမ်းပိုက်နိုင်သည်။ ၁၈၃၇-ခု၊ ဧပြီလ ၃၀ ရက်နေ့တွင် သာယာဝတီမင်း နန်းတက်ကြောင်း ကြေညာလိုက်လေသည်။

သာယာဝတီမင်းသည် အင်းဝရှိ နောင်တော်ဘုရင် ဘကြီးတော်ကို ပုန်ကန်၍ အောင်မြင်ရသောကြောင့် အင်းဝမြို့တွင် မနေလိုပေ။ မိမိအောင်မြင်မှု ရရှိခဲ့သည့် ရွှေဘိုမြို့ကို မင်းနေပြည်တော် ပြုလုပ်လိုသည်။ သို့သော် ရွှေဘို သည် မင်းနေပြည်တော် လုပ်လောက်အောင် အကွက်အကွင်းမကျ။ ပြီးတော့ လမ်းပန်းဆက်သွယ်ရေးတွင် အဓိကကျသော ဧရာဝတီမြစ်နှင့်လည်း ဝေး သည်။ ထို့ကြောင့် ရွှေဘိုကို မင်းနေပြည်တော်လုပ်ရန် အကြံကို လက်လျှော့ လိုက်သည်။ တစ်ဖန် ကျောက်မြောင်းမြို့ ကို မြို့သစ်လုပ်ရန် ခြောက်လကြာ



စစ်ဆေးပြန်သည်။ မွမ်းမံ ပြင်ဆင်ကြည့်သည်။ မြို့တော်လုပ်ရန် မနှစ်သက်ပြန် ချေ။ နောက်ဆုံးတွင် ဘိုးတော်ဘုရား၏ မြို့တော်ဟောင်း ဖြစ်သော မရမ္မရ မြို့ကိုပင် အသစ်ပြန်လည် တည်ဆောက်သည်။ ပြီးစီးသည်နှင့် အင်းဝမှ အမရပူရမြို့တော်သို့ ပြောင်းရွှေ့စံတော်မူသည်။ မြို့တော်ကို ယခုလို ပြောင်းရွှေ့သည့်အတွက် သာယာဝတီမင်းအဖို့ စိတ်ချမ်းသာသွား၏။ သို့သော် တိုင်းပြည်၏ အခြေအနေမှု တိုးတက်လာခြင်း မရှိပေ။ မြို့တော်သစ်ကို မြူပြင် တည်ဆောက်ရသည့်အတွက် ပြည်သူလူအပေါင်းတို့ အချိန်ကုန် လူပင်ပန်းကြရ၏။ ငွေကြေး အကုန်အကျ များခြင်းသာ အဖတ်တင်လေသည်။

သာယာဝတီမင်း ဘိသိက်ခံသည့်အခါ မမြကလေးကို အနောက်နန်း ပေးသည်။ ထိုအချိန်မှစ၍ အနောက်နန်းမိဖုရား မမြကလေးဟု ကျော်ကြား လာသည်။ ထို့ပြင် ဟသ်ာတမြို့စားအဖြစ် ထပ်မံ ချီးမြှင့်သည်။ တစ်ချိန်တည်း မှာပင် သမီးကလေး မဖွားကြီးကိုလည်း လှိုင်မြို့ကို စားစေသည်။ ဤတွင် မဖွားကြီးသည် လှိုင်မင်းသမီး ဟူ၍ လည်းကောင်း၊ လှိုင်ထိပ်ခေါင်တင် ဟူ၍လည်းကောင်း အမည်တွင်လာသည်။ သို့သော် 'တင်တင်'ဟု ချစ်စနိုး ခေါ်လေ့ ရှိကြသည်။ သည်တုန်းက လှိုင့် အသက်မှာ လေးနှစ်မျှသာ ရှိသေး သည်။

သာယာဝတီမင်းသည် မိဖုရားခေါင်ကြီးကလွဲလျှင် အခြားသော မိဖုရား များထက် မမြကလေးကို အခွင့်အရေးပေးသည်။ မင်းကြီး စိတ်တော်မကြည် မသာ ဖြစ်သည့်အခါများတွင် မမြကလေးက တေးသီချင်းများ သီကုံးရေးစပ်၍ အတီးအမှုတ်များဖြင့် ဖျော်ဖြေဖျော်သည်။ တစ်ခါတစ်ရံ မမြကလေး ကိုယ်တိုင် သီဆို ဖြေဖျော်သည်။ စည်းဝါးကျန အသံသာလှသဖြင့် မင်းကြီးထံ များစွာ နှစ်သက်ကျေနပ်သည်။ မမြကလေးသည် စာပေ ဂီတတွင်လည်း ထူးချွန်၊ ရုပ်ရည်ကလည်း လှပတင့်တယ်၊ စိတ်ထားကလည်း ဖြူစင် ဖြောင့်မတ်သူမို့ သာယာဝတီမင်းက အထူး ချစ်မြတ်နိုးတော်မူသည်။ ထို့ကြောင့်လည်း အနောက်နန်း မိဖုရားမမြကလေး၏ အဆောင်တော်တွင်သာ စံပျော်ချိန် ပိုမိုများပြားလေသည်။ သည်တော့ မမြကလေးနှင့် လှိုင်မင်းသမီး ကလေးတို့၏ ဘဝမှာ ပျော်ရွှင်ချမ်းမြေ့ဖွယ်အတိ ဖြစ်ခဲ့သည်။ ပန်းခင်းသော လမ်းနယ် သာယာဖြောင့်ဖြူးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မမြကလေး၏ သာယာချမ်းမြေ့သော ဘဝသည် မတည်မြဲခဲ့ပေ။ ချစ်ရက် ရှည်ကြာလာသည့်အခါ သာယာဝတီမင်းသည် အခြားသော မိဖုရား ငယ်များ အဆောင်သို့ ခြေဦးလှည့်နေသဖြင့် မိဖုရား မမြကလေးကို မေ့ထား ခဲ့သည်။

မမြကလေးသည် ကြာခြည်ရုံ၊ နာရီပြန်ပဟိုရ်ရှငြိတ်ပါပေါ့၊ မေးမိုတ်လို့ ကျက်ပါသော်လည်း ရေးရေးမျှ မပျော်နိုင်ပေ။ လာနိုးငယ်မျှော်၊ ကြာမော်မြင့် ဆောင်ထီး၊ ရွှေဘောတော်တစ်ဉာဏ်ပွေလို့ မလာနေတာ ရှည်လှတာကြောင့် တွေးရခက်ကြီး ဖြစ်နေရှာသည်။

မောင်တော် မရောက်လာသည်မှာ ဘယ်မျှ ကြာသွားပါပြီလဲ။ ဆောင်းမှာ ပွင့်သည့် သဇင်တွေလည်း ပွင့်ပြီးခဲ့ပြီ။ ဆောင်းအကုန်နွေအကူးမှာ ပွင့်သည့် ဆားပန်းတွေလည်း ပွင့်ပြီးပြီ။ မောင်တော့် အရိပ်အရောင်ကိုပင် မမြင်ရပါ။ နွေရာသီမှာ ပွင့်သည့် စကားဝါပန်းတွေလည်း ပွင့်ပြီးကြပြီ။ နွေမှသည် မိုးသို့ပင် ကူးခဲ့ပြီ။ စံပယ်တွေလည်း ဖွေးဖွေးလှုပ် ပွင့်ခဲ့ပြီကော။ ယခုဆိုလျှင် သရဖီ ပန်းဝတ်မှုန်လေးတွေဟာ လေပြည်အသွေးမှာ မွှေးရနံ့တွေ ကြွယ်လို့။ သည်လို လေပြည်လေညှင်းကလေး ဝေ့ဝေ့ဝဲဝဲနှင့် ညင်းသွဲ့သွဲ့တိုက်ခတ်နေချိန်မှာ မောင်တော်သည် 'အုံးရွှေသဇ္ဇာ၊ ယွန်းမော်ကြာရုံလယ်၊ ညှိုးညှိုးငယ်ငယ်၊ သနားသေချင်ဖွယ်' ဖြစ်နေပါတော့သည်။

မောင်တော်မရောက်လာလေတိုင်း 'ရှိစုံရွက်ကြာ' 'ပြာပြာညိုရောင်' 'မြမြမောင်းမောင်း'တို့ဖြင့် မမြကလေး၏ လွမ်းပုံရိပ်ကို သိစေသည့်အခါ မောင်တော် သာယာဝတီမင်းသည် ပြန်လည်၍ ချစ်ခင်ယုယ ပိုက်ဖြားသည် လည်း ဖြစ်တော့သည်။

တစ်ချိန်တွင်မူ သာယာဝတီမင်းသည် မမြကလေးအား အမျက်တော် ထွက်ပြီး အကျဉ်းချထားသည်။ သမီးကလေးလှိုင်မှာ မိခင်ကို လွမ်းလှုပြီမို့ တငိုငို တရှိုက်ရှိုက်နှင့်။ ဤတွင် မမြကလေး၏ဖခင် မင်းပျံချိန်နှင့် မိခင်ဒေါ်အိတို့သည် ထောင်မှူးများကို တိုးလျှိုးတောင်းပန်ကာ ကြေးတိုက်တွင်းမှ မမြကလေးကို လာရောက် တွေ့ဆုံကြသည်။

မင်းကြီးက "မိမြ ငါ့ကို လင်ရယ်လို့ မထင်တော့ပါလား"ဟု ခထာခဏ မိန့်တော်မူကြောင်း မိခင် ဒေါ်အိထံမှ တစ်ဆင့် သိရသည့်အခါ



မမြကလေးမှာ ရင်ကွဲလုမတတ် ဝမ်းနည်းရသည်။ မောင်တော်က အထင် လွဲမှားကာ ရာဇဝတ်ဒဏ် ထားသော်လည်း မမြကလေး၏ အချစ်သည် နည်းနည်းမျှ မလျော့ပါ။ ဆထက်ထမ်းပိုး တိုးလို့သာ ချစ်မိသည်။ အကျဉ်းချခံနေရသော မမြကလေးသည် မိမိသေရမည့် ဘေးကို စိုးစဉ်းမျှ တွေး၍မပူ။ မောင်တော်ကို သူ မည်ရွေ့မည်မျှ ချစ်ကြောင်းသာလျှင် သူ့ အတွေးအာရုံတွင် ယှက်ဖြာလျက် ရှိသည်။

'ရှစ်သောင်းလေးထောင် နှစ်ပြန်ဆောင်တဲ့ မြင်းမိုရ်တောင်နဲ့ နှမလေး ရဲ့ အချစ်ကို ချိန်စက်လိုက်မယ်ဆိုရင် မြင်းမိုရ်တောင်ဘက်က သတ္တရဘန်၊ တောင်စဉ်ခုနစ်ထပ်၊ သီတာခုနစ်တန်၊ သမုဒ္ဒရာလေးစင်း၊ ကျွန်းကြီး လေး ကျွန်းတို့ကိုပါ ဖြည့်စွက် ထည့်သွင်းပြီး ရေဆုံးမြေဆုံး ထိချိန်စက်စေဦးတော့ နှမလေးရဲ့ အချစ်က သာပါလိမ့်မယ် မောင်တော်ရယ်'

'ဒီအတိုင်းအတာ ပမာဏနဲ့ ပြလိုက်တဲ့ နှမလေးရဲ့ အချစ်ဟာ မြဲပါရဲ့ လား။ ဘယ်အခါ ပျက်ပြယ်သွားမလဲလို့ မောင်တော်က စောဒကတက်မယ်လား။ ဒီစောဒကကို နှမလေးက ခုလို ချေဖျက်နိုင်ပါတယ်။ နှမလေးရဲ့ အချစ်ဟာ တစ်ရေခဲ့အချစ်မျိုး မဟုတ်ပါဘူး။ မဟာကပ်ကမ္ဘာကြီးတစ်ခုလုံး ကုန်ဆုံးသွား ပြီး ကမ္ဘာမီးလောင် သွားသည်တိုင်အောင် နှမလေးရဲ့ အချစ်ပန်းခိုင် သစ္စာ တိုင်ဟာ မယိုင်မလဲဘဲ ခိုင်မြဲလျက်ပါ။ မောင်တော့်အပေါ်မှာ ဘယ်အခါမှ မုန်းစိတ်ဝင်လိမ့်မယ် မဟုတ်ပါဘူး မောင်တော်ရယ်'

'နှမလေးက ဒီလောက်ချစ်ရှိး မုန်ပါရက်ကနဲ့ နှမလေးအပေါ် အထင်တော်လွဲပြီး ရာဇဝတ်ပြစ်ဒဏ်နဲ့ ကြိုးတိုက်ချထားတာဟာ မောင်တော် ဘက်ကသာ သစ္စာသွေ ကွက် မေတ္တာပျက်တာပါ။ မင်းသားဘဝ နှမလေးကို ကောက်ယူခဲ့စဉ်က နောင်အခါ မောင်ဘုရား အထွတ်အထိပ်ရောက်ရင် နှမလေးကို အဂ္ဂမဟေသီ ဒေဝီညာထား၊ တောင်နန်းမိဖုရားအဖြစ် ချီးမြှင့် မြှောက်စားမယ်...။ နှမလေးကို ဘယ်တော့မှမပစ်ဘဲ ရှိးမြေကျ ပေါင်းပါ့ မယ်လို့ ရွှေဂူကြီးဘုရား ရှေ့တော်မှောက်မှာ သစ္စာထားခဲ့တာတွေ မောင်တော် မေ့လျော့သွားခဲ့ပါပြီလား'

'ဟုတ်ပါတယ်လေ၊ မောင်တော်ဟာ ဒီသစ္စာစကားတွေကို မေ့လျော့ သွားပါပြီ။ ဒါကြောင့်လည်း နှမလေးကို မုန်းစိတ်တွေ ဝင်ပြီး အကျဉ်းချ

www.burmeseclassic.com

www.burmeseclassic.com



ထားတာပေါ့'

'စေ့စေ့တွေးကြည့်စမ်းပါ မောင်တော်။ ဂုဏ်တော်ကိုးပါးသခင် ရွှေဂူကြီး မွေတော်ရှင်ရဲ့ ရှေ့တော်မှောက်မှာ ဒီက မမြကလေးနဲ့ ဘယ်သောအခါမှ သွေမကွဲ ပါရစေနဲ့လို့ မောင်တော်ကိုယ်တိုင် ပတ္တနာဆိုမြွက် သစ္စာပန္နက် ချခဲ့တယ် မဟုတ်ပါလား မောင်တော်'

'ဒီသစ္စာစကားတွေကို မောင်ဘုရား အမှတ်မရဘဲ မေ့လျော့နေခဲ့ပါလျှင် ရှင်တော်ဘုရားရဲ့ တန်ခိုးတော်အားဖြင့် မောင်တော်ဘုရား လုံးစေ့ပါင်စေ ပြန်လည် သတိရတော်မူစေဖို့ ဘုရားတပည့်တော်မ၊ မမြကလေးက ဘုရားရှင် အား ခညောင်း ဝပ်တွား လျှောက်ထားပါတယ် ဘုရား'

မမြကလေးသည် လက်အုပ်ကလေးချီကာ ဘုရားရှင်ထံ လျှောက်ထား နေမိပြန်သည်။ သူ့အတွေးစများသည် သည်မျှနှင့် မရပ်နားပြန်။ နှစ်ပါး တူယှဉ်ကာ သစ္စာဆိုခဲ့ကြပုံကို ပြန်လည် မြင်ယောင်လာပြန်သည်။ မှန်ပေ သည်။ မောင်တော်ဘုရားက 'ဘယ်အခါမှ နှမလေးနဲ့ မကွဲပါစေနှင့်' ဟု ဆုတောင်းပြီးသည့်နောက် ရွှေဂူကြီးဘုရား ရှေ့တော်မှောက်မှာပင် မောင်တော်ဘု ရား မမြကလေးပါ နှစ်ယောက်တူပြိုင် ယခုလို သစ္စာတိုင်ခဲ့ကြပါသေးသည်။

'သံသရာတွင် ကျင်လည်သမျှ ဘဝဆက်တိုင်း ငှက်ဖြစ်သော်လည်း တစ်ကိုင်းတည်း နားပါရစေ။ သံသရာတစ်ဘက်ကမ်းတည်းဟူသော မြတ်နိဗ္ဗာန် သောင်ကမ်းသို့ တက်လှမ်းကူးမြောက်ရာမှာပင် မကွဲမကွာဘဲ အတူယှဉ်ပြိုင် ကူးနိုင်ရပါလို၏ ဘုရား။ နိဗ္ဗာန်သို့မရောက်မချင်း တစ်ယောက်နှင့်တစ်ယောက် ချစ်လို့မဝနိုင် ဖြစ်ပါစေသတည်း။ ဝသုန္ဒရေ ဤမြေသည် ငါတို့၏သစ္စာ သိပါစေသတည်း'

ဘုရားရှင်အား ဤသို့ လျှောက်ထားကာ နှစ်သိန်းလေးသောင်း အထု ရှိသော ဤမဟာပထဝီမြေကြီးကို သက်သေညွှန်းခဲ့သေးသည်။ မမြကလေး သည် အတိတ်က ဖြစ်ကြောင်းကုန်စင်ကို ယခုလို ပြန်လည် ညွှန်းဆိုပြီးနောက် ပစ္စုပ္ပန်ဘဝတွင်လည်း မည်သူက သစ္စာတည်ပြီး မည်သူ့အချစ်က သာပါသလဲ အချစ်ချင်း ပြိုင်ကြရအောင်ဟု စိန်ခေါ်လိုက်ပြန်ပါသည်။

'မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာတို့ဟာ မဟာသမုဒ္ဒရာကြီးထဲ စီးဝင်နေကြတယ်။ နာရီမလပ်၊ ဗိဇနာမလပ် စီးဆင်းနေပေမယ့် သမုဒ္ဒရာ



ထဲမှာ ရေတွေ ပြည့်သွားပြီရယ်လို့ မရှိခဲ့ပါ။ ဖြည့်လို့ မပြည့်နိုင်တဲ့ သမုဒ္ဒရာ ထဲက ရေနဲ့ နှမလေးက မောင်တော့်အပေါ် စီးဆင်းနေတဲ့ မေတ္တာရည်ချင်း ပြိုင်မယ်ဆိုပါလျှင် နှမလေးရဲ့ မေတ္တာက တစ်ပြန်သားပြီး လွန်ကဲပါတယ်'

'ဒီမြေဟာ ကမ္ဘာမီးလောင်ပြီး ပျက်သွားတဲ့နေ့တိုင်အောင် လဗိမာန်ထဲက ယုန်ရုပ်ကတော့ တည်ရှိနေမှာပါပဲ။ ကမ္ဘာတည်မယ့် ယုန်ရုပ်ပါ။ ဒီယုန်ရုပ် အရေးဟာ မြဲမြဲနေသလို နှမလေးရဲ့ အချစ်ဟာလည်း ကမ္ဘာတည်မယ့်အချစ်ပါ။ မေ့သွားမယ့် အချစ်မျိုး မဟုတ်ပါဘူး။ ကမ္ဘာဆုံးအောင် တည်နေမယ့် အချစ်ပါ မောင်တော်ရယ်'

မမြကလေးသည် သူ၏ရင်တွင်းမှ ခံစားနေရသော 'ချစ်သမျှကို' နှလုံးသွေးဖြင့် ရေးခဲ့သည်။ မယ်တော်ဒေါ်အိသည် သမီး မမြကလေး၏ အဖြစ်ကို မကြည့်ရက်နိုင်ပြီမို့ 'ချစ်သမျှကို' ပတ်ပျိုးကို အငြိမ့်အပျိုတော် တို့မှတစ်ဆင့် သာယာဝတီမင်း စိတ်ကောင်း ဝင်နေချိန် ဆက်သွင်းစေသည်။ ဘုရင်မင်းမြတ်လည်း မိဖုရားမမြကလေး၏ အချစ်စံချိန် ပမာဏကို သိရှိတော် မူသောအခါ သံတွေသံခဲကဲ့သို့ ခက်ထန်နေသော စိတ်သည် မမြကလေး၏ ချစ်မီးရှိန်တွင် နူးညံ့ပျော့ပျောင်းသွားရလေတော့သည်။ အဆုံးတွင် "မိဖုရား မမြကလေးအား အကျဉ်းတိုက်မှ လွတ်စေ" ဟု ချမ်းသာခွင့်ပေးတော်မူသည်။

ပုဏ္ဏပါစိတ်နှင့် သည်းဘဝင်ခိုက်မျှ လွမ်းရလေတိုင်း မမြကလေးသည် စာပေဂီတနှင့် မှတ်တမ်းတင်လေ့ ရှိ၏။ ဤသို့ဖြင့် 'နဝရတ်ကယ်ရောင်နှင့်' 'ဂန္ဓာမာတောင် လိုဏ်ချောင်ဂူနန်း' စသည်တို့သည် မမြကလေး၏ ရင်တွင်းမှ မွေးဖွား သန့်စင်လာကြသည်။ သူသည် ပုရပိုက်နှင့် အဖော်ပြုရင်း သမီးကလေး လှိုင်ထိပ်ခေါင်တင်အား ဂီတကဗျာများကို ချပေးရင်း အချိန်ကို ကုန်လွန် စေခဲ့သည်။

သမီးလေး လှိုင်ကိုယ်တိုင်ကလည်း ကဗျာဂီတကို ဝါသနာထုံသည်။ အသံသာယာချိုအေးသည်။ နားဆင်သူကို နားဝင်ပီယံ ဖြစ်စေသည်။ ကိုယ်တိုင် ဉာဏ်ကိုလည်း သုံးတတ်သည်။ ထို့ကြောင့်လည်း မယ်တော်မမြကလေး ချပေးသည့် စာပေမျိုးစေ့သည် လှိုင်၏ နှလုံးသားတွင် အရွယ်နှင့်မလိုက်အောင် ရှင်သန်လာခဲ့ပေသည်။

မမြကလေးတွင် စာပေဖော်အဖြစ် သမီးကလေးလှိုင်အပြင် အခြား

www.burmeseclassic.com

www.burmeseclassic.com



လည်း ရှိသေးသည်။ သူကား သာယာဝတီမင်း၏ သားတော်ကြီး (အလယ်နန်းမိဖုရား၏သား) ပြည်မင်းသားပင် ဖြစ်၏။ ပြည်မင်းသားသည် တေးဂီတ၌ ဝါသနာထုံသူ ဖြစ်၏။ ပါရမီထူးသူလည်း ဖြစ်၏။ ပြည်မင်းသားနှင့် မမြကလေးတို့မှာ သားတော်နှင့် မိထွေးတော် ဖြစ်သော်လည်း သက်တူရွယ်တူဖြစ်၏ အရွယ်ပင် တူသော်ငြား ပြည်မင်းသားသည် မမြကလေးကို ခင်နေရာ ထားသည်။ ခေါ်သည်ကပင် 'မြလေးမေ'ဟု တရိုတသေ ခေါ်သည်။ မမြကလေးကလည်း ပြည်မင်းသားအား 'ပြည်ကိုယ်တော်'ဟု တလေးတစား ခေါ်သည်။

ပြည်မင်းသားသည် မိမိ စီကုံးထားသော သီချင်းများကို ကိုယ်လုပ်တော် ရှင်မွေးမှတစ်ဆင့် 'မြလေးမေ'ထံသို့ အပို့လွှတ်နေကျ ဖြစ်သည်။ပြည်မင်းသား ရေးသည့် 'စိန်ဝေလျှံ'ပတ်ပျိုးကို မမြကလေး ဖတ်ရစဉ်က အရေးအသားရော ထားသွားပါ များစွာ နှစ်ခြိုက်လှကြောင်း ရှင်မွေးမှတစ်ဆင့် ချီးကျူးစကား ပြောကြားခဲ့သည်။ ဝါသနာတူချင်းမို့ သီချင်းများ ရေးစပ်ကြရာတွင် ယခုလိုပင် အပျိုတော်များ၊ ကိုယ်လုပ်တော်များမှတစ်ဆင့် ပုရပိုက်များ အလဲအလှယ် ထားပို့ကာ ဖတ်ရှုလေ့ ရှိကြသည်။ ခင်မင်ကြသော်လည်း အရပ်သူများကဲ့သို့ အရောတဝင် မနေကြပေ။ ရွှေနန်းတွင်းထုံးစံနှင့်အညီ သူ့စည်းကိုယ့်စည်းနှင့်၊ အထိန်းအကွပ်နှင့်သာ ဆက်ဆံကြသည်။ ပြီးတော့ ပြည်မင်းသား၏ သားအကြီးဆုံး သတိုးမင်းစောနှင့် မမြကလေး၏ သမီး လှိုင်မင်းသမီးကို အချိန်တန်လျှင် ထိမ်းမြားပေးစားကြရန်ပင် လူကြီးချင်း ရည်မှန်းပြီး ဖြစ်သည်။

မမြကလေးသည် ပြည်မင်းသားနှင့်သာ ခင်မင်သည် မဟုတ်။ ဂီတရှုပ်ဟု ဆိုအပ်သည့် ပြင်စည်မင်းသားနှင့်လည်း အလားတူပင် ခင်မင်ရင်းနှီးသည်။ ပြင်စည် မင်းသားကလည်း အခြားသူမဟုတ်။ ပြည်မင်းသား၏ ကြင်ယာတော် ခဲပေါင် မင်းသမီးနှင့် မောင်နှမအရင်း ဖြစ်သည်။ ထို့ကြောင့် တေးဂီတ ဝါသနာတူချင်းဖြစ်သော မမြကလေးတို့၏ ဆက်ဆံရေးမှာ တပေသားအမိ၊ တာပေမောင်နှမ အဆင့်သာ ဖြစ်သည်။

သို့သော် သာယာဝတီမင်း၏ ချစ်မြတ်နိုးခြင်းကို ခံရသော မမြကလေးသည် သူ့ဘဝအခြေအနေကို အမှန်တိုင်း ရှုမြင်သုံးသပ်နိုင်ခြင်း မရှိပေ။ ပဒေသရာဇ်ခေတ်၏ ကမ်းနားသစ်ပင်နှင့် တူသော အခြေအနေကို သဘော



မပေါက်။ နန်းတွင်းရေး အခြေအနေများ ရှုပ်ထွေးလာသည်ကို ဂရုမထားဘဲ ခင်မင်ရင်းစွဲဖြစ်သော ပြည်မင်းသားနှင့် ဆက်သွယ်မှုကို ရပ်ဆိုင်းခြင်းမပြုဘဲ နေလိုက်မိသည်။

တစ်ကြောင်းလည်း မမြကလေးသည် သာယာဝတီမင်း၏ အချစ်ကို ယုံစားသည်။ ပဒေသရာဇ်အသိုင်းအဝိုင်းတွင် တစ်ဦးအပေါ်တစ်ဦး တွန်းတိုက်မှု ကုန်းချောမှုများ ရှိနေသည်ကို ကြားနေရသော်လည်း အ,မနာပစကား တရားမဲ့သည်ဟု သဘောပိုက်သည်။ ထို့ကြောင့် 'ကိုယ်ကောင်း ခေါင်းဘယ်မရွေ့' ဟူသော စကားကို လက်ကိုင်ထားကာ ပြည်မင်းသား အသိုင်းအဝိုင်းနှင့် ဆက်ဆံမြဲ ဆက်ဆံလျက် နေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၃။ မယွင်းထဲ့သစ္စာဖြယ်ပါဘူး ခေါင်ဘုရား

သာယာဝတီမင်းတွင် ဆန္ဒတစ်ရပ် ဖြစ်ပေါ်လာသည်။ ထိုဆန္ဒကား မိမိ လက်ထက်တော်၌ အမိကရာဘုရားတစ်ဆူ တည်ဆောက်ကုသိုလ်ပြုလိုခြင်းပင် ဖြစ်၏။ သို့ဖြင့် ရွှေမြို့တော် အရှေ့မျက်နှာ ခေါင်းကလောကန်ထိပ်တွင် စေတီတည်ရန် သတ်မှတ်လိုက်သည်။ စေတီတည်မည့် နေရာတွင် မှတ်တိုင် စိုက်ပြီး အစောင့်အနေ ခန့်ထားသည်။ မှတ်တိုင်စိုက်ပြီး လေးရက်ခန့်အကြာ ညသန်းခေါင်အချိန့်တွက် စိုက်ထားသော မှတ်တိုင်မှ ပုတ်လုံးခန့်ကြီးမားသော ဥတ္တာလုံးသဏ္ဍာန်သည် ကောင်းကင်ထက်သို့ ပျံတက်သွားသည်ဟု ဆို၏။ မင်းကြီးက ပညာရှိတို့အား မေးရာ မြစ်တော်အညွှန့်တိုင်အောင် သာသနာ ၅၀၀၀ တည်အံ့နိမိတ်ဖြစ်ကြောင်း ပြန်လည်လျှောက်ထားကြသည်။

မင်းကြီးသည် ယခုကဲ့သို့ ကောင်းမှုပြုရာတွင် မိမိနှင့် ဘဝရေစက် ဆုံသူများထဲမှ အမြတ်နိုးဆုံး အမျိုးသမီးလေးဦးကိုလည်း သူနှင့်အတူ ကောင်းမှု ပြုစေလိုသည်။ ကံထူးသူများမှာ မိဖုရားခေါင်ကြီး ကျုပင်းမင်းသမီး၊ သမီးတော် စကြာဒေဝီမင်းသမီး၊ အနောက်နန်းမိဖုရား မမြကလေးနှင့် ဝေသာလီမိဖုရားတို့ ဖြစ်ကြသည်။ ဝေသာလီမင်းက သူ့နှမတော်ကို သာယာဝတီမင်းအား ဆက်သခဲ့ရာ ရတနာဒေဝီဘွဲ့နှင့် ဝန်းမော်မြို့ကို စားစေခဲ့သည်။

သာယာဝတီမင်းသည် မြန်မာမိဖုရားများနှင့် သမီးတော်တို့ကို ရွေးချယ်



ပြီးနောက် ရတနာ ဒေဝီကိုလည်း မမေ့မလျော့၊ တူညီသောအခွင့်အရေး ပေးခဲ့ခြင်း ဖြစ်သည်။

သက္ကရာဇ် ၁၂၀၀ ပြည့်နှစ် (ခရစ်နှစ် ၁၈၃၈)တွင် အမရပူရမြို့၌ နန်းသစ်တည်ချိန်မှာပင် စေတီတော်ကြီးကို ရွှေအုတ်မြစ်ချခဲ့သည်။ အလယ် ဗဟိုတွင် သာယာဝတီမင်း၏ စေတီတော်ကြီး၊ အရှေ့တောင်ထောင့်တွင် မိဖုရားခေါင်ကြီး ကျုမင်းမင်းသမီး၏ စေတီတော်၊ အရှေ့မြောက်ထောင့်၌ သမီးတော် စကြာဒေဝီ၏စေတီတော်၊ အနောက်မြောက်ထောင့်တွင် အနောက်နန်း မိဖုရား မမြကလေး၏ စေတီတော်၊ အနောက်တောင်ထောင့်တွင် ဝေသာလီ မိဖုရား၏ စေတီတော်တို့ကို တည်ထားစေသည်။ ယင်း စေတီတော်တို့ကို အစ်ပြခန့် ပတ်လည် မဟာရံတံတိုင်း ကာရံထား၏။ တံတိုင်းလေးထောင့်တွင် အုန်ရိုအုတ်တိုက်ကလေး လေးခု ထပ်ဆင့်တည်ထားသည်။ အတွင်းအုတ်တံတိုင်း သို့ မိုလျက် ပတ်လည်တွင် စင်္ကြံလမ်းကို အခိုင်အမာ တည်ဆောက်သည်။

စေတီတော်ကြီးကို တည်ဆောက်နေစဉ်မှာပင် မြန်မာ ၁၂၀၃–ခုနှစ် (၁၈၄၁ အောက်တိုဘာ)တွင် သာယာဝတီမင်းသည် ဥက္ကလာပဒဂုန်သို့ ရေကြောင်းခရီးဖြင့် ကြွချီတော်မူသည်။

အောက်မြန်မာပြည်ရှိ ပြည်သူများအခြေအနေ၊ ဆန္ဒကိုသိရှိရန်နှင့် စည်းရုံးရန်လည်းကောင်း၊ အင်္ဂလိပ် တို့၏ အခြေအနေကို အကဲခတ်၍ အခြေအနေမှန်ကို သိရန်လည်းကောင်း ဖြစ်သည်။ ပြီးတော့ ဆုံးရှုံးခဲ့သည့် မြန်မာ့နယ်မြေများကို ပြန်လည်ရယူနိုင်ရန် အလားအလာ ရှိမရှိလည်း သိလိုသည်။

ဒဂုံနိသို့ စုန်ဆင်းသည့်ခရီးတွင် သားတော်ကြီး ပြည်မင်းသားကို အိမ်ရှေ့မင်းတို့သာ စီနင်းရသော ကရဝိတ်ဖောင်တော်ကို စီးစေသည်။ ပြည်မင်းသားကို သာယာဝတီမင်းက လွန်စွာ ချစ်သည်။ အကြီးဆုံးသားမို့ 'အခ်ကိုကြီး' ဟု ချစ်စနိုး ခေါ်သည်။ ရွှေဘိုသို့ထွက်၍ နောင်တော်ကို နန်းမှ ချဥ်က ပြည်မင်းသားသည် စစ် မှူး တာဝန်ဖြင့် တိုက်ခိုက်ခဲ့သည်။ သားတော်ငယ် ပခန်းမင်းသားက ဧရာဝတီမြစ် အနောက်ဘက်ကမ်း စစ်ကြောင်းမှ စစ်ကိုင်းမြို့ကို ချီတက် သိမ်းပိုက်ခဲ့သည်။ ထို့ကြောင့် ပြည်မင်းသားနှင့် ပခန်းမင်းသားတို့မှာ သာယာဝတီမင်း၏ အားအကိုးရဆုံး

www.burmeseclassic.com

www.burmeseclassic.com



လက်ရုံးများ ဖြစ်ကြသည်။ ယခု ဥက္ကလာပဒဂုန်သို့ စုန်သောအခါ သားတော်ကြီး ပြည်မင်းသားက ရေတပ်မှူးအဖြစ် ရှေ့ဆုံးမှ ဦးဆောင်ရသည်။ ခမည်းတော် သာယာဝတီမင်းက 'ပြည်ကြီးမွန်' ဖောင်တော်ဖြင့် အလယ်မှ လိုက်ပါသည်။ သားတော်ငယ် ပခန်းမင်းသားက နောက်ပိုင်းရေတပ်ကို အုပ်ချုပ်လျက် လိုက်ပါရ လေသည်။

ဒဂုန်သို့ရောက်လျှင် ရွှေတိဂုံစေတီတော်၏ အနောက်ဘက်တွင် ယာယီ တဲနန်း ဆောက်လုပ်စံနေတော်မူသည်။ သည်အတောအတွင်း ဒဂုန်ဆံတော်ရှင် အား ရွှေသင်္ကန်းလုံးပြည့် ကပ်လှူသည်။ တနင်္ဂနွေထောင့်တွင် ကြေးသွန်း ခေါင်းလောင်းကြီးကို သွန်းလုပ်လှူဒါန်းသည်။ ဒလသင်္ဘောကျင်းမှ သင်္ဘော တည်ဆောက်ရေး လုပ်ငန်းများကိုလည်း ကြည့်ရှု စစ်ဆေးသည်။ ဥက္ကလာပ စံနန်းတော်၌ စံမြန်းနေစဉ် ပုသိမ်ခရိုင် သမီးလုကျွန်း(လိပ်ကျွန်း)၌လည်း လောကဥသျှောင်စေတီကို တည်စေသည်။ ငါးလိပ် သတ္တဝါတွေကိုလည်း ကျောက်စာထိုးကာ ဘေးမဲ့ပေးတော်မူသည်။

သည်အချိန်တွင် အနောက်နန်းမိဖုရား မခြိကလေးသည် ဒဂုန်ဆံတော် ဘုရားကြီး၏ အနောက်ဘက်စောင်းတန်း တစ်ဆောင် လစ်လပ်နေသည်ကို မြင်သည်။ ထိုစောင်းတန်းကို ဆောက်လုပ်လှူဒါန်းလိုကြောင်း မောင်တော် သာယာဝတီမင်းထံ ခွင့်ပန်ရာ ဆောက်လုပ်လှူဒါန်းခွင့် ရသည်။

သာယာဝတီမင်းသည် ဒါနအစုစုကို လှူဒါန်းနေဆဲမှာပင် နယ်ချဲ့အင်္ဂလိပ် တို့၏ အခြေအနေကိုလည်း စုံစမ်းလေ့လာသည်။ ဤတွင် အင်္ဂလိပ် သိမ်းပိုက်ထားသော မြန်မာနယ်မြေများကို ပြန်လည် တိုက်ခိုက်သိမ်းပိုက်နိုင် ဆိုသည်မှာ မည်သို့မျှ မဖြစ်နိုင်ကြောင်းကို သာယာဝတီမင်း သဘောပေါက် နားလည်ရသည်။

ကိစ္စအဝဝကို ဆောင်ရွက်နေရင်း ဥက္ကလာပတွင် ငါးလကျော် ကြာမြင့် သွား၏။ နောက်လိုက်နောက်ပါ အခြွေအရံများသည် နေပြည်တော် လွမ်းဆွတ်သဖြင့် ပြန်လိုလှပြီ။ သို့သော် မင်းကြီးကို မလျှောက်တင်ဝံ့ကြ။ သို့နှင့် မြဝတီမင်းကြီး ဦးစထံ ချဉ်းကပ်ကြသည်။ မြဝတီမင်းကြီးက

စိန်ခြယ်ညီးလင်းရောင်နယ်၊ ရေယဉ်နန်းမြန်းစံပယ်။
သုံးရွှေညာမယ်ငယ်ဆေးလေး၊ သင်းသင်းမွှေး။



သောင်းသောင်းကြွေး၊ လွမ်းကြောင်းရေး၊ ရွှေဒွါလောင်း၊
ရွှေတံမြှား၊ ညှင်းညှင်းသာသည်လေ၊ ခါကောင်းရွေး၊ လွမ်းကြောင်းရေး။
ဆွေးလျကြွေဖွယ်၊ မောင်မယ်တည့်ခေါ်ထူးအေး၊
ကျေးသာကာစော၊ တောမှိုင်းညို့လွှင်။
ချစ်ဆွေးချစ်ဆွေးအင်၊ သွယ်ငင်ဆိုတင်းမေး။
ပတ်ခြံသံကြွင်းကြွေး၊ ဆွတ်ပျံ့သည်လွမ်းရေး။
နှင်းယွန်းသာဟေမန်၊ လေပြန်လောင်း၊ ပြောင်းမည်ဟန်၊
မှန်နုန်းကွာလှမ်းဝေး၊ ဆွတ်ပျံ့သည်လွမ်းရေး။

တိုင်းကျေးဘယ်မြေတာ...စသည်ဖြင့် နောက်တော်ပါ အခြွေအရံများ အမရပူရ နေပြည်တော်သို့ လွမ်းဆွတ်သတိရသဖြင့် ဥက္ကလာပဒဂုန်မြို့မှ ပြန်လိုကြပြီ ဖြစ်ကြောင်း 'စိန်ခြယ်ညီးလင်း'အစချီသည့် ဥက္ကလာပပြန်မွန် ချင်းကို ရေးသားဆက်သွင်းသည်။ သည်တော့မှပင် မင်းကြီးလည်း နေပြည်တော်သို့ပြန်ရန် အမိန့်ချမှတ်သည်။ ထိုအချိန်တွင် ခေါင်းလောင်းကြီး သွန်းလုပ်၍ မပြီးသေးပေ။ ထို့ကြောင့် ကြေးသွန်း ပညာရှင် ဝန်ထောက်မင်းကြီး မဟာစည်သူနှင့် ပန်းတဉ်းဝန် လက်နက်တိုက်ဝန်မင်းကြီး မဟာမင်းကျော် ခံယာ တို့အား အပြီးသတ် လုပ်ဆောင်ရန် ထားရစ်ခဲ့ရသည်။

ပြည်တော်ပြန်ခရီးတွင် သာယာဝတီမင်းကြီးသည် ဒလသင်္ဘောကျင်း၌ တည်ဆောက်ပြီးစီးသွားသော 'ရတနာယာဉ်မွန်'သင်္ဘောဖြင့် ဆန်တက်တော် မူသည်။ လမ်းခရီးတွင် မင်းသားဘဝက သာယာဝတီတွင် တည်ထားခဲ့သော စေတီတော်ကို ဝင်ရောက် ဖူးမြော်သည်။ ရာဇဝတ်အကျဉ်းသားများကိုလည်း လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့သည်။

ထိုမှ ဆက်လက်ဆန်တက်လာကြရာ ရှေ့ဆုံးမှ တပ်များ မင်းဘူး ဆိပ်ကမ်းသို့ ဆိုက်ရောက်ကြသည်။ သည်ဆိပ်ကမ်းတွင် တစ်ညအိပ်စက် အနားကြမည် ဖြစ်၏။ ဤတွင် ပြည်မင်းသားသည် သူ့ရင်ထဲမှ ဆန္ဒတစ်ရပ်ကို အကောင်အထည်ဖော်ရန် ဆုံးဖြတ်လိုက်သည်။ ပြည်မင်းသားသည် စာပေ ဝါသနာပါသူမို့ ရှင်မဟာရဋ္ဌသာရ၏ ရွှေစက်တော်သွားတောလားကို လေ့လာ ဖတ်ရှုဖူးသည်။ တောလားထဲတွင် ရွှေစက်တော်ဘုရား၏ တည်ရာဒေသ၊ ဘုရားသမိုင်းကို အတိအကျ ဖော်ပြထားရာ ဘုရားကို ကြည်ညိုလိုသော

www.burmeseclassic.com

www.burmeseclassic.com



သဒ္ဓါစိတ်သည် တဖွားဖွား ပေါ်ခဲ့သည်။ ရွှေစက်တော်သို့လည်း သွားရော ဖူးမြော်လိုသော ဆန္ဒဖြစ်ပေါ်လာသည်။ ပြီးတော့ 'မြောက်တောင် မှိုင်း သစ်ပင်တွေနှင့်၊ ပင်ခြေကျင်းကျင်း၊ ပန်းအင်ကြင်းလည်း၊ ရွက်ချင်းခိုက် စောင်းကြိုးညှိသို့၊ နှမိန့်မြော၊ လွမ်းဖွယ်ပေါ၍'ဆိုသည့် စာပိုဒ်ကို ဖတ်လို ရသည့်အခါ တောတောင်ရေမြေ သဘာဝ၏ လွမ်းမောဖွယ်ရာသ သူ့ရင်ထဲသို့ပင် ကူးစက် ယှက်နွယ်လာသယောင် ခံစားရသည်။ ထို့ကြော ရွှေစက်တော်ဘုရားကို ဖူးမြော်လိုသော ဆန္ဒသည် ပြည်မင်းသား၏ ရင်ထဲ ကြာရှည်ကြာမျှော ကိန်းအောင်းနေခဲ့သည်။ ယခုမူ အခန့်သင့်လိုက်ရေ ခရီးလမ်းလည်း ကြုံသည်။ တစ်ညတာ အိပ်စက် ရပ်နားကြမည်မို့ အ သာခိုက် ဘုရားဖူး လိုက်ဦးမည်။ မြင်းကို အပြင်းနှင်ပါက မိုးသောက်နှင့်အ ပြန်ရောက်လာ နိုင်ကောင်းသည်ဟု တွက်ဆသည်။ သို့နှင့် ခမည်းတေ ရောက်အလာကိုပင် မစောင့်တော့ဘဲ မြင်းကို အပြင်းနှင်ကာ ရွှေစက်တေ ဘုရားသို့ ခရီးဆက် ခဲ့တော့သည်။

ပြည်မင်းသားသည် 'တစ်ကုန်းဆင်းသက်၊ တစ်ကုန်းတက်၍၊ မြိုင်န သာမော၊ စုံတစ်ကြောဝယ်၊ တစ်တောထွက်ဝင်၊ တစ်တောင်မြင်နှင့်' ခရီးနှင်ခဲ ညအချိန်လည်းဖြစ်၍ ခရီးမတွင်ခဲ့ပေ။ ထို့ကြောင့် ပြည်မင်းသားသည် မင်း ဆိပ်ကမ်းသို့ မိုးသောက်နှင့်အတူ ပြန်ရောက်မလာနိုင်ခဲ့ပေ။ အချိန်တန တပ်တော်များ မထွက်သဖြင့် ပြည်မင်းသားကိစ္စကို ခမည်းတော် သာယာဝတီမ သိသွားပြီ။ မိမိအား ခွင့်ပန်ခြင်း မပြုဘဲ ထင်ရာစိုင်းသည့် သားတော် ခွင့်မလွှတ်နိုင်ဖြစ်ရ၏။ သည်အခြေအနေသည် တောင်နန်းမိဖုရားကြီး စောင့် နေသော အခြေအနေပင် ဖြစ်သည်။ မိဖုရားကြီးအဖို့ အခွင့်ကောင်း ဖြစ်၏။ မိဖုရားကြီးသည် သူ၏ သားတော်ရင်း ပုဂံမင်းသားကိုသာ ထီးန ရစေလိုသည်။ သည့်အတွက် နန်းပလ္လင်နှင့် အနီးကပ်ဆုံးဖြစ်သော ပြ မင်းသားကို ဖယ်ရှားလိုသည်မှာ ကြာပြီ။ ယခု ခမည်းတော်နှင့် သားတော် ပြည်မင်းသားတို့ စိတ်ဝမ်းကွဲနေကြသည်ကို ရင်ကြားစေ့ရမည့်အစား အဆ တွန်းလိုက်လေတော့သည်။

"မောင်တော်ဘုရား... ပြည်မင်းသားက ရှင်ဘုရင် ဖြစ်ချင်လွန်း စက်တော်ရာဘုရားမှာ ဆုသွားတောင်းတာပါ ဘုရား"

မိုးလောင်ရာ လေပင့်လိုက်ပြီ။ သာယာဝတီမင်းသည် ပြည်မင်းသား အပေါ် ပို၍ စိတ်ကွက်သွား၏။ ထို့ကြောင့် ပြည်မင်းသားကို ရှေ့ဆောင်ဗိုလ်မှူး အရာမှ နုတ်သိမ်းလိုက်သည်။ သားတော်ငယ် ပခန်းမင်းသားလက်သို့ အပ်ကာ အကျယ်နှင့် လိုက်ပါစေသည်။ ပြည်မင်းသားခမျာ အသွားမတော်တစ်လှမ်း ဖြစ်ရချေပြီ။

နေပြည်တော်သို့ ပြန်ရောက်လာသော် ပြည်မင်းသားသည် လွှတ်တော် မင်းသား အခွင့်အရေးကို မရရှိတော့ပေ။ သို့သော် ထွက်တော်မူရာ၌ ပါဝင် ဆင်နွှဲခွင့်ကိုမူ ပေးထားသည်။ သာယာဝတီမင်းသည် သားတော်အပေါ် မကျေနပ်သော်လည်း သားတော်၏ ရင်သွေးငါးဦးနက် အကြီးနှစ်ယောက်ကို သျှောင်ထုံးနားထွင်းမင်္ဂလာပြုလျက် ရှင်သာမဏေဘောင်သို့ သွတ်သွင်း ပေးခဲ့သည်။

ဓောင်းကလောကန်ထိပ်တွင် တည်ဆောက်နေသော စေတီတော်ကြီး လည်း ပြီးစီးသွားပြီ ဖြစ်၏။ သို့နှင့် ၁၂၀၅–ခု တပို့တွဲလဆန်း ၁၀ ရက်နေ့ နှစ်ချက်တီးကျော် အချိန်တွင် အမြောက်ပစ်ဖောက်ကာ ထီးတော်တင်ပွဲ ကျင်းပသည်။ ယန္တရား တပ်ဆင်ကာ ရွှေထီးတော်ကို တင်သည်။ စေတီတော်၏ ချယားသီးမှသည် ဖိနပ်တော်ရင်း မြေသို့တိုင်အောင် ရွှေဆိုင်းမွမ်းမံချလှူတော် မူသည်။ တပို့တွဲလဆန်း ၁၅ ရက်နေ့တွင် သံဃာတော် ၁၀၈ ပါးတို့အား အဖိုးတန် သင်္ကန်းပရိက္ခရာ၊ ကမ္ဗလာကော်ဇော၊ ပဒေသာပင် စသည်တို့ကို ရေစက်သွန်းချ လှူဒါန်းသည်။ ထို့နောက် ဘုရင်မင်းမြတ်က...

"တာဝတိံသာနတ်ပြည်၌ မယ်တော်မိနတ်သား ကိုးကွယ်ရာ စူဠာမဏိ စေတီတော်ကဲ့သို့ လူ့ပြည်၌ ငါကိုယ်တော်မြတ် တည်ထားကိုးကွယ်သော ဤစေတီတော်ကို လောကစူဠာမဏိ တွင်စေ"

ဟု ကြေညာတော်မူသည်။ မိဖုရားခေါင်ကြီး၏ စေတီတော်ကို 'မဟာတိလောက' သမီးတော် စကြာဒေဝီ တည်ထားသော စေတီတော်ကို 'လောကပရမေ' အနောက်နန်း မိဖုရား မမြကလေး တည်ထားသော စေတီတော်ကို 'ရတနာ လောက'၊ ဝေသာလီမိဖုရား တည်ထားသော စေတီတော်ကို 'သုံးလူထိပ်ပန်းပ' အသီးသီးက တွင်စေသည်။

သာယာဝတီမင်းသည် လောကစူဠာမဏိ စေတီတော်ကြီးကို တည်ထာ

www.burmeseclassic.com

www.burmeseclassic.com



ကိုးကွယ်ပြီးသည့်အခါ ရှင်ပုည(စလေဦးပုည)ကို ပင့်ဖိတ်သည်။ ပင့်ဖိတ်ရသည့် အကြောင်းကလည်း ရှိသည်။ သာယာဝတီမင်း၊ မင်းသားဘဝ စလေဦးပုသည့် သာမဏေဝတ်ဖြင့်ရှိစဉ် သာယာဝတီမင်းသားအား ယခုလို ဗေဒင်ဟောခဲ့သည်။

"ဒကာတော်ဟာ တစ်နေ့သောအခါမှာ မင်းဧကရာဇ် ဖြစ်လိမ့်မယ်။ မြို့သုံးမြို့ကိုလည်း တည်ဆောက်နိုင်လိမ့်မယ်။ စေတီပုထိုးကြီးများကိုလည်း တည်ထားကိုးကွယ်နိုင်မယ်။ သားတော်မြေးတော်များ ထီးနန်းဆက်ခံနိုင်လိမ့်မယ်။ သို့သော်လည်း တူသား၊ မိဖုရားများက ပုန်ကန်ရန် မြင်ကြောင်းပါ"

သည်လို ဟောခဲ့ဖူးသဖြင့် ယခု စေတီတော်ကြီး ပြီးသည့်အခါ သာယာဝတီမင်းသည် ရှင်ပုညကို ထပ်မံပင့်ဖိတ်ကာ ယခုလို မိန့်တော်မူသည်။

"ရှင်ပုည ဟောခဲ့တဲ့အတိုင်း ကျွန်ုပ်မင်းဧကရာဇ် ဖြစ်မယ်ဆိုတာ မှန်ခဲ့ပြီ။ မြို့သုံးမြို့ တည်ထောင်နိုင်မယ်လို့ ဟောခဲ့တဲ့အတိုင်း ကျောက်မြောင်းမြို့၊ ရတနာပူရမြို့၊ အမရပူရမြို့များကိုလည်း မွမ်းမံနိုင်ခဲ့ပြီ။ ဓောင်းကလောကန်ထိပ်မှာ စေတီတော်ကြီး ပြီးစီးလို့ ထီးတော်ပင် တင်ခဲ့ပြီးပြီ။ ရှင်ပုည ဟောတာတွေ အလွန် မှန်ကန်ပေတယ်။ ယခု ကျွန်ုပ်ဇာတာကို ထပ်မံပြီး စစ်ဆေး ပေးစေလိုတယ်"

ဘုရင်မင်းမြတ်က ဤသို့ အမိန့်တော်ရှိသဖြင့် ရှင်ပုညသည် သာယာဝတီမင်း၏ ဇာတာတော်ကို သေချာဂန စစ်ဆေးပြီး ယခုကဲ့သို့ ဟောကိန်းထုတ်လေသည်။

"ဗုဒ္ဓဟူးသား မင်းဧကရာဇ်၏ ရည်ရွယ်သမျှ အောင်မြင်ပါမယ်။ သားတော်၊ တူတော်တို့ ပုန်ကန်ခြင်း၊ မိန်းမများ ဖောက်ပြန်ခြင်းနဲ့ ကြုံရတတ်ပါတယ်။ သို့သော်လည်း သူတို့ကံကြမ္မာအလျောက် လွင့်စဉ်သွားကြပေလိမ့်မယ်။ မင်းကြီး...ယခု သက်တော် ၅၇ နှစ်အတွင်း ဇာတာတော် ညှိုးနွမ်းတယ်။ ဒါကြောင့် ရာဟုထောင့် အရပ်မှာ ယာယီ စံမြန်းသင့်ပေတယ်။ သက်တော် ၆၀ မှာ သာမိနမင်းလို တာဝတိံသာသို့ တက်နိုင်ကိန်း ရှိကြောင်းပါ"

ရှင်ပုညက ယခုလို ဟောကိန်းထုတ်သဖြင့် သာယာဝတီမင်း၏ စိတ်တွင် အနှောင့်အယှက် ပို၍ ဖြစ်ရသည်။ ဥက္ကလာပမှ ပြန်လာကတည်းက သားတော်ကြီး ပြည်မင်းသားအား အပြစ်ဒဏ်ပေးထားရသည့်အတွက် စိတ်တော် မကြည်မသာ ဖြစ်နေသည်။ မင်းကြီးအားကိုးသော သားချစ်ပေမို့ စဉ်းစားမိတိုင်း



ယူကျုံးမရ စိတ်ပင်ပန်းလှသည်။

ပြည်မင်းသားဘက်က ကြည့်ပြန်လျှင်လည်း ကြီးကျယ်လှသည့် ပြစ်မှု မဟုတ်ပါဘဲ ကြီးမားသည့်ပြစ်ဒဏ် ခံရသဖြင့် များစွာ စိတ်မကောင်း ဖြစ်နေသည်။ မိမိထက် ငယ်ရွယ်သူ ညီတော်များကို လွှတ်တက်မင်းသားအဖြစ် ကျော်လွန်ခန့်ထားလိုက်ရာ မိမိအဖို့ သိက္ခာကျမှန်းမသိ ကျသွား၏။ ဝန်ကြီး မှူးကြီးများ အမတ်ကြီးများကလည်း ပြည်မင်းသားဘက်မှ ဝင်၍ လျှောက်ထား တောင်းပန်ပေးခြင်း မပြုရဲကြပေ။ ထို့ကြောင့် ပြည်မင်းသားကို ဥပေက္ခာ ပြုထားသကဲ့သို့ ဖြစ်နေသည်။ သည်အတွက်လည်း မှူးမတ်များဘက်မှ မချိတင်ကဲ ဖြစ်နေကြသည်။

ဤတွင် ပြည်မင်းသားကို ချစ်ခင်သူ အပေါင်းအသင်းများ၊ တပည့် ကျေးကျွန်များသည် မင်းသားအား ကရုဏာသက်ကာ သူ့ထံသို့ အဝင်အထွက် များလာကြသည်။ အားပေးနှစ်သိမ့်သည့်သဘောပင် ဖြစ်၏။ မင်းသား၏ ကြင်ရာတော် ခဲပေါင်မင်းသမီးထံသို့လည်း အဝင်အထွက် များလာသည်။ မိဖုရား မမြကလေး၏ မိခင် ဒေါ်အိသည်ပင် ပြည်ကိုယ်တော်ကြီး မျက်နှာ ငယ်လှချည့် ဆိုပြီး အားပေး နှစ်သိမ့်ရင်း ဝင်ထွက်သွားလာသည်။

ပဒေသရာဇ်ဘုရင်တို့၏ အသိုင်းအဝိုင်းတွင် တစ်ဦးအပေါ် တစ်ဦး တွန်းမှု၊ တိုက်မှု၊ ကုန်းချောမှုများ ရှိမြဲပင်။ ယခုလည်း မမြကလေးတို့ကို မလိုမုန်းထားသူတွေက မမြကလေး၏ သာရဝေါ်ဆွေမျိုးများသည် ပြည် မင်းသား၏ အပေါင်းပါများဟု မြင်လာကြသည်။ ပြည်မင်းသားနှင့် မမြကလေးတို့၏ ခင်မင်မှုကိုလည်း ရှုထောင့် တစ်မျိုးမှ မြင်လာကြသည်။ သည်ကိစ္စကို သာယာဝတီမင်းအား အသိပေးသူများပင် ရှိလာသည်။ မိမိထက် အသက် ၂၃ နှစ်မျှ ငယ်သော မမြကလေးကို အချစ်ကြီး ချစ်ခဲ့သော သာယာဝတီမင်းအဖို့ မျက်စပ်ပိုးဝင် ဖြစ်ရပြီ။

www.burmeseclassic.com

www.burmeseclassic.com



နောင်တော်ပြည်မင်းသား၏ နေရာတွင် အစားထိုးထားသော ညီတော်ပခန်းမင်းသားသည် ခမည်းတော် သာယာဝတီမင်းထံ မပြတ်ခစားသည်။ ခစားလေတိုင်း သူချစ်သော နောင်တော်ပြည်မင်းသားဘက်မှ ရပ်တည်ကာ တင်လျှောက်လေ့ ရှိ၏။ ထို့ကြောင့်လည်း ပြည်မင်းသား၏ အခြေအနေမှာ အဆိုးဆုံး ဖြစ်မလာသေးပေ။ မကြာခင်မှာပင် ပခန်းမင်းသားသည် ရုတ်တရက် လေနာရောဂါ စွဲကပ်လာသည်။ အိပ်ရာမှပင် မထနိုင်တော့ပေ။ သာယာဝတီမင်းလည်း သိလျှင်သိချင်း သားတော်ထံ သွားရောက်ကာ ကိုယ်တိုင် ပြုစုသည်။ သို့သော် ပခန်းမင်းသားသည် ရောဂါမှ သက်သာခြင်းမရှိဘဲ ခမည်းတော်၏ ရင်ခွင်ထဲမှာပင် အသက်ပျောက်ရရှာသည်။ သည်ကိစ္စတွင် မိဖုရားခေါင်ကြီးက အဆိပ်ခတ်ကြောင်း နန်းတွင်းသူအချို့ သိရှိကြသည်ဟု ဆိုသည်။ ညည်သို့ ဆိုစေကာမူ နန်းပလ္လင်နှင့် နီးကပ်နေသူ မင်းသား တစ်ပါးဖြင့် လျော့သွားပြန်ချေပြီ။

ပခန်းမင်းသားသည် ရုတ်တရက် ကွယ်လွန်သောကြောင့် ရွှေနန်းတော်ထုံးစံနှင့်အညီ ခမ်းနားကြီးကျယ်စွာ သဂြိုဟ်ခြင်း မပြုလိုက်ရပေ။ ရွှေခေါင်းတွင် ထည့်ကာ မင်းသား၏ အိမ်တောင်ဝင်းအတွင်းမှာပင် ဂူသွင်းသဂြိုဟ်လိုက်ရသည်။ သည့်အတွက် မင်းကြီးသည် များစွာ ယူကျုံးမရ ဖြစ်သွားသည်။

ပခန်းမင်းသားကား ကွယ်လွန်သွားပြီ။ ပြည်မင်းသားကိုလည်း ဒဏ်ခတ်ထားချိန်ဖြစ်၍ ပုဂံမင်းသားနှင့် မင်းတုန်းမင်းသားတို့ကို လွှတ်တက်မင်းသားများအဖြစ် ခန့်အပ်လိုက်ကြသည်။ ဤတွင် ကြက်၊ ငှက်၊ ချိုး၊ ခါ စသည့် တိရစ္ဆာန်တိုက်ပွဲများနှင့်သာ ဖျော်ပါးနေတတ်သော ပုဂံမင်းသားနှင့် သူတပည့်ကျော်ဘိုင်ဆပ်တို့ တစ်စခန်း ထလာကြတော့သည်။

သာယာဝတီမင်းလည်း ဓာတ်တော် ညှိုးနွမ်းသဖြင့် မန္တလေးဘက်ရှိ မင်းတဲအိကင်းရပ်သို့ ယာယီပြောင်းရွှေ့ စံနေတော်မူသည်။ မင်းကြီး၏ ဝေဒနာသည် သက်သာသည်ဟူ၍ မရှိပေ။ သည်လို အချိန်အခါမျိုးတွင် တောင်နန်း မိဖုရားခေါင်ကြီးသာလျှင် ဘုရင့်အပါး ခစားခွင့်၊ စံနေခွင့်



ရှိသည်။ ဆေးဝါးဆက်သ ပြုစုခွင့်ရသည်။ မိဖုရားမမြကလေးမှာမူ ပြုစုယုယရန် ဆေးစွာ၊ ခေတ္တခဏ ခစားခွင့်ပင် မရခဲ့ရှာပေ။

၅ ဘုရင့်ကိုယ်စား ထီးရေးနန်းရေးတို့၌ သြဇာလွှမ်းမိုးခြယ်လှယ်နိုင်သူများမှာ မိဖုရားခေါင်ကြီးနှင့် သူ့သားတော် ပုဂံမင်းသားတို့ပင် ဖြစ်ကြသည်။ ဤတွင် မိဖုရားခေါင်ကြီး၏ ဆန္ဒဟူသမျှသည် ဘုရင့်အမိန့်တော်များအဖြစ် ထွက်ပေါ်လာလေတော့သည်။

မိဖုရားခေါင်ကြီးသည် သာယာဝတီမင်းက အထူးချစ်မြတ်နိုးတော်မူသော မိဖုရားမမြကလေးကို မနာလို မရှုဆိတ်သည်မှာ ကြာပြီ။ ယခုလို အခွင့်သာခိုက် စကားတစ်ခွန်းတည်းဖြင့် မမြကလေးကို သာမက ကြံရာပါဟု ယူဆသူများကိုပါ စာရင်းရှင်းလိုက်သည်။

“မောင်တော်ဘုရား...မိဖုရားမမြကလေးဟာ သားတော်ကြီး ပြည်မင်းသား မသင့်မလျော် ကြံစည်ရာမှာ ပါဝင်နေပါတယ်။ သူတို့ကို ရေနံချောင်းမြို့စား ယင်းတောဝန်ကြီးကပါ ကူညီ ပူးပေါင်းလျက်ရှိကြောင်းပါ ဘုရား”

သာယာဝတီမင်းသည် မိဖုရားခေါင်းကြီး တင်လျှောက်သည့် စကားကို ယုံမှတ်တော်မူသည်။ သို့နှင့် ယင်းတောဝန်ကြီးကို ဒေးဝန်းစံနန်းတော်မြောက်လှေကားတွင် ကိုယ်တော်တိုင် လက်သုံးတော်လှံဖြင့် ထိုး၍ စံနန်းတော်အပြင်သို့ ယူသွားစေသည်။ ယင်းတောဝန်ကြီးလည်း လက်ဝဲတံခါးပြင် ရောက်လျှင်ပင် အနိစ္စ ရောက်လေ၏။[၁]

ဝန်ကြီး၏သား မောင်ဘိုးလှိုင်ကို သတ်ရန် မြို့ဝန်က ရှာသေးသည်။ မဲထီး ဆရာတော်က ဝှက်ထား၍ အသက်ချမ်းသာရာ ရသည်။ ဤတွင် ယင်းတောဝန်ကြီးကတော် ဒေါ်ငြိမ်းသည် သားမောင်ဘိုးလှိုင်အတွက် များစွာ စိတ်ပူပန်မိသည်။ သို့နှင့် ကိုရင်မောင်ဘိုးလှိုင်ကို ရှင်သာမဏေအဖြစ်မှ လူဝတ် လဲစေသည်။ မိမိပိုင် ရွှေငွေဘဏ္ဍာများနှင့်တကွ မောင်ဘိုးလှိုင်ကို

၁။ မောင်ထင်။ ယောမင်းကြီးဦးဘိုးလှိုင် အတ္ထုပ္ပတ္တိနှင့် ရာဇဓမ္မ သင်္ဂဟကျမ်း၊ စာ ၂၇–၂၈

www.burmeseclassic.com

www.burmeseclassic.com



မင်းတုန်းမင်းသားထံ အပ်နှံသည်။ မင်းတုန်းမင်းသားက မောင်ဘိုးလှိုင်ကို စကြာဒေဝီမင်းသမီးထံ ထပ်မံ အပ်နှံပြန်သည်။ သို့ဖြင့် ယောအတွင်းဝန်လောင်း မောင်ဘိုးလှိုင်သည် မင်းတုန်းမင်းသားနှင့် စကြာဒေဝီ မင်းသမီးတို့၏ မွေးစားသားအဖြစ် ချီးမြှင့်ခြင်း ခံရသည်။ သားရင်းနှင့်မခြား ကျွေးမွေးပြုစု ပျိုးထောင်ပေးခဲ့ကြသည်။

ထိုနေ့ညတွင်ပင် မင်းသားအား ဖမ်းဆီးရန် ရဲမက်တော်တစ်ထောင်ခန့် မင်းသား၏ အိမ်တော်ကို ဝိုင်းကြသည်။ ပြည်မင်းသားလည်း သိသိချင်း သားတော်လေးပါး ကျွန်တော်ရင်းအချို့နှင့် ဘေးလွတ်ရာသို့ တိမ်းရှောင် သွားသည်။ အိမ်တော်ကို ရဲမက်တွေ ဝိုင်းပြီဟု သိသည်နှင့် တစ်ပြိုင်နက် အထိန်းတော် မငြိမ်းသာသည် သုံးနှစ်သားအရွယ် သားတော်လေး ထိပ်တင် တုတ်ကို တင်းတင်းပွေ့ကာ ထွက်ပြေး တိမ်းရှောင်သွားတော့သည်။

ထိုအချိန်တွင် မင်းကြီး၏ ဝေဒနာသည် သက်သာဖွယ် မမြင် ထို့ကြောင့် မင်းတဲအိကင်းမှ နေပြည်တော်သို့ ပြန်လာခဲ့ကြတော့သည်။ နေပြည်တော် ရောက်သည့်အခါ ကြေးပြာသာဒ်ဆိုသည့် အဆောင်ကို အလျ စီမံကာ မင်းကြီးအား စံနေစေသည်။ အမရပူရ နေပြည်တော်သို့ ပြန်ရောက်ပြီးနောက် ပြည်မင်းသားအတွက် ရည်မှန်းဆောက်လုပ်ထားသော အိမ်ရှေ့အိမ်တော်တွင် ပုဂံမင်းသားက တက်ရောက်နေထိုင်လိုက်သည်။

တိမ်းရှောင်သွားသော ပြည်မင်းသားနှင့် သားတော်လေးပါးကို နှစ်လ အကြာတွင် ရှမ်းပြည်နယ် မိုင်းလုံတွင် ဖမ်းဆီးရမိသည်။ ပုဂံမင်းသားသည် ပြည်မင်းသားတို့ သားအဖကို သည်အတိုင်း တာရှည် မထားဝံ့ပြီ။ သို့ဖြင့် ခမည်းတော် သာယာဝတီမင်းတရားကြီး၏ အမိန့်တော်ဟု ဆိုကာ ကွပ်မျက်စေ ထုတ်လိုက်၏။ ကံဆိုးသူ ပြည်မင်းသားနှင့် သူ့သားတော်များဖြစ်သော သတိုးမင်းစော (အသက် ၁၇ နှစ်ရှိ အမြင့်မြို့စား တပ်မှူး)၊ သတိုးမင်းဖျ (အသက် ၁၅ နှစ်ရှိ တပ်မှူး)၊ သတိုးမင်းလှ(အသက် ၁၂ နှစ်)နှင့် သတိုးမင်းဒင်(အသက် ၉ နှစ်)တို့ ငါးပါးစလုံး ကံတော်ကုန်ကြရရှာသည်။

ပြည်မင်းသားနှင့် သားတော်လေးပါးကို ကွပ်မျက်ပြီး နှစ်ရက်အကြာ



တွင် ဖြစ်၏။ အနောက်နန်းတော်ဆောင်တွင် ဒေါ်အိ၊ မိဖုရားမမြကလေးနှင့် လှိုင်ထိပ်ခေါင်တင်တို့ စုံညီ ရှိနေကြသည်။ ယခုလို အချိန်မျိုးတွင် မမြကလေးနှင့် လှိုင်တို့သည် ကဗျာများ ရွတ်ဖတ်လေ့ ရှိကြသည်။ တစ်ခါတစ်ရံ တေးသီချင်း များ သီဆိုတတ်ကြသည်။ သီချင်းချပေးစရာ ရှိလျှင်လည်း မမြကလေးသည် လှိုင့်အား သီချင်းချပေးလေ့ ရှိသည်။

ထိုနေ့နံနက် စားတော်ခေါ်ပြီးချိန်တွင် လှိုင်မင်းသမီးကလေးသည် ပုရပိုက်တစ်ဆူကို ရွေးထုတ်ကာ မယ်တော် မမြကလေးအား ယခုလို မေးမြန်း လိုက်သည်။

"မယ်မယ်ဘုရား... ဒီပုရပိုက်ထဲက ဟောဒီ လေးဆစ်ကလေး၏ တင်တင် အင်မတန် နှစ်သက်မိတယ်။ ဆိုပြမယ်နော်"

မပိုင်ခင်စိုင်ပြင်ထွက်ပါဘိ
မဆိုင်လျှင်နိုင်ချင်ကြက်ကဲ့နှယ်
အားထက်ကတဲ့ပါဘိတယ်။
နှစ်ဖက်ကြောလျှင်ဖြင့်
လက်ရှောပါကုလို့ငန်းကြလျှင်
မွှန်းရတော့မယ်။
လုံ့-လုံ့-လုံ့-လုံ့မည်ခေတ်တွင်မှ
သုံ့-သုံ့-သုံ့-သုံ့သည်စစ်လိုပ
ပုံ့သစ်လို့ကြဲကြတယ်
ကံငယ်သူ့တာပဲ။
လဝွန်းအိမ်
ဝကျွန်းစံကျော်စွာလိမ်သည့်နှယ်
ဘုန်းကြိမ်ခဲ့နဲ့။

လှိုင်က သံနေသံထားဖြင့် ဆိုပြသည်။ မမြကလေးသည် သမီးတော် လေး၏ ဆိုဟန်ဆိုလက်ကို များစွာ နှစ်သက်သွား၏။ ထို့ကြောင့် သမီးလေး၏ ပခုံးကို ပွေ့ဖက်ပြီး...

"ကောင်းလိုက်ပါဘိတော့တယ် သမီးလေးရယ်၊ လေးဆစ်ကို သဖြန်ရော် ဆိုနိုင်တာကိုက ထူးခြားတာ။ ထိုးမှု နန်းဟန်လည်း ပိုဆန်သွားတယ်

www.burmeseclassic.com

www.burmeseclassic.com



တင်တင့်အသံလေးဟာ ပီသကြည်မြပြီး ချိုအေးနေတာပဲ၊

မယ်မယ်ဖြင့် နားဆင်လို့ကို မငြီးဘူး"

ဟု ချီးမွမ်းလိုက်သည်။ လှိုင်သည် မယ်တော် မမြကလေးက ချီးမွမ်းသည်ကို မကျေနပ်နိုင်သေး။ ဘွားတော်ဘက် လှည့်ပြီး မေးလိုက်သည်။

"ဘွားဘွား...တင်တင်ဆိုပြတာ ကောင်းရဲ့လား"

"ကောင်းပါ့ရှင်၊ ကောင်းပါ့၊ ဘွားဘွားမြေးလေးကတော့ မအေ့မြေရာ နင်းမယ့် သမီးလေးပဲ"

ဘွားတော်နှင့် မယ်တော်တို့က ယခုလို ချီးကျူးပြန်တော့ လှိုင်သည် ဘလေးပီပီ ဝမ်းသာရွှင်မြူးသွားသည်။ ပြီး...မယ်တော် မမြကလေးကို မေးခွန်းတွေ တစ်ခုပြီး တစ်ခု မေးလေတော့သည်။

"ဒီကဗျာကို မယ်မယ် ရေးတာ ကြာပြီလားဟင်"

"ကြာပါပြီ သမီးရယ်၊ တင်တင့် ခမည်းတော် နန်းတက်တော်မူစမှာ ရေးခဲ့တာလေ။ ခုနှစ်နှစ်လောက်တောင် ကြာခဲ့ပြီ။ တင်တင့်ခမည်းတော် ဘုရင်ဖြစ်ဖြစ်ချင်း မယ်မယ့်ကို မိဖုရားမြှောက်တော် မမူသေးဘူးလေ။ မြောက်အိမ်တော်မှာပဲ စံနေရတယ်။ အဲဒီအချိန်မှာ ရင်ထဲ ခံစားမိတာနဲ့ ဒီလေးဆစ်ကလေးကို ရေးခြစ်မိတာ တင်တင်ရဲ့"

"မယ်မယ်က ဘယ်အတွက်ကြောင့် တောင်နန်းစံ အဂ္ဂမဟေသီ မဖြစ်ရတာလဲဟင်"

"သမီးလေးရယ်၊ တောင်နန်းစံတယ်ဆိုတာ မဟာဆိမဟာသွေး၊ မဟာနွယ်ဖြစ်မှ တင်ရိုးရှိတယ်။ မယ်မယ်က သာရဝေါပွဲနှင်းမျိုးရိုး ဖြစ်လေတော့ နန်းရမိဖုရား ဖြစ်တာပင် မြင့်လှပြီ ဆိုရမှာပေါ့ကွယ်"

လှိုင်သည် မယ်တော်ရှင်းပြသည်ကို နားထောင်ရင်း တွေငေးငေးလေး ဖြစ်သွားသည်။ မည်သည်ကို စဉ်းစားမိသည် မသိ။ သူ့စိတ်ထဲ ရှိသမျှ ပွင့်ပွင့်လင်းလင်း ပြောလိုက်သည်။

"တင်တင်တော့ မင်းသမီး မဖြစ်ချင်ပါဘူး မယ်မယ်ရယ်၊ လွတ်လွတ် လပ်လပ်လည်း မနေရဘူး။ ခမည်းတော်ကို ဖူးမြင်ချင်လို့မှ ဖူးခွင့်မရတဲ့ ဘဝ။ ခုဆို တင်တင်တို့ဆီ ခမည်းတော် ကြွမလာတာ အတော်ကြာသွားပြီနော် မယ်မယ်"



မမြကလေးသည် သမီးလေး လှိုင်၏ မျက်နှာကို ဖျတ်ခနဲ ကြည့်လိုက်သည်။ အို...သမီးလေးရဲ့ မျက်ဝန်းအစုံမှာ မျက်ရည်တွေ ဝဲလို့ပါလား။ မိခင်နှင့် ထပ်တူထပ်မျှ ခံစားနေရသည်ကို မရှုစိမ့်နိုင်။ အရွယ်ငယ်ငယ် သည်းနုနုကလေးတွင် ဒဏ်ရာ အနာတရ မဖြစ်စေလို။ ထို့ကြောင့် သမီးတော်ကို နှစ်သိမ့်ချော့မော့ရင်း စကား လမ်းကြောင်း ပြောင်းလိုက်သည်။

"ခမည်းတော် ကိုယ်စိတ် ကျန်းခံ့တော်မမူလို့ပါ သမီးလေးရယ်။ ဟဲ...ကဲ...ဒါတွေ အသာထားကြရအောင်။ မယ်မယ် စပ်ဆိုထားတဲ့ 'ချစ်သမျှ'ကို ပတ်ပျိုး မယ်မယ် ဆိုပြမယ်။ နားထောင်နော်"

"ချစ်သမျှကို မြင်းမိုရ်ရွှေတောင်လုံးသာပလေ။

လေးဆူဒီပါ သိရေမြေဆုံးစေတော့လေး..."

ကဗျာဂီတတွင် ဝါသနာထုံလှသော လှိုင်သည် မယ်တော်မမြကလေး သီဆို နေသည်ကို စိတ်ဝင်စားစွာ နားထောင်နေသည်။ သီချင်းသံ အဆုံးဝယ် လှိုင်သည် သူ့မယ်တော်၏ လက်မောင်းကို ကိုင်လှုပ်ကာ ကန့်ကရ ပြောလိုက်သည်။

"နားဆင်လို့ကောင်းလိုက်တာ မယ်မယ်ရယ်။ ဒီသီချင်းလည်း တင်တင့်ကို သင်ပေးပါဦးနော်"

"သင်ပေးမှာပေါ့ သမီးလေးရယ်။ ကဗျာဂီတဟာ လူတွေရဲ့ နှလုံးသားကို သိမ်မွေ့စေတယ်။ ရဲရင့် တည်ကြည်စေတယ်။ ဂီတနဲ့ ပတ်သက်ပြီး တင်တင့်ကို အများကြီး သင်ပေးရဦးမယ်"

သည်အခိုက်အတန့်ကလေးမှာပင် မြို့ဝန်မင်းနှင့် အနောက် နန်းမင်းတို့သည် လူတစ်ကျိပ်ခန့်နှင့်အတူ မမြကလေးတို့ ရှိနေသည့် နန်းမဆောင်သို့ ရောက်လာကြသည်။ မိဖုရား မမြကလေးနှင့် သူ့မိခင် အိုအိုတို့ကို ပြည်မင်းသား၏ ကြံရာပါများဟူသော စွပ်စွဲချက်ဖြင့် သေဒဏ် ပေးရန် ဖမ်းဆီးခေါ်ဆောင်သွားကြသည်။ သူတို့နှစ်ဦးနှင့် သာရဝေါ ဆွေမျိုး များကို အကျဉ်းချထားလိုက်တော့သည်။

မမြကလေးသည် ရဲရင့်သည်။ ပြတ်သားသည်။ သေမင်းကို ရင်ဆိုင် သည်။ သို့သော် သူ့နားထဲတွင် သမီးကလေးလှိုင်၏ ငိုကြွေးသံသည် ခုထိ ကြားနေရဆဲ ဖြစ်သည်။ သမီးရဲ့ ငိုသံသည် သူ့အသည်းနှလုံးကို အညှာမှ

www.burmeseclassic.com

www.burmeseclassic.com



ကိုင်လှုပ်သည့်နယ် နာကျင်လှ၏။ မျက်ရည်သွယ်သွယ်ကျနေသော သမီးလေး၏ မျက်နှာသည် သူ့အမြင် အာရုံထဲမှ မထွက်။ ဘယ်လိုမှ ဖျောက်ဖျက်၍ မရပါလား။

မောင်တော် သာယာဝတီမင်းနှင့် ချစ်စ ခင်စတုန်းက တစ်စည်းတစ်လုံးတည်း ရှိခဲ့သော သူတို့ မိသားစု၊ သူတို့ ပတ်ဝန်းကျင်။ ယခုတော့ သည်မိသားစုတွေ တကွဲတပြားနှင့် ဖြစ်ကုန်ပြီ။ ပြန်လည် ပေါင်းစည်းရ အခွင့်မသာတော့ပြီ။ အကယ်၍များ မောင်တော့်ထံ လျှောက်တင်ခွင့် ရမည်ဆိုလျှင်...

'မြကလေးဟာ မယားကောင်း တစ်ယောက်ပါ။ မောင်တော့်အပေါ်မှာ ဘယ်တော့မှ သစ္စာမဖောက်ခဲ့ဘူး။ စိတ်ကူးနဲ့တောင် မပြစ်မှားခဲ့ပါဘူး မောင်တော်ရယ်'ဟု လျှောက်တင်လိုက်ချင်စမ်းပါဘိ။ သို့သော် အခွင့်မသာပြီ။ ခုတော့ သနားငယ် မညာရက်တာကြောင့် မမြကလေးမှာ လည်စင်းခံရုံမှတစ်ပါး အခြားမရှိပြီ။

မြန်မာသက္ကရာဇ် ၁၂၀၇-ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်။

ရွှေမြို့တော်ဝန် နေမျိုးမင်းလှဇေယျသူ၊ လက်မရွံ့အာဏာသားများ ထောင်မှူးနှင့် ထောင်အမှုထမ်းအချို့သည် အနောက်နန်းမိဖုရား မမြကလေးနှင့် မယ်တော် ဒေါ်အိတို့ကို အမရပူရ အနောက်မျက်နှာ သရက်တစ်ပင်သုသာန်သို့ ထုတ်ယူလာကြ သည်။

နေဝန်းနီနီသည် မြစ်ရော၏ အနောက်ဘက်တောင်စွယ်တွင် မေးတင်နေပြီ။ နေမင်းမှ နီသောအရောင်တို့သည် ဧရာဝတီမြစ်ကျောပေါ်သို့ ကျနေသဖြင့် မြစ်ရေတစ်ပြင်လုံး ရဲရဲနီနေသည်။ မိုးနှောင်းဆောင်းကြို လေကလေး တစ်ချက်ရူးပြီး တိုက်လိုက်တိုင်း ရေပြင်သည် တဖျပ်ဖျပ်နှင့် နေသည်မှာ ရှုမငြီးနိုင်အောင် ဖြစ်၏။ =

သာမန် အချိန်မျိုးဆိုလျှင် စာဆိုမမြကလေးဖို့ သည်အလှကို မနှုတ်သက်ဘဲ နေမည်မဟုတ်။ မကြည်နူးဘဲ နေနိုင်မည်မဟုတ်။ စာမစပ်ဘဲ နေနိုင်မည်မဟုတ်။ ယခုသော် နေဝန်းနီနီနှင့်အတူ လောကကြီးကို နှုတ်ဆက်ထွက်ခွာရတော့မည်မို့ သည်အလှကို မခံစားနိုင်ရှာပြီ။

မမြကလေးသည် မယ်တော် ဒေါ်အိကို လှမ်းကြည့်လိုက်သည်။ အကျဉ်းထောင်မှ စထွက်ကတည်းက မျက်လုံးအစုံကိုမှိတ်လျက် လိုက်ပါလာသည်။ မယ်တော်သည် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတော်များကို အာရုံပြုနေမည်မှာ မလွဲ။ မိမိနှင့် ပတ်သက် ယှက်နွယ်ပြီး မယ်တော် ယခုလို ဒုက္ခဒဏ်ခံရသည်ကိုမူ မမြကလေး စိတ်ဆင်းရဲလှသည်။ နာကြည်းလှသည်။

မကြာမီပင် မမြကလေးတို့ကို တင်ဆောင်လာသော လှည်းသည် ရပ်တန့်သွားသည်။ သရက်တစ်ပင် တစပြင်သို့ ရောက်ပြီ။ သည်ဝန်းကျင်သည် မြစ်ရော၏ ဆည်းဆာအလှနှင့် ခြားနားလွန်းပေစွ။ ကုန်းမို့မို့ကလေးတွေက နေရာအနှံ့။ ခပ်ဝေးဝေး တစ်နေရာဆီက မီးခိုးတွေအူပြီး ပျံတက်နေသည်ကို လှမ်းတွေ့ရသည်။ ပုစဉ်းရင်ကွဲများ၏ ငိုညည်းသံတွေသည် သုသာန်ဝန်းကျင်တစ်ခွင် တစ်ပြင်ကို စိုးမိုးထား၏။ ဟိုအမြင့် သစ်ကိုင်းထက်ဆီမှ ငှက်ဆိုးတစ်ကောင်၏ တောင်ပံခတ်သံ တဖျပ်ဖျပ်သည် ကျယ်လောင်လှ၏။ သရက်တစ်ပင် တစပြင်၏ သဘာဝကား စိတ်နှလုံး ချောက်ချားဖွယ်အတိ။

မမြကလေးသည် ရွှေမြို့တော်ဝန်ထံမှ 'ပုရပိုက် တစ်လွှာနှင့် ကံ့ကူဆံ တစ်ချောင်း ပေးပါရန်' တောင်းဆိုလိုက်သည်။

ရွှေမြို့တော်ဝန်သည် ရာဇဝတ်အကျဉ်းသားဘဝ ရောက်ရှိရှာသော မမြကလေးအား နောက်ဆုံး အခွင့်အရေးတစ်ရပ်အဖြစ် တောင်းဆိုချက်ကို ဖြည့်ဆည်းပေးလိုက်သည်။

မမြကလေးသည် သက်ပြင်းတစ်ချက် ရှိုက်၍ချကာ ပုရပိုက်ပေါ်တွင် စတင် ရေးသားနေတော့သည်။ ပကတိ တည်ငြိမ်သောအသွင်ဖြင့် ပုရပိုက်ပေါ်တွင် တစ်စုံတစ်ရာ ရေးနေဟန်သည် ကွပ်မျက်ခံရဆဲဆဲ ရာဇဝတ်သားမှ ဟုတ်ပါလေစ။ ရွှေမြို့တော်ဝန်က စဉ်းစားနေသည်။

မမြကလေးသည် နောက်ဆုံးစာပိုဒ်ကို အပြီးသတ်လိုက်၏။ ပြီးတော့ ရွှေမြို့တော်ဝန်ထံ ပုရပိုက်ကို ကမ်းပေးရင်း မိမိအား သေဒဏ်ချမှတ်ခဲ့သည့် အာဏာပိုင်စိုးသူထံ မပျက်မကွက် ပို့ပေးပါရန် အထပ်ထပ်မှာကြားသည်။

မမြကလေးတို့ သားအမိကို ထုံးစံနှင့်အညီ ကွပ်မျက်ရန် အချိန်ကျပေပြီ။ ပါးကွက်အာဏာသားသည် ရိုင်းပျစော်ကားစွာ မမြကလေး၏ ဆံပင်ကို ကြမ်းကြမ်း တမ်းတမ်းဆွဲ၍ တွန်းလှဲလိုက်သည်။ ကွပ်မျက်ခံရမည့်ဆဲဆဲ

www.burmeseclassic.com

www.burmeseclassic.com



မမြကလေးသည် ကြောက်ရွံ့တုန်လှုပ်ခြင်း မရှိ။ နဂိုကပင် တရားပြည့်ဝသော မမြကလေးသည် ကြမ်းတမ်း ရိုင်းပျသော ပါးကွက်အာဏာသားကိုပင် ဆုံးမစကား သွန်သင်ပြောကြားခဲ့သေးသည်။ ပြီးတော့ မမြကလေးသည် မျက်လုံးအစုံကို မှိတ်လိုက်၏။ သည်အချိန်မှာ နေဝန်းနီနီသည် အနောက်ရိုးမ တောင်အကြားသို့ လုံးလုံးဝင်သွားခဲ့လေပြီ။

ရွှေမြို့တော်ဝန်လည်း မကြည့်ရက်နိုင်သဖြင့် မျက်နှာကို တစ်ဘက်သို့ လွှဲလိုက်သည်။ လွှဲလိုက်စေကာမူ ဝန်မင်း၏ မျက်စိထဲတွင်ကား မမြကလေး၏ နောက်ဆုံးဘဝ ဇာတ်သိမ်းမလှသည်ကိုမူ မြင်ယောင်လျက် ရှိနေသည်။[၁]

ပါးကွက်အာဏာသားများ ဆက်လက် ဆောင်ရွက်ဖွယ် ကိစ္စများ ဆောင်ရွက် ပြီးချိန်တွင် ဝန်းကျင်တစ်ခွင်လုံး အလင်းပျောက်၍ အမှောင်ကြီးစိုး သွားပြီ ဖြစ်၏။ အပြန်ခရီးတွင် လှည်းဝင်ရိုးမှ တအီအီမြည်သံသည် မမြကလေး ကွယ်လွန်ခြင်းအတွက် ငိုချင်းချနေသည့်နှယ်ပင်။

ရွှေမြို့တော်ဝန်သည် အိမ်တော်သို့ ပြန်ရောက်လာပြီ။ သူ့မျက်လုံး များသည် လက်ထဲတွင် ကိုင်ထားသော ပုရပိုက်လွှာဆီသို့ ရောက်လာ၏။ ပြီးတော့ အလင်းတိုင်ကို သူ့အနီးသို့ ရွှေ့ကာ ပုရပိုက်ကို ဖတ်လိုက်သည်။

'လောကခံရှစ်ပါး၊ ဘုရားပဟောရာ၊ ဖြစ်ပျက်မြဲမမွတာ၊
သေချာစွာမှတ်စွဲ၊ သတ္တဝါတို့မည်သည်၊ မတည်ကြည်ဖောက်ပြန်တတ်မြဲ
ငါမင်းလို့ပြုပြန်၊ ခံရသူအသစ်ပ၊
အဖြစ်ဖြစ်အပြန်ပြန်၊ လွဲသင့်ပေတန်၊ သင်္ခါရလမ်းမှန်ကို၊
ရွှေဉာဏ်တော်ရှုအုံးရှင့်လေး။'[၂]

ရွှေမြို့တော်ဝန်သည် မမြကလေးပါးလိုက်သည့် ပုရပိုက်လွှာမှ တေးထပ် ကို ဖတ်ပြီးနောက် ခေါင်းတဆတ်ဆတ်ညိတ်ရင်း ယခုလို ပြောနေသည်။

---

၁။ 'အနောက်နန်း မိဖုရား မမြကလေး၏ ဇာတာမှာ တူရာသီလဂ် ဖြစ်နေ၍ လည်းကောင်း ကတုမ္ဗအိမ်တွင် သောကြာစနေ ပူးနေ၍လည်းကောင်း ပြဿနာဖြစ်တတ်သော ဇာတာ ဖြစ်သည်။'ဟု ဆရာကြီး နန်းညွန့်ဆွေက **'ဂီတစာဆို မောင်ကျော်ခ**' ဆောင်းပါးတွင် ဖော်ပြထားသည်။

၂။ ဦးဘေမောင်တင်။ **မြန်မာစာပေသမိုင်း**။ စာ-၂၉၈ (အပိုဒ် ၁၈ ပိုဒ်မပြည့်၊ အလယ်က ၆ ပိုဒ် ကျနေသည်ဟု ဖော်ပြထားသည်။)



အမှန်စင်စစ် အနောက်နန်း မိဖုရားမမြကလေးသည် သူ့အချစ်ကြီး ချစ်ခဲ့ရသော မောင်တော် သာယာဝတီမင်း ကြေးပြာသာဒ်တွင် စံမြန်းနေရမှာ သည့် အဖြစ်ကို မသိပေ။ သည်တော့ ပုရပိုက်ကို သာယာဝတီမင်းလက်ထဲ ရောက်အောင် မည်သို့ ပို့ဆောင်ပေးမည်နည်း။ ယခုအချိန်တွင် အမရပူရ နေပြည်တော်၏ အုပ်ချုပ်ရေးကို ပိုင်စိုးနေသူများမှာ မိဖုရားခေါင်ကြီးနှင့် သားတော် ပုဂံမင်းသားတို့ပင် ဖြစ်သည် မဟုတ်ပါလား။

ထို့ကြောင့် ရွှေမြို့တော်ဝန်သည် မမြကလေး၏ တေးထပ်လွှာပုရပိုက်ကို မိဖုရားခေါင်ကြီးအား ဆက်သလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၄။ လှိုင်ထိပ်တင်အမိုက်ထလေးကို ဝိုက်တွေးတော်မူလှည့်ပါ။

မယ်တော်မမြကလေး ကွပ်မျက်ခံရလေရာ လှိုင်သည် လူ့လောက
သမုဒ်ကျယ်တွင် မျက်စိသူငယ်နှင့် ကျန်ရစ်ခဲ့ရှာသည်။ မယ်တော်၏ အပြေ
အဆို၊ မယ်တော်၏အပြုံး၊ မယ်တော်၏ နွေးထွေးသော ပြုစုယုယမှုများက
သတိရလေတိုင်း တမ်းတ ငိုကြွေးရလွန်းသဖြင့် အသံပင် မထွက်နိုင်တော့ပြ
နံနက်၊ ည၊ ဘုရား ဝတ်ပြုချိန်တိုင်း မယ်တော်နှင့်အတူ ဘုရားဝတ်ပြုခဲ့ပုံက
သတိရသည်။ စားတော် ခေါ်ချိန်တိုင်း ယုယစွာ ကျွေးမွေးတတ်သ
မယ်တော်ကို သတိရသည်။ နေ့ခင်း အားလပ်ချိန်များတွင် ကဗျာ၊ သီချင်းမျ
သီဆိုရသည်ကို တမ်းတမိသည်။ စက်ရာ ဝင်ချိန်တွင် မယ်တော့်ရင်ခွင်ထဲမှ
တိုးခွေပြီး အိပ်ခဲ့သည်များကို ဘယ်လိုမှ မေ့၍ မရ။ သည်တော့ ညစဉ်ညတိုင
ကောင်းစွာ အိပ်စက်ခြင်းမပြုနိုင်။ ညကြီးသန်းခေါင် ထငိုချင် ငိုနေမိသည
ပွဲတော်စာကိုလည်း မှန်မှန်မစားသုံးဘဲ ငိုလို့ချည်းနေသည်။

လှိုင့်အခြေအနေကို တစ်ပင်တိုင် မင်းသမီး စုဖုရားကြီး (စကြာဒေ
မင်းသမီး) ကြားလေလျှင် သနားလှသဖြင့် ခေါ်ယူကာ မွေးစားလိုက်သည
လောကကြောင်း၊ ဓမ္မကြောင်း ကျွမ်းကျင်သည့် စာတတ်ပေတတ် မိန်း
မြတ်ဖြစ်သော စကြာဒေဝီ မင်းသမီး၏ ထိန်းသိမ်း စောင့်ရှောက်မှု၊ သွန်သ
ဆုံးမမှုအောက်တွင် လှိုင် ကြီးပြင်းလာရသည်။ လှိုင်သည် ရွှေပင်နား
ရွှေကျေး ဖြစ်ရပြီ။



သာယာဝတီမင်း၏ မိဖုရားခေါင်ကြီးမှ မြင်သော စကြာဒေဝီမင်းသမီးသည် ဒုက္ခရောက်နေသူများ၏ အသက်တည်မြဲချမ်းသာအောင် ကယ်တင်နိုင်သူဖြစ်သည်။ လှိုင့်ကို ကယ်တင်ပြီးနောက် အစ်မတော်ပြည်ထိပ်ထား ခဲပေါင်မင်းသမီး၏ ဒုက္ခကို စကြာဒေဝီ ယခုလို ကြားရပြန်သည်။

'ပြည်မင်းသားနှင့် သားတော်လေးပါး ကွပ်မျက်ခံရသည်။ အငယ်ဆုံးသားတော်လေး ထိပ်တင်တုတ်နှင့် သူ့အထိန်းတော် မငြိမ်းသာတို့ လွတ်ရာလွတ်ကြောင်း ထွက်ပြေး တိမ်းရှောင်သွားကြသည်။ ယခု ဘယ်ဝယ်ဘယ်ဆီရောက်နေမှန်းမသိ။ ပြည်ထိပ်ထားမှာ ပဋာမြေလူး အရူးတစ်ပိုင်း သောကတွေဝိုင်းနေသတဲ့'

သည်လို အတိဒုက္ခ ရောက်နေရှာသည့် အစ်မတော် ပြည်ထိပ်ထားကိုလည်း လျစ်လျူမရှုရက်နိုင်ပြီ။ သို့နှင့် စကြာဒေဝီသည် အစ်မတော်နှင့် သူ့သမီးတော်လေးတို့ကို သူ့အဆောင်တော်သို့ ခေါ်ယူကာ စောင့်ရှောက်ထားပြန်သည်။

သက်ဦးဆံပိုင်စနစ်၏ ထိုးနက်ချက်ကား ပြင်းထန်လှ၏။ သည်ဒဏ်ရာဒဏ်ချက်များကို ခံစားနေရရှာသည် မြတောင်မင်းသမီး၏ သမီးတော်ကြီးမင်းမြတ်စိုး (၂၃ နှစ်)၊ သမီးတော်ငယ် မင်းမြတ်လှ(၂၀ နှစ်)၊ နန်းမတော်မယ်နု၏ သမီးတော် မယ်စု(၁၉ နှစ်၊ နောင်ဆင်ဖြူမရှင် မိဖုရားကြီးဖြစ်လာသူ)၊ အနောက်နန်းမိဖုရား မမြကလေး၏ သမီးတော် လှိုင်ထိပ်ခေါင်တင်(၁၃ နှစ်)၊ စကြာမင်း၏သမီးတော် ကန္တီထိပ်ခေါင်တင်(၁၂ နှစ်)၊ ပခန်းမင်းသား၏ မြောက်သားတော် ခင်အုံးပွင့်၊ ပခန်းမင်းသား၏ သမီးတော်များဖြစ်သော မြင်းခုံတိုင် မင်းသမီးနှင့် ကောင်းတုန် မင်းသမီး၊ ပြည်ထိပ်ထား ခဲပေါင်မင်းသမီးနှင့် သူ၏ သမီးတော် လေးပြည် ထိပ်ခေါင်တင်(၇ နှစ်) စသူတို့သည် စကြာဒေဝီမင်းသမီး၏ အေးမြသော ဘုန်းရိပ်ကို ခိုလှုံနေကြရသည်။

ထို့ပြင် စကြာဒေဝီ၏ အကာအကွယ်ပေးမှုကြောင့် အသက်ချမ်းသာရသူတို့စာရင်းတွင် ယောအတွင်းဝန်ဖြစ်လာမည့် မောင်ဘိုးလှိုင်နှင့် မြဝတီဝန်ကြီး ဦးစတို့ နှစ်ဦးလည်း ပါသေးသည်။

ဦးစကို ကယ်တင်ရပုံမှာ ဤသို့ ဖြစ်၏။

သာယာဝတီ မင်းသားသည် ရွှေဘိုသို့ ထွက်၍ နောင်တော်ကို

www.burmeseclassic.com

www.burmeseclassic.com



တော်လှန်ကာ ရောဝတီမြစ် အနောက်ဘက်ကမ်း စစ်ကိုင်းမြို့အထိ သိမ်းပိုက်ထားသည်။ ထိုစဉ်က ဦးစသည် လွှတ်တော်ဝန်ကြီး ဖြစ်၏။ လွှတ်တော်မှ စစ်ရေးနှင့် ပတ်သက်၍ အမိန့်ထုတ်ပြန်သမျှ ဦးစနှင့် မကင်းပေ။ အမိန့်တစ်ခုတွင် 'သာယာဝတီစားငယ် ခေင်'ဟု နာမည်ကို ရင့်သီးစွာ ထုတ်ပြန်ခဲ့၏။ အခြားဝန်ကြီးများက တာဝန်ရှိစေကာမူ ဦးစကို ပို၍ အမျက်တော်ရှလေသည်။ သို့နှင့် သာယာဝတီမင်းသား ထီးနန်းရသည့်အခါ ဦးစအပါအဝင် အပေါင်းပါ ၁၂ ဦးကို ထောင်သွင်း အကျဉ်းချထားလိုက်သည်။ နှစ်နှစ်ခန့်အကြာ သဲအင်းဆရာတော်ကြီး ပျံလွန်တော်မူရာ မိဖုရားခေါင်ကြီး ကြွရောက်ပူဇော်မည် ဖြစ်၏။ မိဖုရားခေါင်ကြီးထွက်တော်မူမည့် လမ်းတစ်လျှောက်ကို အကျဉ်းသားများက ပြုပြင်ကြရသည်။

သာယာဝတီမင်း၏ မိဖုရားခေါင်ကြီးနှင့် သမီးတော် စုဖုရားကြီး (စကြာဒေဝီ)တို့ ထွက်တော်မူလာရာ အကျဉ်းသားများ လမ်းဖို့နေသော နေရာသို့ ရောက်လာသည်။ ဤတွင် စကြာဒေဝီမင်းသမီးသည် ဝေါတော်ကို ရပ်တန့်စေပြီး ယခုလို မိန့်တော်မူသည်။

"ဟိုဘက်နားမှာ လမ်းဖို့နေတာ စစ မဟုတ်လား၊ ခေါ်ခဲ့စမ်းပါ။ အမြန် ခေါ်ခဲ့စမ်းပါ"

အပါးတော်မြဲတို့လည်း ဦးစကို သွားရောက် ခေါ်ဆောင်ခဲ့ကြသည်။ ဦးစသည် ဘုရင့်သမီးတော် စကြာဒေဝီ ရှေ့မှောက်သို့ ရောက်လျှင် မြေပြင်တွင် ပြားပြားဝပ်၍ ခစားနေ၏။ စကြာဒေဝီသည် ဖုန်အလိမ်းလိမ်းဖြင့် ပေရေနေသော ဦးစအဖြစ်ကို မြင်ရသည်တွင် များစွာ စိတ်မကောင်း ဖြစ်သွား၏။ သို့နှင့် အမေးတော် ရှိလိုက်သည်။

"စစ...အကျဉ်းထောင်ထဲမှာ ဘယ်လိုဘယ်ပုံ နေရသလဲ"

"မှန်လှပါ ထိပ်ထားလေးဘုရား...ကျွန်တော်မျိုးကြီးမှာ ငယ်စဉ်ကပင် အမေဆင်မြန်းပေးတဲ့ ခြေကျင်းအစား၊ ယခုအခါ ဘဝရှင်မင်းတရား ဆင်မြန်းစေသော သံခြေကျင်းကို ဝတ်ဆင်နေရပါတယ်။ ထောင်တွင် ရာဇဝတ်ပြစ်ဒဏ် ကျခံနေရသည်မှာ နှစ်နှစ်ကျော်ပါပြီ။ နေ့ညနာရီမလပ် ပါးကွက်အာဏာသားများလက် ကျရောက်ရမည့်အရေး တွေးပြီး စိုးတထိတ်ထိတ်နှင့် နေရပါတယ်။ အသက်အရွယ် အိုမင်းလှပြီမို့ ထောင်တွင်း



အကျဉ်းခံနေရသည်မှာ ပင်ပန်းဆင်းရဲလှပါတယ် ဘုရား"

ဦးစအတွက် လှိုက်လှဲဝမ်းနည်းသွားသော စကြာဒေဝီသည် ထိရောက်သော အကူအညီပေးရန် အကြံဖြစ်ပြီး ယခုလို ကတိပေး မှာကြားခဲ့သည်။

"ဒီလိုလုပ်ပါ စစ...တန်ဆောင်တိုင်ပွဲတော်မှာ ရုပ်စုံဆရာ ငရွှေသာ အသုံးတော်ခံလိမ့်မယ်။ ဒီပွဲတော်ကို ခမည်းတော် ထွက်ပြီး ရှုစားတော်မူလိမ့်မယ်။ ဒီတော့ စစက ဘုန်းတော်ဘွဲ့ တစ်ပုဒ်ရေးပြီး ငရွှေသာကို ပေးအပ်လိုက်ပါ။ သူ တင်ဆက်ပါစေ။ စုစုကလည်း စစအတွက် ခမည်းတော်ထံ ကူညီလျှောက်ထားပါမယ်"

သမီးတော် စကြာဒေဝီ အကြံပေးသည့်အတိုင်း 'ကုန်းဘောင်နေမင်း' သီချင်းကို ရေးစပ်ပြီး မင်းသားကိုင် ဦးရွှေသာလက်ထဲ အပ်လိုက်သည်။ အနောက်စမုတ်တော် ရုပ်သေးပွဲတွင် သာယာဝတီမင်းနှင့် မိဖုရား၊ သားတော် သမီးတော်များ အစုံအညီ ထွက်၍ ရှုစားကြသည်။ ဤတွင် ဦးရွှေသာသည် ဦးစ၏ 'ကုန်းဘောင်နေမင်း'သီချင်းကို ဆွတ်ပျံ့ဖွယ် သီဆို တင်ဆက်သည်။

'ကုန်းဘောင်နေမင်း၊ ဘုန်းရောင်ဖြာဝင်း
သောင်းဒီပါ ထိန်ထိန်လင်း၊
သိင်္ဂါလျှံလန်း အိန္ဒာစံခန်း
ဝေယံလေတူနှန်းနှန်း
များထုဝေနေ၊ ချမ်းသာစေ
ဖန်တော်ဆောင်းသည့်၊ ကုန်းဘောင်ဘုရား
သောင်းထိုက်ကယ်ညာ တစ်ပြည်လုံး
ဘုန်းနေခြည် ဆောင်ရောင်ပွင့်တယ်လေ
ရာမင်းမင့်ဖျား
အို...ကွယ်မှန်းရည်လို့စေ
ပြည်လုံး သွန်းလောင်းညောင်ရေ'[၁]

ကောင်းမွန်ထူးခြားလှသဖြင့် သာယာဝတီမင်းက "မည်သူရေးသနည်း" ဟု မေးတော်မူသည်။ ဤတွင် အခွင့်သာချိန်ကို အသင့်စောင့်စားနေသော

၁။ ဦးညိုမြ။ ကုန်းဘောင်ရှာပုံတော်။ စာ-၃၀၈

www.burmeseclassic.com

www.burmeseclassic.com



သမီးတော် စကြာဒေဝီ မင်းသမီးက...

"ဝန်ကြီးဟောင်း စစ ရေးသားဆက်သွင်းတဲ့ ဘုန်းတော်ဘွဲ့ပါဘုရား၊ အကျဉ်းကျနေသည်မှာ နှစ်နှစ်ကျော်ပြီမို့ ဒုက္ခရောက်လှပါပြီ။ ပညာရှိဖြစ်၍ မြောဖို့ ကောင်းလှပါတယ်။ သစ္စာတော်မြဲ၍ ချမ်းသာပေးသင့်ကြောင်းပါ ဘုရား"

သာယာဝတီမင်းသည် ပညာရှိကို ချစ်မြတ်နိုးသည်။ အချစ်ဆုံး သမီးတော်က ဦးစနှင့် ပတ်သက်၍ တောင်းပန်သည်။ ထိုကြောင့် ဦးစအား အကျဉ်းမှ လွှတ်ရန် အမိန့်တော် ချမှတ်သည်။ ညတွင်းချင်းပင် မြဝတီဝန်ကြီး ဦးစ အကျဉ်းမှ လွတ်လေသည်။ ဤသို့ပင် စကြာဒေဝီ မင်းသမီးသည် ဦးစ၏ အသက်ကို ကယ်တင်ခဲ့သည်။ သို့သော် ဦးစနှင့် မောင်ဘိုးလှိုင်တို့ကား နန်းတွင်း၌ နေခွင့်ရသူများ မဟုတ်ပေ။

သာယာဝတီမင်းသည် မမြကလေးကို ကွပ်မျက်ပြီး တစ်နှစ်အကြာတွင် နတ်ရွာစံသည်။ ထီးနန်းအရိုက်အရာကို သားတော်ပုဂံမင်းသားက ဆက်ခံသည်။ သူသည် မိဖုရားခေါင်ကြီးမှ ဖွားမြင်သောကြောင့် ဂုဏ်အဆင့်အတန်းအားဖြင့် မြင့်မားသည်။ သို့သော် ပုဂံမင်းသည် တိုင်းရေးပြည်မှုများကို မင်းညီမင်းသား မှူးမတ်များနှင့် လွှဲထားပြီး အပျော်အပါးကိုသာ လိုက်စား၏။ တိရစ္ဆာန်အချင်းချင်း တိုက်ပွဲ၊ လူအချင်းချင်း လက်ဝှေ့၊ လက်ဖွေ့ထိုးသတ်မှုသည်တို့တွင်သာ စိတ်ဝင်စားသည်။

အပျော်အပါး ဝါသနာထုံပုံမှာ လွန်ကဲလှသည်။ အတာနှစ်သစ်ကူးရေဖြန်းသဘင်ကို နှစ်စဉ် ရက်ပေါင်းလေးဆယ်၊ လေးဆယ့်ငါးရက် ဆက်၍ ရေကစားတော်မူလေ့ ရှိသည်။ ဆယ့်နှစ်ရာသီပွဲများလည်း မလစ်လပ်စေရ ဆင်နွှဲတော်မူသည်။ နံနက် မျက်နှာသစ်တော်ရေ ကျပြီးသည်နှင့် သည်နေ့ တိရစ္ဆာန်တိုက်ပွဲ၊ လက်ဝှေ့ပွဲများ မည်သည့်ပွဲ အဆင်သင့် ရှိသလဲဟု မေးလေ့ရှိသည်။ လူ၊ ဆင်ကစ၍ ဆိတ်၊ သိုး၊ ကြက်၊ ငှက်၊ လိပ်တိုင်အောင် တွဲဖက်ထားပြီး အစုံပေါင်း မည်ရွေ့မည်မျှ ရှိကြောင်း ဆိုင်ရာအရှိရာတို့က တင်လျှောက်ရသည်။

တစ်ချိန်တွင် အိမ်နှင့်လှောင်ထားသော တိုက်ချိုးငှက်များ လှောင်အိမ်မှ လွတ်ထွက်သွားသည်။ သည့်အတွက် ချိုးစောင့်သူ အမှုထမ်းခများ အရိုက်ခံရသည်။ အချို့အမှုထမ်းများ ရိုက်ခံရရင်း သေဆုံးသွားသည်ပင် ရှိသည်။ ချိုးလှောင်အိမ် လုပ်သူလည်း တုံးဖိနေလှန်းခံရသည်ဟု ဆိုသည်။



နေ့စဉ် သူ ဝါသနာပါရာ တိရစ္ဆာန်တိုက်ပွဲများအကြောင်း မေးမြန်းပြီးမှ အရေးကြီးသော နိုင်ငံမှုများ ယနေ့ ရှိသလား၊ ညီလာခံထွက်လာရန် လိုသေးသလားဟု မေးမြန်းတော်မူသည်။ သည်ကိစ္စနှင့် ပတ်သက်၍ မင်းသား ဦးကျောက်လုံးနှင့် အတွင်းဝန်၊ ကျီဝန် ဦးပွားတို့ကသာ တင်လျှောက်ရသည်။ အကြောင်းကား ဘုရင့်အပါးတော်သို့ တိုက်ရိုက်ဝင်ထွက် မျက်နှာသစ်တော်ရေ မီအောင် ထိုနှစ်ဦးသာ ဝင်ရသောကြောင့် ဖြစ်သည်။ အခြားအရာရှိကြီးများ ပါဝင်ခွင့် မရပေ။ စစ်ရေး နိုင်ငံရေးမှတစ်ပါး အခြားသော ပြည်တွင်းရေး ကိစ္စများကို များသောအားဖြင့် ဦးကျောက်လုံးနှင့် ဦးပွားတို့ ခြယ်လှယ်သဖြင့် အခြားအရာရှိ ကြီးငယ်များ လိုက်နာကြရသည်။

ပုဂံမင်းသည် တစ်ခါတစ်ရံမှသာ ညီလာခံထွက်တော်မူသည်။ နောက်ပိုင်းတွင် ဦးပွား၏ အိမ်မှာပင် ညီလာခံကျင်းပတော့သည်။ ဦးပွားအိမ်သို့ ညီလာခံမဝင်သော လွှတ်အရာရှိများမှာ အနှိပ်စက်ခံရသည်။ ပမာပြရလျှင် တောင်သမန်အင်းတွင် ရေခန်းခြောက်၍ ငါးများပေါ်နေသည်ကို လူများအား ဖမ်းခွင့်မပေးဘဲ ဘေးမဲ့ ပေးထားသည်။ ဝန်ထောက်တစ်ယောက်နှင့် နာခံတော်တစ်ယောက်သည် ထိုဘေးမဲ့ ပေးထားသော ငါးများကို ဖမ်းသည်ဟု ဦးပွားက တင်လျှောက်သည့်အတွက် ထိုဝန်ထောက်နှင့် နာခံတို့ခမျာ ရာထူးမှ အနုတ်ခံရရုံမက ထောင်ကျခံကြရသေးသည်။ စင်စစ် ထိုနှစ်ယောက်မှာ ဦးပွားထံ အခစားမဝင်သောကြောင့်ပင် ဖြစ်သည်။ ထိုနေ့က ရှင်ဘုရင် ညီလာခံထွက်တော် မမူသဖြင့် သက်သာရာရအောင် ဝန်ကြီးများက လျှောက်ထားခွင့် မရလိုက်ကြပေ။ ဦးကျောက်လုံးနှင့် ဦးပွားတို့ အမိန့်တော်ပြန်သမျှကိုသာ ခံကြရသည်။ ဤသို့လျှင် ဦးပွားထံ မကိုင်းညွတ်သော လွှတ်တော် အရာရှိများ ပျက်စီးကြရသည်။[၁]

ပုဂံမင်း၏ အိမ်တော်ပါကျွန်ဖြစ်သူ ဘိုင်ဆတ်သည် လက်ရင်းဝန်ပညီ ဖြစ်လာသည်။ သူသည် တိရစ္ဆာန်တိုက်ပွဲများတွင် ဘုရင်နိုင်ရာနိုင်ကြောင်း

---

၁။ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း၊ တတိယပိုင်း၊ စာ ၇၃-၇၅

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ပေးနိုင်သဖြင့် သူ့သြဇာ ကြီးမားလာသည်။ ဘုရင်က သူ့ကို အမရပူရ မြို့ဝန် ခန့်သည်။ ဘိုင်ဆတ်သည် သူ့တပည့်များကို ရာထူးတွေပေးပြီး ချီးမြှောက်သည်။ ဦးပိန်က မြို့စာရေး၊[၁] ရွှေဘော်က တံခါးနီမှူး၊ ငမွဲက ဈေးခေါင်း၊ ငရှင်ကလေးက ထန်းခေါင်း စသည်ဖြင့် ရာထူးရကြသည်။ ဘိုင်ဆတ်သည် မြို့စာရေး ဦးပိန်နှင့် ပူးပေါင်းပြီး မြို့အုပ်ချုပ်ရေးကို ကပြောင်းကပြန် လုပ်သည်။ သားမျှို သမီးပျိုများကို ဖျက်ဆီး သည်အထိ သူတို့ ကျူးလွန်လာကြသည်။ ပြည်သူများကို အမျိုးမျိုး နှိပ်စက်သဖြင့် ပြည်သူလူထု အများစုမှာ များစွာ အတိဒုက္ခ ရောက်ကြသည်။ ဤတွင် ပုဂံမင်းကို နန်းတင်ပေးခဲ့သော ဝန်ကြီးဦးကြာဥသည် ပုဂံမင်းအပေါ်မှာ နာကြည်းလာလေတော့သည်။

ပုဂံမင်း နန်းတက်ပြီး မကြာခင်မှာပင် ပြည်မင်းသား၏ သားတော်ကလေး ထိတ်တင်တုတ်နှင့် အထိန်းတော်ကြီး မငြိမ်းသာတို့ကို ဘိုင်ဆတ်၏ လက်ပါးစေများက ဖမ်းမိလာကြသည်။ သည်သတင်းကို စကြာဒေဝီ၏ အဆောင်တော်တွင် ခိုလှုံနေကြသည့် ဆွေတော်မျိုးတော်များ ကြားသိရသည်။ ထိပ်တင်တုတ်၏ မယ်တော် ပြည်ထိပ်ထားသည် သားတော်ကလေးအတွက် ရတက်မအေး ဖြစ်ရသည်။ စိုးရိမ်ပူပန်လွန်းသဖြင့် မူးမေ့မတတ်ပင် ဖြစ်သွားသည်။ သည်တစ်ကြိမ်တွင်လည်း သူတစ်ပါး အသက်သွေးခဲကို တည်မြဲအောင် ဆောင်ရွက် ပေးနိုင်သူ စကြာဒေဝီသည် ထိပ်တင်တုတ် အသက်ချမ်းသာရေး အတွက် ကြံရဖန်ရပြန်သည်။ သူသည် အစ်ကိုရင်း ပုဂံမင်း၏ တောင်ညာစံ မိဖုရားခေါင်ကြီး မင်းရွှေကြုတ်(စကြာဒေဝီ၏ ယောင်းမတော်)ထံ အခစား ဝင်ပြီး ယခုလို လျှောက်ထားတောင်းပန်သည်။

"အစ်မတော်ဘုရား၊ နက်ဖြန်နံနက် ညီလာခံချိန်မှာ မြို့ဝန်ဘိုင်ဆတ်က ထိပ်တင်တုတ်ကလေးကို လာရောက်အပ်နှံပါမယ်။ အစ်မတော် အချိန်မီ ထိပ်တင်ပေးတော်မူပါ ဘုရား"

"ကောင်းလှပါပြီ ညီမတော်။ စိတ်ချမ်းအေးချမ်းသာနေပါ။ အစ်မတော် ထိတိုင် ညီလာခံတက်ပြီး ဒီကိစ္စ ဆောင်ရွက်ပေးမယ်"

မိဖုရားခေါင်ကြီးက ဤသို့ ကတိပြုလိုက်သည်။ နောက်တစ်နေ့ ညီလာခံတွင် မြို့ဝန်ဘိုင်ဆတ်သည် ထိပ်တင်တုတ်ကလေးကို သွင်းလာပြီး ...နာလိုမျက်နှာရ တင်လျှောက်လိုက်သည်။

"ရန်သူတော် ထိပ်တင်တုတ်ကို မိလာပါပြီ။ ရှုစားတော်မူပါ ဘုရား"

သည်မှာပင် မိဖုရားခေါင်ကြီးက ခပ်ပြတ်ပြတ် မိန့်တော်မူလိုက်၏။

"အလို...ဒီကလေးက ငါတို့ရဲ့ တူတော်ကလေးပါလား။ ဘယ်မှာ သူပုန်ဟုတ်လို့လဲ"

ဘိုင်ဆတ်က အလျှော့မပေး။ မိဖုရားခေါင်ကြီး မိန့်တော်မူသည်ကို သိအမှတ်မပြုဘဲ ထပ်မံ လျှောက်တင်သည်။

"ရွှေနားဆင်တော်မူပါ ဘုရား၊ ကျူးပြင်ခုတ် ကျူငုတ်မကျန်စေရတဲ့။ ...လေးကို ဆင်အောင်းတဲ့လမ်းမှာ ချထားလိုက်ရုံနဲ့ ကိစ္စပြီးပြေသွားမှာပါ ...ရား"

ဘိုင်ဆတ်က မည်မျှပင် လျှောက်တင်သော်လည်း မိဖုရားခေါင်ကြီး၏ ...ဘာထားကို ပုဂံမင်းက နားလည်လိုက်သဖြင့် ယခုလို အမိန့်ချမှတ် ...တ်သည်။

"အိမ်း...ဒီကလေး ချမ်းသာပါစေကွယ်။ သူ့ကို ကောင်းကောင်းမွန်မွန် ...င်ရောက်ထ...လိုက်ပါ"

ထိပ်တင်တုတ်ကလေးမှာ သေကံမရောက်၍ သက်မပျောက်ပေ။ ...င်ဆတ်၏ စက်ကွင်းမှ လွတ်ကင်းကာ မယ်တော် ပြည်ထိပ်ထား နေထိုင်ရာ ...ကြာဒေဝီ၏ အဆောင်တော်သို့ ရောက်ရှိလာသည်။ ပြည်ထိပ်ထားသည် ...သမပျောက် ပြန်တွေ့ရသည့် သားတော်ကလေးကို သူ့ရင်ခွင်ထဲတွင် ...င်းကြပ်စွာ ဖက်ထားရင်း မျက်ရည်မစဲနိုင်အောင် ဖြစ်ရသည်။ သည် ...ာ်ရည်ကား ချစ်သော သားထွေးလေးကို ပြန်တွေ့ရသဖြင့် ဝမ်းသာ၍ ...ရသော မျက်ရည်သာတည်း။

---

၁။ ဦးပိန်သည် တောင်သမန်ရွာသား ဖြစ်၏။ တောင်သမန်အင်းကို ဖြတ်ကူးသော ဦးပိန်တံတားကြီးကို ဆောက်လုပ်ခဲ့သူ ဖြစ်သည်။ စစ်ကိုင်းမြို့ဟောင်းနှင့် အင်းဝ မြို့ဟောင်းများတွင် ရှိသော နန်းတော်ဟောင်းများမှ သစ်သားများကို ဖျက်ယူလာပြီး တည်ဆောက်ထားခြင်းဖြစ်သည်။ သံမှို၊ သံစ၊ လုံးဝမပါဘဲ သစ်သားများကိုသာ အသုံးပြုထားသည်။ မြန်မာဗိသုကာပညာရှင်များနှင့် ယင်း အရပ်ဝန်းကျင်ရှိ ကျေးရွာ လူထုလုပ်အားဖြင့် တည်ဆောက်ထားခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိပ်တင်တုတ်ကလေး ရောက်လာသည့်အခါ လှိုင့်အဖို့ မောင်လေ
တစ်ယောက် တိုးလာခြင်းပင်။ ငါးနှစ်သားအရွယ် ထိပ်တင်တုတ်ကလေးသ
တီတီတာတာ ပြောတတ်၏။ အစ်မတော်များကို ချွဲနွဲ့တတ်၏။ သ
မောင်လေးကို ထိန်းကျောင်း ယုယပိုက်ထွေးနေရသည့် အခါများတွင် လှိုင်သ
မိမိဘဝ ဒုက္ခသည်ပါလား ဆိုသည်ကိုပင် မေ့ပျောက်မတတ် စိတ်ရွှင်လ
နေသည်။ ယခုလို မင်းမြတ်စိုး၊ မင်းမြတ်လှတို့ကဲ့သို့ ဘဝတူ မွေး
အစ်မတော်များ၊ ကန္နီထိပ်ခေါင်တင်၊ ပြည်ထိပ် ခေါင်တင်တို့လို မွေး
ညီမတော်များ၊ မောင်လေး ထိပ်တင်တုတ်တို့နှင့်အတူ စကြာဒေဝီ
စောင့်ရှောက်မှုအောက်တွင် နေလာရသည့်အခါ အထီးကျန် မဖြစ်တော့

သို့သော် မယ်တော်မမြကလေးနှင့် ဘွားတော်တို့ကို မေ့ပျောက်
ရနိုင်ပါရိုးလား။ သတိရ လွမ်းဆွတ်လေတိုင်း မျက်ရည်ဝိုင်းရသည်
အကြိမ်ကြိမ်။ အထူးသဖြင့် ညည စက်ရာဝင်ချိန်တွင် တန့်မဆည်နိုင်အော
မျက်ရည်ဖြိုင်ဖြိုင် ကျရသည်။

အသည်းနှနကလေးတွင် ခံစားရသည့် ဝေဒနာကို သိဝှက်သိမ်းဆည်
ခြင်းမှာ မစွမ်းသာသော လှိုင်သည် သူ၏ ဇာတ်ကြောင်းပြန် ကဗျာကလေး
ယခုလို ဖွဲ့နွဲ့ စပ်ဆို မိတော့သည်။

၁။ ရောဝတီ၊ လက်ျာထွန်းတဲ့၊ ကျွန်းမဟီဝယ်
ခွန်းသီချိုမြ၊ ရွှေဟသာ်ငယ်၊ ကြင်ရာတလို့
နွတ္တသညာ၊ သာပေါင်းရယ်ကြို့ပါတဲ့၊ မြို့ဟသာ်မှာ
ကြေညာပေါ်ထင်၊ အစီရင်ရယ်လို့၊ မည်တွင်တစ်လီ
မင်းပျံချီနှင့် စုံညီနှစ်ပါး၊
မယ်အိကဖွားပါတဲ့၊ တစ်ပါးသက်လယ်
လုပအသွေး၊ မမြကလေးပါတဲ့၊ ကျွန့်မွေးမယ်။

၂။ အရွယ်တော်ရောက်၊ တစ်ဆယ့်ခြောက်တွင်
ရွှေမှောက်ဘုန်းမော်၊ ခမည်းတော်လည်း
ထိုရော်ကာလ၊ ခါသမယက၊
ရာဇကုမာ၊ ဥပရာသို့
လူ့ရှာထင်ရှား၊ ကုန်းဘောင်ဆိုတဲ့၊ ထိုမင်းသားက



ဆပွားကြည်ဖြူ၊ ကောက်ယူတော်မူလို့မို့
အတူနှစ်ဖော်၊ စံစားကာပျော်ကြ
ရွက်တော်တွက်စစ်၊ နှစ်ဆယ့်ရှစ်ဝယ်
ငယ်ချစ်သခင်၊ သူ့ထိပ်တင်လည်း
ဘုရင်ဧကရာဇ်၊ နိုင်ငံ့ရှင်ဖြစ်ပါလို့
သွင်းလှစ်ကယ်ဘိသေ၊ နောက်နန်းမတော်မိဖုရားရယ်လို့ရှင်
ထင်ရှားပေ။

၃။ ပရမေဥက္ကဋ္ဌ၊ လူ့ထိပ်တင်ငယ်
ဘုရင်မြတ်က၊ ထင်မှတ်အသက်
ကြီးငယ်တစ်ပါး၊ မိဖုရားတို့အများထက်ပင်
စုံမက်တော်မူ၊ လွန်ကြည်ဖြူတာကြောင့်
ဖန်သူနန်းသားမိဖုရားတို့၊ မုန်းထားမလီ
ရန်သို့ဆိုလို့၊ သင်္ကိုမကြာ
အရှင်းလွှင့်အောင်၊ နန်းခွင့်ကိုရှာကြ
ဘယ်မှာမရ၊ သမ္မာရှိန်ငယ်၊ ထိန်ထိန်ပလို့
နန်းမဘုံလယ်၊ ပေါ်ထင်မမှေး၊
ပျော်ရွှင်ရေးကိုလရှင့်၊ မြင်သေးတယ်။

၄။ သုံးဆယ်နှင့်ခြောက်၊ အရွယ်တော်ရောက်ခါမှ
မှောက်လေတဲ့ကံ၊ ဘယ်လိုစီမံလေဘိ
ဘုန်းလျှံသခင်၊ ရွှေနန်းရှင်လည်း
ကိုယ်တွင်ဗျာဓိ၊ ရောဂါဖိလို့မို့
မချိလေရာ၊ သည်အခါမှ
ညီညာပေါင်းစု၊ မကောင်းရယ်ပြုလို့
အမှုဆင်ကာ၊ ပြည်မင်းဘက်တွင်
ရောယှက်ပါတယ်လို့၊ မညာရက်စက်
အကြံငယ်ဆိုး၊ ရန်ငြိုးနှင့်ဖျက်တာကြောင့်
အသက်ကယ်ခန္ဓာ၊ ဘွားတော်ပါကြုံး
နှစ်ယောက်လုံးမှာဖြင့် ဆုံးရရှာ။

www.burmeseclassic.com

www.burmeseclassic.com



၅။ အမယ်မင်း၊ ချာချာခွေမူး
နန်းကြမ်းပြင်မှာ၊ တင်တင်လူးလို့၊ ရူးရတော့မယ်။
လိုက်ကာဖိုဆွေး၊ ရှိုက်ကာငိုကြွေးပါတဲ့ ကလေးငယ်ကို
မွေးမယ် မြင်လို့ပါ။
အမိုက်ကလေးမှာဖြင့်၊ ပိုက်ထွေးသူမဲ့ခဲ့ပေါ့
ပြန်ခဲ့ပါဦး၊ မယ်ဘုရားရေ၊
နင်တို့လူမျိုး၊ အင်မတန်ဆိုးတယ်လို့
အငြိုးနှင့် မုန်းရော့သလား၊
မုန်းဆိုလည်း မုန်းထိုက်ပါရဲ့ မယ်ဘုရားရဲ့၊
တရားမှရှိကြတာ မဟုတ်ဘဲကလား၊
ယုတ်လည်းယုတ်မာ မဟုတ်ထာကို
လုပ်ကာကြံရက်၊ ဉာဏ်ဆိုးတွေဖက်တာက
အသက်တောင် ဆုံးပါပေါ့လား၊
မုန်းဖို့စရာ၊ မုန်းထိုက်ပါလို့
မုန်းရှာသော်လည်း၊ သည်က ကောင်ကိုဖြင့်
မယ်ဘုရားရေ...
ကြဉ်ရှောင်လို့လွဲခဲ့ပ၊ အသည်းနာဖွယ်
အို...တစ်ဆွေလုံးကိုဖြင့် မုန်းသင့်တယ်။
၆။ ဩော်...မယ်မယ်နှင့်သာ၊ ဘယ်မကွာဘဲ
ရဲဘာနာဆန်းထွေ၊ နန်းရဝေတွင်
သန်းရွှေရုံခ၊ စံပယ်တော်မူကြတုန်းက
ဘဝတွင်နော်၊ ဘယ့်လောက်များပျော်တယ်လို့
မယ်တော်ပိုက်ပွေ့၊ ရွှေရင်ငွေ့နှင့်
ဘယ်ခါမလစ်၊ သမီးကလေးတစ်ယောက်ထဲမို့
အားခဲလို့ ချစ်ရှာထင့်၊
အပြစ်ကယ်မဆို၊ နွဲ့ချင်တိုင်းနွဲ့၊
မဲ့ချင်တိုင်းမဲ့ပါလို့၊ ဆူတဲ့အောင်ငိုစေတော့
နှုတ်ချိုသာယာ၊ ချော့မြှူကာနှင့်၊ လိုရာကြည့်ရှု



မျက်ချိုငယ်သွေး၊ အရေးတော်ပြုခဲ့ကြတယ်၊
ယခုမှာမူ၊ ဘယ်လိုဆူလော့၊
ဘယ်သူကမှ၊ အရေးပြုလို့၊ မရှုကြပြီဘု၊
ယုယသူငယ်၊ သည်ကလေးမှာဖြင့်၊ ဝေးတော့တယ်။
၇။ သွယ်သွယ်ဝဝ၊ ကစားစရာ
ထားလိုက်ရှာတာက၊
ကြည့်စမ်းပါအုံး၊ များလှပါတယ်၊
သည်ကတော့ ရွှေလင်ဗန်း၊
သည်တစ်ခန်းကတော့ ရွှေအိုးပုတ်
ရွှေရုပ်ကလေးတွေက အသွယ်သွယ်
ဇယ်ခပ်စရာတွေက ကျောက်သံပတ္တမြား
ဩော်...ဟိုအခါကတော့၊ ဟိုအရာတွေနှင့် ကစားရတာ
ပျော်ပါးလို့မဆုံး၊ ယခုတော့ ကြည့်စမ်းပါလား
မယ်တော်ကင်းဝေး၊ သမ္ဘာမေ့ပြီမို့
ဒါကလေးတွေက၊ မုန်းကြရော့ထင့်
နှလုံးမရွှင်၊ သူတို့ကိုမြင်ရတာ
အရင်လိုမဟုတ်၊ ပျော်ဖို့ရာထားပါအုံး
စိတ်များတောင်ရှုတ်သေးတယ်၊
သည်အိုးပုတ်က မကြည်လေ
သည်ရွှေရုပ်က မရွှင်လန်း
သည်လင်ဗန်းက မကြည်သာ
သည်ရတနာတွေက မနှစ်သက်
ကံဆိုးရယ်နှောင်တဲ့၊ တစ်ကောင်ကြွက်မို့
အဖက်မထင်၊ အလေးတစ်ခု
အရေးငယ်ပြု၊ မရှုချင်တယ်လို့
စိတ်ထင်မှတ်ကာ၊ သူတို့မုန်းလည်း
မုန်းရတာပေါ့၊ မုန်းပါပေါ့လေ၊
မြူချိုမရ၊ အပူကိုဆွတာနှင့် တူလှပေ။

www.burmeseclassic.com

www.burmeseclassic.com



၈။ အမယ်မင်း...ဖြေဆည်မရ
နောင်ခါအရေး၊ မျှော်လို့ငယ်တွေး
ဆွေးလှပါပေ့။
ည-ညမှာဝယ်၊ ဘယ်သူ့ပင်ဖက်ပါလို့ စက်ရမယ်။
ခက်လှတယ် သည်ကလေးမှာဖြင့်
သည်အရေး သည်တွက်တာလေ့
ရွှေနန်းမြင့် ကနက်ဘွေမှာ
ကျက်သရေ သမ္ဘာပြောင်လို့
ဇာတာရောင် ကြည်စင်တုန်းမှာတော့
အုန်းအုန်းရယ် ညံ့ညံ့တိုလို့
ခြံရံသူ ခြွေရွှေတွေပေါ်တာကြောင့်
သဘောတော်တော် ထင်ရာမှုခဲ့တယ်။
ကြင်နာသူ ခုမှကင်းပြီမို့
အရှင်းရယ် ရှင်မပျော်ဘု
မြတ်မယ်တော် မြန်မြန်ပြေးပါလို့
လှိုင်ထိပ်တင် အမိုက်ကလေးကိုလ
အမယ်လေး...ပိုက်ထွေးတော်မူလှည့်ပါ။[၁]

ဦးညိုမြ။ ကုန်းဘောင်ရှာပုံတော်။ စာ ၃၃၃-၃၄၂။ ယင်းကဗျာသည် ဇာကြယ်ရေးသော မြမိုးနွယ် ဝတ္ထုတွင် ပါရှိကြောင်း၊ ကဗျာကို မည်သို့မျှ ခေါင်းစဉ်မတပ်ဘဲ ရှာပုံတော် အလိုက်ဟူ၍သာ တွေ့ရကြောင်း ဖော်ပြထားသည်။

## ၅။ မိဖဲအိမ်တော်ပြုမှု စခဲ့သောဇာတ်လမ်း

ပုဂံမင်း၏ မယ်တော်အဖို့ အောင်မြင်ခြင်း၏ အထွတ်အထိပ်သို့ ...က်ပြီဟု ဆိုရမည်။ သူ မလိုလားသူများကို ဖယ်ရှားနိုင်ခဲ့သည်။ သူ့ ...းတော် ပုဂံမင်းသားလည်း ထီးဖြူဆောင်းနိုင်ပြီ။ သည်တော့ သားရွှေအိုး ...း်လာသည်ကို မြင်ရသူပမာ နှလုံးစိတ်ဝမ်း ချမ်းမြေ့နေပြီ ဖြစ်၏။

သူ့သားတော် ပုဂံမင်းက မယ်တော်ကို ကြိုက်နှစ်သက်ရာအဆောင်မှာ ...ထိုင်ခွင့် ပြုခဲ့သည်။ မယ်တော်က သူ စံနေတော်မူရင်း အဆောင်တော်မှာပင် ...က်လက် နေထိုင်သည်။ ပုဂံမင်းက နှမတော် စကြာဒေဝီကို မယ်တော့် ...ဆောင်သို့ ပြောင်းရွှေ့နေထိုင်စေသည်။ မယ်တော်အား အနီးကပ်ပြုစုရန် ...၏။ သည်အခါ စကြာဒေဝီ၏ ဘုန်းရိပ်ကို ခိုလှုံနေသူတွေအားလုံး ...်တော့် အဆောင်သို့ လိုက်ပါလာကြတော့သည်။

ပုဂံမင်းသည် ကုသိုလ်ကောင်းမှုတစ်ခုခုပြုလေတိုင်း မယ်တော်နှင့် ...တော် စကြာဒေဝီတို့ကို အလှူပွဲသို့ တက်ရောက်စေသည်။ သည်အခါ ...ကြာဒေဝီနှင့် အတူနေဖြစ်သော လှိုင်အပါအဝင် ဆွေတော်မျိုးတော်များအားလုံး ...က်တော်ပါးမှ လိုက်ပါကြရသည်။

သည်တုန်းက လှိုင် မင်းသမီးကလေးမှာ စုလည်းထုံးတုံ့မှုံးတုံ့၊ ...ရင်ဖုံးတို့ မဖုံးတုံ့နှင့် ဆယ်ကျော်သက်အရွယ် လှသွေးကြွယ်စ ပြုနေပြီ ...၏။ လှိုင့်အသားမှာ ဖြူဝင်းစိုပြေသည်။ မျက်နှာတော်လေးက ခပ်ဝိုင်းဝိုင်း၊

www.burmeseclassic.com

www.burmeseclassic.com



အရပ်မောင်းက ခပ်ပျပ်ပျပ်၊ သူ့ဆံကေသာမှာ သူ့အရပ်နှင့်အမျှ ရှည်လ
သဖြင့် လွန်စွာ ကျက်သရေရှိလှသည်။ သူ့အသံကလည်း သာယာချိုအေးသ
သာယာဝတီမင်း၏ သမီးတော်များထဲမှာ အချောဆုံး၊ အလှဆုံးဟု ရွေးနန်းေ
လောကတွင် သင်းပျံ့လျက် ရှိသည်။ ပြီးတော့ ကဗျာလင်္ကာ၊ ပတ်
စသည်တို့ကို ရေးသားရာ၌လည်း ထီးသုံးနန်းသုံး အနှုန်းအဖွဲ့ ယဉ်ကျေ
သောကြောင့်လည်း လှိုင်သည် စာဆိုလောကတွင် ထင်ရှားစပြုနေပြီ ဖြစ်သ

တစ်နေ့တွင် လှိုင်သည် ကနောင်မင်းသားနှင့် စတင် တွေ့ဆုံသ
နေရာမှာ ပန်းရုံဥယျာဉ်တော်အတွင်း၌ ဖြစ်၏။ လှိုင့်အဖို့ လောကီေ
အတွေ့ အကြုံ ဆို၍ ဘာမျှ မရှိ။ အဖိုဆို ယင်ဖိုမျှပင် မသမ်းသေးသ
ပကတိ သန့်စင်သူကလေး ဖြစ်သည်။

ကနောင်မင်းသားမှာမူ လောကီအတွေ့အကြုံ များသည်။ ပရိယ
လည်း ကြွယ်ဝသည်။ လှိုင့်ထက် အသက်ကလည်း များစွာကြီးသ
သည်တော့ လှိုင့်ကို ချဉ်းကပ်တတ်သည်။ ထိုနေ့က ‘လှိုင့် ကဗျာ
လင်္ကာတွေ ကြိုက်နှစ်သက်လှကြောင်း၊ စာပေအစီအကုံး အနှုန်းအဖွဲ့ေ
လှကြောင်း၊ သူလည်း အနုပညာ တေးဂီတ မြတ်နိုးလှကြောင်း’ မျ
ပြောကာ ခင်မင်မှုကို စခဲ့သည်။ နှုတ်ဆက် ထွက်ခွာခါနီးတွင် ကေ
မင်းသားက လှိုင့်အား စိုက်ကြည့်သွားပုံမှာ လှိုင့်ရင်ကို သိမ့်ခနဲ တုန်ခါ
စေသည်ကိုမူ လှိုင် ခံစား သိရှိလိုက်သည်။

ချိန်းဆိုထားခြင်း မဟုတ်ပါဘဲလျက် ဥယျာဉ်တော်တွင် ကနောင်မင်း
နှင့် လှိုင်တို့ မကြာခဏ တွေ့ဆုံရင်း သံယောဇဉ် တိုးပွားခဲ့ကြသည်။ 
ဆိုသည့် မင်းသမီးကလေးမှာ ဘာသားနှင့် ထုထားသည်မို့လဲ။ သည်ေ
ကနောင်မင်းသား၏ မေတ္တာညွှတ်ကွင်းကို လှိုင်ခမျာ မရှောင်နိုင် မတိမ်းနို
အချစ်နယ်အတွင်း သက်ဆင်းခဲ့ရသည်။ လှိုင်သည် ‘အပျိုဖော်ရွယ်မ
ငယ်ခလေ့ဂေါ်ရီ’ အရွယ်ပင် ရှိသေးသည် မဟုတ်ပါလား။ ကနောင်မင်းသား
လှိုင်၏ အချစ်ဦးမို့ အရူးအမူးပင် ချစ်မိသည်။ ကနောင်မင်းသားက သူ
မြတ်နိုးကြည့်ဖြင့် ကြည့်လေတိုင်း နှလုံး သည်းပွတ်အိမ် အတွင်းဝယ် သိမ့်
ဖြစ်သွားသည်ကို လှိုင် ခံစားရသည်။ လှိုင့် စိတ်ထဲတွင် သူနှင့် မောင်ေ
ကနောင်မင်းသားတို့၏ ချစ်ကြည်ရင်းနှီးမှုသည် အသည်းနှလုံးချင်းပင် ရောယ



သွားသလို ခံစားရသည်။ အမိမဲ့၊ အဖမဲ့၊ တွယ်ရာမဲ့ ဘဝမှ ယခုလို တွယ်တာ စရာ ကနောင်မင်းသားနှင့် ဆုံရသည့်အခါ လှိုင် အားတက်ရသည်။ ကနောင် မင်းသားကို ဘဝသခင်ပမာ အားကိုးမိတော့သည်။ သံယောဇဉ် အရင်းခံပြီး ချစ်ခဲ့ရသော လှိုင်သည် သူ့ဘက်က ဘယ်တော့မှ သွေမဖောက်နိုင်ပြီကို ယခုလို စာဖွဲ့လေတော့သည်။

အပျိုဖော်ရွယ်မစေ့ခင်က
ငယ်ခလေ့ဂေါ်ရီ
ဘယ်အလေ့လောကီကို
ဇောမသိခင်က၊
စံပယ်ခက်နှစ်စုံပင်မှာ
မင့်ခင်တုန်းကအစ၊
ပန်းဒွါရဆင့်စီငယ်
မပွင့်မီကာလ၊
ကျင့်ဝသီစာဂနှင့်
ခါပထမအရွယ်၊
ငယ်သွားတွေကြွေမလဲခင်က
မေအမြဲချစ်ဖို့ကြံရွယ်၊
ကလေးစိတ်ဓာတ်မပြယ်
ခပ်ငယ်ငယ်စာမတတ်ခင်က
ကညာနတ်တောင်းဆုပွေလီ
ကောင်းမှုစေတီ၊
စိတ်မှန်းနဲ့မေကျောက်ချီသည်
သွေဖောက်နိုင်ပြီနိုင်ဖူးမျှော့လေး။

ကဲလွန်းသည်ဟုပင် ဆိုရချေတော့မည်။ ကနောင်မင်းသားသည် တစ်ခုသော ညတွင် လှိုင်စံမြန်းရာ အဆောင်သို့ တိတ်တဆိတ် ကူးလာသည်။ အချိန်အခါ မဟုတ်ပါဘဲ ဆောင်တော်ကူးလာသည့် မောင်တော်ကို မြင်လိုက် ရသည့်ခဏ လှိုင့် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွား၏။ လန့်ပြီး မှုအော်မိရန် သူ့ပါးစပ်ကို လက်ဖဝါး နုနုကလေးဖြင့် ကပျာကယာ ပိတ်လိုက်မိသည်

www.burmeseclassic.com



အထိပင်။

မောင်တော်ကား ရဲတင်းလွန်းလှ၏။ ညဥ့်ရုံတော် အခြေပျက်အောင် လှိုင်၏ ရွှေလက်ကို ကိုင်စွဲကာ မျက်လုံးချင်း စေ့စေ့ကြည့်လာသည်။ မောင်တော့် နှုတ်ခမ်းများ တင်းစေ့ထားသော်လည်း အပြုံးရိပ်များ စွန်းထင်းနေသည်။ သည်အတွေ့အကြုံမျိုး မရှိခဲ့ဖူးသော လှိုင့်ခမျာ ရင်တွေ ဖိုလှိုက်လာသည်။ စပါးကြီးမြွေ ညို့ခြင်းကို ခံနေရသည့် သားကောင်နှယ် ကနောင်မင်းသား၏ ညို့စက်ကွင်းထဲသို့ ရောက်နေတော့သည်။ လူကသာ ကျောက်ရုပ်ပမာ ငြိမ်သက်နေသော်လည်း လှိုင့် စိတ်တွေ လှုပ်ရှားလွန်းလှသည်။ နိုးထလာမည့် ရုံရွှေတော်တွေ မြင်တွေ့သွားမှဖြင့် ခက်ရချည်ရဲ့။ များစွာ အရှက်ရပေမည်။ အထူးအားဖြင့် မွေးစားမယ်တော် စကြာဒေဝီ မင်းသမီး တွေ့မြင်သွားမှာကို အစိုးရိမ်ကြီး စိုးရိမ်နေမိသည်။

'မိန်းမတို့မှာ အစောင့်အရှောက်ဖြစ်တဲ့ တရားဟာ ဟီရိဩတ္တပ္ပဆိုတဲ့ အရှက်အကြောက်တရား နှစ်ပါးပဲ'ဟု မြတ်မယ်တော် စကြာဒေဝီ မကြာခဏ ဆိုဆုံးမခဲ့သည် မဟုတ်ပါလား။ သည်အသိတရား ကပ်လာသည်နှင့် လှိုင်သည် ကနောင် မင်းသား၏ ညို့စက်ဝန်းထဲမှ ရုန်းထွက်နိုင်ခဲ့သည်။

"နာရီတွေလည်း ညောင်းပြီ။ လင်းလုလုရောင်ခြည်ပင် သမ်းလာပါပြီ မောင်တော်၊ အားလုံး သိကုန် မြင်ကုန်ကြရင် ကြီးစွာ အရှက်ရပေတော့မယ်။ မောင်တော်ရော နှမတော်ရဲ့အတွက်ပါ အရှက်ကိုငဲ့ပြီး ထွက်ကြွတော်မူပါတော့ မောင်တော်ဘုရား"

စိုးရွံ့ထိတ်လန့်စွာ တောင်းပန်းတိုးလျှိုးနေသော လှိုင့်ကို ကနောင်မင်းသားသည် များစွာ ကရုဏာ သက်မိသည်။ လှိုင့် လက်အစုံကို သူ့လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လျက် လှိုင့် မျက်နှာ လှလှကလေးကို တစ်ချက်ရှုစိုက်ကြည့်ပြီး လှစ်ခနဲ ထွက်ခွာသွားတော့သည်။

ကနောင်မင်းသား ထွက်ခွာသွားသည်ကို လှိုင်သည် မျက်စိတဆုံးငေးကြည့်နေသည်။ ချစ်သူမောင်တော် ရှိနေခိုက်မှာ စိုးထိတ် ကြောက်ရွံ့ခဲ့ရသလောက် မောင်တော် ထွက်ကြွသွားပြန်တော့လည်း လွမ်းကျန်ရစ်ပြန်သည်။ လှိုင်သည် သက်ပြင်းမောကလေးကို အသာချလိုက်၏။ အရှေ့ဆီသို့ လှမ်းမျှော်ကြည့်လိုက်သောအခါ ရောင်ခြည်ဦးပင် ပျိုးနေပေပြီ။



တွေ့ကြုံခဲ့ဖူးသည့်အချစ်ကို ထပ်ပြန်တလဲလဲ သုံးသပ်၍ အခါခါ သတိရတတ်သည်မှာ ပျိုရွယ်သူတို့၏ သဘာဝပင် ဖြစ်၏။ လှိုင်သည် ပျိုရွယ်သော စာဆို မဟုတ်ပါလား။ သည်တော့...

'ညဥ့်ရုံတော် အခြေပျက်စေဖို့၊ ရွှေလက်နှင့်ဆွဲကာ၊ ပွေ့ရက်မေ့ပုလဲညှာရယ်၊ ရဲပါပေ့ဘုရား။ အနားကရုံရွှေတော်သည်၊ ပျော်တပျော်နိုးခိုက်ပေလား။ ဇာတိမျိုး သတိုးမှန်ငယ်၊ လူဆိုးဉာဏ်ဝင်စား၊ မွေးမိခင်မယ်ဘုရားနှင့် အများတို့ သိမည်။ ဘွေသလွန်စက်ရာအုံးမှာလ၊ မယ်နှလုံး နှောက်လှပါတော့သည်။ နန်းနေညွန့်တ သာကီငယ်၊ ကြာရှည်ရှည်မစံမြန်းပါနဲ့၊ မှန်နန်းကငွေနာရီဆော်၊ လင်းလှုပြီနော်၊ နှစ်ပါးလုံးအရှက်ကိုမျှော်လျှင် ထွက်ကြွတော်မူဦးဖျာ့လေး။'[၁]

ဟူသော တေးထပ်ကလေးဖြင့် ချစ်စမြုံ့ပြန်ခဲ့သည်။ ထိုညကအဖြစ်ကို တွေးမိလေတိုင်း လှိုင့်ပါးပြင်ဝယ် ရက်သွေးနီကလေးများ ဥခဲ့ရသည်ချည်း ဖြစ်၏။

လှိုင်သည် စကြာဒေဝီမင်းသမီးနှင့်အတူ အလှူတော်ပွဲများ တက်ရောက်ရင်း သူ ကျင်လည်နေရသော ပဒေသရာဇ် အသိုင်းအဝိုင်း၏ သရုပ်မှန်ကို တဖြည်းဖြည်း သိလာရသည်။ မင်းညီမင်းသားများသည် ကိုယ်လုပ်မောင်းမများစွာဖြင့် စံစားနေသည့် အကြောင်းများ၊ ကိုယ်လုပ်မောင်းမများကလည်း မိမိတို့၏ ချစ်လင် မောင်တော်များ၏ ယုယ ချစ်ခင်မှုကို အစဉ်မပြတ်ရယူလိုမှုကြောင့် သူ့ထက်ငါ အပြိုင် ခံစားကြ၊ ပြုစုကြ၊ တစ်ဦးနှင့်တစ်ဦး မနာလိုဝန်တို ဖြစ်ကြ၊ ကုန်းချောကြသည့် အကြောင်းများကို တစ်စတစ်စ ကြားလာရသည်။ သည်လိုဆို မောင်တော် ကနောင်မင်းသား သူ့ကိုချစ်သည့် အချစ်ကကော။ ဆံဖြူ သွားကြွေ ပါးရေနားရေ တွန့်သည်ထိ မြဲတဲ့အချစ်လား။ တစ်ပင်မှာ နှစ်ပင်ယှက်တဲ့အချစ်လား၊ ဆက်ထုံး တစ်ခုကနေတစ်ခု ပြောင်းလဲတဲ့ အချစ်လား။ လှိုင် တွေးရပြီ။

ဤတွင် လှိုင်သည် ဝိဇယကာရီနန်းတွင်း ဇာတ်ကြီးတစ်ပုဒ်ကို ရေးသား

---

၁။ 'ညဥ့်ရုံတော်အခြေပျက်စေဖို့'အစရှိသော တေးထပ်ကို အချုပ်တန်းဆရာဖေ ရေးသည်ဟုလည်း အဆိုရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



လေတော့သည်။ သည်ဇာတ်လမ်းမှာ လှိုင်၏ ကိုယ်ပိုင်စိတ်ကူးဖြင့် ကွန့်ထားသော စိတ်ကူးယဉ်ဇာတ်လမ်း ဖြစ်သည်။ ဝိဇယကာရီမင်းသားသည် တစ်ပြည်မှ တစ်ပြည်သို့ ကူးကာ ဘုန်းလက်ရုံးပြပြီး ကြင်ရာမင်းသမီးများ တစ်ယောက်ပြီး တစ်ယောက် ကောက်ယူနေသည့် ဇာတ်လမ်း ဖြစ်သည်။ သည်နန်းတွင်းဇာတ်တော်ကြီးကို လှိုင် ရေးသည်မှာ အကြောင်းမဲ့ ရေးသည်မဟုတ်ပေ။ နန်းတွင်သူ နန်းတွင်းသားများကို ဆုံးမရန် ရည်ရွယ်ရင်း ဖြစ်၏။ မင်းညီမင်းသားများ ကိုယ်ကျင့်တရား ပြည့်ဝလာစေဖို့ နည်းပေး ဆွဲဆောင်ထားသည်။ သားတော် သမီးတော်တို့သည်လည်း ခမည်းတော် မယ်တော်တို့၏ စကားကို လိုက်နာကြရန် နည်းလမ်းပြသည်။ နန်းတွင်းရှိ မင်းညီ မင်းသားများကိုလည်း ကြီးစဉ်ငယ်လိုက် တစ်ယောက်စကား တစ်ယောက် နာယူကြရန် စံနမူနာပြအဖြစ် ရည်ရွယ်ကာ ရေးလေသည်။ ပြီးတော့ တိုင်းပြည်နှင့် မိမိတို့၏ အရှင်သခင်အတွက် အသက်စွန့်ကြိုးပမ်း အမှုထမ်းရေး၊ မင်းညီမင်းသားများ ရဲရည်ရဲသွေးမြင့်မားလာစေရေးကို ဦးတည်ကာ ဝိဇယကာရီ နန်းတွင်းဇာတ်ကြီးကို ရေးသားခြင်း ဖြစ်သည်။ သည်တုန်းက လှိုင့် အသက်မှာ ၁၉ နှစ်မျှသာ ရှိသေးသည်။

ချစ်တတ်တော့ လွမ်းတတ်ပြန်သည်။ မောင်တော်နှင့် မတွေ့ရသည်မှာ ရက်အတန်ငယ် ကြာပေပြီ။ ချစ်ပန္နက်သဲခိုင်မြဲစွာ စိုက်ထူခဲ့ကြပြီမို့ လှိုင်သည် မောင်တော်၏ မျက်နှာတော်ကိုသာ ထာဝရ မြင်လို တွေ့လိုနေပြန်သည်။ မကြာခင်မှာပင် လှိုင့်ဆန္ဒ ပြည့်ဝရန် အကြောင်းကာဖန်လာသည်။

မြန်မာသက္ကရာဇ် ၁၂၁၄–ခု ဝါဆိုလ (ခရစ် ၁၈၅၂) တွင် ပုဂံမင်းသည် ထူးထွေဆန်းပြားသော ကောင်းမှုတစ်ရပ်ကို ပြုလုပ်သည်။ အလှူတော်မှာ ဘုရင်၏ သရဖူမကိုဋ်တော်ကို မဟာမုနိရှင်တော်မြတ်အား ဆက်ကပ်လှူဒါန်းခြင်း ဖြစ်သည်။ အလှူတော်မင်္ဂလာပွဲကား ခြိမ့်ခြိမ့်သဲမျှ စည်ကားလှ၏။ ဘုရင့်အလှူတော်ပွဲပေမို့ မင်းပရိသတ် စုံညီစွာ တက်ရောက်ကြသည်။

စကြာဒေဝီ မင်းသမီးနှင့်အတူ လှိုင် အပါအဝင် မွေးစားသမီးများအားလုံး အလှူပွဲသို့ တက်ရောက်ကြရသည်။ သည်ပွဲမှာ လှိုင်သည် မောင်တော် ကနောင်မင်းသားကို တွေ့ခွင့်ကြုံသည်။ နှစ်ဦးချင်း လွတ်လပ်စွာ တွေ့ခွင့်မရစေကာမူ မောင်တော့်မျက်နှာကို မြင်တွေ့ရသည်ပင် လှိုင့်အဖို့ ကျေနပ်



ပါပြီ။ လှိုင်သည် မဟာမုနိရှင်တော်မြတ်အား ပန်း၊ ဆီမီး၊ ရေချမ်းတို့ကို အထူးတလည် ကပ်လှူ ပူဇော်သည်။ မောင်တော် ကနောင်မင်းသားနှင့် အမြန်ဆုံး ရွှေလည်တွဲခွင့် ရပါစေကြောင်း အလေးအနက် ဆုတောင်းမိသည်။

ဘုရင့်သရဖူမကိုဋ် လှူဒါန်းပွဲကား ပြီးဆုံးသွားပေပြီ။ မကြာခင်မှာပင် နေပြည်တော်၌ အရှုပ်အထွေးကိစ္စများ ပေါ်ပေါက်လာသည်။ ပုဂံမင်းဘက်တော်သားများက တစ်ဘက်၊ မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့၏ ဘက်တော်သားများကတစ်ဘက် ရန်ပွားစရာ ကိစ္စတစ်ရပ် ဖြစ်ပေါ်လာသည်။

ဖြစ်ပုံမှာ ဤသို့တည်း။ ပုဂံမင်း ငယ်စဉ်က ထိန်းကျောင်းခဲ့သော အထိန်းတော် မိရွဲကို မိမိ မင်းဖြစ်သည့်အခါ ပုဂံမင်းက မြို့စားရွာစားပေးကာ ချီးမြှောက်ထားသည်။ မိရွဲတွင် မိဖဲဆိုသော ညီမတစ်ယောက် ရှိသည်။ အမရပူရ နေပြည်တော် အနောက်ပြင်တွင် တစ်ခမ်းတနား နေထိုင်သော မိဖဲအိမ်၌ ဓားပြတိုက်မှု ဖြစ်သည်။ ထိုဓားပြမှုတွင် မင်းတုန်းမင်းသား၏ အမှုထမ်းများနှင့် ကနောင်မင်းသား၏ အမှုထမ်းများ ပါဝင်သည်ဟု ပုဂံမင်းဘက်တော်သားများက စွပ်စွဲကြသည်။ ပြီးတော့ မင်းတုန်းမင်းသား ညီနောင်တို့၏ အိမ်တော်သားအချို့ကို ဖမ်းဆီးစစ်ဆေးသည်။ ဖမ်းဆီးစစ်ဆေးခြင်းခံရသော အိမ်တော်အမှုထမ်းများတွင် မသင်္ကာဖွယ်ရာ တစ်စုံတစ်ရာ မတွေ့ရ။ သို့သော် ပြန်လွှတ်ပေးခြင်းမပြုဘဲ တောင်ဥယျာဉ်သို့ ခေါ်ထုတ်ကာ တောင်ထားဝယ်ဗိုလ် မောင်တုတ်တို့ လူစုက စစ်ဆေးဆဲမြန်း နေကြပြန်သည်။

သည်လို စစ်ဆေးပုံကို ကနောင်မင်းသားက ဘဝင်မကျပေ။ သူ့စိတ်ထဲတွင် များစွာ အနှောင့်အယှက်ဖြစ်ရသည်။ ပုဂံမင်းဘက်မှ မိမိတို့အပေါ် အာဃာတ ထားပုံရပြီး အသက်သက် အမှုရှာနေသည့် အဖြစ်ကို မြင်သည်။ သို့နှင့် မင်းတုန်းမင်းသား၏ အကြီးတော် ဦးရန်ဝေးနှင့် ကနောင်မင်းသားတို့သည် မင်းတုန်းမင်းသား၏ အရေးတကြီးဝင်ကာ 'မင်းသေးမှ လွတ်ရာလွတ်ကြောင်း ထွက်သွားမှ သင့်မည်' ဟု တင်ပြကြသည်။ သည်အခါ မင်းတုန်းမင်းသားက သစ္စာစောင့်သိသော စိတ်မှ ထွက်သောစကားကို ယခုလို ပြောသည်။

"ငါဟာ ခမည်းတော်ဘုရား မရှိတဲ့နောက် နောင်တော် ပုဂံမင်းကိုပင်

www.burmeseclassic.com

www.burmeseclassic.com



ခမည်းတော်အမှတ်နဲ့ ကိုးကွယ်ခဲ့တယ်။ ငါတို့ ညီတော်နောင်တော်နှစ်ပါးကို စားကျေး မြို့ရွာ ထပ်ပြီး ချီးမြှောက် သူကောင်းပြုတော်မူတယ်သည်တော့ နောင်တော်ပြုလိုရာ ပြုပါစေ၊ ငါ ခံတော့မယ်”

နောင်တော် မင်းတုန်းမင်းသား၏ အဖြေစကားတွင် ထွက်ပေါက် မပါသဖြင့် ကနောင်မင်းသားက ထပ်မံ ပြောပြန်သည်။

“နောင်တော်သာ ပုဂံမင်းပြုရာကို ခံလိုက ခံပါ။ သို့သော် ကျေးကျွန်များရဲ့ အသက်ဘေး ချမ်းသာရာရအောင်တော့ လုပ်ပေးရပါမယ် နောင်တော်”

သည်တော့မှ မင်းတုန်းမင်းသားက ပြန်လည် စဉ်းစားသည်။ စားပြုမှုကို ရိုးရိုးသားသား စစ်ဆေးမည်ဆိုပါက ရုံးတော် လွှတ်တော်တို့၌သာ စစ်ဆေးရမည်။ ယခုတော့ တောင်ဥယျာဉ်တော် အတွင်း၌ စစ်ဆေးနေသည်။ ရိုးရိုးသားသား မဖြစ်နိုင်ပေ။ သူတို့သဘောကျ လုပ်နိုင်အောင်ပင် ဖြစ်ပေမည်။ နောင်တော် ပုဂံမင်းသားကလည်း နိုင်ငံတော် အုပ်ချုပ်ရေးကို ဂရုမပြု။ လျစ်လျူရှုထားသဖြင့် နောင်တော် ပုဂံမင်းကို အားကိုး၍လည်း မဖြစ်နိုင်။ သို့ဖြင့် အစ်မတော် စကြာဒေဝီမင်းသမီးထံ သွားရောက် တိုင်ပင်ကြသည်။

စကြာဒေဝီသည် ဗေဒင်သုံးပုံကို သူမတူအောင် တတ်ကျွမ်းသည်။ နေပြည်တော်အရေးကို ဗေဒင်ကိန်းခန်းအရ တွက်စစ်ကြည့်ရာ ပုဂံမင်း ထီးနန်းသက် ကုန်ဆုံးနေပြီကို မြင်ရသည်။ ထို့ကြောင့် အစ်မတော်က ယခုလို အကြံဉာဏ်ပေးသည်။

“အရှင်မင်းသားတို့ ... နောင်တော် ပုဂံမင်းတော့ ထီးသက်နန်းသက် ပြတ်တော်မူနေပါပြီ။ နေပြည်တော်မှာ အရှင်မင်းသားတို့အတွက် အသက် အန္တရာယ် မြင်ပါတယ်။ အရှင်မင်းသားများ ရွှေဘိုအောင်မြေကို နင်းပြီး ကြံတော်မူပါက အရေးတော်လှပါလိမ့်မယ်။ တိုင်ပင်တော်မူရန် သားတော် မောင်ဘိုးလှိုင်ကို ခေါ်သွားပါ ဘုရား”

အစ်မတော် စကြာဒေဝီ၏ အကြံဉာဏ်မိန့်ဆိုချက်အတိုင်း ရွှေဘိုသို့ ထွက်ကြရန် ဆုံးဖြတ်လိုက်ကြတော့သည်။

မြူနှင်းတွေ ဝေနေသည့် ဆောင်းရာသီ ညတစ်ည ...။

အမရပူရ နေပြည်တော်တစ်ရပ်လုံး အမှောင်ရိပ်တွေ ဖုံးအုပ်နေသည်။ စက်နာရီ ၇ နာရီခန့်တွင် မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့



ဦးဆောင်သော လူပေါင်း နှစ်ရာကျော်ခန့်သည် မြို့တော်မှ စတင် ထွက်ခွာကြသည်။ လေးကျွန်း တံခါးသို့ အရောက်တွင် ပထမအကြိမ် အတားအဆီးကို တွေ့ကြရသည်။ သို့သော် နောက်လိုက်များက ထိုအတားအဆီးများကို ဖယ်ရှားနိုင်ခဲ့သဖြင့် အခက်အခဲမရှိ မတ္တရာသို့ ချီတက်နိုင်ခဲ့ကြသည်။ ခရီးလမ်း တစ်လျှောက်တွင်လည်း အမှုထမ်းများ သာမက အရပ်သားများပါ မင်းတုန်း မင်းသားတို့နှင့် ပူးပေါင်း ပါဝင်လာကြသည်။

မတ္တရာသို့ ရောက်ကြပြီး၊ ငမုတ်ကြီးက ဆွေမျိုး အပေါင်းအဖော်များနှင့် ဆီးကြိုကာ မြို့တံခါးကို ဖွင့်ပေးသဖြင့် အလွယ်တကူ သိမ်းပိုက်နိုင်ခဲ့သည်။ ပုဂံမင်းထံမှ လွှတ်လိုက်သည့် တပ်များကိုလည်း အောင်မြင်စွာ တိုက်ခိုက်နိုင်သည်။ ဆက်လက်၍ စကျင်တောင်ဆီသို့ ချီနိုင်ခဲ့ကြသည်။ စကျင်တောင် ခြားတွင် လည်းကောင်း၊ စဉ့်ကူးတွင်လည်းကောင်း ကနောင်မင်းသားက နောက်ချန်ပြီး တိုက်ခိုက်နိုင်သဖြင့် မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့သည် ရွှေဘိုသို့ ဦးတည် ချီတက်နိုင်ခဲ့ကြသည်။

တအုံးရွာရှေ့ ညောင်ပင်ကြီးစခန်းသို့ ရောက်ကြပြီး၊ မင်းတုန်းမင်းသားက ရွှေဘိုသို့ဝင်လျှင် ကောင်းမည်လား၊ မဏိပူရသို့ ထွက်လျှင် သင့်လျော်မည်လား အမေးတော်ရှိသည်။ ဤတွင် မောင်ဘိုးလှိုင်က ယခုလို ပြင်လျှောက်သည်။

“မဏိပူရဘက်သို့ ထွက်လျှင် အရှင်မင်းသားကို လိုလားသူများနှင့် အဆက် ပြတ်သွားပါလိမ့်မယ်။ ရွှေဘိုသို့ ထွက်ရန် သင့်ကြောင်းပါ၊ ရွှေဘိုမြို့ဝန်ကိုလည်း လူမုန်းများနေသဖြင့် ရွှေဘိုသားတို့က အရှင်မင်းသားကို ကြိုဆိုအားပေးကြပါလိမ့်မယ်”

သို့ဖြင့် ရွှေဘိုသို့ ချီတက်ခဲ့ကြသည်။ အမရပူရနေပြည်တော်မှ ခွာခဲ့ပြီး ခြောက်ရက်အကြာတွင် ရွှေဘိုကို အောင်မြင်လေသည်။

ပုဂံမင်းသည် ပင်ကိုယ်အရည်အချင်း ညံ့ဖျင်းသည်တစ်ကြောင်း၊ ထိုအချိန်က ဒုတိယ အင်္ဂလိပ်မြန်မာစစ်ကို တိုက်ခိုက်နေရဆဲမို့တစ်ကြောင်း၊ မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့၏ တပ်များကို ကောင်းစွာ ခုခံနိုင်ပေ။ အမရပူရ နေပြည်တော်တွင်းမှလည်း ကျောက်မော်ဝန်ဦးကြည်ညိုက မြို့တွင်း၌ လူစုပြီး အရေးပါသော အရာရှိကြီးငယ်များကို ဖမ်းဆီးချုပ်နှောင်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြင့် မင်းတုန်းမင်းသားဘက်မှ ကူညီသည်။ သို့ဖြင့် ကနောင်မင်းသား ရဲမက်များသည် နန္ဒမူတံခါးမှ မြို့တွင်းသို့ ဝင်လာနိုင်ခဲ့ကြသည်။

အမရပူရ နေပြည်တော်သည် မြန်မာသက္ကရာဇ် ၁၂၁၄–ခုနှစ် တပေါင်းလ (ခရစ် ၁၈၅၃)တွင် ကျခဲ့သည်။ ပုဂံမင်း နန်းကျ၍ မင်းတုန်းမင်း နန်းတက်သည် အင်္ဂလိပ်မြန်မာ ဒုတိယစစ်တွင်လည်း မြန်မာတို့ ရှုံးသဖြင့် ပဲခူးတိုင်းန ဧရာဝတီ နှစ်တိုင်းလုံး အင်္ဂလိပ်တို့ သိမ်းပိုက်လိုက်သည်။

မင်းတုန်းမင်း နန်းတက်ပြီးနောက် နေပြည်တော် ထုံးတမ်းစဉ်လာန အညီ မိဖုရားမြှောက်ရန်နှင့် သာသနာဦးစီးဦးခိုင် ရွေးချယ်ရန် လိုအပ်လ သည်။ ကုန်းဘောင်ခေတ်နှောင်း မြန်မာမင်းတို့တွင် တောင်နန်း၊ မြောက်နန် အလယ်နန်း၊ အနောက်နန်းဟူ၍ နန်းရမိဖုရားလေးဦး။ တောင်ဆော မြောက်ဆောင်၊ တောင်ရွှေရေးဆောင်၊ မြောက်ရွှေရေးဆောင် ဟူ၍ အဆောင် မိဖုရား လေးဦး။ ထို့နောက် မိဖုရားငယ်များ၊ ကိုယ်လုပ်တော်များ စသည်ဖြ မိဖုရားမောင်းမများ ထားရှိသည်။ ဤသည်မှာ မင်းတို့၏ ဂုဏ်ရှိန် ပြသသည့်သံဘောပင် ဖြစ်သည်ဟု ဆိုသည်။ သို့သော် ဘုရင်မင်းမြတ်တို့ ထိုမလေ့သည်ကား နန်းတွင်းရေး ရှုပ်ထွေးစေသော အကြောင်းတစ်ရပ်သာမ လူမှုရေးဆုံးရှုံးမှုများလည်း ဖြစ်ပေါ် စေခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။

မိဖုရားများထဲတွင်လည်း နန်းရမိဖုရားက အဆောင်ရမိဖုရားထ အဆင့်မြင့်သည်။ နန်းရမိဖုရားများထဲမှာပင် တောင်နန်းမိဖုရား(မိဖုရားခေါင်ကြီ သည် အဆင့်အတန်း အမြင့်ဆုံးဖြစ်သည်။ သူသည် ဘုရင်မင်းမြတ်နှင့်အ ပြည်တည်ထောင်ဘက် ဖြစ်သည်။ ထို့ကြောင့် တောင်နန်းမတော်မှာ ပြည်သူ လေးစားသူ၊ အမျိုးအရိုးကြီးသူ ဖြစ်ရသည်။ သို့ဆိုလျှင် မင်းတုန်းမင်းအနေ မည်သူ့ကို မိဖုရားခေါင် ,တင်မည်နည်း။ သူ့တွင် အိမ်တော်ပါ ခင် ရှိသည်။ ခင်သဲသည် သူ့အပေါ် အလွန် သစ္စာကြီးသည်။ ရွှေဘို ထွက်ကြွစဉ်က ခင်သဲသည် တစ်ပါးတည်း လိုက်ခဲ့သည်။ သူ့ကို တွယ်တ ချစ်ခင်သည်။ သို့သော် ခင်သဲသည် မဟာမျိုးမဟာနွယ်ထဲမှ မဟုတ် ပြည်ရေးပြည်ရာတွင် ချစ်မေတ္တာကို ရှေ့တန်းတင်၍ မရပါ။ အလွန်ဆုံ မြှောက်စားမည်ဆိုပါက ခင်သဲသည် မြောက်နန်း မိဖုရားသာ ရနိုင်သည်

ယခု တောင်နန်းမတော်တင်ရေးတွင် ထူးခြား ထင်ရှားနေသူမှ



ပုဂံမင်း၏ နှမတော် စကြာဒေဝီမင်းသမီးပင် ဖြစ်၏။ မင်းသမီးသည် ဇာတိဂုဏ်၊ ပညာဂုဏ် ကြီးမားသည်။ သူသည် သာယာဝတီမင်းနှင့် မိဖုရားခေါင်ကြီးမှ မြင်သူဖြစ်သည်။ ပညာအရာတွင် ဂုဏ်ရှိန်မြင့်မားသည်။ ဗေဒင်ကိန်းခန်း၌ တစ်ဖက်ကမ်းခတ် ကျွမ်းကျင်သည်။ နက္ခတ်ကြည့်နည်း၊ နေကြတ် လကြတ် တွက်နည်းများကို သင်ယူဖူးသည်။ ခမည်းတော် သာယာဝတီမင်း ၁၁၉၉–ခုနှစ်တွင် ထီးနန်းရစဉ်က ၁၂၀၂–ခု အမရပူရမြို့သစ် ရောက်ပြီးမှ ဗုဒ္ဓါဘိသိက်ခံယူရန် သမီးတော် စကြာဒေဝီကပင် အခါတော် ပေးခဲ့သည်။ ခမည်းတော်က လိုက်နာခဲ့သည်။ ထို့ကြောင့် ခမည်းတော်က အားစွာ ယုံကြည်ချစ်ခင်သဖြင့် တစ်ပင်တိုင်မင်းသမီးအဖြစ် ထားခြင်းခံရသည်။ နောင်တက်မည့်မင်းက မိဖုရားခေါင်ကြီးအဖြစ် သိမ်းပိုက်နိုင်ရန် ဖြစ်သည်။ ဦးတော့ 'သေပြစ်သေဒဏ်ရှိသူတို့ကို သမီးတော်နှုတ်လျှင် ချမ်းသာစေ'ဟု ဝီတဒါနဆု ကိုလည်း ရခဲ့သည်။

စကြာဒေဝီမင်းသမီးသည် မင်းတုန်းမင်းထက် အသက် ၂ နှစ်ကြီးသဖြင့် 'အစ်မတော်'ဟု လေးလေးစားစား ခေါ်ခဲ့ရသူ ဖြစ်သည်။ သည်လို ဇာတိဂုဏ်၊ ပညာဂုဏ်နှင့် ပြည့်စုံသော စကြာဒေဝီကို တောင်နန်းတင်ရန် မင်းတုန်းမင်း ဆုံးဖြတ်သည်။ သို့နှင့် အခါတော်ပေးသည့်အချိန်တွင် စကြာဒေဝီမင်းသမီးကို မင်းတုန်းမင်းကိုယ်တိုင် လက်ကမ်းကြိုဆိုကာ တောင်နန်းတင်လေသည်။

သာသနာပိုင် ရွေးချယ်ရာတွင် စကြာဒေဝီ မိဖုရားခေါင်ကြီးက ငယ်စဉ်ဘဝ ကိုးကွယ်ခဲ့သော မောင်းထောင်ဆရာတော် ရှင်ညေယျမ္မကို ရွေးချယ်ရန် အကြံဉာဏ် ပေးသည်။ သည်ကိစ္စနှင့် ပတ်သက်၍ မင်းတုန်းမင်းက ညီတော်ကနောင်မင်းသားအား ယခုလို ဖျောင်းဖျခဲ့သည်။

"ညီခင်... တို့ဆရာတော် ရှင်စန္ဒိမာက လောက၌မကျွမ်းကျင်၊ သာသနာပိုင်နှင့် မသင့်လျော်၊ အစ်မတော်ရဲ့ ဆရာတော်က လောကဓမ္မအစစ၌ ကျွမ်းကျင်လိမ္မာ ချက်ချာ သွက်လက်တယ်၊ ဒါကြောင့် အစ်မတော်ရဲ့ ဆရာတော်ကို သာသနာပိုင်အပ်နှင်းကြစို့။ ညီခင် စိတ်မချမ်းမသာ မရှိလေနှင့်"

ဦးညေယျမ္မကို သာသနာပိုင် ရွေးချယ်ကြောင်း ကြားလျှင် မင်းတုန်းမင်း၏ ငယ်ဆရာ ဦးစန္ဒိမာက ယခုလို မိန့်တော်မူသည်။

"အိမ်း... မင်းတုန်းရဲ့ ငယ်ဆရာ ငါလည်း သာသနာပိုင် မဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



မယ်သဲလည်း မိဖုရားခေါင်ကြီး မဖြစ်”

စကြာဒေဝီ မိဖုရားခေါင်ကြီး ဖြစ်လာသည့်အခါ သူ့ဘုန်းရိပ်ကို ခိုလှုံနေကြသူတွေ အထိုက်အလျောက် ကောင်းစားကြတော့သည်။ နန်းမတော် မယ်နု၏သမီး (ငယ်မည် မယ်သဲ) သည် မင်းတုန်းမင်း၏ အလယ်နန်းမိဖုရား ဖြစ်လာသည်။ နောင်တွင် ဆင်ဖြူမရှင်ဟု တွင်သည်။

စကြာမင်း၏ သမီးတော် ကန္တီထိပ်ခေါင်တင်၊ ပြည်မင်းသား၏ သမီးတော် ပြည်ထိပ်ခေါင်တင်၊ ပခန်းမင်းသား၏ သမီးတော် မြင်းခုံတိုင် ထိပ်ခေါင်တင်တို့သည် မင်းတုန်းမင်း၏ ကွမ်းတော်အုပ်ကိုင် ရာထူးဖြင့် မှန်နန်းတော်တွင် စားခွင့် ရကြသည်။

မြတောင်မင်းသမီး၏ သမီးတော်ကြီး မင်းမြတ်စိုး(သုစန္ဒာဝတီ)၊ သူ့ညီမတော် မင်းမြတ်လှ(သုကေသာဝတီ)နှင့် ပင်မြိုင်ခင်လေး (ဦးမောင် မောင်တင်၏ အစ်မ)တို့ကို မိဖုရားခေါင်ကြီး စကြာဒေဝီ၏ ကွမ်းအုပ်တော်ကိုင် အဖြစ် ခန့်ထားသည်။

ပြည်ထိပ်တင်တုတ်ကလေးကိုမူ (၁၂၂၂-ခုနှစ် အသက် ၁၈ နှစ်တွင်) မြင်းမူးမင်းသား ခန့်သည်။

မောင်ဘိုးလှိုင်ကို မင်းတုန်းမင်းနှင့် မိဖုရားခေါင်ကြီးတို့၏ မွေးစားသား အဖြစ် မင်းသားအဆောင်အယောင်နှင့် ယောမြို့စား ခန့်အပ်သည်။

ပခန်းမင်းသား၏ သမီးတော် ကောင်းတုံထိပ်ခေါင်တင်ကို မင်းတုန်းမင်း၏ ယောက်ဖတော် တပယ်မင်းသားနှင့် စုံဖက်ပေးသည်။

ညီတော်ကနောင်မင်းသားအား ‘သိရီပဝရ မဟာသုဓမ္မရာဇာ’ဘွဲ့ဖြင့် အိမ်ရှေ့မင်းသားအရာ အပ်နှင်းသည်။ ဒိပဲရင်း၊ တောင်တွင်းကြီး၊ ပဥ္စာငါးမြို့ စလေမြို့များကိုလည်း စားစေသည်။ ကနောင်မင်းသားကို သည်မျှ ချီးမြှောက် သည်မှာလည်း အကြောင်းရှိသည်။ ရွှေဘိုသို့ထွက်ပြီး ထီးနန်း လုပ်ကြသည့် အရေးတွင် ညီတော် ကနောင်မင်းသား၏ ဉာဏ်ရည်ထက်မြက်မှု၊ တိုက်ရည် ခိုက်ရည်ရှိမှု၊ နောင်တော်အတွက် အသက်စွန့် ကြိုးပမ်းမှုတို့ကြောင့်လည်း ယခုလို လျင်မြန်စွာ အောင်မြင်ခဲ့ရသည်။ ထိုကြောင့်လည်း မင်းတုန်းမင်းသည် ညီတော်ကနောင်မင်းသားကို အလွန် ယုံကြည်အားကိုးသည်။ ဝန်စုမှူးစုများကို သစ္စာပေးစဉ်က ‘ငါ့ အမှုတော်ကို အစွမ်းသတ္တိ ရှိသည့်အလျောက်ထမ်း၊ ငါ့



အမှုတော်ကလွဲလျှင် အိမ်ရှေ့မင်းအမှုတော်ကိုထမ်း’ ဟူ၍ ကနောင်မင်းသား အပေါ် သစ္စာစောင့်သိရန် ထည့်သွင်း မိန့်ကြားခဲ့သည်။ ကနောင်မင်းသားကား ဤမျှ အရှိန်အဝါ ကြီးမားခဲ့သည်။

သည်လို အရှိန်အဝါကြီးသည့် အိမ်ရှေ့စံ ကနောင်မင်းသားနှင့် အနောက်နန်း မိဖုရား မမြကလေးတို့၏ သမီးတော် လှိုင်ထိပ်ခေါင်တင်ကို မင်းတုန်းမင်းနှင့် မိဖုရားခေါင်ကြီးတို့က စုလျားရစ်ပတ် ပေးခဲ့ကြသည်။ မိဖုရားခေါင်ကြီးသည် လှိုင့်ကို ချစ်မြတ်နိုးလှသဖြင့် နောင်တစ်ချိန်တွင် မိဖုရားခေါင်ကြီး ဖြစ်လာစေရန် ယခုကဲ့သို့ အိမ်ရှေ့မင်းသားနှင့် လှိုင်ကို စုလျားရစ်ပတ်ပေးခြင်း ဖြစ်သည်။ သို့နှင့် လှိုင်သည် အသက် ၂၀ တွင် အိမ်ရှေ့မိဖုရား ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၆။ ခင်းတောင်းဘွာပြည် မန္တလေး၌အေးစိမ့်တည်

အမရပူရနန်းတွင်း၌ ကျန်ရစ်ခဲ့သော ဆွေတော်မျိုးတော်များ မှူးမတ်များလည်း မင်းတုန်းမင်းရှိရာ ရွှေဘိုသို့ ရောက်လာပြီး ဘုရင်သစ်ကို ခစားကြသည်။ ဦးရန်ဝေး၊ ဦးကောင်း၊ ဦးဘိုးလှိုင် စသူများလည်း ရာထူးသစ် တာဝန်သစ်ဖြင့် အမှုတော်ထမ်းကြပြီ။

မင်းတုန်းမင်းသည် ရွှေဘို၌ ခေတ္တစံနေစဉ်ကပင် နေပြည်တော် အမရပူရတွင် ပြည်ထဲရေး ခိုင်လုံအောင် ဆောင်ရွက်စေခဲ့သည်။ လယ်သမားများ နွေးမိုးမပြတ် လုပ်ကိုင်စားသောက်နိုင်ရန် ပထမဆုံး ကန်ခြောက်ကန်ကို ပြင်ဆင်စေခဲ့သည်။ မြင်းခွာတောင်ရှိ ကျောက်ဆည်တော်မှ မဟာနန္ဒာကန်တော် အရောက် ရေအသွားအလာများအောင် လုပ်စေသည်။ ပြွန်မနှင့် ရေသောက်ပြွန် အနိမ့်အမြင့် မညီမညာ ရှိသည်ကို ညီညာအောင် ညှိစေခဲ့သည်။

အမရပူရ နေပြည်တော် ပြင်ဆင်ပြီးသည့်အခါ မင်းတုန်းမင်းသည် ရွှေဘိုမှ ပြောင်းရွှေ့လာသည်။ နေပြည်တော်ပြန်ရောက်ပြီးနောက် မြေဒူးဘက်က မှုဆိုးကန်၊ ရွှေဘိုဘက်က ဝင်းဆည်ကန်၊ ရေနံ့သာဘက်က ပူဇော်ကန်တို့ကို ပြင်စေသည်။ လှေများ သွားလာကူးသန်းရ လွယ်ကူအောင် မြေဒူးအထက် စ၍ မူးမြစ်ထိအောင် တူးဖောက်စေသည်။ တောင်ဘက်ကိုးခရိုင်ရှိ ဆည်များ ကိုလည်း ဖို့စေသည်။

အုပ်ချုပ်ရေးဘက်တွင်လည်း ပြုပြင်ရေးများ စတင်သည်။ အမှုအခင်း



အစားအလိုက် ရုံးများ ကွဲကွဲပြားပြား ဖြစ်လာသည်။ ပြည်သူတို့ မနစ်နာစေရန် ရုံးစရိတ်များ သတ်မှတ်ပေးသည်။ အမှုသည်များထံမှ လာဘ်မယူရအောင် လည်း အမိန့်ထုတ်သည်။ အမှုများ မကြန့်ကြာစေရန် စီမံသည်။ မင်းတုန်းမင်း ကိုယ်တိုင် တစ်လလျှင် နှစ်ကြိမ်ကျ နန်းမြို့တွင်း လှည့်လည်၍ မိမိအား ဦးတိုက်လျှောက်ထားလိုသူများကို တွေ့ဆုံသည်။

တစ်ကြိမ်တွင် အဘွားအိုတစ်ယောက်သည် သူ့သား အသတ်ခံရသည့် အမှုနှင့် ပတ်သက်၍ လွှတ်တော်တွင် ကြန့်ကြာနေကြောင်း ဦးတိုက် လျှောက်ထားသည်။ အမှုမှာ သုံးလကြာနေပြီဖြစ်ကြောင်း စုံစမ်း သိရှိရသည်။ ထို့ကြောင့် မြန်မာ့ဓမ္မသတ်အရ အသတ်ခံရသူက ရသင့်သော ကိုယ်ဖိုးငွေ သုံးရာအပြင် လွှတ်တော်စီရင်ချက် ကြန့်ကြာသည့်အတွက် ဒဏ်ငွေ တစ်ရာ ငါးဆယ်၊ ပေါင်းလေးရာ့ငါးဆယ် လွှတ်တော် ဥက္ကဋ္ဌဖြစ်သူ ကနောင်မင်းသား ဝန်ကြီး လေးဦး၊ ဝန်ထောက်လေးဦးတို့ စု၍ တရားလိုအား ပေးရမည်ဟု မင်းကြီးက အမိန့်ချမှတ်ခဲ့သည်။

ပြည်သူ့ဘက်က ဤသို့ ဆောင်ရွက်ခြင်းဖြင့် မင်းတုန်းမင်းသည် အမရပူရ ပြည်တော်သားများ၏ လေးစား ကြည်ညိုမှုကို ရသည်ထက် ရလာသည်။

“သည်မင်း လက်ထက်မှာလောက် ဘယ်တုန်းကမှ အေးအေးချမ်းချမ်း မနေရဖူးသေး”ဟု ပြောသူတွေပင် ရှိသည်။

သို့သော် မင်းတုန်းမင်းသည် အမရပူရ နေပြည်တော်ကို စွန့်ခွာ၍ နန်းသစ် မြို့သစ်တည်ထောင်လိုစိတ်များ ဖြစ်ပေါ်လာသည်။ အဘယ် ကြောင့်နည်း။

အမရပူရသည် အင်္ဂလိပ်ကို အရှုံးပေးခဲ့ရသော မင်းနေပြည်တော် ဖြစ်ခဲ့သည်။ သည်အမရပူရမှာပင် နောင်တော် ပုဂံမင်း၏တပ်နှင့် မိမိတပ်များ တိုက်ခိုက်ခဲ့ကြသည်။ တိုက်ပွဲကြောင့် လူသူအများအပြား အသက်ဆုံးရှုံးခဲ့ ရသည်။ သည်နေရာကို မင်းတုန်းမင်း စိတ်ထဲ၌ မသိုးမသန့် ဖြစ်နေသည်။ ပြီးတော့ အမရပူရသည် မြို့ကွင်းမြို့ကွက် ကျဉ်းမြောင်းလှသည်။ သုံးဘက် သုံးတန်စလုံး ရေပြင်ကျယ်ကြီး ဝိုင်းရံနေသည်။ အမရပူရနေပြည်တော်သို့ ဝယ်ရာတို့ သံအဖွဲ့လာစဉ်က သံတမန်သင်္ဘောသည် နန်းတော်ပေါ်သို့ပင်

www.burmeseclassic.com



မိုးနေသယောင် ထင်ရသည်။ အကယ်၍သာ အင်္ဂလိပ်ရေတပ် ကြီးသည် နေပြည်တော်အထိ ချဉ်းကပ်လာမည်ဆိုပါက မြန်မာ့ထီးနန်းအတွက် ရတက် မအေးစရာပင်။ ထို့ကြောင့် မင်းတုန်းမင်းသည် အမရပူရ နေပြည်တော်က စွန့်ခွာ၍ မြို့သစ်နန်းသစ် တည်ထောင်လိုခြင်းပင် ဖြစ်သည်။

သည်အချိန်မှာပင် . . .

'မကြိုးစတောင်၊ ထွတ်မင်းလောင်း၊ မင်းကောင်းရွာပြည်၊
မန္တလေးဦ အေးစိမ့်တည်၊ လေးမည်ကျွန်းကို၊ ဖြူဝန်းမိုး၍
အစိုးရတော်မူလိမ့်။'
'အသက်ကလေးရှည်စေလို၊ မန်းတောင်ရိပ်ခို'

စသဖြင့် တဘောင်များ ပေါ်လာသည်။[၁]

ထိုခေတ်သည် သိုက်တဘောင် အစဉ်အလာရှိသော ခေတ်ဖြစ်ရ မင်းတုန်းမင်းအား မြို့သစ်နန်းသစ် တည်ဖြစ်အောင် နှိုးဆော်သကဲ့သို့ဖြစ်သည်။

"ငါ ဘုရင်မင်းမြတ်သည် မန္တလေး သာသနာသိုက်စဉ် အထွက်အဆို များနှင့် မန္တလေးအရပ်တွင် သာသနာတော် အတိုင်းထက်အလွန် စည်ပင် ပွင့်လင်းစေခြင်း အကြောင်း၊ အမျိုးလေးပါးပြည်သူ သတ္တဝါအပေါင်းတို့ ချမ်းသာစီးပွားများသဖြင့် ခိုမှီရာ ဖြစ်စေခြင်းအကြောင်းများကို ရည်တော်မူ ပြီးလျှင် မန္တလေးအရပ်သို့ ပြောင်း၍ မဟာရာဇဓာနီ မင်းနေပြည်တော်ကြီး အသစ် တည်ထောင်ဖန်ဆင်းတော်မူ၍ ထီးနန်းကနက် စိုက်ဆောက် စိုးစံတော် မူသည်။ မြို့နန်းတည်သင့် မတည်သင့်များကို တံဆိပ်ရ ဆရာတော်သံဃာတော် တို့ကို အသီးသီး လျှောက်ထားစေ"[၂]

ပခန်းဝန်ကြီး ဦးရန်ဝေးသည် မင်းတုန်းမင်း၏ အမိန့်တော်အရ ရဟန်း ပညာရှိ၊ ပုဏ္ဏားပညာရှိ၊ လူပညာရှိများထံ လျှောက်စာတင်သည်။

သာသနာပိုင်ဆရာတော်၊ ညောင်ကန်ဆရာတော်၊ ကတိုးဆရာတော်၊ ပုသိမ်ဆရာတော်၊ ခွေးချိုဆရာတော်၊ တိလောကဓဇဝိဘင်္ဂဒီမဟာဓမ္မရာဇိရာဇဂုရု ဆရာတော် စသည်တို့က ဘုရင့်အလိုတော်ကို ထောက်ခံလျက် စာသွင်း တော်မူကြသည်။

၁။ အရှင်ကောလာသ ဓမ္မစရိယဂဏဝါစက၊ မန္တလေးသာသနာဝင်၊ ပထမတွဲ၊ စာ-၃၄
၂။ ကုန်းဘောင်မဟာရာဇဝင်တော်ကြီး၊ တတိယအုပ်၊ စာ-၂၃၈



သို့သော် ပထမဘုံကျော်ဆရာတော် (ပုဂံဝန်ထောက်ဦးတင်၏ငယ်ဆရာ) က အတိအလင်း ကန့်ကွက်တော်မူသည်။ ဆရာတော်က နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများကို လေးလေးစားစား သုံးသပ်ရန် ညွှန်ပြတော်မူသည်။ ပြီးတော့ မြို့တော်ကို ခဏခဏမပြောင်းသင့်၊ ခဏခဏပြောင်းခြင်းဖြင့် ဆိုးခွက် စလောင်းပါမကျန် ကွဲတတ်သကဲ့သို့ ဘုရင်နှင့် နိုင်ငံတော်အဖို့လည်း ဆိုးကျိုးကြီးလေးခြင်း၊ အချိန်ကုန်လူပန်းခြင်း ဖြစ်မည်ဟု မိန့်တော်မူသည်။

ယင်း ဆရာတော်အပြင် ဆရာတော် ရှင်စန္ဒိမာ၊ ပြည်ဆရာတော်ရှင် မဓာလင်္ကာရ၊ ခင်မကန်ဆရာတော်တို့လည်း ကန့်ကွက်ကြသည်။ ကနောင် မင်းသားကလည်း မြို့သစ်တည်သည်ကို သဘောမကျပေ။

ရာမကြီးဆိုသူ ပုဏ္ဏားပညာရှိက ဗေဒင်ကိန်းခန်းကို အကြောင်းပြ၍ ကန့်ကွက်သည်။ ဖွတ်အတင်း မြို့တည်လျှင် ရွှေနန်းတော်ကို မိုးကြိုးခလိမ့်မည်ဟု ထွက်ဆိုသည်။ ရာမပုဏ္ဏားကို မိုးကောင်းသို့ ပို့လိုက်တော့သည်။

နောက်ဆုံးတွင် ကန့်ကွက်ချက်များ မထိရောက် မအောင်မြင်ခဲ့ပေ။ အကြာခင်မှာပင် မြို့နန်းပြောင်းရန် အမိန့်ထွက်လာသည်။ မင်းတုန်းမင်းသည် ပြည်သူတို့ကို မနစ်နာစေလို၊ အကာအကွယ်ပေးသည့်အနေဖြင့် အောက်ပါ အချက်ကို ထည့်သွင်းပေးခဲ့သည်။

"အရပ်ရပ်လုပ်ဆောင်ချက်များမှာ ဆင်းရဲသားများအား အထိအပါး မရှိစေနှင့်။ ငွေတော်ထုတ်ပေး လုပ်ဆောင်စေ . . ."

သို့ဖြင့် မန္တလေးတောင်ကို အဦးထား၍ တောင်ဘက်ကို ဒုဋ္ဌဝတီမြစ် (မြစ်ငယ်)အထိ၊ မြောက်ဘက်ကို မတ္တရာမြစ်အထိ၊ အနောက်ဘက်ကို ဧရာဝတီ မြစ်အထိ၊ အရှေ့ဘက်ကို နတ်ထိပ်တောင်ရိုးအထိ ရတနာပုံ ရွှေမြို့တော် ယံနိမိတ် သတ်မှတ်သည်။ ပြီးတော့ သည်နေရာကား နန်းတော်၊ သည် နေရာကားမြို့ စသည့် နန်းရာ၊ မြို့ရာများကို မင်းတရားကြီးကိုယ်တိုင် သတ်မှတ်ပိုင်းခြားတော်မူသည်။ သက္ကရာဇ် ၁၂၁၈-ခုနှစ် တပို့တွဲလဆန်း ၈ ရက် တနင်္ဂနွေနေ့နံနက်တွင် တောခုတ်ထွင် စင်ကြယ်သန့်ရှင်းစေတော်မူသည်။ ဆက်လက်၍ မြေညှိကြသည်။ ရတနာပုံရွှေမြို့တော်၊ နန်းမြို့တော် စသည် အပိုင်းအခြားများကို သတ်မှတ်သည်။ ဆက်လက်၍ လုပ်ဆောင်တော်မူရာ မြို့နန်းမပြီးမီ စံနေတော်မူရန် နန်းမြို့တော်ရာအတွင်း အနောက်မြောက်ထောင့်

www.burmeseclassic.com

www.burmeseclassic.com



အရပ်တွင် ယာယီစံနန်းတော်ကို ဆောက်လုပ်သည်။

မန္တလေးမြို့တော်အတွင်း စံနန်းတော်၊ အောက်အိမ်၊ တိုက်တန်း တင်းကုပ်ဆောက်လုပ်ပြီးစီးပြီဖြစ်၍ အမရပူရမြို့တော်မှ မန္တလေးဘောင်ခြေ ယာယီ စံနန်းသို့ ပြောင်းရွှေ့ခဲ့သည်။ မင်းတုန်းမင်းသည် မိဖုရားခေါင်ကြီးနှင့်အတ တိမ်ဦးလရောင် ဆင်မတော်ကို စီး၍ မိဖုရားများ၊ မှူးမတ်များကိုပါ တစ်ပါတည် ခေါ်ဆောင်လာသည်။ တစ်ချိန်တည်းမှာပင် အမရပူရမှ ရဟန်းသံဃာများ အမှုထမ်းများ၊ ကုန်သည်များ၊ ဆင်းရဲသားများလည်း ထက်ကြပ်မကွာ လိုက်ပါပြောင်းရွှေ့ခဲ့ကြသည်။ ယခုလို ပြောင်းရွှေ့လာသည်မှာ မြို့တည် လုပ်ငန်း စတင်သည်မှ ခြောက်လမျှ အကြာတွင် ဖြစ်သည်။

မြို့တော်တည်ဆောက်ရာတွင် ရွှေမြို့တော်ကြီး၊ ကျုံးတော်၊ မဟာ လောက မာရဇိန်စေတီတော်၊ သိမ်တော်ကြီး၊ မဟာအတုလဝေယန်ကျောင်းတော် ပိဋကတ်တိုက်တော်၊ သုဓမ္မာစရပ် ဟူသော ခုနစ်ဌာနကို တစ်ပြိုင်တည် ပန္နက်ချ တည်ဆောက်သည်။ ရွှေမြို့တော်ခုနစ်ဌာနတည်သည့် အချိန်အခါ သမယတွင် ထောင်တန်း အကျဉ်းကျခံနေရသူတို့ကို အားမဲ့ပေးတော်မူသည်။

မြို့တော်ကို မင်းတုန်းမင်းကြီး စတင် တည်ဆောက်သောအခါ အလျားအနံ ၁၂ ပြစီရှိသော စတုရန်းကွက်ကြီးကို အုတ်ရိုးဖြင့် ကာရံလျက် 'လေးကျွန်းအောင်မြေ'ဟု မြို့တော်အမည် ပေးခဲ့သည်။ မြို့တော်၏ အလယ် တည့်တည့် ၁၆ ပြကို ယူ၍ နန်းတော်ကို ဆောက်လုပ်သည်။ ထိုနန်းတော်ကို 'မြနန်းစံကျော်'ဟု အမည်ပေးသည်။ မြို့တော်လေးပြင်လေးရပ်တို့၌ ရပ်ကွက် ပေါင်း စတုရန်းကွက်ကျကျ ၅၄ ကွက် ဖွဲ့စည်းသည်။ မင်းတရားကိုယ်တော် တိုင် တိမ်ဦးလရောင် ဆင်မတော်ကိုစီးလျက် သည်လုပ်ငန်းကို ကြည့်ရှုတော် မူသည်။

မြို့တော်တည်ဆောက်ရေးတွင် ကြိုးပမ်းကြပုံမှာ အားရစရာပင် တူးရှင်း၊ ပေါက်ပြားတို့ဖြင့် တူးသူတူး၊ မြေသယ်သူသယ်၊ လမ်းဖောက်သူ ဖောက်၊ တက်ညီလက်ညီ ရှိလှသည်။ ဖုန်တထောင်းထောင်း ကြားတွင် လည်းဖြင့် အုတ်သယ်သူသယ်၊ တိုင်ထူသူထူ၊ အမိုးအကာ ထည့်သူထည့် ပြာသာဒ်ဒုယင် တင်သူတင်၊ ရေမြောင်း ဖောက်သူဖောက်၊ ကဏ္ဍအလိုက် အလုပ်လုပ်နေကြသည်။ တည်ဆောက်ရေး လုပ်ငန်းများတွင် မွန်မြန်မာ



ဗိသုကာပညာရှင်များ ပါဝင်ကြသည်။

မြို့တော်သစ် ပုံပန်းသဏ္ဌာန်ကား ပီပြင်လာပေပြီ။ အုတ်မြို့ရိုးနီနီကို ရေကျုံးပတ်လည် ဝန်းရံထားသည်။ ကျုံးထဲတွင် ကြာမျိုးငါးပါး ဖူးပွင့်ဝေဆာ လို့။ ကရဝိတ်ဖောင်တွေ၊ ခတ်လှေ၊ လှော်လှေတွေကလည်း ဟိုမှသည်မှ ညင်ညင်သာသာ သွားလာနေကြသည်။ မြို့ရိုးတွင်းသို့ ဝင်ရန် တစ်ဖက်လျှင် တံခါးသုံးပေါက်ကျ စီဖောက်လုပ်ထားသည်။ တံခါးရှေ့တွင် မော်ကွန်းတိုင် နီနီကို စိုက်ထူထား၏။ တိုင်ထိပ်တွင် ရွှေစာလုံးဖြင့် တံခါးအမည်ကို ရေးထိုးထားသည်။

မြို့ပြင်လေးရပ်ကို မြောက်ဘက်မှ အရှေ့ဘက်၊ တောင်ဘက်၊ အနောက် ဘက် အစီအစဉ်အတိုင်း ရွှေကျင်ကျောင်းတိုက်၊ မိုးထိကျောင်းတိုက်၊ ပြည်တိုက်၊ မိုးကောင်းတိုက်၊ စလင်းကျောင်းတိုက်၊ သင်္ဂဇာကျောင်းတိုက် စသဖြင့် ဘုန်းကြီးကျောင်းများ ဝိုင်းရံ တည်ဆောက်သည်။

ပြီးတော့ အရှေ့မြောက်ဘက် ခပ်လှမ်းလှမ်းတွင် မတ္တရာမှ ကျုံးအရောက် ဖောက်လုပ်ထားသည့် ရတနာနဒီတူးမြောင်း၊ သည်တူးမြောင်းကမ်းခြေတွင် မှူးမတ်များက ကိုယ်စီတာဝန်ယူပြီး ဥယျာဉ်နှစ်ဆယ် ပြုစုမျိုးထောင်ကြရသည်။ ဤတွင် မင်းကြီးဦးကောင်းက သူ့ခြံအတွက် အုန်းပင်မျိုးကောင်းမျိုးသန့်များ ရလိုသည်။ ထို့ကြောင့် မြောက်ထားဝယ်ဗိုလ် မောင်ပိန်ထံမှ မျှတပါရန် တောင်းသည်။ ဦးကောင်းနှင့် မောင်ပိန်တို့သည် မင်းတုန်းမင်း၏ အိမ်တော် ပါများဖြစ်၍ အလွန် ရင်းနှီးခင်မင်ကြသည်။ ဗိုလ်ပိန်ထံမှ အုန်းပင်ပေါက်များ ပေါ်မလာသဖြင့် ဦးကောင်းက လေ့တော်သံအလိုက် ယခုလို စာချိုးပြီး ပို့လိုက်သည်။

သွေ့ယွန်းလို့
ရွှေခွန်းလေမမှန်မကန်
ပွေလွန်းလှပြန်၊
စိုက်ပျိုးရန်သစ်ပင်ပေးမယ်လို့
ရှေးလေးဆိုရှာတဲ့
သူ့နှုတ်သံ–သွေဖောက်ပြန်၊
ဗိုလ်များမှန်ပိန်တာတူးရယ်

www.burmeseclassic.com

www.burmeseclassic.com



ဖျောက်ဘူးနော်ငယ်ကညာဏ်

ဆယ်ဆဖန်။

ဗိုလ်ပိန်သည် နာမည်နှင့်လိုက်အောင် ပိန်လှီသည်။ အုန်းပင်များ
ပေးမည်ဆိုပြီး ကတိပျက်ပြယ်သည်။ ငယ်ကျင့်ကို ယခုတိုင်မဖျောက်ဘ
ဆယ်ဆကဲနေသည်ဟု ဦးကောင်းက ကလိလိုက်သည်။ သည်လို ကလိသည်ကို
ဗိုလ်ပိန်က မခံချင်။ သို့နှင့် နန်းတော်တွင် လက်ဖက်ရည်တော်မှူးအဖြစ်
ထမ်းရွက်နေသော စလေဦးပုညအား စာစပ်ခိုင်းပြီး ဦးကောင်းထံ ပို့လိုက်သည်

ချဲ့ဟောင်းမို့

နွဲ့နှောင်းလေးကြင်ရန်ဆင်ကြန်

ဆယ်မီးလောက်လှန်

သိမ်းမွေခံ–လုံအမတ်က

မိုးနတ်စွဲစိတ်ထင်

အူလိုက်ချင်။

အပြစ်တင်စာမစုပါနှင့်

လာလုပြီမျှော်လို့နေ

ဒေါ်အို့ဖေ။

ကွယ်လွန်သူဦးဘိုး၏ဇနီးဟောင်း ဆယ်မီးလောက်လှန်ပြီး သူကို
အလုံဝန်မင်း(ဦးကောင်း)က သိမ်းကြုံးအမွေခံပြီးနောက် ထိုဆင်ကြန်မယ်ကို
အဝန္တရာ နတ်သမီးကလေးတမျှ ယုယနေသည်မှာ အ၍ အူ၍ ဖြစ်သည်
သူတစ်ပါးကို အပြစ်တင်စာမရေးပါနှင့်။ အုန်းပင်ပေါက်များ မကြာမီ ရောက်
လာမည်ကို အဘွားအိုကြီး၏ လင်တော်မောင်က မျှော်လို့သာနေပါတော့ဟု
ပြန်ရေးလိုက်သည်။

နောက်တစ်နေ့တွင် ဗိုလ်ပိန်ထံမှ အုန်းပင်ပေါက် ၁၀၀၊ ကွမ်းသီးပင်ပေါက်
၁၀၀ စသည်ဖြင့် ဦးကောင်းအိမ်သို့ အပို့ရောက်လာသည်။ ဤတွင် ဦးကောင်း၏
ဇနီး ဆင်ကြန်မယ်က ယခုလို ပြောသည်။

"တကတဲတော်၊ ဗိုလ်မင်းက သစ်ပင်ပေးတာနှင့်မှ မတန်ဘူး
တွေ့ကရာတွေ လျှောက်ရေးပေးလိုက်လို့ မနေ့က နန်းတော်ဗိုလ်ရှုခံမှာ
သူ့စာကို ဖတ်ပြီး တဟားဟားနဲ့ ရယ်မောနေကြသတဲ့။ ရှက်စရာကြီး



သူတို့အချင်းချင်းသာ ရေးဖို့ကောင်းတာ၊ ကျွန်မကို ထည့်ရေးဖို့ မကောင်း
ပါဘူး။ ဗိုလ်မင်းပို့လိုက်တဲ့ သစ်ပင်ကလေးတွေ ကြည့်လို့ကောင်းကြောင်း
ပြောပြလိုက်ပါ"

ဝန်ကြီးများ ဥယျာဉ်ခြံ ပြုစုပျိုးထောင်ရင်း ယခုလို ရယ်ပွဲဖွဲ့စရာ
ဖြစ်ရပ်လည်း ပေါ်ပေါက်ခဲ့သည်။

မြို့ပြင်ရပ်ကွက်များအနက် မြောက်ပြင်က အနည်းငယ်ကျဉ်းသည်။
တောင်နန်းမတော် ဖုရားဝင်း၊ မြောက်နန်းမိဖုရားဝင်း၊ မြင်ကွန်းမင်းသားဝင်း၊
ထိမ်းမင်းသားဝင်း၊ နန်းမြေဘုံသာစံနန်းတော်နှင့် ယာယီလွှတ်တော် စသည့်
အဆောက်အအုံများ ရှိသည်။

အရှေ့ပြင်တွင် ကသည်းမြင်းဝန်မင်း၊ စီးတော်မြင်းဝန်မင်း၊ မြင်းနှင့်
ဆိုင်သော အမှုထမ်းများ နေထိုင်သည့်အိမ်ရာများ ရှိသည်။

တောင်ပြင်နှင့် အနောက်ပြင်တွင်မူ လူနေအိမ်ခြေ စည်ကား၏။
တောင်ပြင်တွင် မင်္ဂလာဈေး၊ ယိုးဒယားဈေး (ယခင် အခေါ်အတိုင်း)၊
ရဟိုင်းဈေး၊ ရွှေချည်ထိုး၊ ရွှေဆိုင်းချ၊ မြင်းကုန်းနီးချုပ်၊ အထည်ရက်၊
ဓန်ချက်၊ မုန့်စီ စသော လုပ်ငန်းများကိုလည်း လုပ်ငန်းအလိုက် နေရာချ
ထားသည်။

မြို့တော်သစ်နှင့် ပတ်သက်၍ မန္တလေးဟူသော အမည်ကို မိုင်းခိုင်
ဆရာတော်က 'အသရေကို ဆောင်တတ်၏။ ထိုသို့ ကျက်သရေကို ဆောင်
တတ်သော သတ္တိကြောင့် မန္တလေးမည်၏'ဟူ၍ ကောက်ယူတော်မူသည်။

မြို့တည်နန်းတည် မင်းတုန်းမင်းတရားကြီး၏ သမ္မာဆန္ဒတော်မှာမူ
'ဤရတနာပုံရာဇဌာနီ မြို့တော်ကြီးတွင် ရွှေငွေအစရှိသော လောကီရတနာမျိုး၊
ဘုရား၊ တရား၊ သံဃာ၊ သဒ္ဓါ၊ သီလ စသော လောကုတ္တရာ ရတနာမျိုးတို့
ပြည့်စုံခြင်းကို ရည်ရွယ်တော်မူသည်။

မည်သို့ အနက်အဓိပ္ပာယ် ကောက်ယူသည်ဖြစ်စေ ရတနာပုံမန္တလေး
သည် ရွှေနန်းတော် ပြာသာဒ်၊ စုလစ်မွန်းချွန်၊ မြို့ရိုး၊ ကျုံး၊ ပစ္စင်၊ မြို့အိုး
စုံလင်စွာဖြင့် ခမ်းနားထည်ဝါသော နေပြည်တော်ကြီး ဖြစ်လာခဲ့ပေပြီ။

မြနန်းစံကျော်ရွှေနန်းတော်တွင်း၌လည်း မင်းနှင့်မိဖုရား၊ မင်းညီမင်းသား၊
မင်းသမီးများသည် ခြွေရံသင်းပင်းတို့ဖြင့် ဝင့်ထည်လှပါဘိ။ မှူးမတ် သေနာပတိ

www.burmeseclassic.com

www.burmeseclassic.com



တို့မှာလည်း ဖောင်းနားဒေါင်း ရွှေစလွယ်တွေနှင့် တင့်တယ်လို့ နေသည်၊ ရဟန်းရှင်လူ ပြည်သူအများတို့သည်လည်း သွားလာလှုပ်ရှား လွန်စည်ကား၏၊ ဖောက်ကား ရောင်းဝယ် စီးပွားကြွယ်ကြ၏။ သည်တော့ ပြောသံ၊ စည်သံ တစ်ရုံမစဲအလှူပွဲတွေ သာလွန်းလှပါပကော။

## ၇။ ဘုရင့်တစ်မထော်၊ သဘောနှင့်ငွေဒင်္ဂါးစက်ရုံ

ကနောင်မင်းသားသည် လှိုင် မင်းသမီး၏ သက်ဆုံးတိုင်ကြံရွယ်သည့် ရွှေစံပယ်ကုံး ဖြစ်လာခဲ့ပေပြီ။ လှိုင့် စိတ်ကူးယဉ်အိပ်မက်များ အမှန်တကယ် ဖြစ်လာခဲ့သည်။ ကနောင်မင်းသားသည် လှိုင့်ကို မြတ်နိုးသည်။ ယုယသည်။ ကြင်နာသည်။ လှိုင့်အဆောင်တော်မှလွဲ၍ မည်သည့်အဆောင်သို့မျှ မသွား။ သည်တော့ လှိုင်တို့၏ အိမ်ထောင်ရေးခရီးမှာ ပန်းခင်းသောလမ်း ဖြစ်ခဲ့သည်။ သူတို့၏ ချစ်ဗိမာန်ကလေးမှာ ပျော်ရွှင်ကြည်မွေ့ဖွယ်၊ သာမောဖွယ်အတိ ဖြစ်ခဲ့၏။ သာယာသော အိမ်ထောင်ရေးခရီးမှာ ချစ်စခင်စ ကြင်နာစတွင်သာ ဖြစ်၏။ ချစ်ရက် ရှည်လျားလာသည့်အခါတွင်ကား လှိုင့် အိပ်မက်များ ပျက်ပြယ်သွားရသည်။

သည်လို ဖြစ်ရသည်မှာလည်း အကြောင်းတွေက ရှိနေသည်။ ကနောင်မင်းသားသည် ယောကျ်ားတို့၏ ဘဝအခြေအနေအားဖြင့် လွတ်လပ်မှုကို လိုလားသည်။ အချုပ်အနှောင် မခံလို။ သူ့အဖို့ ချစ်ရေးချစ်ရာသည် သူ့ဘဝ လုပ်ငန်းဆောင်တာတွေထဲက တစ်ခုအဖြစ်သာ ပါဝင်သည်။ သည်တစ်ခုတည်း မှာပင် ကနောင်မင်းသား ချစ်ရသူမှာ အိမ်ရှေ့မိဖုရား လှိုင် တစ်ယောက်တည်း မဟုတ်ပေ။ မင်းသားတို့ ထုံးစံအတိုင်း လှိုင်နှင့် စုလျားရစ်ပတ်ခြင်း မပြုမီ ကတည်းကပင် ကိုယ်လုပ်တော်များ ထားရှိခဲ့ပြီး ဖြစ်သည်။ သားသမီးများပင် ပွားစီးလို့နေပြီ။ သည်လို ကိုယ်လုပ်တော် တွေကများသည့်အတွက် ချစ်ရေး

www.burmeseclassic.com

www.burmeseclassic.com



ချစ်ရာတွင် လှိုင် တစ်ဦးတည်း မူပိုင် မဖြစ်နိုင်ပေ။

ပြီးတော့ ကနောင်မင်းသားတွင် ချစ်ရေးချစ်ရာအပြင် အခြား လုပ်ဆောင်စရာတွေ အများကြီးရှိနေသည်။ သူသည် အိမ်ရှေ့မင်းသားကြီး ဖြစ်၏။ နိုင်ငံတော်၏ အရေးများတွင် စိတ်ရောကိုယ်ပါ နှစ်ပြီးဆောင်ရွက်နေသဖြင့် လှိုင့်အပါးမှာချည်း နေချိန်မရ ဖြစ်နေသည်။

ကနောင်မင်းသားသည် ဇာတိသွေးဇာတိမာန် ထက်သန်သည်။ အမြော်အမြင် ကြီးသည်။ ထက်ထက်မြက်မြက်လည်း ရှိသည်။ အောက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ မတရားသိမ်းပိုက်လိုက်သည့်အတွက် နာကြည်းနေသည်။ မြန်မာမင်းပိုင်နယ်မြေများ ဆုံးရှုံးလိုက်ရသဖြင့် မိမိတို့၏ ဘဝဖြစ်ရပ်မှန်ကိုလည်း သိရှိနေပြီ ဖြစ်သည်။ ထို့ကြောင့် မိမိတို့ထက် သာလွန်တိုးတက်နေသော နယ်ချဲ့တို့နှင့် ယှဉ်ပြိုင်နိုင်ပြီး လွတ်လပ်သော နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လိုသောဆန္ဒ ပြင်းပြလျက်ရှိသည်။

သည်အတွက် နိုင်ငံတော်ကို အဘက်ဘက်မှ တိုးတက်သော ခေတ်မီနိုင်ငံအဖြစ်သို့ ပြောင်းလဲရန် လိုအပ်နေပြီဖြစ်ကြောင်း သဘောပေါက်သည်။ နေပြည်တော်ရှိ ခေါင်းဆောင်များကလည်း ကနောင်မင်းသားနှင့် သဘောထားကိုက်ညီကြသည်။ သို့နှင့် ကနောင်မင်းသားက ဥက္ကဋ္ဌ၊ ဦးဘိုးလှိုင်က အတွင်းရေးမှူးအဖြစ် တာဝန်ယူ ဆောင်ရွက်ကြသည်။ နိုင်ငံတော် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများမှာ မင်းတုန်းမင်း၏ ဆောင်ရွက်ချက်များဟု သိမှတ်ကြသော်လည်း အမှန်စင်စစ် တက်တက်ကြွကြွ အားသွန်ခွန်စိုက်ဆောင်ရွက်သူမှာ ကနောင်မင်းသားသာလျှင် ဖြစ်သည်။ ကနောင်မင်းသား၏ ကြိုးပမ်းချက်ကြောင့် ရတနာပုံနေပြည်တော်ဝန်းကျင်တွင် စက်ရုံပေါင်း ၅၀ ကျော် တည်ဆောက်နိုင်ခဲ့ခြင်း ဖြစ်သည်။ သည်လို ဆောင်ရွက်နေရသဖြင့်လည်း လှိုင့်ထံ မရောက်ဟုဆိုက မှားအံ့မထင်။

ဦးစွာ နိုင်ငံတော်ကာကွယ်ရေးအတွက် မြန်မာ့တပ်မတော်ကြီးကို ခေတ်မီ တပ်မတော်ကြီး ဖြစ်စေရန် ကနောင်မင်းသားကိုယ်တိုင် မနားမနေ အားသွန်ခွန်စိုက် ကြိုးပမ်းသည်။ ရှေးယခင်အခါများက စစ်ပွဲတစ်ပွဲဖြစ်ခါနီးမှ ဆိုင်ရာမြို့ရွာများသို့ ဆင့်ခေါ်ကာ လူသူအင်အား စုဆောင်းသည်။ အရေးပေါ်တပ်များ ဖွဲ့ပြီး ချီတက် တိုက်ခိုက်စေသည်။ စနစ်တကျ လေ့ကျင့်ထားခြင်း



မရှိသော တပ်များဖြင့် စစ်တိုက်ခဲ့ရသောကြောင့် ပုဂံမင်းလက်ထက်တွင် မြန်မာတို့ စစ်ရှုံးခဲ့ရသည်။ သည်အချက်ကို သင်ခန်းစာ ယူပြီး အမြဲတမ်းဘပ်မတော်တစ်ခုကို စတင် တည်ထောင်သည်။ ပြင်သစ်နှင့် အီတလီနည်းပြဆရာများ၏ အကူအညီဖြင့် စစ်ချီ စစ်တက်များကို သင်ကြားလေ့ကျင့်စေသည်။ ဤသို့ဖြင့် မင်းတုန်းမင်းနန်းတက်ပြီး ၂ နှစ်အတွင်းမှာပင် မြန်မာ့တပ်မတော်အခြေအနေမှာ အတော်ပင် တိုးတက်ကောင်းမွန်လာသည်။

သည်လို ကြိုးပမ်းနေခိုက် အင်္ဂလိပ်တို့၏ စစ်အင်အားကိုလည်း ချက်ခြည်မပြတ်စေရန် အားထုတ်သည်။ ရန်ကုန်ထုတ် 'ရန်ကုန်ခရော်နီကယ်သတင်းစာ'နှင့် ကာလကတ္တားထုတ် 'ကာလကတ္တား ခရော်နီကယ်သတင်းစာ'များကိုမှာယူပြီး ဘာသာပြန်ကာ လေ့လာကြသည်။ သတင်းများကို မြန်မာဘာသာသို့ ပြန်ဆိုပေးသူများမှာ များသောအားဖြင့် အာမေနီယံလူမျိုးများဖြစ်ကြသည်။ အချို့မှာ ကုန်သည်များဖြစ်သည်။ အချို့ကျတော့ နန်းတော်တွင် အမှုထမ်းရွက်နေသူများ ဖြစ်ကြသည်။

**လက်နက်စက်ရုံများ**

ခေတ်မီ တပ်မတော်ကြီးကို ခေတ်မီလက်နက်များ တပ်ဆင်ရန်အတွက် သက်နက်စက်ရုံများ တည်ဆောက်ရန် လိုအပ်သည်။ သို့နှင့် စစ်ကိုင်းဘက်တွင် လက်နက်စက်ရုံကြီးနှစ်ရုံ တည်ဆောက်သည်။ နေပြည်တော် အမရစံခေါ်ရပ်ရွှေတစ်ချောင်းကမ်းပါးတွင်လည်း အမြောက်လက်နက်စက်ရုံကြီး တည်ဆောက်သည်။

စက်ရုံများ တည်ဆောက်ရာတွင် ကနောင်မင်းသားကိုယ်တိုင် အုတ်မြစ်ချပေးသည်။ စက်ရုံဆောက်လုပ်ရေး၊ အုပ်ချုပ်ရေး စသည်တို့အတွက် အောက်မြန်မာနိုင်ငံရှိ ကျွမ်းကျင်သော နိုင်ငံခြားသားများကို ခေါ်ယူခန့်ထားသည်။ စက်ရုံကြီးကြပ်ရေးတွင် ကနောင်မင်းသားနှင့်အတူ ယောအတွင်းဝန် ဦးဘိုးလှိုင်၊ မြဲတောင်ဝန်ကြီး ဦးမှို၊ ဗန်းမော်ဝန်တို့ ပါဝင်ကြသည်။

နိုင်ငံခြားသား ပညာရှင်များအား လခ ၄၀၀ ကျပ်မှ ၆၀၀ ကျပ်အထိ ပေးသည်။ ခရီးစရိတ်လည်း ပေးသည်။ သို့သော် နိုင်ငံခြားသားများထဲမှ အချို့သည် သစ္စာမရှိကြပေ။ အင်္ဂလိပ်သူလျှို လုပ်ကြသည်။ အချို့သည်

www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားများကို နှိပ်စက် ညှဉ်းပန်းကြသည်။ နိုင်ငံခြားသားများကို ငှားရမ်းလုပ်ကိုင်စေခြင်းသည် ငွေကုန်ကြေးကျများသလောက် လုပ်ငန်း မတွင်ကျယ်ကြောင်း တွေ့လာရသည်။ ထို့ကြောင့် ကနောင်မင်းသားသည် လုပ်ငန်းမတတ်ကျွမ်းသေးသော မြန်မာများ တတ်ကျွမ်းလာစေရန် စီစဉ်သည်။ အချို့ကို စက်ရုံအတွင်း၌လည်းကောင်း၊ အချို့ကို မိမိ၏ မင်္ဂလာအိမ်တော်၌လည်းကောင်း ပညာသင်ယူစေသည်။ နိုင်ငံခြားသားများ နေရာတွင် အစားထိုးရန် ဖြစ်သည်။

အမြောက်လက်နက်စက်ရုံသို့ မြဲတောင်ဝန်ကြီး ဦးမိုးနှင့် အတူ ကနောင်မင်းသား ကိုယ်တိုင် မကြာခဏ သွားရောက် ကြည့်ရှု စစ်ဆေးသည်။ ယင်းစက်ရုံမှ ယမ်းထိုး အမြောက်အမျိုးမျိုးနှင့် ရေမြှုပ်ဗုံးအမျိုးမျိုး ထုတ်လုပ်သည်။ အမြောက်စက်ရုံနှင့် ကပ်လျက်တွင် သေနတ်စက်ရုံ တစ်ရုံ ရှိသည်။ ခုနစ်ရက်တစ်ပတ်လျှင် သေနတ်နှစ်ထောင် ထုတ်လုပ်နိုင်သည်။

ရတနာပုံနေပြည်တော်ရှိ အမြောက်သေနတ်စက်ရုံများမှ ထုတ်လုပ်မှုစွမ်းအားသည် ဗြိတိသျှမြန်မာနိုင်ငံ မဟာဝန်ရှင်တော်မင်းကြီးအား တုန်လှုပ်စေခဲ့သည်။ အကြောင်းကား မဟာဝန်ရှင်တော်မင်းကြီးက နေပြည်တော်ရှိ ဗြိတိသျှကိုယ်စားလှယ်ထံသို့ မြန်မာတို့၏ လက်နက်စက်ရုံများအကြောင်း အသေးစိတ် အစီရင်ခံစာ တင်သွင်းစေခဲ့သောကြောင့် ဖြစ်၏။ ကိုယ်စားလှယ်က လက်နက်စက်ရုံများအကြောင်းကို ယခုလို အစီရင်ခံခဲ့သည်။

'အမရစံခေါင်ရပ်ရှိ အမြောက်စက်ရုံတွင် ကျည်မွှေအမြောက်ငယ်များ၊ နောက်ထိုးကျည်မွှေအမြောက်ကြီးများ ထုတ်လုပ်သည်။ အမြောက် ၁၅လက်ထက်မနည်း အောင်မြင်စွာထုတ်လုပ်ပြီး ဖြစ်၏။ တစ်လလျှင် အမြောက်ငယ် သုံးလက်၊ လေးလက်ခန့် ထုတ်လုပ်နိုင်သည်။ ခြောက်ပေါင်ကျည်ဝင် ရှေ့ထိုး သံအမြောက်၊ ကြေးအမြောက်များကိုလည်း သွန်းလုပ်နိုင်သည်။'

'သင်္ဂဇာချောင်းကမ်းရှိ စက်ရုံတွင် ရှေ့ထိုး၊ နောက်ထိုးကျည်မွှေ အမြောက်များကို မှန်မှန်ထုတ်လုပ်လျက် ရှိသည်။ ထိုစက်ရုံမှ လစဉ် သုံးလေးလက်ခန့် ထုတ်လုပ်နိုင်သည်။ မြို့တွင်းရှိ လက်နက်စက်ရုံ နှစ်ရုံတွင်မူ တူဆံများ၊ တုမီးသေနတ်များ ထုတ်လုပ်လျက် ရှိသည်။ အမြောက်အမျိုးမျိုး ထုတ်လုပ်နိုင်သည့် အကောင်းဆုံး စက်ပစ္စည်း ကိရိယာများနှင့် ပြည့်စုံ၍



အမြောက်လည်း ထုတ်လုပ်သည်။ ရှိပြီး သေနတ်အဟောင်းများကို ခေတ်သုံး နောက်ထိုး သေနတ်အဖြစ်သို့ ပြုပြင်နိုင်ကြောင်းလည်း သိရသည်။ မြန်မာအစိုးရသည် ခေတ်မီလက်နက်ကြီးငယ်များကို လက်ဝယ်ပိုင်ဆိုင်မှု ရှိစေရန် ဆန္ဒပြင်းပြလျက်ရှိကြောင်း ထင်ရှားစွာ သိမြင်ရပါသည်။'

ပြီးတော့ တစ်သီးပုဂ္ဂလသတင်းပေး နှစ်ယောက်ထံမှလည်း မြန်မာအစိုးရသည် ရိုင်ဖယ်သေနတ်များနှင့် တော်ပီဒိုဗုံးများကိုပင် လုပ်ကိုင်လျက်ရှိကြောင်း မြန်မာနိုင်ငံ ကော်မရှင်နာမင်းကြီးက သတင်းရရှိသည်။ ထို့ကြောင့်လည်း အင်္ဂလိပ်တို့သည် မြန်မာဘုရင်က ပြည်ပနှင့် ဆက်သွယ်၍ လက်နက်ဝယ်ယူရေးကိစ္စများကို နည်းအမျိုးမျိုးဖြင့် ချုပ်ချယ်တားဆီးလျက်ရှိသည်။

## သံစက်ရုံ

ရတနာပုံနေပြည်တော် အနောက်မျက်နှာ ပုဏ္ဏားကုန်းသုသာန် အနောက်မြောက်ယွန်းတွင် သံစက်ရုံတစ်ရုံကို တည်ဆောက်သည်။ ယင်းစက်ရုံတွင် ပန်းပဲစက်၊ သံရည်ကျိုစက်၊ သွန်းစက် စသည်ဖြင့် စုပေါင်းထားသည်။ စက်များ၊ ပစ္စည်းကိရိယာ များမှာ ခေတ်မီသည်။ အင်္ဂလန်နှင့် ပြင်သစ်ရှိ ပထမတန်းကုမ္ပဏီကြီးများမှ ထုတ်လုပ်သည့် ပစ္စည်းများ ဖြစ်သည်။ ယင်းစက်ရုံတွင် အရည်ကျိုရန်၊ သွန်းရန်သံများကို နိုင်ငံခြားမှ ဝယ်ယူသည်လည်း ရှိသည်။ အထက်မြန်မာပြည် သံခွန်ထမ်း မြို့ရွာများမှ ဆက်သွင်းသည်လည်း ရှိ၏။ စက်ရုံအမှုထမ်းများသည် သံချက်ဝန် ဆင့်ဆိုသမျှ နာခံကြရသည်။

## ခံတပ်များ

နိုင်ငံတော်ကာကွယ်ရေးအတွက် ခံတပ်များသည်လည်း အရေးကြီးကြောင်း ကနောင်မင်းသား လက်ခံယုံကြည်သည်။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် အောက်မြန်မာနိုင်ငံမှ အင်္ဂလိပ်တပ်များသည် ဧရာဝတီမြစ်ကြောင်းအတိုင်း အထက်မြန်မာနိုင်ငံသို့ ဆန်တက်တိုက်ခိုက်လာနိုင်သည်ကို ကြိုတင်တွက်ဆသည်။ ထို့ကြောင့် ဧရာဝတီ မြစ်ကြောင်းတစ်လျှောက် မင်းလှခံတပ်၊ ဂွေးချောင်းခံတပ်၊ သပြေတန်းခံတပ်၊ အင်းဝခံတပ်များကို ကနောင်မင်းသား ကိုယ်တိုင် သွားရောက် ကြီးကြပ်ကွပ်ကဲ၍ တည်ဆောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းလှခံတပ်ကို မင်းကြီးလှမြို့ ဧရာဝတီမြစ်ကမ်းထိပ်တွင် တည်ဆောက်သည်။ လေးထောင့်စတုန်ရန်းသဏ္ဌာန် ခပ်ဆင်ဆင်တူသည်။ မင်းလှခံတပ်ကို မြေပြင်ပေါ်မှာပင် တည်ဆောက်သည်။ မြစ်တစ်ဘက်ကမ်းရှိ ဂွေးချောင်းခံတပ်ကိုမူ မြေတွင်း၌ တည်ဆောက်၏။ သည်ခံတပ်နှစ်ခုစလုံးကို တည်ဆောက်ရာ၌ ပြင်သစ်အင်ဂျင်နီယာ တစ်ဦးနှင့် အီတာလျံအင်ဂျင်နီယာတစ်ဦးတို့က မြန်မာစစ်ဘက် အင်ဂျင်နီယာများနှင့် ပူးပေါင်းပြီး တည်ဆောက်ခဲ့ကြသည်။ မင်းလှခံတပ် တည်ဆောက်ရာတွင် လိုအပ်သော အုတ်များကို မင်းလှမြို့ တောင်ဘက် 'အင်းဖျား'ဆိုသော နေရာနှင့် မင်းလှမြို့ အနောက်တောင်ဘက် ကပ်လျက်ရှိသော 'လက်လန်'ရွာကလေးအနီးရှိ နေရာများ၌ အုတ်ဖုတ်ကြသည်။ အင်္ဂတေခင်းရန် သဲကိုမူ မင်းလှအထက်ရှိ မြင်းကျတောင်ကမ်းပါးမှ သယ်ယူကြသည်။ အင်္ဂတေဖော်စပ်ရာတွင် ထုံး၊ သဲ၊ ရေ၊ ထန်းလျက်၊ အုံတုံ၊ ကျွဲကော်များကို ရောစပ်ပြီး မောင်းစင်တွင် ထည့်ထောင်းသည်။ စေးချွဲလာသည့်အခါ ယူပြီး နံရံတွင် ပစ်ပေါက်ကြည့်သည်။ ကွာမကျဘဲ ကပ်နေမှသာ အင်္ဂတေအဖြစ် အသုံးပြုသည်။

ခံတပ်အတွင်းတောင်ဘက်နှင့် မြောက်ဘက်နံရံများမှ ခံတပ်အပေါ် စကြံသို့တက်သော အုတ်လှေကားနှစ်စင်း ရှိသည်။ ခံတပ်အပြင်ဘက် အုတ်ရိုးအမြင့်မှာ လေးပေငါးလက်မ ရှိသည်။ မြောက်ဘက်မျက်နှာတွင် ပထမနံရံ အုတ်ရိုးကို အပြင်မှ အတန်ခွာ၍ အုတ်ရိုးတစ်ထပ် ကာရံထား၏။ ဤသည်မှာ ထူးခြားချက်ပင် ဖြစ်သည်။ အုတ်ရိုးနှစ်ခုအကြားတွင် မြေဖို့ထားသည်။ ခံတပ် အပေါ်စကြံမှ အုတ်ရိုးအပေါ်သို့တက်ရန် လှေကားကလေးများ ထောင့်တိုင်းတွင် ထားရှိသည်။ အုတ်ရိုးအပေါ်တွင် ကင်းစောင့်စစ်သားအတွက် နေရာနှင့် အလံတိုင်ရှိသည်။ မင်းလှခံတပ် တည်ဆောက်ပြီးစီးသွားသည်နှင့် တစ်ပြိုင်နက် တပ်ခွဲအချို့သည် နယ်ခြားကင်းတပ်ခွဲများအဖြစ် ရောက်ရှိလာပြီး တာဝန် ထမ်းဆောင်ကြသည်။ သည်တပ်ခွဲမှ စစ်သည်များသည် ကနောင်မင်းသားနှင့် ပြင်သစ်စစ်ဘက်အရှိတို့ ကြီးကြပ်သင်ကြား လေ့ကျင့်ပေးထားသည့် မြန်မာ့တပ်မတော်မှ ဖြစ်သည်။ မင်းလှခံတပ်တွင် အဝေးပစ် အမြောက်များလည်း တပ်ဆင်ထားသည်။ မင်းလှခံတပ်နှင့် ဂွေးချောင်းခံတပ် နှစ်ခုစလုံးကို တည်ဆောက်သည့်စရိတ်မှာ ဒေါင်းဒင်္ဂါးကျပ်ပြားရေ ငွေတော်



သိန်း (ခုနစ်သိန်း)ကျော် ဖြစ်သည်။

ဂွေးချောင်းခံတပ်ကိုမူ မင်းလှခံတပ်ကဲ့သို့ မြေပေါ်တွင် မတည်ဆောက်ပေ။ တောင်ကုန်းအောက်တွင် မြုပ်ပြီး တည်ဆောက်သည်။ မြေအောက်ခံတပ်အဖြစ် တည်ဆောက်ထားသောကြောင့် ဧရာဝတီမြစ်အတွင်းမှ ကြည့်သော် ဂွေးချောင်း ခံတပ်ကို လုံးဝ မမြင်ရပေ။ မြေအောက်လိုဏ်ဂူစနစ်ကို သုံးပြီး တည်ဆောက်ထားခြင်း ဖြစ်၏။ သည်ခံတပ်တွင် အဆင့်သုံးဆင့် ရှိသည်။ အပေါ်ဆုံးအဆင့်မှာ မြေပေါ်တွင် ရှိ၏။ ကျန်နှစ်ဆင့်မှာ မြေအောက်တွင် ရှိသည်။ မြေပေါ် ခံတပ်ပိုင်းတွင် စစ်မြှုံ ကွက်လပ်များ ခံစစ်ကြောင်းများ၊ စစ်သည်တော်တို့ စုဝေးသည့်နေရာများ ပါရှိသည်။ အလယ်ဆင့်တွင် စစ်သည်တော်များနေထိုင်ရန် စစ်တန်းလျားများ၊ ရိက္ခာသိုလှောင်ခန်းနှင့် ခန်းများထားသည်။ မြေအောက်ခံတပ်တွင် လက်နက်တိုက်ခန်း နှစ်ခန်း ရှိသည်။ လက်နက်တိုက်ခန်းတွင် လေကောင်းလေသန့် ရစေရန် လေဝင် လေထွက်ကို အထူး စီစဉ် ဆောက်လုပ်ထား၏။

မင်းလှခံတပ်နှင့် ဂွေးချောင်းခံတပ် တည်ဆောက်သောနေရာမှာ ဧရာဝတီမြစ်၏ မြစ်ကျဉ်းနေရာ ဖြစ်သည်။ ဧရာဝတီ၏ ရေစီးကြောင်းသည် မင်းလှခံတပ်ကို ဦးတိုက်ပြီးမှ အခြား တစ်ဘက်ကမ်း ဂွေးချောင်းခံတပ်ရှိရာ တောင်ကုန်းဘေးကပ်ပြီး အောက်ဘက်သို့ စီးဆင်းသည်။ အကယ်၍ ရန်သူ၏ စစ်သင်္ဘော၊ စစ်ရေယာဉ် စသည်တို့သည် ဧရာဝတီမြစ်ကြောင်းအတိုင်း ဆန်တက်လာပါက ဂွေးချောင်းခံတပ်ကို မလွဲမသွေ ဦးတိုက်ရပေမည်။ သည်လို ဦးတိုက်လာသော မည်သည့် စစ်သင်္ဘော၊ မည်သည့် စစ်ရေယာဉ်ကိုမဆို အပေါ်စီးမှ အလွယ်တကူ ပစ်ခတ်ဖျက်ဆီးနိုင်သည်။ ရန်သူ့စစ်သင်္ဘောသည် ဂွေးချောင်းခံတပ်ကို ကျော်လွန် နိုင်သည်ထားဦး မင်းလှခံတပ်၏ခံတွင်းသို့ မလွဲမသွေဝင်ရပေမည်။

သည်ခံတပ်များအပြင် အမရပူရမြို့နယ်တွင်လည်း ခံတပ်တစ်ခု တည်ဆောက်သည်။ ရွှေကြက်ယက်ဘုရားအနီး၊ သပြေတန်းရွာတွင် တည်ရှိသည်ကို အစွဲပြု၍ သပြေတန်းခံတပ်ဟု အမည်တွင်သည်။ သပြေတန်းခံတပ်ကို တည်ဆောက်စဉ် ဒိုင်းဝန်မင်း၊ ကသည်းမြင်းဝန်မင်းနှင့် အီတာလီလူမျိုး ကွန်မိုတိုဆိုသူတို့ ဦးစီးကွပ်ကဲပြီး တည်ဆောက်ကြသည်။ လေးနှစ်ခန့်

www.burmeseclassic.com

www.burmeseclassic.com



အချိန်ယူတည်ဆောက်သည်။ ခံတပ်တည်ဆောက်ပုံမှာ မြေတိုက်သဖွယ်ဖြစ်၏။ အပြင်နှုတ်ခမ်းသားမှ တစ်ဆင့်ပြီးတစ်ဆင့် မြေဖို့ ထားသည်။ အတွင်းထပ်ပါ သုံးဆင့်လေးထပ် ဖြစ်၏။ ခံတပ်၏ အလယ်ဗဟိုတွင် ကွက်လပ်ကျယ်ကြီး ထားရှိသည်။ အပေါ်ထပ်မှ အတွင်းဘက် အောက်ထပ်များသို့ ဆင်းရန် ထောင့်လေးထောင့်တွင် လှေကားများ ထားရှိသည်။ အပေါ်ဆုံးထပ်မှ ဗဟိုကွက်လပ်ကြီးသို့ဆင်းရန် အုတ်လှေကားကြီးတစ်ခုကို အနောက်မြောက် ထောင့်တွင် ပြုလုပ်ထားသည်။ ဗဟိုကွက်လပ်ကြီးမှ ခံတပ်အတွင်းဘက်သို့ ဝင်ရန် လိုဏ်ပေါက်များ ဖောက်ထားသည်။ လိုဏ်ပေါက်အကျယ်မှာ ခြောက်ပေ၊ အမြင့်ကိုးပေစီ ရှိသည်။ တောင်ဘက်တွင် လိုဏ်ပေါက်သုံးပေါက်၊ အနောက်ဘက်တွင် လိုဏ်ပေါက်ရှစ်ပေါက် ရှိသည်။ ခံတပ်၏ အတွင်းထပ်တွင် ဆင်ဝင်ပေါက်၊ ခဲယမ်းမီးကျောက်များထားရန် အခန်းလေးခန်း၊ ရိက္ခာ သိုလှောင်ရန် အခန်းသုံးခန်း၊ တပ်မှူးကြီးအခန်း၊ တပ်မှူးအခန်း၊ တပ်သားများ နေရန် အခန်းဆယ်ခန်းတို့ကို စနစ်တကျ ဖွဲ့စည်းတည်ဆောက်ထားသည်။

ဆင်ဝင်ပေါက်ကို အထက်အလယ်ဆင့်နှင့် တစ်ဆစ်ချိုး ဆက်သွယ်ထား၏။ ခံတပ်ကြီး၏ အလယ်ဆင့်တောင်ဘက် မျက်နှာတွင် အဝတစ်ပေ ပတ်လည် အနက်သုံးပေရှစ်လက်မရှိသော ဗိုလ်တွင်းများ အရှေ့အနောက် တန်းလျက် ရှိသည်။ ခံတပ်ကြီး၏ အလယ်ဗဟိုကွက်လပ်တွင် ရေတွင်း တစ်တွင်း ထားရှိသည်။ မြစ်တွင်းမှ ရေကိုပိုက်ဖြင့် သွင်းယူသည်။ ယင်း သခ်ပြတန်းခံတပ်မှာ နေပြည်တော် ခံစစ်ကြောင်းတွင် အခိုင်ခံ့ဆုံး၊ စနစ်အကျ ဆုံးနှင့် အကြီးဆုံး ခံတပ်ကြီးပင် ဖြစ်သည်။

ထို့ပြင် အင်းဝမြို့၏ အောက်ဘက်တစ်မိုင်ခန့် ဧရာဝတီမြစ် တစ်ဘက်ကမ်း၊ ရောဝတီကမ်းနဖူးတွင် အင်းဝခံတပ်ကို တည်ဆောက်သည်။ ဆင်ကျုံး ရွာအနီး၌ တည်ရှိနေခြင်းကြောင့် ဆင်ကျုံးခံတပ်ဟူ၍လည်း အချို့က ခေါ်ကြသည်။ ခံတပ်၏ အလယ်ဗဟိုတွင် ကွက်လပ်မြေရှိသည်။ ကွက်လပ်၏ ဘေးပတ်လည် ခံတပ်စကြံ အုတ်ရိုးကြီးအောက်တွင် အခန်းငယ်များ ရှိသည်။ ခံတပ်စကြံ အုတ်ရိုးကြီးပေါ်သို့ ဗဟိုကွက်လပ်မှတက်ရန် လှေကားများ တပ်ဆင်ထားသည်။ ခံတပ်စကြံကြီးမှာ ဆယ့်ငါးပေခန့် ကျယ်၏။ စကြံ အုတ်ရိုးကြီး၏ အပြင်ဘက် ဆယ့်ငါးပေခန့်အကွာတွင် အုတ်ရိုးတစ်ပတ်



ကာရံထားသည်။ ကျုံးပတ်လည်ရံနေရာ မြောက်ဘက်တွင် ခံတပ်တွင်းသို့ ကူးနိုင်ရန် သစ်သားတံတားတစ်ခု တပ်ဆင်ထား၏။ အပြင်ဘက်မှ အမြင်တွင် မြေတိုက်သဖွယ် ဖြစ်နေသည်။ သူရဲပြေးနှင့် ဗိုလ်တွင်းများ၊ လိုဏ်များလည်း ပြုလုပ်ထားသည်။ ဆုံလည်အမြောက်များထားသည့် စက်ဝိုင်းပုံအုတ်စီအဝိုင်းကြီး သုံးခုကို မြစ်ဘက်သို့ မျက်နှာပြုထားသော ခံတပ်၏ မြောက်ဘက်ထိပ်တွင် ထားရှိ သည်။

နိုင်ငံတော်ကာကွယ်ရေးအတွက် ဤသို့သော ခံတပ်ကြီးများကို တည်ဆောက်နေသဖြင့် ကနောင်မင်းသားအဖို့ အချိန်ပိုဟူ၍ မရှိသလောက်ပင် ဖြစ်နေသည်။

## ရတနာပုံသင်္ဘောစက်ရုံ

နိုင်ငံတော်ကာကွယ်ရေးတွင် သင်္ဘောများသည်လည်း အရေးကြီးသော အင်္ဂါမှ ပါဝင်သည်။ ဧရာဝတီမြစ်ရိုးတစ်လျှောက် ဆန်တက်လာမည့် နယ်ချဲ့ သင်္ဘောများကို ရင်ဆိုင်တိုက်ခိုက်ချေမှုန်းရန် သင်္ဘောများသည် မရှိမဖြစ် လိုအပ်နေသည်။

ထို့ကြောင့် ကနောင်မင်းသားသည် သင်္ဘောများ တည်ဆောက်ရန်နှင့် ပြင်ဆင်ရန် စက်ရုံကြီးကို ဧရာဝတီမြစ် အရှေ့ဘက်ကမ်းနဖူးတွင် တည်ဆောက် သည်။ ကမ်းနဖူးကုန်းမြင့်ပေါ်တွင်ရှိ၍ ဧရာဝတီမြစ်ရေအမြင့်ဆုံးအချိန်၌ပင် ရေလျှံနစ်မြုပ်ခြင်း မရှိပေ။ မြစ်ရေတိုးချိန်တွင် သင်္ဘောများကို စက်ရုံဝန်းကျင် အရောက် တင်နိုင်သည်။ သင်္ဘောကျင်းနှင့် စက်ရုံကို ခေတ်မီ စက်ကိရိယာများဖြင့် တည်ဆောက်သည်။ များသောအားဖြင့် စက်များသည် စကော့တလန် ပြည်လုပ်များဖြစ်၍ ဒန်ဒပ်နှင့် ဂလပ်စဂိုမြို့စမစ် ကုမ္ပဏီထွက်များ ဖြစ်ကြ သည်။ ယင်းစက်များတွင် ပွတ်စက်လေးလုံး၊ တွင်စက်ငါးလုံး၊ ကပ်ကျေး စက်ကြီးတစ်လုံးနှင့် ဗဟိုခွာအားသုံး ရေစုပ်စက်ကြီးတစ်လုံး၊ ဆယ်တန် ဝန်ချီစက်နှင့် စက်မောင်းလက်ကြီးများ ပါဝင်သည်။

ရတနာပုံသင်္ဘောစက်ရုံတွင် ဦးစွာ မြစ်တွင်းသွား ခေတ်မီ မီးသင်္ဘောကို စတင် တည်ဆောက်သည်။ ယင်းသင်္ဘော ရေချပြီးနောက် အလားတူ သင်္ဘော ၁၀ စင်းကို ဆက်လက် တည်ဆောက်၏။ သင်္ဘောရောများကို

www.burmeseclassic.com

www.burmeseclassic.com



ပွဲလမ်းအကြီးအကျယ် ပေး၍ တစ်ပြိုင်တည်း ပန္နက်ရိုက်သည်။

ထိုနေ့က ရတနာပုံနေပြည်တော်တစ်ရပ်လုံး၊ တရားရုံးခွင်မှအ လုပ်ငန်းများ ပိတ်ထား၍ ရက်အားအဖြစ် သတ်မှတ်သည်။ မှူးမတ်များ မင်းညီမင်းသားများ၊ ကတော်မယားများ၊ မြို့သူမြို့သားများသည် ဝတ်ကောင် စားလှများ ဝတ်စား ဆင်ယင်ကာ အခမ်းအနားသို့ တက်ရောက်ကြသည်။

သင်္ဘောဆယ်စင်းအနက် နှစ်စင်းကို ဦးစွာရေချသည်။ ဤတွင်လည် မင်းညီမင်းသားများ၊ မှူးကြီးမတ်ကြီးများ အစုံအညီ မင်းခမ်းမင်းနားဖြ အမြောက် ဆယ့်နှစ်ချက် ပစ်ဖောက်ကာ အောင်မြင်စွာ ရေချခဲ့သည် သည်သင်္ဘောများမှာ မြစ်တွင်းသွားသင်္ဘောများသာ ဖြစ်၏။ သင်္ဘောစက်များက ဆပ်သလင်မက္ကင်ဇီကုမ္ပဏီ၊ ဒေါ်ဆင်-ဆင်ပဆင်ကုမ္ပဏီနှင့် အက်ဒမန်ဂ ကုမ္ပဏီများက ဝယ်ယူပေးသွင်းရန် စာချုပ် ချုပ်ဆိုကြသည်။

သင်္ဘောရေမျှားမှာ အလျား ၁၅၀ ပေမှ ၁၈၀ ပေ အထိ ရှိ အကျယ်မှာ ၂၄ ပေရှိသည်။ ထိုစက်ရုံတွင် အလျား ၁၆၅ ပေ၊ အနံ ၂၈ ပေ တိုက် သင်္ဘောတစ်စင်းကိုလည်း တည်ဆောက်သည်။ သင်္ဘောဆရာမှ မော်လမြိုင်မြို့မှ ဆရာရှမ်းဆိုသူ မြန်မာအမျိုးသားတစ်ဦး ဖြစ်သည်။ ဆရာရှ သည် လုပ်သား ၂၀၀ နှင့် ငါးလအတွင်း အပြီးဆောက်လုပ်သည်။ လုပ်သာ များသည်လည်း မော်လမြိုင်မှပင် ဖြစ်ကြသည်။ သင်္ဘောတည်ဆောက်ပုံမှ အထူး သေသပ်ခိုင်ခံ့သည်။ အမြောက် ၂၀ လက် တပ်ဆင်နိုင်ရန် စီမံထား၏ သင်္ဘောဦးတွင် ကျွန်းသားဖြင့် ထုလုပ်ထား သည့် နားလွတ်ကိုင် ရဲမက်တစ်ဦး ရုပ်လုံးကလည်း အားမာန်အပြည့်။ အင်္ဂလိပ် အရေးပိုင်က သည်သင်္ဘော ကြည့်ရှုလေ့လာပြီး တည်ဆောက်သူများကို အထူး ချီးကျူးသည်ဟု ဆိုသည်

အင်္ဂလိပ်အစိုးရက မြန်မာတို့တည်ဆောက်နေသော သင်္ဘောများက တိုက်သင်္ဘောအဖြစ် အသုံးပြုမည်ဟု သံသယရှိနေသည်။ ထို့ကြောင့် အင်္ဂလိ ကိုယ်စားလှယ်သည် သင်္ဘောကျင်းကို မကြာခဏသွားရောက် အကဲခတ်သည် ပြီးတော့ သင်္ဘောဆရာ နှစ်ကိုလ်ဆင်နှင့် လျှို့ဝှက်ဆက်သွယ်ကာ သင်္ဘောမျ အခြေအနေကို စုံစမ်းသည်။ နှစ်ကိုလ်ဆင်က သူ တည်ဆောက်နေသေ သင်္ဘောများမှာ သာမန် မြစ်တွင်းသွား သင်္ဘောများသာ ဖြစ်ကြောင် အကယ်၍ အနည်းငယ် ပြုပြင်လိုက်မည်ဆိုပါက ဦးနှင့်ပဲ့တွင် အမြောက်ကြ



နှစ်လက်၊ ဘေးတွင် အမြောက်ငယ်လေးလက်မှ ရှစ်လက်အထိ တပ်ဆင်နိုင် သည့် တိုက်သင်္ဘောအသွင် ပြုပြင်နိုင်ကြောင်း၊ သို့သော် မြန်မာအစိုးရက ထိုသို့ ပြုပြင်ဆောက်လုပ်ရန် အမိန့်တစ်စုံတစ်ရာ ပေးမထားကြောင်း ပြန်ကြားလိုက်သည်။ အခြားသိလိုသော အချက်များ ရှိပါကလည်း ဝမ်းမြောက် ဝမ်းသာ သတင်းပေးပို့ရန် အဆင်သင့်ရှိကြောင်း၊ ယခုကဲ့သို့ သူ သတင်းပေး သည်ကိုလည်း မြန်မာဘုရင်အစိုးရသို့ မပေါက်ကြားစေရန် စောင့်ထိန်း ပေးပါမည့်အကြောင်း ထည့်သွင်း ရေးသားလိုက်သည်။

မကြာခင်မှာပင် မြန်မာအစိုးရသည် မြစ်တွင်းသွား သင်္ဘောတစ်စင်းတွင် အမြောက် ၁၂ လက် တပ်ဆင်ကာ စစ်ရေး လေ့ကျင့်ခဲ့သည်။ နှစ်ကိုလ်ဆင် ဆောက်လုပ်ခဲ့သည့် သင်္ဘောတစ်စင်းတွင်လည်း အမြောက် ၁၄ လက် တပ်ဆင်ကာ ဗန်းမော်မြို့အထိ ဆန်တက်စေခဲ့သည်။

ဤသို့ဖြင့် ရတနာပုံသင်္ဘောစက်ရုံမှ ခရစ်နှစ် ၁၈၇၀ ပြည့်မတိုင်မီ သင်္ဘော သုံးစင်း၊ ၁၈၇၁ ခုမှစ၍ နှစ်ကိုလ်ဆင် တည်ဆောက်ခဲ့သည့် ကျွန်းသင်္ဘော ၁၀ စင်း၊ ဆရာရှမ်း တည်ဆောက်ခဲ့သည့် အမြောက်တင်တိုက် သင်္ဘောတစ်စင်းနှင့် ဆရာဘိန်း စက်ကိရိယာများ တပ်ဆင်ဆောက်လုပ်သည့် သင်္ဘောလေးစင်း၊ စုစုပေါင်း သင်္ဘော ၁၈ စင်း တည်ဆောက်ပြီးစီးသွားချေပြီ။ ကနောင်မင်းသားသည် များစွာ အားရကျေနပ်လျက် ရှိ၏။

## ပညာတော်သင်များ စေလွှတ်ခြင်း

မြန်မာနိုင်ငံ ခေတ်မီတိုးတက်ရေးစီမံကိန်းကို အကောင်အထည်ဖော်ရာ၌ ကနောင်မင်းသားသည် နိုင်ငံခြားသို့ မြန်မာပညာတော်သင်များလည်း စေလွှတ်ခဲ့သည်။ အင်္ဂလိပ်၊ ပြင်သစ်၊ ဘာသာစာပေများ သင်ယူရန်၊ စက်မှုလက်မှု ပညာရပ်များကို သင်ယူရန် ပြည်ပနိုင်ငံများသို့ စေလွှတ်ခဲ့သော မြန်မာပညာတော်သင်များ ၉၀ ကျော် ရှိခဲ့သည်။

ယင်း ပညာတော်သင်များအနက် အင်္ဂလန်သို့ စေလွှတ်ခဲ့သော မောင်မြ နှင့် မောင်တရုတ်ဖြူတို့သည် ဝူးလ်ဝစ်ချ် လက်နက်တိုက်၌ ယမ်း၊ သေနတ်၊ တူဆံ လုပ်ကိုင်နည်း အတတ်ကို သင်ကြားကြရသည်။ မကြာခင်မှာပင် ပြင်သစ်ပြည်သို့ စေလွှတ်ထားသော မောင်မြူးသည် အင်္ဂလန်နိုင်ငံသို့

www.burmeseclassic.com

www.burmeseclassic.com



ကူးပြောင်းကာ မောင်မြ၊ မောင်တရုတ်ဖြူတို့နှင့်အတူ သေနတ်လက်နက် ခဲယမ်းမီးကျောက် လုပ်ကိုင်နည်း ပညာများကို ဆည်းပူးသည်။ သူတို့သုံးဦး အင်္ဂလန်တွင် လေးနှစ်ခန့် ပညာဆည်းပူးကာ မြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိလာကြသည်။ သည်သုံးဦးအနက် မောင်မြူးသည် ဉာဏ်ရည် ထက်မြက်သူ ဖြစ်၏။ အင်္ဂလန်တွင်ရှိစဉ် မဲနယ်ချက်လုပ်နည်းကိုလည်း အစအဆုံး ကျွမ်းကျင်စွာ သင်ကြားတတ်မြောက်လာသည်။ မောင်မြူး မြန်မာနိုင်ငံသို့ ပြန်ရောက်သောအခါ မင်းလှမဟာစည်သူဘွဲ့နှင့် သံချက် ဝန်ထောက် ဖြစ်လာသည်။

နိုင်ငံတော်အတွင်း ဆက်သွယ်ရေး ပိုမိုလျင်မြန်ကောင်းမွန်စေရန် ကနောင်မင်းသားသည် ယောအတွင်းဝန် ဦးဘိုးလှိုင်နှင့် တိုင်ပင်သည်။ ဦးကျီးညိုနှင့် ဦးရွှေအိုးတို့ကို ကြေးနန်းပညာတော်သင်အဖြစ် ပြင်သစ်ပြည်သို့ စေလွှတ်သည်။

ဦးဘိုးလှိုင်က မြန်မာအက္ခရာဖြင့် ကြေးနန်းရိုက်နည်းကို တီထွင်ခဲ့သည်။ လူအများ နားလည်စေရန် လိပိဒီပိကာကျမ်းခေါ် ကြေးနန်းရိုက်နည်းကို မြန်မာဘာသာဖြင့် ပြုစုသည်။ မကြာခင်မှာပင် လျှပ်စစ်ဓာတ်အားဖြင့် ကြေးနန်းရိုက်နိုင်လာသည်။ မန္တလေးနေပြည်တော်ကို ဗဟိုပြု၍ အထက်ပိုင်းတွင် ဗန်းမော်အထိ၊ အောက်ပိုင်းတွင် သရက်မြို့အထိ ဧရာဝတီမြစ်ရိုး တစ်လျှောက် ကြေးနန်းရုံများ ဖွင့်လှစ်ခဲ့သည်။ ခံတပ်များ၊ ရုံးများတွင် အသုံးပြုနိုင်ရုံမျှမက ပြည်သူပြည်သားများလည်း ကြေးနန်းရိုက်နိုင်သည်အထိ တိုးတက်လာသည်။

ပညာတော်သင် အများအပြား စေလွှတ်သော်လည်း ရာနှုန်းပြည့် အကျိုးသက်ရောက်မှု မရရှိပေ။ အချို့သော ပညာတော်သင်များသည် အသုံးပြုရလောက်အောင် ပညာမတတ်မြောက်ခဲ့ပေ။ ပညာတတ်မြောက်ပါပြီဆို၍ မြန်မာနိုင်ငံသို့ ပြန်လွှတ် လိုက်သော်လည်း ဟုတ်တိပတ်တိ မတတ်မြောက်၊ အသုံးမဝင် စသည့် မပြေပြစ်မှုများ ကြုံတွေ့ရသည်။ ထို့ကြောင့် ဝန်ထောက် မဟာမင်းလှဇေယျသူက အင်္ဂလိပ်ဘုရင်ခံနှင့် တွေ့ဆုံစီစဉ်ကာ မြန်မာဘုရင်ထံ အစီရင်ခံသည်။ ပညာတော်သင်များကို ဆရာကောင်းများထံ ရွေးချယ်အပ်နှံပြီး အမြဲမပြတ် မေးမြန်းစစ်ဆေးကာ ကောင်းစွာတတ်မြောက်ကြောင်း သက်သေခံ



လက်မှတ်ရမှ မြန်မာနိုင်ငံသို့ ပြန်လွှတ်ရန် အစီအစဉ်များ ပြုလုပ်ရသည်။

ကနောင်မင်းသားသည် နိုင်ငံခြားသို့ ပညာတော်သင်များ စေလွှတ်ရာတွင် ယောက်ျားများသာမဟုတ် မိန်းကလေးများကိုလည်း စေလွှတ်ခဲ့သည်။ ဘုရင်ဂျီ ဘုန်းကြီး ဘိဂန်ဒက် အကူအညီဖြင့် မိန်းကလေး လေးယောက်ကို ရန်ကုန်ရှိ ဘုရင်ဂျီ သီလရှင်ကျောင်း (ကွန်ဗင့်ကျောင်း)သို့ ပညာသင်ရန် စေလွှတ်ခဲ့သည်။ သည်အတွက် ကုန်ကျစရိတ်ကို ကနောင်မင်းသားသည် ကိုယ်ပိုင်ငွေမှ စိုက်ထုတ် ပေးခဲ့သည်။

ပြီးတော့ လူငယ်လူရွယ်များ၏ အလုပ်အားချိန်များ အလဟဿ မဖြစ်စေရန် စီစဉ်ထားပုံမှာလည်း အကွက်စေ့လှသည်။ အလုပ်အားလပ်ချိန်တွင် သူ၏ မင်္ဂလာအိမ်တော်သို့ လာရောက်ကြရသည်။ ခေတ်ပညာတတ်သူများက တစ်ဆင့် ဖြန့်ချိသည်။ မတတ်သေးသူများက သင်ယူ လေ့ကျင့်ကြရသည်။ ပြီးလျှင် ပညာရပ်များကို ပြန်လည် ဆွေးနွေးစေသည်။ သည်လို ဖြန့်ချိ၊ သင်ယူဆွေးနွေးမှုများကို နေ့စဉ် ပြုလုပ်စေသည်။

ဦးရွှေဘင်ကလည်း 'အမြောက်ပစ်နည်း၊ စနစ်တွက်မာသေမာတိတ်'ကို ကနောင်မင်းသား၏ မင်္ဂလာအိမ်တော်လျောင်းတော် ဦးဆောင်၍ပင် မြန်မာဘာသာသို့ ပြန်ဆိုရေးသားသည်။ ယင်း ဘာသာပြန်ဆိုချက်သည် ကနောင်မင်းသား၏ စီမံကိန်းတွင် အလွန်အရေးပါ အရာရောက်ခဲ့သည်။

ယောအတွင်းဝန် ဦးဘိုးလှိုင်ကလည်း ဖန်ချက်ဝန်ဦးရွှေအိုးနှင့် တွဲဖက်၍ ဓာတုဗေဒကျမ်းကို ဥရောပဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုခဲ့သည်။

## လူသုံးကုန်ပစ္စည်းစက်ရုံများ

ကနောင်မင်းသားသည် နိုင်ငံတော်ကာကွယ်ရေးအတွက် လက်နက်စက်ရုံများ တည်ဆောက်သကဲ့သို့ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်မှုပြောင်းလဲရေး ဖြစ်မြောက်စေရန်လည်း ရက်ကန်းစက်၊ ကော်ဇောစက်၊ လွှစက်၊ ပန်းကန်စက်၊ ဒင်္ဂါးစက်၊ မဲနယ်ချက်စက်၊ စပါးစက်၊ သကြားစက် စသည်များကို နိုင်ငံခြားမှဝယ်ယူကာ တည်ဆောက်ခဲ့သည်။

ရက်ကန်းစက်ရုံတော်ကို အမရပူရခေါ်ရပ် ရွှေတစ်ချောင်း အရှေ့ဘက် ကမ်း၌ တည်ဆောက်သည်။ အမြောက်သေနတ်စက်ရုံနှင့် ကပ်လျက်ဖြစ်သည်။

www.burmeseclassic.com



ရက်ကန်း စက်ရုံတွင် ဘက်ဖို့မြို့၊ ဟောင်းဝပ်ကုမ္ပဏီလုပ် ဘွိုင်လာကြီးတစ်
ရှော့သ်ဝဲလ်အင်ကိုးမှ မြင်းကောင်ရေ ၄၀ အားရှိ အင်ဂျင်စက်တစ်လုံး
ဟဲသာရင်တန်ကုမ္ပဏီလုပ် စက်ရက်ကန်းစင်ပေါင်း ၈၀ ခန့်၊ ရက်ဖောက်
၁၅၀၀ ခန့်နှင့် လွန်း၊ ဒညင်လုံး၊ ရစ်၊ ချား စသည်ဖြင့် ရက်ကန်းဆိုင်ရာ
ပစ္စည်းကိရိယာ အစုံအလင် ဝယ်ယူ တည်ဆောက်ခဲ့သည်။

သည်ရက်ကန်းစက်ရုံတွင် ဝါဂွမ်းမှသည် အလိုရှိရာ ချည်ချော
ဖြစ်သည်အထိ ပြုလုပ်ရန် ဝါကြိတ်စက်၊ ဝါဖတ်စက် စသည်တို့လည်း
စုံလင်စွာ ရှိသည်။ သည် စက်များကို တပ်ဆင်ရန် ဂျုံးနှင့် ကာခမ်းဆို
နိုင်ငံခြားသား အင်ဂျင်နီယာနှစ်ဦးကို စာချုပ်ဖြင့် ငှားရမ်းသည်။ စာချုပ်
ရက်စေ့သွားပြီ။ စက်များ၊ စက်ရက်ကန်းများလည်း တပ်ဆင်ပြီးပြီမို့ ထို
နှစ်ဦး မန္တလေးမှ ထွက်ခွာသွားရသည်။ စက်များလည်း ကောင်းစွာလည်ပတ်
နိုင်ပြီ ဖြစ်၏။ ချည်ချောများလည်း ထုတ်လုပ်နိုင်ပြီ။ သို့သော် အထည်မျ
ရက်လုပ်ရန် မြန်မာများအနေဖြင့် မတတ်ကျွမ်းသေးပေ။ ရက်ကန်း ပညာရှ
များ၏ အကူအညီလိုနေသေးသည်။ ထို့ကြောင့် အင်္ဂလန်နိုင်ငံ လန်ကရှ
ရှိုင်းယားမှ ကျွမ်းကျင်သူ ရက်ကန်းပညာရှင်နှစ်ဦး ငှားရမ်းရသည်။ သူတို့
ရောက်လာသည့်အခါမှ အထည်များ ရက်လုပ်နိုင်ကြသည်။

ရတနာပုံအထည်စက်ရုံမှ ထုတ်လုပ်သော ပိတ်များသည် အရည်အသွေး
မကောင်းသေးပေ။ ပိတ်သားမှာ ဝါညစ်ညစ်၊ အထည်သား ခပ်ကြမ်းကြမ်း
ဖြစ်နေသည်။ ထုတ်လုပ်မှုအားမှာ တစ်ရက်လျှင် ပိတ်ကြမ်းအုပ်ရေ ၃၀
၃၂ အုပ်ခန့်အထိ ရှိသည်။ သည်လို ထုတ်လုပ်နေရင်းမှာပင် စက်ပစ္စည်းအချို့
ကျိုးပဲ့ပျက်စီးကုန်သဖြင့် ခေတ္တရပ်ဆိုင်းထားလိုက်ရသည်။ ဤသို့ ဖြစ်ရသည်
မှာ စက်ရုံတည်ဆောက်စဉ်က ကြီးကြပ် တပ်ဆင်ပေးသူ နိုင်ငံခြားသား
အတတ် ပညာရှင်များ၏ စေတနာမပါ တာဝန်မဲ့လုပ်ဆောင်ချက်များကြောင့်
ဖြစ်၏။ ပြီးတော့ မြန်မာလုပ်သားများအနေဖြင့် စက်ပစ္စည်းများကို ကိုင်တွယ်
ရာတွင် ကျွမ်းကျင်မှုမရှိခြင်း၊ စက်အကြောင်း ကောင်းကောင်း နားမလည်
ခြင်းများလည်း ပါဝင်သည်။ ရက်ကန်းပညာရှင်နှစ်ဦးမှာ စက်ပစ္စည်းကိရိယာ
များ ဝယ်ယူတင်သွင်းသည့် ကုမ္ပဏီတစ်ခုက မြန်မာအစိုးရနှင့် စာချုပ်ပြီး
တာဝန်ခံခေါ်ယူပေးခြင်း ဖြစ်သည်။ ငှားရမ်းသည့် ကာလအပိုင်းအခြား



ရှစ်လ ဖြစ်၏။ ထို့ကြောင့် စာချုပ်ရက်စေ့သည်နှင့် မန္တလေးမှ ထွက်ခွာ
သွားကြရသည်။

သစ်ဖျဉ်များကို ခွဲစိတ်ရန် လွှစက်ရုံကိုလည်း တည်ဆောက်သည်။
ထိုစက်ရုံမှာ နေပြည်တော် အနောက်မျက်နှာ၊ ပုဏ္ဏားကုန်းသုသာန် အနောက်
မြောက်ယွန်း သင်္ချာချောင်း အရှေ့ဘက်ကမ်းတွင် ရှိသည်။ ယင်းစက်ရုံတွင်
လွှထောင်၊ လွှဝိုင်း၊ လွှစက်အမျိုးမျိုး အပြည့်အစုံရှိသည်။ လွှသွေးစက်ခုံ
တစ်ခုံလည်း အဆင်သင့် ထားရှိသည်။ နယူးကပ်ဆလ်မြို့ အက်ဘော့အင်
ကုမ္ပဏီမှထွက်သော မြင်းကောင်ရေ ၄၀ အား ဆလင်ဒါနှစ်လုံးပါသည့်
အင်ဂျင်စက်ကြီးလည်း ယင်းစက်ရုံ၌ ရှိသည်။ သစ်စက်တည်ထောင်စက
ရတနာပုံနေပြည်တော်ရှိ အခြားသော လွှထောင်များ၏ လုပ်ငန်းများကို
အထိုက်အလျောက် ထိခိုက် နှောင့်နှေးစေခဲ့သည်။ သို့ရာတွင် နောက်ပိုင်း၌
မူလလွှထောင်များ၏ လုပ်ငန်းများ ပြန်လည် အဆင်ပြေလာကြသည်ဟု
အင်္ဂလိပ်အစိုးရ ကိုယ်စားလှယ်၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။
သစ်လုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ရန် ရန်ကုန်မြို့ရှိ
ပဲခူးလွှစက်ကိုပင် တန်ဖိုးငွေကျပ် ကိုးသောင်းပေးပြီး ဝယ်ယူခဲ့သေးကြောင်း
လည်း ကြားသိရသည်ဟု မဟာဝန်ရှင်တော်မင်းကြီးထံ အင်္ဂလိပ် ကိုယ်စား
လှယ်က သတင်းပို့ခဲ့သည်။

## ရတနာပုံဒင်္ဂါးစက်ရုံ

ဒင်္ဂါးစက်ရုံတော်ကို နန်းမြို့အတွင်း ဗဟိုစည်စင်တော်မြောက်ဘက်၌
ကနောင် မင်းသားကိုယ်တိုင် ကြပ်မတ်တည်ဆောက်သည်။ ဒင်္ဂါးသွန်းလုပ်သည့်
စက်ကို အင်္ဂလိပ် ကုန်သည်ကြီးဝီလျံဝါလစ်က ပြင်သစ်နိုင်ငံမှ မှာယူပေးခဲ့သည်။
သည်ကိစ္စ ဆောင်ရွက်ပေးသည့်အတွက် ဝီလျံဝါလစ်ကို တောင်ငူသစ်တောမှ
သစ်များဝယ်ယူခွင့် ပေးခဲ့ရသည်။

ယောအတွင်းဝန် ဦးဘိုးလှိုင်သည် ကာလကတ္တား ဒင်္ဂါးစက်ရုံမှ
စီမံအုပ်ချုပ်ပုံ စည်းမျဉ်းဥပဒေများ၊ ငွေပြားများ ပျော့ပြောင်းအောင် ဆေးရည်
စိမ်နည်း၊ ငွေကို သန့်စင်အောင် ပြုလုပ်နည်း၊ ငွေဒင်္ဂါးတစ်ကျပ်လျှင် ရောစပ်
ရမည့် သတ္တုစံနှုန်းစသည့် ဒင်္ဂါးစက်ရုံနှင့် ပတ်သက်၍ သိသင့်သိထိုက်သည်

www.burmeseclassic.com

www.burmeseclassic.com



များကို မှာယူကာ ပါဝင်လုပ်ဆောင်ပေးခဲ့သည်။

စက်ရုံတည်ဆောက်ပြီးစီးသည့်အခါ အမြောက်သုံးချက်ပစ်ဖောက်သည်။ ၁၂၂၇-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက် စနေနေ့ နံနက် တစ်ချက်တီးကျော်အချိန်၊ အခါတော်ကျရောက်သည်နှင့် ဒင်္ဂါးများကို စတင်ခတ်လုပ်သည်။ ဒင်္ဂါးအမျိုးအစားများမှာ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါး၊ ကြေးနီဒင်္ဂါး၊ သံဒင်္ဂါး၊ ခဲဒင်္ဂါး အမျိုးမျိုးရှိသည်။ ရွှေဒင်္ဂါးများမှာ အကြီးဆုံးမတ်သုံးအငယ်ဆုံး ပဲသုံးသာခတ်သည်။ သံဒင်္ဂါးမှာ ကြာရှည်မခံ၊ သံချေးတက်၍ ပျက်စီးလွယ်သောကြောင့် ခေတ္တသာ သုံးရသည်။ ခဲဒင်္ဂါးမှာ အထူတစ်မျိုး အပါးတစ်မျိုး ခွဲခြားသည်။ ခဲဒင်္ဂါး အထူလေးပြားမှာ ကြေးနီပိုက်ဆံတစ်ပြားနှင့် ညီမျှသည်။ ကြေးနီပိုက်ဆံလေးပြားမှာ ငွေတစ်ပဲနှင့် ညီမျှ၏။ ခဲဒင်္ဂါးမှာ တစ်ဘက်က ယုန်တံဆိပ်၊ တစ်ဘက်က မင်းတုန်းမင်းနန်းတက် သက္ကရာဇ်ကို ခတ်နှိပ်သည်။ ရွှေဒင်္ဂါးနှင့် ငွေဒင်္ဂါးများမှာ တစ်ဘက်က ဒေါင်းတံဆိပ် တစ်ဘက် ၁၂၁၄-ခုနှစ်ဟု ခတ်နှိပ်သည်။[၁]

ရှေးမင်းများ ဒင်္ဂါးခတ်လုပ်သော်လည်း အနည်းငယ်သာ ခတ်လုပ်ကြသည်။ တောကျေးရွာများပါ သုံးစွဲလောက်သည် မဟုတ်ပေ။ ယခု ရတနာပုံဒင်္ဂါးစက်ရုံမှ ဒင်္ဂါးပိုက်ဆံများကို တောကျေးရွာများပါ ထာဝရသုံးစွဲရန် စီမံထားသည့်အတွက် ဒင်္ဂါးပိုက်ဆံ ဥပဒေများပါ ရေးဆွဲရသည်။ ကျပ်သုံးဒင်္ဂါးမှာ ခုနစ်မူးသာ ရှိသည်။ ငါးမူးသုံး၊ မတ်သုံး၊ ပဲသုံးခေါ်သော အနုတ်ကလေးများမှာ အချိုးအစားအတိုင်း အလေးချိန် လျော့သွားသည်။ ရွှေဒင်္ဂါးမှာ မတ်သုံး မူးသုံး၊ ပဲသုံးများကိုသာ ခတ်လေ့ရှိသည်။ မြန်မာအချိန် တစ်မတ်မှာ နှစ်မူးတစ်ပဲ ရှိသည်။ မတ်သုံးဒင်္ဂါးမှာ သုံးပဲလေးရွေးသာ ရှိ၏။ ပိုက်ဆံများမှာ ကြေးနီ၊ သံ၊ ခဲများကို သုံးစွဲရန် ခတ်လုပ်လေ့ ရှိသည့်အတွက် ဥပဒေများ ရေးသား၍ အများနားလည်အောင် ဝေငှရသည်။[၂]

## မဲနယ်စက်ရုံ

ရတနာပုံနေပြည်တော်တွင် မဲနယ်ချက်လုပ်ရန် စက်ရုံပေါင်း ငါး

---

၁။ မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း၊ စတုတ္ထပိုင်း၊ စာ ၈၆-၈၇

၂။ ယင်း၊ စာ ၁၈၅-၁၈၆



တည်ဆောက်သည်။ ပထမဆုံးသော မဲနယ်ချက်စက်ရုံကို နေပြည်တော်ဟောင်းဖြစ်သော အမရပူရမြို့၌ တည်ဆောက်သည်။ မဲနယ်ပင်များကို စိမ်ထားရန် ပေ ၂၀ စတုရန်းရှိသည့် အုတ်ကန်ပေါင်း ခြောက်ကန် ပါသည်။ စက်ရုံကို ကြီးကြပ် လုပ်ဆောင်ရသူများမှာ အမေရိကန်အမျိုးသားများ ဖြစ်ကြသည်။ သူတို့သည် အိန္ဒိယပြည်ရှိ မဲနယ်စက်ရုံတွင် လုပ်ကိုင်ဖူးသူများ ဖြစ်ကြ၏။ ကာလကတ္တားမြို့မှ ဘင်္ဂါလီအလုပ်သမားများကိုလည်း ခေါ်ယူ အမှုထမ်းစေသည်။

ထို့ပြင် မန္တလေးအထက် ၅ မိုင်ကွာ သရက်ကန်တွင် မဲနယ်ချက်စက်ရုံတစ်ရုံ၊ မန္တလေးတောင်အနီးတွင် တစ်ရုံ၊ စစ်ကိုင်းမြို့ အနောက်ဘက် ၁၂ မိုင်ခန့်အကွာတွင် စက်ရုံတစ်ရုံ၊ နန်းမြို့တွင်း ဥယျာဉ်တော်၌ မဲနယ်စက်ရုံငယ်တစ်ရုံ ထပ်မံ တည်ဆောက်သည်။ ယင်းတို့အနက် သရက်ကန်စက်ရုံတွင် မဲနယ်ကန် ၅ ကန်၊ မန္တလေးတောင်စက်ရုံတွင် မဲနယ်ကန် ၃ ကန်၊ စစ်ကိုင်းအနောက်ဘက် စက်ရုံတွင် မဲနယ်ကန် ၁၀ ကန် အသီးသီး တည်ဆောက်သည်။

ကနောင်မင်းသားသည် မဲနယ်လုပ်ငန်းတွင် မြန်မာများ ဦးစီး လုပ်ကိုင်နိုင်ရန် ပညာတော်သင်များ စေလွှတ်သည်။ မောင်မြူးသည် အင်္ဂလန်၌ မဲနယ်ချက်လုပ်ငန်းကို ကျွမ်းကျင်စွာ တတ်မြောက်လာခဲ့သည်။

နောက်ပိုင်းတွင် မဲနယ်ပင်များကို စိုက်ပျိုးသည်မှ မဲနယ်ချက်လုပ်ပြီးသည်အထိ မြန်မာများပင် စိုက်ပျိုးကြ၊ ချက်လုပ်ကြသည်။ မဲနယ်မျိုးစေ့များကိုမူ ဘင်္ဂလားမှ မှာယူပြီး စိုက်ပျိုးသူများကို ထုတ်ပေးသည်။ နေပြည်တော်ဝန်းကျင်ရှိ 'အသည်'များက မဲနယ် စိုက်ပျိုးကြသည်။ မိမိတို့ပိုင် စိုက်ခင်းသုံးပုံတစ်ပုံကို မဲနယ်စိုက်ခင်းအဖြစ် သတ်မှတ်ကာ စိုက်ပျိုးစေသည်။ ကျန်စိုက်ခင်း သုံးပုံနှစ်ပုံအတွက် အခွန်တော် လွတ်ငြိမ်းခွင့်ပေးသည်။ နေပြည်တော်နှင့်နီးသည့် မြေများသည် မဲနယ်စိုက်ပျိုးနိုင်သည့် မြေအမျိုးအစားဖြစ်ပါက မဲနယ်ပင်ကိုသာ အဓိကထား၍ စိုက်ပျိုးကြရသည်။

မဲနယ်ပင်ကို မိုးလကုန်ပြီး ပွင့်လင်းရာသီရောက်လျှင် စိုက်ပျိုးရသည်။ အခြား ကောက်ပဲသီးနှံစိုက်ပျိုးသကဲ့သို့ မြေကိုထွန်ယက်ပြီး ပျိုးကြဲစိုက်ပျိုးရသည်။ လေးလခန့်ကြာလျှင် မဲနယ်ပင်များသည် နှစ်ပေခွဲခန့် မြင့်လာကြပြီးသည်အခါ ရိတ်သိမ်းပြီး ကောက်လှိုင်းများကဲ့သို့ စည်းကာ နှီးရာ မဲနယ်ချက်

www.burmeseclassic.com

www.burmeseclassic.com



စက်ရုံသို့ ပို့ကြရသည်။ ယင်း မဲနယ်ပင်များကို အပွင့်၊ အရွက်၊ အမြစ်ပါ မကျန် မဲနယ်ကန်များထဲတွင် ထုံးအနည်းငယ် ထည့်၍ ရေမြုပ်အောင် ဖိပြီး စိမ်ထားရသည်။ ရက်အတန်ကြာလျှင် မဲနယ်ပင်များ ပုပ်၍ ဆွေးမြည့်သွား၏။ သည်အခါ သစ်သား သို့မဟုတ် ဝါးယောက်မများဖြင့် ကြေမွသွားအောင် မွှေပေးရသည်။ ကြေမွသွားလျှင် အနယ် ထိုင်အောင် ထားပြီး ရေကြည်များကို ခပ်ထုတ်ပစ်ရသည်။ ရေကြည်များ ကုန်လျှင် ပျစ်ချွဲချွဲမဲနယ်ရည်များ ကန်ထဲတွင် ကျန်ရစ်သည်။ ယင်း ပျစ်ချွဲချွဲမဲနယ်ရည်များကို အခြား ကန်တစ်ခုထဲသို့ ဆောက်ချ စုပေါင်းထားရသည်။ ထိုမှတစ်ဆင့် မဲနယ် ချက်လုပ်မည့် အိုးကြီးများထဲသို့ ခပ်ထည့်ပြီး မီးပြင်းထိုး၍ ချက်ရသည်။ မဲနယ်ရည် များ ပျစ်လာလျှင် အဝတ်ကြမ်းများနှင့် ရေစင်အောင် စစ်ရသည်။ ရေစစ်ပြီးသော မဲနယ်နှစ်များကို ဘောင်ခတ်ထားသည့် သစ်သားသေတ္တာကြီးများထဲသို့ ထည့်ပြီး ခဲသွားစေရန် ကျောက်ဖြင့် ဖိထားရသည်။ ခဲသွားလျှင် သင့်တော်ရုံ အတုံးငယ် တလေးများဖြစ်အောင် ခွဲစိတ်ပြီး နေလှန်းသည်။ မဲနယ်တုံးကလေးများ ခြောက်သွေ့သွားပါက အသုံးပြုရန် အဆင်သင့်ဖြစ်ပြီ။

မဲနယ်လုပ်ငန်းသည် ပထမတွင် များစွာတွင်ကျယ်ခဲ့သည်။ မဲနယ်များကို တရုတ်ကုန်သည်များက ရှမ်းပြည်နယ်နှင့် တရုတ်ပြည်တို့သို့ တင်ပို့ရောင်းချ ကြသည်။ ရတနာပုံမဲနယ်စက်ရုံများမှ တစ်နှစ်လျှင် မဲနယ်ပိဿာချိန်ပေါင်း နှစ်သောင်းခန့် ထုတ်လုပ်နိုင်၏။ ရောင်းဈေးမှာ မဲနယ်တစ်ပိဿာလျှင် ငွေ ၄၀၀ ကျပ် (လေးရာကျပ်) ဖြစ်သည်။

မဲနယ် စက်ရုံများတွင် ပထမ၌ နိုင်ငံခြားသား အတတ်ပညာရှင်များကို ခေါ်ယူကာ ကြီးကြပ်လုပ်ဆောင်စေခဲ့သည်။ နောက်ပိုင်းတွင် မြန်မာပညာရှင် များပင် ဦးစီးကာ ထုတ်လုပ်တော့သည်။

## သကြားစက်ရုံ

ကနောင်မင်းသားသည် သကြားချက်ရန် စက်ရုံတစ်ရုံကိုလည်း စီစဉ် သည်။ ယင်း စက်ရုံကို မန္တလေးမြို့ အနောက်မျက်နှာမြို့ကြီးပြင် ပိုက်ကျုံး တံခါးအထွက် လက်ဝဲဘက်တွင် တည်ဆောက်သည်။ သကြားချက်စက်၊ သကြားဖြူအောင်ချွတ်သည့် စက်များကို အင်္ဂလန်မှ ဝယ်ယူခဲ့သည်။ ဥရောပ



တိုက်သား အတတ်ပညာရှင် အာသာကိုးဆိုသူက စက်များကို တပ်ဆင် ပေးသည်။

ခေတ်မီ မြန်မာနိုင်ငံဖြစ်မြောက်အရေးသို့ ရှေးရှုလျက် ငွေကြေး အကုန်အကျခံကာ ယခုကဲ့သို့ စက်ရုံအလုပ်ရုံများ တည်ဆောက်သည်ကို အင်္ဂလိပ်အစိုးရသည် နည်းအမျိုးမျိုးဖြင့် ပိတ်ပင် နှောင့်ယှက်သည်။ စက်ရုံ များ၏ လုပ်ရည်ကိုင်ရည်၊ ထုတ်လုပ်မှုစသည်တို့ကိုလည်း အမြဲတစေ စုံစမ်း အကဲခတ်သည်။ စက်ရုံများတွင် ခေါ်ယူအသုံးပြုသော နိုင်ငံခြားသား စက်မှုအတတ်ပညာရှင်များနှင့် တိတ်တဆိတ် ဆက်သွယ်ကာ သတင်းရယူ သည်။

ကနောင်မင်းသားနှင့်တကွ မြန်မာမှူးကြီးမတ်ကြီး ဝန်ကြီးများကား မည်သည့် အနှောင့်အယှက်ကိုမျှ ဂရုမထား၊ လုပ်ဆောင်ဖွယ်ရှိသမျှကိုသာ အားကြိုးမာန်တက် ဆောင်ရွက်ကြသည်။ ဤသည်ကိုပင် အင်္ဂလိပ်တို့က ‘စက်ရုံများတည်ဆောက်ခြင်းသည် မြန်မာများ စိတ်ကူးယဉ်ခြင်းသာ ဖြစ်သည်။ လက်နက်ပစ္စည်းများ ဝယ်ယူခွင့်ကို မိမိတို့က တားဆီး ပိတ်ပင်သဖြင့် မခံချင်စိတ်နှင့် ထလုပ်ခြင်းမျှသာ ဖြစ်သည်။ ကောက်ရိုးမီးပမာ ဟုန်းခနဲ ထတောက်ခြင်းပင် ဖြစ်၏။ ရေရှည်တွင် ဖွံ့ဖြိုးမည်မဟုတ်’ဟု အထင်ရောက်ခဲ့ ကြသည်။

နယ်ချဲ့တို့က မည်သို့ပင်ဆိုစေ ရတနာပုံနေပြည်တော် စက်ရုံအလုပ်ရုံ များသည် လုပ်ရည်အားကောင်းမွန်၍ တဖြည်းဖြည်း အောင်မြင်လာသည်။ စက်ရုံများမှ မီးခိုးများ မိုးယံဆီသို့ တလိပ်လိပ်တက်ဆဲ။ တူသံပေသံများ စည်းချက်ညီညီ ထွက်ပေါ်ဆဲပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com

## ၀။ မချစ်ပြင်ပြင်မကြင် တိုယ်တော်မိမ်းကြီးလား

အိမ်ရှေ့စံ ကနောင်မင်းသားသည် မြန်မာနိုင်ငံကို ခေတ်မီ တိုးတ[...]
စေလိုသော ဆန္ဒဖြင့် စက်ရုံများတည်ဆောက်သည့်ကိစ္စ၊ ပညာတော်သင်မျာ[...]
စေလွှတ်သည့်ကိစ္စ၊ သင်္ဘောများ၊ ခဲတပ်များ တည်ဆောက်သည့်ကိစ္စအ[...]
တို့ဖြင့် မအားမလပ်နိုင်အောင်ပင် အလုပ်တွေက များလှသည်။ အလွ[...]
တိုတောင်းသည့်အချိန် ရရှိပြန်တော့လည်း အခြားအခြားသော အဆောင်မျာ[...]
သို့သာ ရောက်ဖြစ်သည်။ အိမ်ရှေ့မိဖုရား လှိုင်ထိပ်ထား၏ အဆောင်တော်သ[...]
ခြေဦးမလှည့်မိသည်မှာပင် ကာလအတန်ငယ် ကြာသွားသည်။

လှိုင့်အဖို့မှာမူ တိုင်းရေးပြည်မှုများကို တာဝန်ယူဆောင်ရွက်ရခြင်[...]
လည်း မရှိ။ အိမ်ရှေ့မိဖုရားဆိုသော်လည်း သူ၏ အေးဆေးနူးညံ့သော[...]
သဘာဝကြောင့် လူမှုရေးကိစ္စများတွင်လည်း လှိုင်သည် ရှေ့တန်းသို့ မထွက်[...]
နောက်တန်းမှာသာ နေသည်။ မောင်တော် အိမ်ရှေ့မင်းသား၏ ဘုန်းရိပ်ကိုသ[...]
ခိုလှုံကာ တစ်သက်တာအတွက် အားထားခဲ့သည်။ ငယ်စဉ်ကလေးဘဝကပ[...]
မေတ္တာငတ်မွတ်ခဲ့သော လှိုင်သည် သူ့ရင်ထဲမှ ဟာကွက်ကို မောင်တော်၏[...]
မေတ္တာဖြင့် ဖြည့်စွက်လိုသည်။ ကြင်စဦးတွင်မူ သည်ဟာကွက်ကို မောင်တော်၏[...]
မေတ္တာဖြင့် ဖြည့်စွက်ခွင့် ရခဲ့သည်။ သို့သော် ယခုမူ မောင်တော့်မျက်နှ[...]
ရှင်ပျပျကို မမြင်ရသည်မှာပင် ရက်မှလသို့ ကူးခဲ့ပြီ။ မောင်တော်နှ[...]
လိပ်ပြာဝေးသဖြင့် အဆွေးပိုခဲ့ရပြီ။



မောင်တော်ဘုရား ကြွလာလေမလားဆိုသည့် မျှော်လင့်ချက်များဖြင့်
[...]ဆောင်တော်မှ နေ့စဉ် စောင့်စားခဲ့သည်။ အချိန်တွေသာ တဖြည်းဖြည်း
[...]န်ဆုံးသွားသည်။ မောင်တော်ကား ပေါ်မလာခဲ့ပေ။ စောင့်စားရင်းဖြင့်
[...]ကိုရ်စည်မှ ရိုက်ဆော်သံကို ကြားလိုက်ရသည်။ အလို...သုံးချက်တီးပင်
[...]ပေါ့လား။ လင်းလုလုအချိန်သို့ပင် တိုင်နေပြီ။ တစ်ညလုံး မေးစက်မပျော်ခဲ့။
[...]က်မပျော်လေတိုင်း ကြင်စဦးအချိန်က သစ္စာထားခဲ့ကြပုံကို သတိရမိသည်။
[...]စ္စာညီခဲ့ကြပုံကို ပြန်လည် အမှတ်ရမိသည်။ သစ္စာတည်ခဲ့ကြပုံကို
[...]မ်းတမိသည်။ ခုချိန်မှာ မောင်တော်၏ သဘောထားများ ရှေးကနှင့်
[...]တူတော့။ တစ်မူထူးခြားနေပါပေါ့လား။ လှိုင်သည် နဖူးပေါ်လက်တင်ကာ
[...]တွေရာရာ တွေးတောနေမိသည်။ မောင်တော် ဘာ့ကြောင့် မကြွမြန်းပါလိမ့်။
[...]တ်တီးတွတ်တာ အခရာ ပိုပိုဖြင့် မြူမာယာချိုစကား ပြောတတ်သည့်
[...]ချစ်သစ် တွေ့နေပြီလား။ လှိုင် စဉ်းစားရင်း တစ်မိုးသောက်ခဲ့သည့်ရက်တွေ
[...]တွက်၍ပင် မနိုင်တော့ပြီ။

မောင်တော်ကနောင်မင်းသားတွင် လှိုင့်အရင် မိဖုရားတွေ၊ ကိုယ်လုပ်တော်
[...]တွေ ရှိသည်ကို လှိုင် သိပါသည်။ ယခု လှိုင့်နောက်မှ အသစ်အသစ်တွေ
[...]လာနိုင်သည်မဟုတ်ပါလား။ သည်လို တွေးမိပြန်တော့ လှိုင်သည် ရတက်
[...]အေးဖြစ်ကာ တုန်လှုပ်ချောက်ချားလာသည်။ ကိလေသာအပူမီး၏ ပြင်းထန်စွာ
[...]လောင်မြိုက်တတ်သော သဘောကို လှိုင် ကိုယ်တွေ့ ခံစားနေရပြီ။ မိမိချစ်သော
[...]နှင့် ကွေကွင်းနေရသောအခါ ဖြစ်ပေါ်ခံစားနေရသော ရင်တွင်း မီးအပူသည်
[...]ည်မျှ ပူလောင်ကြောင်း လှိုင် လက်တွေ့ခံစားနေရသည်။

အိမ်ရှေ့ မိဖုရားမဖြစ်မီက ဝိဇယကာရီဇာတ်ကို ရေးခဲ့သည်။ သည်
[...]ုန်းက ပဒေသရာဇ် အသိုင်းအဝိုင်းနှင့် ပတ်သက်ပြီး ကြားရ၊ မြင်ရသမျှကိုသာ
[...]ခြေခံခဲ့သည်။ ယခု အိမ်ရှေ့မိဖုရား ဖြစ်လာသည့်အချိန်တွင်မူ လှိုင်
[...]ကိုယ်တိုင်သည် အသိုင်းအဝိုင်းထဲမှာ ကျင်လည်နေရပြီမို့ ထဲထဲဝင်ဝင် သိနားလည်
[...]လာရသည်။

အို...မောင်တော်အပါအဝင် မင်းညီမင်းသားတွေ မိဖုရား၊ ကိုယ်လုပ်
[...]မောင်းမများစွာနှင့် စံစားနေကြပါလား။ မိဖုရား၊ မောင်းမများကလည်း
[...]မိမိတို့ ချစ်လင်မောင်တော်များက သူတို့ကို ယုယဖို့၊ ချစ်ခင်ဖို့ သူ့ထက်ငါ

www.burmeseclassic.com

www.burmeseclassic.com



အပြိုင်အဆိုင် ခစားကြ၊ ပြုစုကြနှင့်။ တစ်ဦးကိုတစ်ဦးလည်း မနာလိုဝန်
စိတ်တွေ ဖြစ်ပြီး ကုန်းချောကြ၊ ဖြားယောင်းသွေးဆောင်ကြရနှင့် ရှက်ဖွ
ကောင်းလိုက်ပါဘိ။ သည်လို မင်းညီမင်းသား ဘုရင်မင်းမြတ်များက ကာ
ဂုဏ်မှာ ပျော်မွေ့သည် အလေ့အထသည် နန်းတွင်းရေးကို ရှုပ်ထွေးစေသေ
အကြောင်းတစ်ရပ်သာမက လူမှုရေးဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေခဲ့သ
မဟုတ်ပါလား။ လှိုင်က သည်လို မြင်သည်။

ထို့ကြောင့် လှိုင်သည် ကိုယ်ပိုင်စိတ်ကူးဖြင့် ဣန္ဒာဝံသဇာတ်တော်ကြ
ကို ရေးသားသည်။ ဣန္ဒာဝံသမင်းသားသည် တစ်ပြည်မှတစ်ပြည်သို့ ကူးက
ကြင်ရာမင်းသမီးများကို တစ်ယောက်ပြီးတစ်ယောက် ကောက်ယူနေသ
ဇာတ်လမ်းပင် ဖြစ်သည်။ လှိုင်၏ ကိုယ်ရေးကိုယ်တာ ခံစားချက်များ
အခြေခံသော်လည်း အဖွဲ့အနွဲ့များတွင် သက်ဦးဆံပိုင်စနစ်ဆိုး၏ သရုပ်သ
ကို ထင်ဟပ်ရေးဖွဲ့သည်။ နန်းတွင်း၌ ကပြရန်မဟုတ်ဘဲ ဖတ်ရှုရန် သက်သ
သာ ဖြစ်သည်။ သည်ဣန္ဒဝံသ နန်းတွင်းဇာတ်ကို ဖတ်ရှုတင်ဆက်ခြင်းဖြ
မောင်တော်ကနောင်မင်းသား သတိတရား ရပါစေတော့။

ကြင်စဦး ချိုမြသော နေ့ရက်များကို လှိုင်သည် တရေးရေးမြင်ယော
လာမိသည်။ နှစ်ဦးသား သစ္စာထားခဲ့ကြစဉ် မောင်တော်က သည်လို ဆို
သည်။

'ဒီတစ်သက် လှိုင်ကလွဲပြီး မည်သူ့ကိုမျှ မောင်ဘုရား မကြင်နာပါဘူ
ယုံပါနှမရယ်။ မောင်တော်လေ အထွတ်အထိပ်ရောက်ရင် နှမတော် လှို
ထိပ်ထားကလေးကို တောင်ညာစံမိဖုရားကြီးအဖြစ် ထားမယ်။ ဘယ်လော
လှတဲ့ နတ်ဒေဝီတွေက လာရောက် ဖြားယောင်းပါစေ။ နှမတော်အပေ
ထားရှိတဲ့ မောင်ဘုရားရဲ့ မေတ္တာတွေ သွေလွဲမှာ မဟုတ်ဘူး။ ဗြဟ္မာမျိုးနွ
ဖြစ်တဲ့ ပုဏ္ဏားတော်ရစ်ယော့ဘက်နဲ့ တောင်ညာစံဘိသိက်သွန်းခံရင်း လူအများ
အကန်တော့ကို တူယှဉ်တွဲပြီး ခံယူမယ်နော်'

မောင်တော်ရဲ့ အပြောတွေ လှိုင့်နားထဲမှာ ပျားသကာလို ချိုခဲ့သည
လှိုင်သည် အတိတ်ဖြစ်ရပ်များကို တွေးရင်း ယခုလက်ရှိ အခြေအနေ
ယှဉ်ကာ စဉ်းစားမိပြန်သည်။ သည်အခါ လှိုင့်ရင်ထဲမှာ ကြေကြေကွဲ
ခံစားလာရသည်။



'မောင်တော်ရဲ့ ချိုစကားတွေကို နှမတော် ယုံစားမိလို့ မောင်ဘုရား
အပေါ်မှာ အကြင်နာတွေ ပိုခဲ့ရပါတယ် မောင်တော်ရယ်။ အခုဆို မောင်ဘုရား
ရဲ့ မျက်နှာတော်ကလည်း သုန်မှုန်လို့။ နှမတော်အပေါ် စိမ်းကားလိုက်ပုံများ
အချစ်အရိပ်အယောင်ကိုတောင် မမြင်နိုင်အောင် ပိန်းပိန်းပိတ်မှောင်လှပါတယ်။
ဘယ်အကွက်ကယ်ကြောင့် မောင်တော် သည်ရွေ့သည်မျှ မုန်းမာန်ပွားနေ
ရပါလိမ့်။ ဘယ်အတွက်ကယ်ကြောင့် ရှောင်လွှဲတော်မူနေပါလိမ့်ဆိုတာ နှမတော်
အကြောင်းရှာမရ ဖြစ်နေပါတယ် မောင်တော်။ နှမလေးဘက်က မောင်တော့်
အချစ်ကို ယုံစားလွန်းလို့ ဘဝတစ်ခုလုံး ပုံခဲ့မိပါတယ်။ ဒါပေမယ့် မောင်တော့်
ဘက်က တုံ့ပြန်မှုမပေးခဲ့ပါလား မောင်တော်ရယ်။ နှမတော်မှာ သစ္စာကတိ
တည်တည်ကြည်ကြည်နဲ့ သဘောထား မပြောင်းလဲပေမယ့် မောင်တော်ကတော့
တစ်မူထူးခြားကာ အပြောင်းလဲကြီး ပြောင်းလဲနေပါပေါ့လား မောင်တော်ရယ်'

သည်လို စဉ်းစားရင်း မောင်တော်အား တမ်းတအောက်မေ့လှသော
ကြောင့် လှိုင့် ရင်ထဲတွင် တနုံ့နုံ့ခံစားလာရသည်။ လှိုင်သည် မယ်တော်
မြကလေး၏ နှလုံးသားနှင့် ဦးနှောက်ပေါင်းစပ်ကာ မွေးဖွားလာသူကလေး
ပေမို့ မယ်တော်ကဲ့သို့ပင် သူ့ရင်တွင်း ခံစားချက်များကို ယခုလို ဖွင့်လှစ်သီကုံး
တော့သည်။

စိန်ခြူးကြာညောင်၊ လရောင်လင်းပါလို့
မှန်ရွှေပြူပြူတင်းရယ်က၊ မယ်ခုမျှော်
သုံးချက်စည်တော်၊ ရိုက်ဆော်ညင်းတယ်လေး
လင်းပြန်လုနော်။
သစင်သင်းပါတဲ့၊ ခင်းပြန့်ပေါ်[၁]
လာနိုးငယ်မယ်မျှော်လို့၊ တစ်ကိုယ်တော်ထူး
တွေရာစိတ်ကူးပါလို့၊ ဖူးရွှေလက်တင်။
ဖြစ်ရေးကုန်စင်၊ ဘဝင်တုန်ဆွေးတယ်လေး
တွေးကြဲလိုက်ရင်။

---

၁။ ဒဿမတန်း မြန်မာကဗျာလက်ရွေးစင် တွင် 'ခင်းညံ့ပေါ်'ဟု ပါရှိသည်။ ခင်းညံ့=နူးညံ့သောအခင်းဟု ခက်ဆစ်ဖွင့် ပေးထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သစ္စာတော်ရူးပါစေ့၊ ဆိုဦးကပင်
ခင်လေးကို မောင်ကြင်ငဲ့၊ သည်သက်တွင်ပဲ
နှောင်သွေမလွဲပါဘု၊ ယုံတော့မေ။
ပြဒ္ဒမဗွေ သီဟာတင့်တယ်လေး
စိုးညာမြင့်နေ။
နတ်ဒေဝီဖြားသော်လဲ၊ တစ်ပါးမသွေ
ရှစ်ဖြဟ္မာချွေပါလို့၊ အောင်ဇေယျာညွှန်း
မတ်ချွေရွှေဝန်းငယ်နှင့် ရေသွန်းတော်ခံ
မဟေသီမှန် ဒေဝီတပ်တယ်လေး
ဦးဆယ်ထပ်ရံ။
သည်မယ်ထင်စားပါလို့၊ ကြင်အားငယ်သန်
ခုများမှာ သူတညာဏ်နှင့်၊ မူတဟန်ခြား
ပြုတော်မူအားရန်ကော့၊ မျက်ထားတော်သုန်။
မချစ်ပြင်ပြင်၊ သခင်ကိုယ်တော်စိမ်းတယ်လေး
ပိန်းပိတ်လို့မှုန်။
သဖြန်။ ။အချစ်ကိုယုံ၊ ပုံပါငဲ့အလုံး။
ရှောင်လွှဲနေပျော်လို့
မကြည်သော်မျက်တော်ဖုံးတယ်
ဘယ်တွက်ကြောင့်မုန်း။

လှိုင်သည် လက်ထဲမှပုရပိုက်ကို ရွှေကလပ်ပေါ်သို့ လှမ်းတင်လိုက်ပြီး သက်ပြင်းမောကလေးကို အသာချလိုက်သည်။

အပါးတွင် ခစားနေသော အပျိုတော်ခင်အုံနှင့် ခင်သစ်တို့သည် သခင်မလေး လှိုင်ထိပ်ထားကို ကရုဏာသက်သော မျက်လုံးအစုံဖြင့် ငေးငေးလေး ကြည့်နေကြသည်။ သူတို့နှစ်ယောက်သည် အဆိုတော်ကလေးများ ဖြစ်ကြ၏။ လှိုင်အပါးတွင် အမြဲခစားကြရသည်။ လှိုင် စီကုံး ဖွဲ့နွဲ့ထားသော တေးကဗျာ မှန်သမျှ သူတို့နှစ်ယောက် နှုတ်တိုက်အာဂုံဆောင်နိုင်အောင် ကျက်မှတ်ရသည်။ စာသားအလွတ်ရပြီဆိုလျှင် လှိုင်က သူတို့နှစ်ယောက်နှင့်အတူ မြောက်ပန်းခုံ တော်ဆီသို့ ထွက်ကြသည်။ ထိုနေရာမှာ အခြား ရုံရွှေတော်များ ကင်းရှင်းသည်။



အေးချမ်းတိတ်ဆိတ်သည်။ ထိုပန်းခုံတော်တွင် အဆိုတော်ခင်အုံနှင့် ခင်သစ်တို့အား တေးကဗျာကို အသံနေအသံထား၊ အဖြတ်အတောက် မှန်ကန်ကျနအောင် လှိုင်ကိုယ်တိုင် သီဆို၍ သင်ကြားပေးလေ့ ရှိသည်။

သည်လို အနီးကပ်မပြတ် ခစားကြရသူတွေမို့လည်း ခင်အုံနှင့် ခင်သစ်တို့သည် လှိုင်နှင့်ပတ်သက်သမျှ ခရေစေ့တွင်းကျ သိနေကြသည်။ ယခု အိမ်ရှေ့စံ ကနောင်မင်းသားသည် မေ့ရက်ကယ်နေနိုင်လွန်းသည်။ အရှင်သခင်မလေး လှိုင်၏ အဆောင်တော်သို့ မကြွမြန်းသည်မှာ ကာလ အတန်ကြာပြီ။ လှိုင်သည် အုံးရွှေသဥ္ဇာပေါ်ဝယ် ညိုးညိုးငယ်ငယ်နှင့် အလွမ်း နယ်ချဲ့နေရှာသည်။ လှိုင်ထိပ်ထား၏အဖြစ်ကို မကြည့်ရက်မရှုရက် ဖြစ်နေ ကြသည်။

လှိုင်သည် ရွှေကလပ်ပေါ်ရှိ ပုရပိုက်ကို မှုန်ငေးငေးကြည့်နေရာမှ 'ခင်အုံနဲ့ခင်သစ် . . . ဒီတေးကဗျာစာသားကို နှုတ်တိုက်ရအောင် ကျက်နှင့်ကြပေဦး'ဟု ဆိုကာ ကမ်းပေးလိုက်သည်။ အဆိုတော်ကလေးနှစ်ယောက်လည်း ပုရပိုက်ကို လက်လှမ်းယူကာ လှိုင်နှင့် မလှမ်းမကမ်းတွင် ခစားရင်း တိုးတိုးလေး ကျက်မှတ်နေကြ၏။ လှိုင်သည် ကတ္တီပါမှီအုံးကို မှီကာ မျက်လုံးအစုံမှိတ်လျက် အနားယူလိုက်သည်။

ကနောင်မင်းသားသည် လှိုင်ထိပ်ထား၏ 'စိန်ခြူးကြာညောင်' ဘောလယ်ကို နားဆင်လျက် ရှိ၏။ တေးသံမှာ နူးညံ့သိမ်မွေ့လှ၏။ စပ်ဆိုဖွဲ့နွဲ့ပုံကလည်း အဖွဲ့ဆန်း ဖြစ်သည်။ သီဆိုတင်ဆက်နေသူများမှာ အဆိုတော် ခင်အုံနှင့် ခင်သစ်တို့ပင် ဖြစ်၏။ ကဗျာလင်္ကာတွင် တံခွန်ထူနိုင်သူ၊ တူရိယာ ဂီတဘက်တွင်လည်း သရုပ်ဆောင်နိုင်သူ လှိုင်ထိပ်ထားကိုယ်တိုင် လက်ထပ် သင်ကြားပေးထားသဖြင့်လည်း နားဆင်နေသူ ကနောင်မင်းသား၏ စိတ် နှလုံးကို ဆွဲကျုံးယူငင် နိုင်ခဲ့သည်။ နှမတော်လှိုင်၏ ပစ္စက္ခရွှေရုပ်လွှာကို ထုတ်လုစ်ပြသည့်အလား ကနောင်မင်းသား၏ စိတ်အာရုံဝယ် ထင်ယောင် မြင်ယောင်လာသည်။

'ငယ်စဉ်ဘဝက မိသဆိုး၊ ဖသဆိုးဘဝဖြင့် အားကိုးရာမဲ့ ကြီးပြင်း လာရသူကလေးမို့ အားငယ်တတ်ပေမယ်။ မိမိကို သက်လုံးပုံပြီး အားကိုးခဲ့ သူလေးကို မိမိက စိမ်းကားပြီဆိုကာ ပဋာမြေလူးသည်သို့ ခံစားနေရရှာမှာပဲ။

www.burmeseclassic.com

www.burmeseclassic.com



အချစ်ကြီးသူ သစ္စာတရားကြီးမားသူ လှိုင်ခမျှာ အချစ်မီးလောင်ကျွမ်းပြီး နင့်နင့်နဲနဲ ခံစားနေရရှာပေမယ့်'ဟု ကနောင်မင်းသား နားလည်သဘော ပေါက်လာသည်။ သည်အခါ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ပြီးသည်နှ မည်သည့်မိဖုရား၊ ကိုယ်လုပ်မောင်းမများ၏ အဆောင်သို့မျှ မသွားတော့ပေ အိမ်ရှေ့မိဖုရား လှိုင်ထိပ်ထား၏အဆောင်တော်သို့သာ မပြတ်ကြွမြန်းတော် သည်။ ထိုအချိန်မှစ၍ လှိုင်သည် ကနောင်မင်းသား၏ ချစ်မြတ်နိုးမှု၊ ယုယ ကြင်နာမှုတို့ကို အပြည့်အဝ ရရှိခဲ့ပြန်သည်။ သည်လို ကြည်နူးဆွတ်ပျံ့ဖွယ် ကာလမှာ တာရှည် မတည်တံ့ပြန်ပေ။

ကနောင်မင်းသားတွင် အခြား မိဖုရား၊ ကိုယ်လုပ်မောင်းမများလည်း ရှိပြန်ရာ သူတို့သည် လှိုင့်ထက်အတွေ့အကြုံများကြသည်။ အသိကြွယ်ကြသည် မာယာကြွယ်ကြသည်။ အညအတာ၊ အခရာပိုကြသည်။ ယခု လှိုင့်အဆောင် တော်တွင်သာ ကနောင်မင်းသား ပျော်ပိုက်နေသည်ကို မနာလို၊ မရှုဆိတ် ဖြစ်ကြပြန်သည်။ သည်တော့ အညအတာ အခရာတွေပိုကာ မာယာတော ကနောင်မင်းသား ပျော်မွေ့နိုင်အောင် ဖြားယောင်းသွေးဆောင်ကြသည်။

လှိုင့်အနေဖြင့် အိမ်ရှေ့မင်းသား၏ ကိုယ်ရေးကိုယ်တာ ကိစ္စအဝဝတွ ဝင်ရောက် စွက်ဖက်ဝံ့သူလည်း မဟုတ်။ သည်ကိုယ်လုပ်တော်များနှင့်လည် ယှဉ်ပြိုင်ဝံ့သူ မဟုတ်ရှာပါ။ ထို့ကြောင့် မောင်တော် ရောက်မလာသည့်အချိ တိုင်း သောကပွေရပြန်သည်။ ညစဉ်ညတိုင်း မောင်တော်ကိုသာ စောင့်မျှော်ရင လွမ်းတနေရရှာသည်။ လှိုင်သည် ပုလဲများ၊ ကုန္တန်ကျောက်များ မြုပ် စီခြယ်ထားသည့် သလွန်ထက်ဝယ် ဘယ်ပြောင်းညာလှည့်ဖြင့် တစ်မိုးလင ခဲ့ရသည်မှာ ရက်မှလသို့ပင် ကူးပြောင်းခဲ့ချေပြီ။ သူ့ကို သက်ဆုံးတိုင်ချစ်ပါ့မည ဟု ပြောခဲ့သည့် မောင်တော်ကို လှိုင်ကလည်း သူ့ခေါင်းထက်က စံပယ်ကုံးကဲ့သ အမြတ်တနိုး ချစ်ခဲ့သည်။ မိမိဆံကေသာကဲ့သို့ အမြတ်တနိုးထားခဲ့သည် လှိုင့် စိတ်အာရုံသည် သူ့ကိုယ်မှခွာပြီး မောင်တော်ထံသို့ ပျံ့လွင့်လျ အဆွေးပိုခဲ့ရပြန်သည်။

မောင်တော်နှင့် တွေ့နိုင်ရေးမှာ အဝေးကြီး ဝေးနေခဲ့ရသည်။ ယခုဝ မောင်တော့်ကို စောင့်မျှော်နေရင်း ငွေလမင်း၏ ရောင်ခြည်များပင် စောင်းခဲ့ပြ မောင်တော်လာမည့် လမ်းကို မျှော်ငေးကာ ကြည့်နေသော်လည်း အရိ



အယောင်ကိုမျှ မမြင်ရပေ။ လင်းကြက်များပင် သာသာယာယာ တွန်ကျူးနေ ပါပြီကော။ ပဟိုရ်စည်မှ သုံးချက်တီးလိုက်သည်အထိ လှိုင်သည် အိပ်စက်ခြင်း အလျဉ်းမရှိခဲ့ပေ။ မောင်တော့်ကိုသာ မျှော်နေမိသည်။ မောင်တော်ကား ပေါ်မလာပေ။ သည်လို မျှော်ရသည့် ညမျိုးများစွာကို ကျော်ဖြတ်ခဲ့ရသဖြင့် ကာလကြာညောင်းလာသည့်အခါ လှိုင့်ရင်ထဲတွင် မခံနိုင်တော့ပေ။ သည်အခါ လှိုင့် ရင်တွင်းမှ ဝေဒနာများကို ယခုလို ဖွင့်ဟကာ သူ့ကိုယ်သူ ဖြေသိမ့်ခဲ့ ရှာသည်။

## ပုလဲမြိတ်စုံ

ပုလဲမြိတ်စုံ၊ ကုန္တန်ခြားပါတဲ့၊ နဂါးရုပ်ကြွမြခက်သွယ်၊
ရွှေကိန္နရီရုပ်ခြည်ဆန်းတယ်လေး၊ ပန်းအုံမြင့်လယ်။
ထင်လာနီးငယ်နှင့် မျှော်ကိုးယောင်ဘွယ်၊
သက်ဆုံးတိုင်ကြံရွယ်တဲ့ ရွှေစံပယ်ကုံး၊
မြတ်ဘဏ်ယူသုံးပါလို့၊ ကြော့ဆုံးကေသီ
ဘုန်းမယ့်သွင်ပြင်၊ ရွှေလိပ်ပြာဝေးတယ်လေး၊ ဆွေးပိုခဲ့ပြီ။
သဲရွှေဘွင်ကျွမ်းစေဖို့၊ မယ်လွမ်းချိန်မီ၊
ရွှေစကြာစုံနှစ်လီပ၊ သီသီမမြန်း၊
ခိုင်မာလာပန်းရယ်နှင့်စက်ခန်းတော်ဘုံ၊
မော်ယွန်းသဥ္စာ၊ ဆောင်တော်ကွေ့မှာလေး၊ ဖူးတွေ့မကြုံ။
ငွေယုန်ခြည်စောင်းပါပေါ့၊ ခါနှောင်းတော်ပုံ၊
ရှေ့ကျွန်းဝိဟာဘုံက၊ ထွက်ပေါ်ပုံနီး၊
သုံးပဟိုရ်တီးပါပေါ့၊ မျှော်မမြင်
ရွှေကြက်သံချိုး၊ ဆော်လာသွင်းတယ်လေး၊ လင်းမယ်လို့ပြင်။ ▪

လှိုင်သည် မောင်တော် ကနောင်မင်းသားအား မျှော်မောရပုံကို ယခုလို သီကုံးပြီး အဆိုတော်ခင်ဆုံနှင့် ခင်သစ်တို့ကို သီဆိုစေသည်။ နားဆင်နေကြ သော နန်းတွင်း အပျိုတော်ကလေးများ မျက်ဆည်မဆည်နိုင်အောင် ဖြစ်ကြ ရသည်။

လှိုင်သည် 'ပုလဲမြိတ်စုံ'ဘောလယ်ကို ကနောင်မင်းသားထံ ဆက်သွင်း စေသည်။ စကားလုံး အသုံးအနှုန်း ပိုင်နိုင်ထိမိလှသဖြင့် ကာယကံရှင်

www.burmeseclassic.com

www.burmeseclassic.com



ကနောင်မင်းသား၏ ရင်ကိုတန်းထိသည်။ လှိုင့် မျှော်လင့်ချက်များ အောင်မြ ပါသည်။ ကနောင်မင်းသားသည် လှိုင့်ကို သနားကရုဏာသက်ကာ ကြင်စဦ ကာလများကဲ့သို့ ယုယပိုက်ဖြားတော်မူပြန်သည်။

လှိုင့်ဘဝကို စာနာထောက်ထားသူ၊ လှိုင့်ကို ကြည်ဖြူသူများရှိသကဲ့သ မနာလိုဝန်တိုသူများ၊ မကြည်ဖြူသူများလည်း ရှိကြသည်။ စာနာကြည်ဖြ သူများက လှိုင့်ဂုဏ်သတင်းကို ဖော်ထုတ်ချီးကျူးနိုင်ကြသည်။ မနာလ မကြည်ဖြူသူများကမူ မဟုတ်မမှန်လုပ်ကြံ ပြောဆိုကြသည်။ ကနော မင်းသားက လှိုင့်အား ယုယကြင်နာသည်ကိုပင် ကိုယ်လုပ်တော်အချို့မှ မှုဒိတာ မပွားနိုင်ကြပေ။

လှိုင့် ဘဝကလေး သာသာယာယာ ရှိနေသည်ကို မရှုဆိတ်သူတွေ အခွင့်သာသည်နှင့် ကနောင်မင်းသားအား ကုန်းချောစကား လျှောက်တင်ဖြ သည်။ တိုက်ပါများတော့နဲ့သည်ဟုပင် ဆိုရမည်။ ချောပစ်စကားများ ကြားရဖန်များလာသောအခါ ကနောင်မင်းသား နားဝင်တော်မူပြန်သည် သို့ဖြင့် လှိုင်နှင့် တွေ့လျှင် မျက်နှာတော် သုန်သုန်မှုန်မှုန် ဖြစ်နေသည် လှိုင့်ကိုလည်း အရေးမပေးဘဲ နေပြန်သည်။ မလွဲမရှောင်သာ ပြောစ ဆိုစရာရှိလျှင်ပင် မျက်နှာထားတည်တည်ကြီးထားကာ ဆက်ဆံပြောဆိုသည်

လှိုင် စိတ်ဆင်းရဲရပြန်ပြီ။ ပူဆွေးသောက ရောက်ရပြန်ပြီ။ မောင်တော ရဲ့ ချိုသာစွာ ဆက်ဆံပြောဆိုမှုတွေ၊ အယုအယတွေဘာက်ဆီကို ထွက်ပြေ ကုန်ကြပြီလဲ။ လှိုင့်မှာ ဘာအဖြစ်ရှိလို့လဲ။ ဘာကို မကျေနပ်၍ သုန်မှုန်နေပါလိမ့် တွေးရင်း တွေးရင်း လှိုင့်စိတ်တွေ နောက်ကျိလာသည်။ ကိုယ်၊ စိတ်၊ နှလုံး သိမ်းကျုံးနောင်တဲထားသလို တင်းကျပ်စွာ ခံစားနေရသည်။

လှိုင်သည် သူ့ ဦးခေါင်းထက်မှာ အမြတ်တနိုး ပန်ဆင်ထားသည် စံပယ်ဖူး၊ စံပယ်ငုံ၊ စံပယ်ခက်ကဲ့သို့ ချစ်မြတ်နိုးရသည့် မောင်တော် စိမ်းနေသော်လည်း လှိုင့်မှာဖြင့် မောင်တော်ကို မမုန်းနိုင်။ မနာကြည်း ပိုလို့သာ ချစ်အားကိုးခဲ့ရသည်။ အသက်ထက်ဆုံး ချစ်ခင်ကြင်နာမည် ဆိုခဲ့ပါလျက် ယခုမူ အမုန်းပွားကာ နီးလျက်နှင့် ဝေးနေရပြန်ပြီ။ ကြာတော့လည် မောင်တော်ကနောင်မင်းသားနှင့် ပတ်သက်ကာ လွမ်းဆွေး တမ်းတနေ သည်ထက် သေရခြင်းကပင် ကောင်းပေလိမ့်မည်ဟု လှိုင် ထင်လာမိသည်



မောင်တော်သည် ယခုလို အကြင်နာကင်းမဲ့စွာနေမည့်အစား နောင်ရာဇဝင်မှာ ဥဒါန်းတွင်ရစ်အောင် မောင်တော်၏ စက်သွားသီလဝင်ဖြင့် နှမတော်ရဲ့ ရွှေလည်ကို ပိုင်းဖြတ်ကာ သတ်လှဲ့ပါတော့။ ယခုလို မကြင်နာရက်စက် စိမ်းကားခြင်းသည် အဆွေးကိုသာ ပိုစေခဲ့သည်။

အဆွေးမင်းသမီး လှိုင်သည် ဆွေးရသည့်ဒဏ်များ သက်သာလို သက်သာငြား ပုရပိုက်တစ်လွှာနှင့် ကန့်ကူဆံကို လှမ်းယူကာ 'ထုံပန်းမာလာ'ကို မွေးဖွား သန့်စင်လိုက်ပြန်သည်။

**ထုံပန်းမာလာ**

– ထုံပန်းမာလာ၊ ရွှေစံပယ်ဖူးငယ်သို့
မယ့်ကြင်စဦးပေမို့၊ ယုံမိတယ်၊
ခုမှတကယ်၊ ရွှေစံပယ်ခက်ကယ်လေး၊ မုန်းရက်လှတယ်။
– ရွှေစံပယ်ရိုးလိုပ၊ တိုးခိုခတယ်၊
ပြန်တွေးစာနာလှည့်အုံး၊ ထယ်တော်မူအား၊
နောက်တစ်ဖန်ခြားပါလို့၊ သုန်အားရန်၊
မယ်ဖြင့်ဘုန်းဝေ၊ ရွှေစံပယ်မြစ်ကိုလေး၊ တိုးချစ်ခဲ့ပေ။
– ရွှေစံပယ်ခက်ကယ်သို့၊ ကြင်သက်ဝေ
သက်ဆုံးတိုင်မှန်စေပ၊ မသွေစတမ်း
ပျူငှာတော်ကြမ်းပါတဲ့၊ ရွှေသန်းရှင်
လွဲလေ့သစ္စာ၊ ရွှေစံပယ်သီးငယ်လေး၊ နီးလျက်နှင့်ကွာ။
– နောင်ရာဇဝင်ဆန်းအောင်လို့၊ ဥဒါန်းငယ်တွင်
စက်သွားတော် သီလဝင်နှင့်၊ အရှင်မထား
ရွှေလည်ကိုသားပါလှည့်၊ သော့မကြာ
သက်ဆုံးတိုင်တိုင်၊ စံပယ်ညှာသေးငယ်လေး၊ ဆွေးစေတော့သာ။

လှိုင်သည် 'ထုံပန်းမာလာ'ကို မောင်တော့်ထံ ဆက်သွင်းစေသည် သို့တိုင် ရင်တွင်းမှ ဝေဒနာသည် လျော့ပါးသွားသည်ဟူ၍ မရှိပြန်။ နှမတော်ရဲ့ မေတ္တာကို ထောက်ထားစာနာခြင်း မရှိ။ နေ့ရက်ရှည်ကြာ စိမ်းကားနေသည့် မောင်တော်ပါလား။ ညဥ့်ခြုံလွှာတော်တွေ မည်မျှပင် လွှမ်းခြုံထားစေကာမူ ပိုက်ထွေးမည့် မောင်တော်မရှိသဖြင့် လုံခြုံနွေးထွေးသွားသည်ဟူ၍ မရှိခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



သည်လို ဖော်ကွာဝေးနေချိန်မှာ မိုးနတ်မင်းကလည်း ငြူးမာန်ဖွဲ့ပြီး စစ်သည်တော်များနှင့် စစ်ခင်းတော့မည် ထင်ပါရဲ့။ မေရုတောင်ထိပ်တွင် လှိုင်းပျည်မြိုမည်းနေလိုက်ထာ၊ မိုးလုံးညွတ်မျှ ပြိုကျတော့မတတ်ပါလား။ အငြိုးနှင့်ရွာတော့မည့်ပုံ ကောင်းကင်တစ်ခုလုံး မိုးသားမိုးတိမ်တွေ အလိပ်လိုက် အလိပ်လိုက် တက်လာနေသည်ကို မကြည့်ရဲ မမြင်ရဲပါ။ နှမတော် အားကိုးအားထားပြုနေရသူ မောင်တော် ကနောင်မင်းသား ကြွမလာခင် မရွာလိုက်ပါနှင့်။ မောင်တော်ကြွလာပြီးသည်အထိ ဆိုင်းငံ့ထားကာ မောင်တော်လာပြီးမှ ရွာစေချင်ပါတယ် မိုးမင်းရယ် . . . ဟု မိုးမင်းအား သနားစဖွယ် တိုင်တည်နေပြန်သည်။ ထစ်ချုန်းမိုးကို ကြောက်အားပိုနေသည့် ခံစားချက်၊ မောင်တော်အား မျှော်တော်ဇောနှင့် မောရသည့် ဖြစ်အင်ကို လှိုင်သည် 'ပတ္တမြားယုက်ရုံ' အမျှော်စိုက်ဘောလယ် ဖွဲ့နွဲ့ခြင်းဖြင့် သူ့ကိုယ်သူ ဖြေသိမ့်ရှာသည်။

သည်လို စာတွေကဗျာတွေ ဖွဲ့ပြီး သူ့ကိုယ်သူ ဖြေသိမ့်ပါသော်လည်း စိတ်သောကများ ပြေပျောက်သွားပြီဟူ၍ မရှိခဲ့ပေ။ ကမ္ဘာမြေကြီး ကွယ်ကာပျောက်မှ သွေဖောက်ပါမည်ဆိုကာ ကျမ်းသစ္စာ ကျိန်ဆိုသောကြောင့် မောင်တော်ပြောစကားများကို လှိုင် ယုံကြည်အားထားမိခဲ့သည်။ ယခုတော့ဖြင့် သေချင်သေပါစေ ဆိုပြီး ပစ်ထားရက်လေခြင်းဟု အားငယ်ကာ လွမ်းစိတ်နှင့် လှိုင် ငိုကြွေးနေရသည်။

'ချာညိုလှိုင်သင်း၊ ငွေနှင်းစိုစို၊ လပြာသို' ရောက်ပြီ။ ဆီးနှင်းထုထပ်ပြီး အအေးဓာတ် လွန်ကဲလှသည်။ ချမ်းအေးလွန်းသဖြင့် ခေါ်မတိုင်းဖြစ် စောင်တွေ အထပ်ထပ် လွှမ်းခြုံထားပါသော်လည်း နွေးထွေးလာသည် မရှိပေ။ သည်ရာသီမှာ ဘုရင့်တပ်မတော် အထူးသဖြင့် ကြည်းတပ်မတော်သားများ စစ်ကြီးခင်းပွဲ မြင်းခင်းသဘင်ပွဲကို ဆင်ယင်ကျင်းပနေသဖြင့် နန်းရင်ပြင်မှာ ဆိုင်းသံ၊ ဗုံသံ ဆူညံလျက် လွန်စွာ စည်ကားလှသော ပွဲခင်းကြီး ရှိသည်။ နန်းတွင်းသူနန်းတွင်းသားများ အစွမ်းကုန် ပျော်နေကြပေမယ့် လှိုင်မှာဖြင့် မပျော်နိုင်ပါ။ မောင်တော်ရောက်မလာသည်နှင့်ပင် ကြင်နာစိတ် ခေါင်းပါးလှချည့်၊ စိမ်းကားလှချည့်ဆိုကာ ပူဆွေးသောက ရောက်နေရှာသည်။ ညဉ့်အခါများတွင်လည်း အရိပ်ကို အယောင်ထင် မောင်တော်ပင် ကြွမြန်းလာလေသလား၊ ထင်ယောင်ထင်မှား ဖြိုးတဝါးနှင့် မျှော်ခဲ့ရသည့် အိပ်ပျက်ညတွေပင် မနည်းတော့ပြီ။ လှိုင်သည်



သူ၏ မောင်တော် ကနောင်မင်းသားအား ကဗျာအနအလှဖြင့် ဖွင့်ဟ တင်လျှောက်တတ်သူ ပီပီ 'ပံသုသေလာ'ကို လွမ်းလွမ်းဆွေးဆွေး ဖွဲ့နွဲ့တော့သည်။

ပံသုသေလာ[1]

- ပံသုသေလာ၊ ကွယ်ကာပျောက်ခါမှ၊ သွေကာဖောက်မယ်ပ၊
  အိုသက်လျာ၊
  ဆိုဖူးသည့်တာ၊ ကျိန်သစ္စာပျက်တယ်လေး၊ ယွင်းသွေကွက်ရှာ။
- ကြိုင်မာလာကမုဒ်ကယ်က၊ နောင်သွေကာယုတ်စေတဲ့၊ ရွှေနှုတ်ခြွေကာ၊
  သုံးသိန်းရှစ်လီ၊ စေတီထူးငယ်လေး၊ နူးစေတော့သာ။
- သည်မယ်တစ်ပါးရယ်က၊ ကြင်ဝန်ပွားပါလို့၊ ထင်စားမိတာ၊
  ခုမှတစ်ခါ၊ မောင်လှုထင်စားကိုလေး၊ အားသတ်လို့သာ။
- နေဝံသာဖွားပေမို့၊ သေလိုသေထားရေ့ထင်၊ အားငယ်မိအို၊
  ဆွေးဝန်ပိုမို၊ မယ်တစ်ကိုယ်တမ်းငယ်လေး၊ လွမ်းစိတ်နှင့်ငို။
- လက်လှမ်းချာညို၊ သည်ပြာသိုဆောင်းတွင်မှ၊ ဆင်တော်ရန်နှောင်းမှာထင်၊
  အောက်မေ့မပြေ၊ ရွှေသဲညွတ်ကြွေ၊ ဆည်မပြေကျွမ်းတမ်းလေး၊
  လွမ်းဖျာထုပွေ။
- ကြိုင်ကန္တာကွန်းရယ်က၊ ခိုင်မာလာညွန်းပုံဖြင့်၊ သွေယွန်းတော့စေ၊
  ဆော်မြောက်ပြန်လေပြေက၊ စာချွေလေဘဲ၊ မယ့်တစ်ကိုယ်ထဲဟာမို့၊
  ငိုပွဲတော်ဆို၊
  ခေါ်မရွှေစောင်၊ ရာထောင်တွေးတယ်လေး၊ အေးစေခွင့်ကြုံ။
- မှာတော်မှုဘုရားတဲ့၊ ခိုင်မာလာဦးရယ်က၊ ကြုံဖူးရအင်၊
  မယ့်နဲ့လိုပင်၊ မောင်ကမကြင်၊ ခိုင်သဇင်ခက်ကယ်လေး၊
  စိမ်းရက်တဲ့သွင်။
- ယှူရွှေဘုတ်ဆန်းပါပေ၊ အို . . . သေသေပန်းစေလား၊ သန်းရွှေသွင်၊
  ဆင်မြန်းမကြင်၊ ဘဝင်ထိတ်တယ်လေး၊ လွမ်းစိတ်သွင်။ ■

---

၁။ ပံသုသေလာအစား 'ပဒ္ဒုသေလာ'ဟူ၍ မှားယွင်း ဖော်ပြလေ့ ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားသားများ၏ အချော့တွင် ပျော့ခဲ့ရသော မိန်းမသားသဘာဝ စရိုက်ကို လှိုင်သည် ကိုယ်တွေ့ ကြုံရပြီ။ မောင်တော် ကြွမြန်းမလာလျှင် လှိုင်းမှာ ပူရဆွေးရသည်။ မောင်တော်က လှိုင့်ကို မကြင်နာဘဲ ကိုယ်လုပ်တော် များနှင့်သာ စံနေလျှင် လှိုင်သည် ဒေါမနဿ ပွားမိသည်။ မောင်တော် ကြွမြန်းလာသည်နှင့် လှိုင့် ဒေါသတွေပြယ်၊ ဝမ်းနည်းစိတ်တွေ ကွယ်ခဲ့ရသည်။ ပူပင်သောကမုန်သမျှလည်း နေခြည်ရောက်လျှင် နှင်းပျောက်သည်သို့ပင်။ ချုလုလုမျက်ရည်ကိုပင် ထိန်းနိုင်ခဲ့သည်။ မောင်တော်ကနောင်မင်းသားကို ဤရွေ့ဤမျှ တမ်းတနေခြင်းမှာ တဏှာရမက်ကြောင့် မဟုတ်ပါ။ သဘော ကြည်နူးဖွယ် ကောင်းသော မိသားစုဘဝကလေး တည်ဆောက်လိုခြင်းသာ ဖြစ်သည်။ တစ်နည်းအားဖြင့် လှိုင့်နှလုံးသားတွင် ငယ်စဉ်ကတည်းက လစ်ဟာသွားသော မေတ္တာကွက်လပ်ကို ဖြည့်စွက်လိုသည့် ဆန္ဒကြောင့်လည်း ဖြစ်သည်။ သည်သဘောထားတွေကို လှိုင်သည် 'ပြောင်လူးမာတင်'အစချီကာ ဖွဲ့နွဲ့ပြီး မောင်တော်ကို သိစေခဲ့သည်။

ကနောင်မင်းသားအနေဖြင့်လည်း လှိုင့်ကို မချစ်၍ ပစ်ပယ်ထားခြင်း မဟုတ်ပေ။ ချစ်လှပါသည်။ သို့သော် အကျဉ်းခံမေတ္တာရှင်အဖြစ်နှင့် နေရသည် ကိုမူ နှစ်ခြိုက်ဟန်မတူ။ တစ်ကြောင်းကလည်း လှိုင့်အရင် ရှိနှင့်ပြီးဖြစ်သော မိဖုရား၊ ကိုယ်လုပ်တော်များကို ပစ်ပယ်ထား၍ မဖြစ်ပြန်။ သည်တော့ လှိုင်နှင့် မကြာမကြာ ဝေးနေကြရသည်။

လှိုင့်ဘက်ကမူ ကနောင်မင်းသားတစ်ယောက်တည်းကိုသာ သံယောဇဉ် အရင်းခံပြီး ချစ်ခဲ့ရသည်မို့ စိမ်းကားစိတ်နာဖို့ ဆိုသည်မှာ စဉ်းစားစရာပင် မလိုပြီ။ ပြီးတော့ လှိုင့်တွင် နောက်ထပ်သံယောဇဉ် နွယ်လေးတစ်ပင်ကလည်း တိုးနေပြီ ဖြစ်သည်။ သည်သံယောဇဉ် နှောင်ကြိုးကလေးမှာ အောင်တွင် ထန်းတစ်ပင်မြို့ကို စားရသဖြင့် ထန်းတစ်ပင်မင်းသားဟု ခေါ်တွင်သည့် သားတော်ကလေးပင် ဖြစ်သည်။

'သားတို့ရုပ်ရည် သီတာမည်သား'တဲ့။ သားတော်ကလေးကို ချော့မြူနေ ရသည့်အခါ လှိုင့်ရင်မှာ အေးချမ်းသည်။ ကြည်လင် ချမ်းမြေ့နေသည်။ ဤတွင် လှိုင်သည် အမွှော်စိုက်တေးများအစား၊ သားချော့တေးကို ရေးဖွဲ့ သီကုံးသည်။ သားတော်လေး ထန်းတစ်ပင်မင်းသားကို 'မြပုခက်တင်မင်္ဂလာ'

ဝင်ယင် ကျင်းပသည့်အခါ ရွှေနန်းတော်သွင်းရန် 'ရေယမုန်'ပတ်ပျိုးကို နွဲ့သီကုံးသည်။ သည်ပတ်ပျိုးကို ဗိမ္ဗာလွဲချင်းပတ်ပျိုးဟုလည်း ခေါ်သည်။ ရွှေဖျိုင်းညို'၊ 'ကြောင်ဖားရယ်မြီးတံတို'၊ 'ဟီးလေးပေါက်ပင်ကန်စွန်းပင်' ဆိုသည့် အရပ်သုံးသားချော့တေး သီချင်းသုံးပုဒ်ကို ထီးသုံးနန်းသုံး စကားလုံး များဖြင့် ယခုလို ဖွဲ့နွဲ့သီကုံးခဲ့သည်။

**ရေယမုန်**

'ရေယမုန်၊ အမွှန်သီတာတိုင်းသို့လေ၊ ငှက်လိမ္မာ၊ မကြာနောင်စေ င်းမယ်ပလေး။ တောင်ဝိုင်းစုံလွင့်၊ မြင့်တိမ်ယံဗွေ၊ ရေယဉ်စီးတဲ့၊ မြစ်ကြီးငယ် သာင်ခြေ။ ရွှေရွှေရွှေရောင်သား၊ ငွေငွေငွေရောင်သား။ မြရေယဉ်မော်ပင်ကြား၊ းစံတဲ့ငါး။ လေးမယ်ခင်နတ်သွင်ထား၊ ဘုန်းမယ်ဘို့သား။ နှုတ်ဖျားဝါဝါ၊ န်းလွှာရွှေသွေး၊ ချီကာယူလို့ပေး။ ကိုယ်မွေးသိင်္ဂါဖြူစွာငွေသွေး၊ ကျောင်းဝင် လေး။ ရွှေဘုံသူကလေးငယ်တို့၊ ချိုအေးသံသာ။ စုံဆယ်လီရှိရှင်ညောင်းတယ်၊ တောင်းယူခဲ့ပါ။ နွဲ့နွဲ့မာန်ကိုးငယ်နှင့်၊ အိုဆိုးလိုက်တာ။ မြမျက်ရည်ဂေါ်ဇင်ညာကာ၊ ရာလုနီး၊ မောင်မောင်ကြီးငယ်စိန့်ကြိုးသွယ်၊ ဟာတိတ်ပကွယ်။ ကြောင်ညို းငယ်၊ စားတတ်လှတယ်။ ရေပေါ်မှာလွှမ်းပါတဲ့ ကန်စွန်းနွယ်၊ ဒေါင်းဖလ်ဝါ ရာင်စုံကွယ်လို့၊ ခိုင်ရွှေနွယ်သီး၊ ဇမ္ဗူရည်ထီးမှာတဲ့၊ အငြိုးတော်ပြေ။ ဆိုလေသံသာ၊ စိန့်ရိုးညာလွဲမယ်လေး၊ နွဲ့ဟန်လို့သာ။

ဖြန်။ ။တိတ်ပါတော့၊ သက်လျာငယ်၊ ဉာဏ်ရှာလို့ဆိုး။

မေ့မောင်ကြီးမပူပါနှင့်၊ ပင်တိုင်သူ စိတ်မကောင်းပါဘုကွယ်

လောင်းနေညွန့်မျိုး။

အိမ်ရှေ့စံကနောင်မင်းသားသည် ဆံပင်ရှည်သျှောင်ထုံးတော်မူသည်။ င်းသားလိမ်းရန် စံပယ်ဆီကို အိမ်ရှေ့မိဖုရားလှိုင်ထိပ်ခေါင်တင်၏ အိမ်တော်တွင် တ်ရသည်။

တစ်နေ့တွင် ကနောင်မင်းသား၏ အခြားမိဖုရားတစ်ပါးမှ ဖွားမြင်သော မွှာနဂိုရ်ထိပ်ခေါင်တင်သည် လှိုင့်ထံသို့ အပျိုတော်တစ်ယောက် စေလွှတ်၍ ပယ်ဆီ တောင်းခိုင်းလိုက်သည်။ လှိုင်က စံပယ်ဆီကို ဖန်ဘူးဖြင့် ထည့်၍ ကောင်းစွာ ပေးလိုက်သည်။

မင်းသမီးကလေးသည် ဆီမွှေးလူးရန် ဖန်ဘူးကို ဖွင့်လိုက်၏။ ဆီမွှေး

www.burmeseclassic.com

www.burmeseclassic.com



ထဲတွင် သူတွေ့လိုက်ရသည်က ဥခွံကျွတ်စပိုးဟပ်သေကလေး တစ်ကော

မင်းသမီးကလေး၏ မျက်နှာသည် ရုတ်တရက်တင်းမာသွား၏။ လှိုင် အထင်လွဲသွားပြီ။ နဂိုကတည်းကပင် မိထွေးတော် လှိုင်ထိပ်ခေါင်တင်အ မုန်းတီးစေရန် ကိုယ်လုပ်တော်တွေက သွေးထိုးမြှောက်ပင့်ပေးထားသ မဟုတ်ပါလား။ သည်တော့ အမုန်းခံရသူ မင်းသမီးကလေးအား ဆိ ထဲမှ ပိုးဟပ်သေကလေးကိစ္စသည် ဒေါသလောင်စာ ဖြစ်သွားလေသည်။

မင်းသမီးကလေးသည် အံကို တင်းတင်းကျိတ်လိုက်၏။ ဆိ ထည့်ထားသည့် ဖန်ဘူးကို ကောက်ယူကာ ဆတ်ခနဲ မတ်တပ်ရပ်လိုက်သ 'လိုက်ခဲ့' ဟု အပျိုတော်ကလေးကိုပြောပြီး အဆောင်တော်မှ ထွက်ကြွသွားသ စံပယ်ဆီယူလာပေးသည့် အပျိုတော်လေးမှာ ဘုမသိဘမသိ မင်းသမီးေ နောက်မှ လိုက်ခဲ့ရသည်။ သူ့အရှင်သခင်မလေး စိတ်ဆိုးတော်မူနေသည် ဘာမျှ မမေးရဲ။ ဆီမွှေးဖန်ဘူးကိုပင် လှမ်းမယူဝံ့ပေ။

စမွာနဂိုရ်မင်းသမီးကလေးသည် ခမည်းတော်ကနောင်မင်းသား ဝင်ရောက်ခစားပြီး ငိုယိုကာ ယခုလို တင်လျှောက်သည်။

"ခမည်းတော်ဘုရား... ရှုစားတော်မူပါဦး ဘုရား။ သမီးတော် မိထွေးတော် အိမ်ရှေ့မိဖုရားဆီမှာ စံပယ်ဆီ တောင်းခိုင်းလိုက်ပါတ စံပယ်ဆီထဲမှာ ပိုးဟပ်သေကလေးတစ်ကောင် ပါလာပါတယ် ဘုရ အိမ်ရှေ့မိဖုရားဟာ သမီးတော်ရဲ့ မိခင်အရင်းမဟုတ်လို့ ခုလို မသန့်မပြ စေတနာမဲ့ လုပ်ပေးလိုက်တာပေါ့ ဘုရား"

စမွာနဂိုရ်ထိပ်ခေါင်တင်သည် ခမည်းတော်ကို တင်လျှောက်ပြီးနော ဝမ်းနည်းပမ်းနည်း ငိုရှိုက်နေပြန်၏။ သည်သမီးတော်ကလေးသည် ကနေ မင်းသား၏ အချစ်ဆုံး သမီးတော်ကလေး ဖြစ်သည်။ ကနောင်မင်းသာ အလိုလိုက်ထားသော သမီးတော်လည်း ဖြစ်၏။ သမီးတော်ကလေး ရှိုက်ငိ တငင် ငိုကြွေးနေသည်ကို မြင်ရသည့်အခါ ကနောင်မင်းသားသည် လှိ အပေါ်တွင် ဒေါသ ထောင်းခနဲ ထလာသည်။ ကိုယ်လုပ်တော်များကလည် သမီးတော်လေးဘက်မှ ဝင်ပြီး ပိုပိုမိုမို ချောပစ်လျှောက်တင်ကြသည်။ နဂိုက မဟုတ်မမှန် လုပ်ကြံစကားတွေကို ကြားရဖန်များသဖြင့် လှိုင့်အပေါ် အထင်ထေ လွဲခဲ့ဖူး၏။ ယခု သမီးတော်လေး တိုင်ကြားသည့်အဖြစ်ကို မျက်မြင်တွေ့



သည့်အခါ မီးလောင်ရာလေပင့် ဖြစ်သွားတော့သည်။

ထိုနေ့ ပွဲတော်တည်သောအခါ ကနောင်မင်းသား၏ မျက်နှာမှာ သုန်မှုန်နေသည်။ လှိုင်သည် ပွဲတော်လိုက်ရင်း သူ့မောင်တော်မျက်နှာကိုသာ အကဲခတ်လျက် ရှိသည်။ မောင်တော်သည် စကားလည်း မပြော။ အကြည့်ချင်း ဆုံသည့်အခါတွင်လည်း လှိုင့်ကို စိမ်းစိမ်းကြီး ပြန်ကြည့်သည်။ မောင်တော့်ထံမှာ တွေ့မြင်နေကျ အပြုံးတွေ၊ ချိုသာတဲ့စကားတွေ ဘယ်ဆီ ထွက်ပြေးကုန်ပြီလဲ၊ ယခင်ကဆိုလျှင် သည်လို ပွဲတော်တည်ချိန်မှာ ဖွယ်ဖွယ်ရာရာ စကားပြောတတ်သည်။ နိုင်ငံတော်အတွက် တစ်နေ့တာ ဆောင်ရွက်ခဲ့သမျှ ပြန်လည် ပြောပြလေ့ရှိသည်။ ယခု နှုတ်ဆိတ်လှသည်။ ဘာကို အလိုမကျ၍ နှလုံးငြိုငြင်နေပါလိမ့်။ လှိုင်သည် တွေးရင်း စိတ်မချမ်းမသာနှင့်ပင် ပွဲတော်ကို လိုက်နေရသည်။

မောင်တော့်စိတ်ကြိုက်ဖြစ်အောင် အမြဲဂရုစိုက်ခဲ့သော လှိုင်သည် သည်နေ့မှ ထူးထူးခြားခြား မာနစိတ်ကလေး ဝင်လာသည်။ 'မောင်တော်က ငါ့ကို သည်လောက် လျစ်လျူရှုနေမှတော့ ဘာကြောင့်များ ခယယ လုပ်နေရဦးမှာလဲ' သည်လို တွေးနေမိသည်။ မကြာခင်မှာပင် ကနောင်မင်းသား ပွဲတော်တည်ပြီးသွားသည်။ မာနစိတ်ကလေး ဦးဆောင်နေ၍ထင့်။ လှိုင်သည် လိုအပ်တာထက် ပိုပြီး ခြေသံပြင်းပြင်းနှင့် ထွက်သွားမိသည်။

ကနောင်မင်းသား၏ ဒေါသသည် ဘွားခနဲ ပေါ်လာသည်။ လက်သုံးတော်ဓားကို ဆွဲကိုင်ပြီး ယခုလို ကြိမ်းမောင်းလိုက်သည်။

"ငါလိုက်ပြီး ဓားနှင့် ငါးပိုင်း ပိုင်းလိုက်ရ"

အမျက်ဒေါသ သည်းထန်လှသည့် မောင်တော်၏ ကြိမ်းမောင်းသံကို ကြားလိုက်ရသည့်အခါ လှိုင့်ခြေလှမ်းများ တုံ့ခနဲရပ်သွားသည်။ ရက်စက်လှသော မောင်တော့်စကားကြောင့် လှိုင့်ရင်ကို တံကျင်ပူနှင့် ထိုးဆွလိုက်သကဲ့သို့ နာကျင်လှ၏။ မောင်တော်ရဲ့ နှုတ်ဖျားမှ ထွက်လာသည့်စကားမှ ဟုတ်ပါလေစ။ ကိုယ့်နားကိုပင် ကိုယ်မယုံချင်။ အသက်ပေး၍ ချစ်ခဲ့ရသည့် မောင်တော့်ဆီက စကားတဲ့လား။ လှိုင်သည် ဖျတ်ခနဲ သမင်လည်ပြန်လှည့်ကြည့်လိုက်သည်။ မောင်တော်ရဲ့ မျက်နှာထားသွင်ပြင်မှာ တကယ်ပင် ဓားနှင့် ပိုင်းသတ်တော့ ည့်ဟန်။ အကြီးတော်များက ဝိုင်းဝန်းဆွဲထားကြသည့်တိုင်လည်း လှိုင်

www.burmeseclassic.com

www.burmeseclassic.com



မြင်တွေ့လိုက်ရသည်။

"ဩော်...မောင်တော်ရယ်"

တိုးတိုးကလေး ညည်းလိုက်သော လှိုင့်အသံသည် ဝမ်းနည်းကြေကွဲ လှသဖြင့် တိမ်ဝင်သွားသည်။

လှိုင်သည် အဆောင်တော်ပြန်ရောက်ပြီးနောက် သလွန်ထက်တွင် လဲလျောင်းရင်း စဉ်းစားသည်။ မောင်တော် ဘာကို မကျေနပ်၍ သည်စကား ဆိုလာပါလိမ့်။ အိမ်ထောင်သက်တမ်းတစ်လျှောက် တစ်ကြိမ်တစ်ခါမှ ယခုလောက် ရက်စက်သည့်စကားမျိုး မဆိုဖူးခဲ့ပေ။ တစ်စုံတစ်ခုဖြင့် လွဲမှားနေပါပြီ။ သည်လွဲမှားမှုကို သိရလျှင်ဖြင့် မောင်တော်၏အမျက်ဒေါသကို မိမိချေဖျက်နိုင်ကောင်းပါရဲ့။ လှိုင်သည် အဖြေရှာမရတိုင်း ကိုယ်စိတ်နှလုံး သိမ်းကျုံးနှောင်တည်းခြင်း ခံရသလို မွန်းကျပ်နေတော့သည်။

လှိုင့် ခမည်းတော် သာယာဝတီမင်းနှင့် မယ်တော်မမြကလေးတို့ ရှိစဉ်ကပင် ကနောင်မင်းသားသည် အနောက်ဆောင်တော်သို့ အဝင်အထွက် ပြုလေ့ ရှိသည်။ သည်တုန်းက လှိုင်သည် ပီဘိကလေးလေးအရွယ်မျှသာ ဖြစ်သည်။ သို့သော် မယ်တော်မမြကလေးက လှိုင့်အတွက် စိတ်ပူပန်သည်။ ကနောင်မင်းသားတွင် ချစ်သူတွေများသည်။ အပျော်အပါးကိုလည်း လေ့လာ လိုက်စားသည့်မင်းသား ဖြစ်သည်။ ထို့ကြောင့် သမီးတော်လေးလှိုင်နှင့် ငြိစွန်းသွားမည်ကို စိုးရိမ်သဖြင့် ကနောင်မင်းသားကို မရောမိဖို့ သတိပေး ဖူးသည်။ သည်တုန်းက ဘွားတော်ဒေါ်အိကပင် မယ်တော်မမြကလေးအား စိုးရိမ်တတ်ရန်ကောဟု ဆိုခဲ့သေးသည်။ သည်တော့ မယ်တော်က 'နန်းတွင်းသူ နန်းတွင်းသား မင်းမိဖုရားတို့ ဖြစ်မြဲဓမ္မတာအတိုင်း သမီးတော်ကလေး တင်တင်က ကနောင်မင်းသားကို ချစ်ခင်စုံမက်ခဲ့သော် မိမိ (မမြကလေး)ကဲ့သို့ ပူဆွေးဒုက္ခရောက်ရလိမ့်မည်ဟု ရှင်းပြခဲ့သည်။ လှိုင့်ကိုလည်း ကနောင် မင်းသားအား သတိထားရှောင်ရန် မယ်တော်မမြကလေးက ဆိုဆုံးမသည်။ ဆိုဆိုပေသားငယ်နှင့် မယ်နားမထောင်မိ၍ ယခုဖြင့် ပူဆွေးဒုက္ခ ရောက်ရ ရပါပြီ။ မယ်တော့်စကား မှန်ကန်လှကြောင်း ပြန်ပြောင်းတွေးတောမိသည် သို့နှင့် လှိုင်သည် ချက်ချင်းပင် 'နာဂဆဒ္ဒန်'ကို ဖွဲ့နွဲ့သီကုံးတော့သည်။



နာဂဆဒ္ဒန်

– နာဂဆဒ္ဒန်၊ သန္ဓေမှန်နှစ်ပေပ၊ ချိန်မူးစစ်ပါတဲ့တိမ်ညွှန့်စုံ၊
စက်သွားသီလဝင်၊ စိန်ရွှေရိုးငယ်၊ ဘိုးပြည်ထိုက်တန်။
– ရွှေကိုယ်တော်ဘုန်းမှာလ၊ လက်သုံးတော်မှန်၊ မချွင်းချန်ပါနှင့်
ရာသက်ပန်ပေါင်း၊ မြတ်ဉာဏ်ယူလောင်းပါလို့၊ ဆုတောင်းပါတယ်၊
ရာဇမာန်အကြိမ်ကြိမ်ထပ်တယ်လေ၊ ပိုင်းသတ်မယ့်ရွယ်။
– တကယ်ပင်မုန်းတော့မှာလား၊ မောင့်ဘုန်းကြွယ်၊ ရှောင်လွှဲ
သွေဖယ်လို့၊
မတွယ်တာဘဲ၊ ရွှေရင်ထဲမှာလ၊ သဲငွေစိုင်၊ ကျွမ်းလုကြွေယိုင်၊
အို...ဆယ်ပြန်သက်ကိုလေး၊ နှင်းဆက်တော့နိုင်။
– မြတ်စိန်ရွှေဦးမှာလ၊ ဆုထူးတော်ပိုင်၊ မယိမ်းယိုင်အောင်လို့၊
ကြံပါကဘဲ၊ ဘုန်းမဖန်ဘဲငယ်နှင့်၊ ကံလဲမကူ၊ သင်းပျံ့ဘုံသွေး
တစ်ကိုယ်ရေဆွေးတယ်လေး၊ တွေးကြံလို့ပူ။
– မာလာရုံကွန်းမှာလ၊ ခြေညွှန်းပုံ့ကြူ၊ ဟိုရှေးငယ်တစ်မူနှင့်
မတူလေဘဲ၊ ပေါ်ရုံချွဲငယ်နှင့် ထိဝါပုံဆောင်၊
သိပေါ့သခင်၊ ဘမယာကွန်းမှာလေး၊ ထွန်းနေလရောင်။
– ဆိုဆိုပေသားငယ်နှင့်၊ မယ်နားမထောင်၊ ရိုးပြာမြေတိုင်အောင်ပေး
ကြံရွယ်ဆောင်ပေါင်း၊ ရှေးသူဟောင်းငယ်တို့ပုံသက်သေ၊
နိမ့်မှသောင်၊ နောင်မှသိမယ်လေး၊ ထုံးရှိလျက်ပေ။ ။

လှိုင်သည် 'နာဂဆန္ဒန်'ကို ရေးဖွဲ့ပြီးသည်နှင့် အဆိုတော်ခင်အုံနှင့် ခင်သစ်တို့လက်ထဲသို့ အပ်လိုက်သည်။ ညအချိန် မောင်တော်ရှေ့တွင် သီဆိုတင်ဆက်ရန် မှာကြားသည်။ မှာကြားပြီးသည်နှင့် လှိုင်သည် အစိမ်းရောင် ထဘီ၊ အစိမ်းရောင်အင်္ကျီ၊ အစိမ်းရောင်မြတ္တဘက်၊ မြနားဋောင်း၊ မြလက်ကောက်၊ ဒေါင်းဒလိတ်ပန်းတို့ကို ဆင်ယင်ကာ ရွှေနန်းတော်ကြီးသို့ ဝင်တော်မူသည်။ မင်းတုန်းမင်းကြီးနှင့် မိဖုရားခေါင်ကြီးတို့ထံ ဝင်ရောက်ခစားကာ ကနောင်မင်းသား သူ့အပေါ် ရက်စက်ပုံကို ငိုကြွေး လျှောက်ထားသည်။ မိဖုရားခေါင်ကြီးသည် လှိုင်ငယ်စဉ်ကပင် ခေါ်ယူမွေးစား စောင့်ရှောက်ထားသ သဖြင့် သမီးရင်းတမျှ ချစ်သည်။ ယခုလို ဝမ်းနည်းပက်လက် ငိုယိုနေသည်တို့

www.burmeseclassic.com

www.burmeseclassic.com



မြင်ရသည့်အခါ လွန်စွာ စိတ်မကောင်းဖြစ်နေသည်။ ထို့ကြောင့် အရှင်နှစ်ပါးသည် ကနောင်မင်းသားအား ခေါ်ယူဖျောင်းဖျကြသည်။ လှိုင့်ကိုလည်း သည်းခံရန် ဆုံးမကြသည်။ ဖျောင်းဖျကြသည်။ လှိုင်က သူသည် ကနောင်မင်းသားအပေါ် မဖောက်မပြန် မှန်ကန်သည့် မြတ်နိုးခြင်းဖြင့် သစ္စာရှိခဲ့သော်လည်း မောင်တော်က အလိုတော်မကျ၊ နှလုံးငြိုငြင်တော်မူသည်။ ယခုဆိုလျှင် တင်းတင်းမာမာ ရှိလှသည်။ စက်သွားသီလဝင်နှင့် ငါးပိုင်းပိုင်းချင်လောက်အောင်ပင် အမုန်းပွား နေပါပြီ။ ထို့ကြောင့် အိမ်ရှေ့မိဖုရား အိမ်တော်သို့ မပြန်ပါရစေနှင့်ဟု တိုးလျှိုး တောင်းပန်သည်။

အရှင်နှစ်ပါး ကြားဝင်စေ့စပ်သော်လည်း မသင့်မြတ်ကြပေ။ သို့နှင့် မိဖုရားခေါင်ကြီးသည် လှိုင့်ကို မိမိအဆောင်တော်မှာပင် ခေါ်ထားလိုက် တော့သည်။

မကြာခင်မှာပင် မောင်တော်ကနောင်မင်းသား အမျက်သည်းထန်စွာ ထွက်ရခြင်း၏ အကြောင်းရင်းကို သိလာရသည်။ 'အမေရင်းမဟုတ်ဘဲ မိထွေးတော်မို့ စပယ်ဆီကို မသနဲ့မပြန်၊ စေတနာမဲ့လုပ်ပေးတာ'တဲ့။ မောင်တော်ကသာ ပွင့်ပွင့်လင်းလင်း မေးခဲ့လျှင် ပြဿနာ သည်မျှ ကြီးထွား လာမည် မဟုတ်ပေ။

လှိုင်သည် မိဖုရားခေါင်ကြီး၏ အဆောင်တော်တွင် ရံရွေတော်များနှင့် နေရလင့်ကစား ပျော်ပိုက်ခြင်း မရှိပေ။ ရုပ်ဝတ္ထုပစ္စည်းတွေ ချမ်းသာသော်လည်း စိတ်ထဲတွင်မူ မချမ်းသာပါ။ နှလုံးသားမှာ နွမ်းရော်နေသည်။ ပျော်ရွှင်ခြင်း ကင်းမဲ့နေသူ၏ နှလုံးသားသည် ကြည်နူးချမ်းမြေ့စရာတွေကိုလည်း မခံစား နိုင်ပေ။ မောင်တော်၏ ရက်စက်လွန်းသော စကားကို ပြန်လည်ကြားယောင် မိတိုင်း လှိုင့်ရင်တွင် နာနာကျင်ကျင် ခံစားရပြန်သည်။ အဆင်မပြေသည့် အိမ်ထောင်ရေးကြောင့် နှလုံးစိတ်ဝမ်း အေးချမ်းမှုမရသော လှိုင်သည် လူ့လောကကြီးကိုပင် ငြီးငွေ့လာသည်။ မြကေခိုင်ကို အပြီးအပိုင်ဖယ်ရှားကာ တရားမမွေနှင့်သာ မွေ့လျော်တော့မည်ဟု စိတ်ကူးမိသည်။ အမှန်ပင် သံဝေဂ ရမိသည်။ သည်မှာပင် 'တောမွေ့တော့မယ်'သည် လှိုင့် ရင်တွင်းမှ ပေါက်ဖွား လာရပြန်သည်။



**တောမွေ့တော့မယ်**

သူဖြူလျှင် အယူဖြောင့်နိုင်ငဲ့
သူမှောင့်မှာ စိုးမိတယ်။
ခွင့်သနားလျှင်ဖြင့်
မြစ်ဖျားဟေမာနှင့်
ချောင်သေလာရွှေဝါကွေ့မှာ
တောမွေ့တော့မယ်။
မသေရုံရွှေဘုံကြီးမှာလ
သစ်သီးနှင့်ပွဲတော်တယ်
ဖန်ခြယ်တဲ့ဝတ်လဲ။
မွေးလို့ရယ်လှိုင်
အုပ်လုံးစံပယ်ကြိုင်တဲ့
မြကေခိုင်မင်ရည်လဲ့ကိုကွယ်
ရှင်းမယ့်ကြဲဆဲ။ ။

လှိုင်နှင့် ကနောင်မင်းသားတို့ ခွဲနေကြသည်မှာ တစ်နှစ်ခန့်ပင် ကြာညောင်းသွားပြီ။ ကြာကြာခွဲနေရသည့်အခါ ကနောင်မင်းသားသည် လှိုင့်ကို သတိရလာသည်။ လှိုင်နှင့်အတူ စံပျော်ခဲ့ရသည့်ကာလများကို စဉ်းစားမိတိုင်း သူ့ရင်ထဲမှာ ဆွတ်ဆွတ်ပျံ့ပျံ့ခံစားလာရသည်။ လှိုင့်ကို တမ်းတအောက်မေ့ခြင်း သည် သူ့နှလုံးသားထဲသို့ မသိမသာခိုးဝင်လာပြီကို ကနောင်မင်းသား နားလည် ပြီ။ သည်တော့ ပြန်ခဲ့ပါရန် လှိုင့်ကို ခေါ်သည်။ လှိုင်က ပြန်မလိုက်လိုတော့ပါ။ မောင်တော်ကို ချစ်သည်မှာ အမှန်ပါပဲ။ သို့သော် မောင်တော်၏ 'ငါးပိုင်း ပိုင်းလိုက်ရ' ဆိုသော စားကြိမ်းကြိမ်းသံသည် လှိုင့်ရင်ထဲတွင် ယခုတိုင် ပဲ့တင်ထပ်နေဆဲ၊ နာနာကျင်ကျင် ခံစားနေရဆဲပင် ရှိသေးသည်။ လှိုင့်မှာ အားနည်းချက်တွေ၊ ချွတ်ယွင်းချက်တွေ၊ မပြည့်ဝမှုတွေ ရှိကောင်း ရှိပါလိမ့် မည်။ သို့သော် စမ္ဗာနဂိုရ်မင်းသမီးလေး တောင်းခိုင်းသည့် ဆီမွှေးထဲမှာ ဥခွံကျွတ်စ ပိုးဟပ်သေကလေး ထည့်ပေးလောက်အောင် နိမ့်ကျလှသည့် စိတ်ဓာတ်မျိုး မရှိသည်မှာ အမှန်ပင်။ မိမိထက် အတွေ့အကြုံရင့်ကျက်သော ပညာတတ်သော၊ အမြော်အမြင်ရှိသော မောင်တော်က မိမိကို ပွင့်လင်းစွာ

www.burmeseclassic.com

www.burmeseclassic.com



မေးမြန်းခြင်းမရှိပါဘဲနှင့် တစ်ဘက်သတ် ငြိုးမာန်ဖွဲ့ခဲ့သည်။ အမျက်သည်းထန် လှသော မောင်တော်ကို ကြောက်လှပါပြီ။ ထို့ကြောင့် လှိုင်သည် အိမ်တော်သို့ ပြန်လိုက်ရန် ငြင်းဆိုခဲ့သည်။

လှိုင် ငြင်းဆိုခါမှ ကနောင်မင်းသား၏ လှိုင့်အပေါ် ချစ်ခင်တွယ်တာ စိတ်သည် ပိုမိုရှင်သန်လာသည်။ သူ့နှလုံးသားက လှိုင့် မေတ္တာကို ပိုပြီး တမ်းတလာသည်။ ဤတွင် ကနောင်မင်းသားသည် မြင်းစာရေးကြီး၏ မောင်မောင်ဘအား ဘောလယ်တစ်ပုဒ်ကို ရေးသားဖွဲ့နွဲ့စေ၏။ ဘောလယ်တွင် မောင်တော်သည် နှမတော်အား ပိုင်းသတ်မည်ဟု သန်လျက်ဓားကို ကိုင်ခြင်း မဟုတ်ပါ။ ရတ်တရက် ယောင်မှားကာ ကိုင်မိကြောင်း၊ ယနေ့တိုင် လှိုင့်ကို တွေ့ချင်မြင်ချင်စောနှင့် ငေးမှိုင်ကာ ပူဆွေးသောက ရောက်နေရကြောင်းများ ပါဝင်အောင် ဖွဲ့နွဲ့ပြီး လှိုင့်ထံ ဆက်သစေသည်။

ကနောင်မင်းသားထံမှ ဆက်သွင်းလာသည့် ဘောလယ်ကို လှိုင် ထိပ်ထား၏ အဆိုတော်ကလေး ခင်သစ်က ယခုလို ရွှေနားတော် ဆက်သွင်း လေသည်။

**ဖူးမွေ့လက်တင်**

ဖူးမွေ့လက်တင်၊ တွေ့မြင်ချင်ရေးငယ်နှင့်၊ နေ့စဉ်ပင်ဆွေးပါရ၊
ငေးငိုမိမှိုင်၊ လဲမလို့သဲညို့ခွေယိုင်၊ မပြေနိုင်မုန်းတယ်လေး၊
ရုံးညာသက်ပိုင်။
လက်သုံးတော်ဓားကိုလ၊ ယောင်မှားကာကိုင်၊ နိုင်ချင်လို့ဟုတ်ပါဘူး
နှုတ်အာရဲတယ်လို့အပြစ်တင်၊ မချစ်ပြင်ပြင်၊ ချစ်ရင်အကျိုးကိုလေ
ငြိုးမာန်ဖွဲ့ဆင်။
သတ်တော်မူရက်ထားဖြင့်၊ အသက်ကိုပင်၊ ကျေနပ်အောင်စီရင်၍၊
ပြချင်တော်တိုင်း၊ နှုခင်နော်ဆိုင်းပါနဲ့၊ ပိုင်းဖို့ရယ်၊
မြရိုးသီလဝင်၊ သံစက်သွားကို၊ ထားအပ်ပါမယ်။
ငါမာန်တက်သူမို့၊ ရက်စက်လေတယ်၊ သက်သက်ကယ်သွေဖယ်လို့
မေတကယ်စိမ်း၊ သေလွယ်မုငြိမ်းမယ်ထင့်၊ နွဲ့ယိမ်းနွဲ့ယိုင်၊
မြစိမ်းလဲ့ခိုင်၊ သနွေနှစ်ကယ်၊ စိမ်းရှာဖြစ်နိုင်။

လှိုင်သည် ကတ္တီပါမှီအုံးကို မှီကာ မျက်စိမှိတ်လျက် နားဆင်နေသည်။



အဆိုတော်ခင်သစ်က သီဆို ဆက်သွင်းနေသော်လည်း လှိုင့်စိတ်အာရုံထဲတွင် မောင်တော်ကိုယ်တိုင် အနားမှာထိုင်ပြီး ပြေရာပြေကြောင်း တောင်းပန်နေ သလား ထင်မှတ်မှားမိသည်။ ရင်ထဲမှာ သိမ့်ခနဲ ဖြစ်သွားသည်ကိုလည်း လှိုင် ခံစားလိုက်ရသည်။ မိန်းမသားတစ်ယောက်ရဲ့ အတ္တမာနတွေ ပြေလျော့သွား ရပြီ။ အမှန်ဆိုလျှင် လှိုင်လည်း မောင်တော့်ကို ချစ်မြတ်နိုးဆဲပါပဲ။ တမ်းတ လွမ်းဆွတ်ဆဲပါပဲ။ ယခုတော့ မောင်တော်က တေးကဗျာနှင့် ချော့သဖြင့် လှိုင် ပျော့ရပြီ။ အကယ်၍များ လှိုင့်ဘက်က တင်းမာနေ၍ လှိုင်တို့အိမ်ထောင် ပြိုကွဲသွားလျှင် ငယ်ရွယ်နုနယ်သေးသည့် သားတော်ကလေး စိတ်ဒဏ်ရာ ရသွားပေဦးမည်။ သည်တော့ မိသားစု ပြန်လည် ပေါင်းစည်း နေထိုင်ဖို့၊ သားတော်လေးရဲ့ ဘဝလုံခြုံမှုရဖို့၊ မောင်တော်ကနောင်မင်းသားရဲ့ သိက္ခာ ညည်းစွန်းစေဖို့ စသည့် အကြောင်းကြောင်းတွေကို ထောက်ထားက အိမ်တော်သို့ ပြန်ရန် ဆုံးဖြတ်လိုက်တော့သည်။

လှိုင့်စိတ်တွေ ပေါ့ပါးသွားသည်။ မှုန်မှိုင်းမှိုင်းဖြစ်နေသည့် လှိုင့်မျက်နှာ မှာလည်း ကြည်လင်လာသည်။ ကြာကြာမဆိုင်းတော့ပါ။ လှိုင်သည် အိမ်တော် သို့ ပြန်လာခဲ့သည်။

"နှမတော် လှိုင်"

ကနောင်မင်းသား၏ ဆီးကြိုနှုတ်ဆက်သံသည် နူးညံ့သိမ်မွေ့နေသည်။ မျက်နှာပေါ်မှာ ကြင်နာရိပ်လွှမ်းပြီး မျက်ထားချိုနေ၏။ မောင်တော့်ရဲ့မျက်ဝန်းမှာ အမျက်ဒေါသ ကင်းပြီး ကြည်လင်ရွှန်းလက်လို့။ မောင်တော်ကမ်းလင့်သော လက်ထဲသို့ လှိုင်က လက်ကမ်းပေးလိုက်သည်။ မောင်တော်သည် လှိုင့်လက်ကို အသာအယာ ဆုပ်ကိုင်ခေါ်ဆောင်ကာ သလွန်ထက်တွင် သူနှင့်အတူ ယှဉ်လျက် ထိုင်စေသည်။

"နှမတော်ပြန်လာတဲ့အတွက် ဝမ်းသာလှပါတယ်။ အိမ်တော်က ထွက် သွားစမှာ သူ့စိတ်တွေ အနည်ထိုင်သွားရင် ပြန်လာလိမ့်မယ်ဆိုပြီး ယောက်ျားတို့ မာနနဲ့ နေခဲ့တာပါ။ ဒါပေမယ့် နှမတော်ရယ်...အချိန်တွေ ကြာညောင်း လာတာနဲ့အမျှ နှမတော်ကိုသာ တသသဖြစ်နေတော့တယ်"

"မှန်လှပါ မောင်တော်ဘုရား။ အမှန်ကို ဝန်ခံရရင် နှမတော်လည်း မောင်တော့်ကိုသာ လွမ်းဆွတ်တသနေမိပါတယ်။ ကြာကြာခွဲခွာနေရလေလေ၊

www.burmeseclassic.com

www.burmeseclassic.com



သတိတရ ရှိလာလေလေဆိုတာ အနှစ်စ်နဲ့ ချစ်မိသူတွေရဲ့ ဝလေ့ပါပဲ ဘုရား

သည်တစ်ကြိမ် ကနောင်မင်းသားနှင့် လှိုင်ထိပ်ထားတို့ ပေါင်းစည်း ရေးသည် ယခင်ကနှင့်မတူ တစ်မူ ထူးခြားလာသည်။ ကနောင်မင်းသားသည် လှိုင် စိတ်ဆင်းရဲရမည့် ကိစ္စများကို ရှောင်ရှားခဲ့သည်။ အရာရာတိုင်းမှာ လှိုင် စိတ်တိုင်းကျ ဖြစ်စေခဲ့သည်။

လှိုင့်ဘက်ကလည်း မောင်တော်ရဲ့ အခြေအနေကို နားလည်လာသည်။ နိုင်ငံတော်အတွက် နေ့မအားညမအား ကြိုးပမ်းလုပ်ဆောင်နေသည်ကို ကျေနပ် ဝမ်းမြောက်၍ပင် နေသည်။ ဘယ်လိုစွမ်းအားများနှင့် သည့်မျှ ပင်ပန်းခံနိုင် လိမ့်ဟုလည်း တအံ့တဩဖြစ်မိသည်။ တစ်ဦးနှင့်တစ်ဦး ညှိုယူကြသဖြင့် လည်း အရာရာသည် ပြေလည်သည်ချည်း ဖြစ်၏။ လှိုင် စိတ်အေးချမ်းသာ ရှိလာသည်။ ကနောင်မင်းသားနှင့် လှိုင်တို့သည် မေတ္တာကရုဏာတရားတို့ဖြင့် ငြိမ်းချမ်းသော ကမ္ဘာကလေးကို ပြန်လည် တည်ဆောက်ခဲ့ကြသည်မှာ ၂ နှစ် မျှပင် ကြာညောင်းခဲ့လေပြီ။

## ၉။ ရေမြှုပ်စုံနှင့် တိုင်းပြည့်ပျံခဲ့ရသောနိဒါန်း

ဆောင်းကာလ၏ နေ့တစ်နေ့ . . .။

အရုဏ်ဦး၏ ရောင်နီမပေါ်သေးပေ။ အောင်ပင်လယ် ကန်ပေါင်ရိုး တောတန်းတစ်လျှောက် တိတ်ဆိတ်ငြိမ်သက်လျက် ရှိ၏။ တစ်ချက်တစ်ချက် သစ်ရွက်သစ်ခက်ကလေးများပေါ်သို့ ဖြိုးဖြိုးဖျောက်ဖျောက် ကျလာသော ဆီးနှင်းပေါက်တို့၏ အသံမှလွဲ၍ အခြား ဘာသံမျှ မကြားရ။ ပကတိ အိပ်မောကျနေဘိသို့ တိတ်ဆိတ်နေသည်။

နန်းဦးကျောင်းမှ ကုလားတက်ခေါက်သံသည် စည်းချက်ကျကျ ထွက်ပေါ်လာသည်။ "ထလော့...လုပ်ငန်းခွင် ဝင်ကြလော့"ဟု နှိုးဆော် လိုက်သည့်နှယ် ဝန်းကျင်တစ်ဝိုက်နေ လူများ နိုးထလာကြသည်။

ကုလားတက်ခေါက်သံနှင့် မရှေးမနှောင်းတွင် အပြင်းစိုင်းလာသော မြင်းခွာသံများကို ကြားရသည်။ အိမ်ရှေ့စံ ကနောင်မင်းသား၏ နောက်တော်ပါ မြင်းတပ်ပင် ဖြစ်သည်။ မြင်းစစ်သည်များသည် အောင်ပင်လယ်ကန်တစ်ဝိုက် တပ်ဖြန့်လျက် ငြိမ်သက်စွာ နေရာယူလိုက်ကြသည်။

မကြာခင်မှာပင် ကနောင်မင်းသားနှင့်အတူ ယောမင်းကြီး (ရွှေပြည် ဝန်ကြီး)ဦးဘိုးလှိုင်၊ ကနီစစ်ကဲတော်မင်း စသော ဝန်ကြီးများ မြင်းကိုယ်စီဖြင့် ရောက်လာကြသည်။ တာဝန်ကျ စစ်မြင်းတပ်သားများသည် သယ်ဆောင် လာသည့် တော်ဝီဒိုရေမြှုပ်စုံများကို ကတ္တီပါအခင်းပေါ်တွင် အဆင်သင့်

www.burmeseclassic.com

www.burmeseclassic.com



ပြင်လိုက်ကြသည်။

ကနောင်မင်းသားသည် မိမိကိုယ်တိုင် လျှို့ဝှက်စီမံထားသော တော်ပီဒို ဗုံးများ ယောမင်းကြီး စီရင်ထားသည့် ဗုံးများကို စစ်ဆေးကြည့်ရှုကာ အားရ ကျေနပ်လျက် ရှိ၏။ ကြည့်ရှုနေရင်းမှ ဦးဘိုးလှိုင်ဘက်လှည့်ကာ ယခုလို အားရစွာ ပြောလိုက်သည်။

"ဘယ့်နှယ်လဲ ရွှေပြည်ဝန်ကြီးရဲ့။ ဒီနေ့ စမ်းသပ်ဖောက်ခွဲမယ့် လက်နက်တွေ အောင်မြင်ရင်တော့ ကျုပ်တို့ ဘယ်နယ်ချဲ့ကိုမှ ကြောက်စရာ မလိုတော့ဘူး မဟုတ်လားဗျ"

"မှန်လှပါ။ နယ်ချဲ့တို့ ပြုလုပ်တဲ့နည်းအတိုင်း စနစ်တကျ ပြုလုပ် ထားတာမို့ အောင်မြင်ဖွယ်ရှိကြောင်းပါ အိမ်ရှေ့ကိုယ်တော်ကြီး"

"မှတ်မိသေးရဲ့လား ဝန်မင်း၊ ကျုပ်တို့ လက်နက်စက်ရုံတွေ တည် ဆောက် တုန်းက နယ်ချဲ့တွေ ပြက်ရယ်ပြုခဲ့ကြတာ၊ လက်နက်ဝယ်ယူရေးကို ပိတ်ပင်ခဲ့လို့ ကျုပ်တို့က မခံချင်စိတ်နဲ့ ထလုပ်ကြတာ၊ အလကား ကောက်ရိုး မီးတွေပါတဲ့"

"မှတ်မိပါသော်ကော၊ ဒီပြက်ရယ်စကားဟာ ကျွန်တော်မျိုးတို့ကို အများကြီး တွန်းအားပေးခဲ့ပါတယ် ကိုယ်တော်ကြီး"

ထိုခဏမှာပင် စစ်ကဲတော်မင်းက "နံနက် နှစ်မောင်းရှိပြီမို့ အချိန်တော် ကျရောက်ပြီ ဖြစ်ပါကြောင်း" လျှောက်တင်သည်။

ကနောင်မင်းသားသည် တော်ပီဒိုစနက်တံကို မီးရှို့ပြီး အားကုန်လွှဲကာ ကန်တော်တွင်းသို့ ပစ်လွှတ်လိုက်သည်။

"ဒိုင်း" ဟူသော ပေါက်ကွဲသံကြီးသည် အောင်ပင်လယ်ဝန်းကျင် တစ်ခုလုံးကို တုန်ဟည်းသွားစေသည်။ ထို့နောက် ကြောက်မက်ဖွယ်ကောင်း လောက်အောင်ပင် တော်ပီဒိုရေမြှုပ်ဗုံးများ၏ ပေါက်ကွဲသံများ အဆက်မပြတ် မြည်ဟည်းထွက်ပေါ်လာသည်။ စောစောက နေရောင်ခြည်အောက်တွင် ရွှေရည်လို လင်းလက်နေသော ကန်ရေပြင်သည် ခုတော့ဖြင့် ယမ်းခိုးယမ်းငွေ့ များဖြင့် ဖုံးလွှမ်းသွားတော့သည်။

"အောင်ပြီကွ၊ အောင်ပြီ။ ကမ္ဘာတစ်လွှားမှာမြန်မာဟေ့လို့ ဝင့်ကြွား နိုင်ပြီ"



ကနောင်မင်းသားသည် လက်ရုံးကို မြှောက်ကာ အားရကျေနပ်စွာ ကြုံးဝါးလိုက်သည်။

ဦးဘိုးလှိုင် စသည့် အဖွဲ့ဝင်ဝန်ကြီးများ၊ ဓားများကိုင်ဆောင်ထားသည့် မြင်းစစ်သည်တော်များ လက်ရုံးကိုမြှောက်ကာ "အောင်ပြီဘုရား" ဟု သံပြိုင် ဟစ်ကြွေးလိုက်ကြသည်။ မိုးယံထက်သို့ မြှောက်လိုက်သည့် စစ်သည်တော် တို့၏ ဓားသွားများသည် နေရောင်တွင် တဝင်းဝင်းလင်းလက်သွားတော့သည်။

လျှို့ဝှက်စီမံထားသော လက်နက်များ စမ်းသပ်မှုကား အောင်မြင်စွာ ပြီးဆုံးသွားပေပြီ။ အောင်ပင်လယ်တစ်ဝိုက် ဖြန့်ကျက်နေရာချထားသော မြင်းစစ်သည်တော်များလည်း တာဝန် ပြီးဆုံးသွားပြီမို့ စည်းကမ်းတကျ ခ်တန်းကာ ရုပ်သိမ်းသွားသည်။ အဖွဲ့ဝင်များသည် မိမိတို့အိမ်ရှိရာသို့ ကိုယ်စီ ပြန်ကြပြီ။

ကနောင်မင်းသားသည် မြင်းကို အသားကျစီးကာ အိမ်တော်သို့ ပြန်လာသည်။ ရေမြှုပ်ဗုံးဖြစ်မြောက်ရေး လျှို့ဝှက်စီမံနေစဉ်က အပင်ပန်းခံခဲ့ သမျှ၊ ကြိုးပမ်းခဲ့သမျှ၊ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်ခဲ့သမျှ ယခုလို အောင်မြင် သွားသည့်အခါ အားလုံးကို မေ့ပျောက်သွားတော့သည်။ ကနောင်မင်းသား၏ စိတ်သည် ကောင်းကင်ထက်မှ တိမ်တိုက်များပမာ ပေါ့ပါးနေသည်။

ယခုလို အောင်မြင်မှုရခြင်းသည် မိမိတစ်ဦးတည်း တစ်ယောက်တည်း ကြိုးပမ်းမှုကြောင့် ရခဲ့သည်မဟုတ်။ မိမိအပါအဝင် အဖွဲ့ဝင်တွေ၊ စက်ရုံ လုပ်သားတွေ စုပေါင်းကြိုးပမ်းမှုကြောင့် ဖြစ်သည်။ နောင်တော် မင်းတုန်း မင်း၏ ကူညီပံ့ပိုးမှုကလည်း အဓိကပေါ့။ ကနောင်မင်းသားသည် မြောက် ဥယျာဉ်အနီးသို့ ရောက်လာသည်။ မြင်းကို ဇက်သတ်ပြီး လက်နက်စက်ရုံဘက် ဆီသို့ လှမ်းမျှော်ကြည့်လိုက်၏။

'နားဆင်ကြည့်စမ်း၊ အောင်မြင်မှုရအောင် ဝိုင်းဝန်းကူညီ အားထုတ် ခဲ့ကြသည့် ကြိုးပမ်းဖော်တွေရဲ့ တူသံပေသံတွေပါလား၊ နားဝင်ချိုပါဘိ'။ ကနောင်မင်းသား စိတ်ထဲမှ ပြောရင်း ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။ ပြီးတော့ မြင်းကို အသာတို့ကာ ရှေ့ဆက် ထွက်ခွာသွားသည်။

နိုင်ငံတော်ကို ခေတ်မီလက်နက်များ တပ်ဆင်ပြီးပါက နယ်ချဲ့တို့ သိမ်းပိုက်ထားသော မြန်မာနိုင်ငံ အစိတ်အပိုင်းဒေသများကို ပြန်လည်

www.burmeseclassic.com

www.burmeseclassic.com



သိမ်းယူနိုင်ရမည်ဟု ကနောင်မင်းသားက ခံယူထားသည်။ ထို့ကြောင့်လည်း နောင်တော် မင်းတုန်းမင်းနှင့် ကနောင်မင်းသားတို့သည် မြန်မာနိုင်ငံကို အင်အားဖြည့်တင်းဖို့၊ ခေတ်မီနိုင်ငံတော်ဖြစ်ဖို့ ဝီရိယစိုက်ထုတ်ကာ အစွမ်းကုန် ဆောင်ရွက်လျက်ရှိသည် မဟုတ်ပါလား။ ယခုဆိုလျှင် ရတနာပုံနေပြည်တော်၌ စက်ရုံများ ကောင်းစွာလည်ပတ်နေပေပြီ။ သည်စက်ရုံများမှ ဝဇီရာဝုဓ အမြောက်ကြီးလေးဆယ်၊ သေနတ်စက်ရုံမှလည်း တစ်ပတ်တစ်ပတ်လျှင် ဆားဖွင့်နောက်ထိုး ဗထက်ချိုင့် သေနတ်အလက်ပေါင်းနှစ်ထောင် ထွက်ရှိ နေပေပြီ။ ပြီးတော့ သုံးဆယ်မင်းသား၏ ယမ်းဖော်စပ်နည်းကလည်း အလွန် ကောင်းလှသည်။ မကောင်းရှိပါ့မလား။ သည်ဖော်စပ်နည်းမှာ အနောက် နိုင်ငံမှထုတ်သည့် ကျမ်းကို ဒေါက်တာဂျဒ်ဆင်အား မြန်မာဘာသာသို့ ပြန်ဆိုစေသည့် နည်းပေပဲ။ မကြာခင်မှာပင် ပညာတော်သင် ငရွှေသား ပြန်ရောက်လာတော့မည်။ သူသည် လက်နက်မျိုးစုံ လုပ်ကိုင်သည့် အတတ် ပညာကို သင်ယူတတ်မြောက်ခဲ့သူ ဖြစ်၏။ ထို့ကြောင့် ကနောင်မင်းသား၏ ခံယူချက်၊ မျှော်မှန်းချက်များ အောင်မြင်ရန်မှာ မဝေးတော့ပြီ။ ကနောင် မင်းသားသည် နယ်ချဲ့အင်္ဂလိပ်တို့ကို ပြန်လည်တိုက်ထုတ်ရေး စဉ်းစားရင်း အိမ်တော်သို့ ပြန်ရောက်လာသည်။

အောင်ပင်လယ်ကန်တွင် ကနောင်မင်းသားနှင့်အဖွဲ့ဝင် ဝန်ကြီးများ ရေမြှုပ်ဖုံး စမ်းသပ်ဖောက်ခွဲနေချိန်တွင် ရွှေနန်းတော်၌မူ မင်းတုန်းမင်းကြီးသည် သံဃဒါနဆွမ်းကျွေး အလှူတော်ကြီးခင်းကျင်းနေချိန် ဖြစ်သည်။

အောင်ပင်လယ်ကန်ဘက်ဆီမှ "ဒိုင်း"ခနဲ မြည်ဟည်းသံကြီး ထွက်ပေါ် လာသည့်အခါ ရွှေနန်းတော်တစ်ရပ်လုံး အုတ်အုတ်ကျွက်ကျွက် ဆူညံသွား တော့သည်။ သာသနာပိုင် ဆရာတော်ကြီးက "ဘာသံလဲ"ဟု မေးတော်မူသည်။ ရွှေနန်းရှင်ဘုရားက . . .

"တင်ပါ့ဘုရား၊ မှူးတော်မတ်တော်များ လျှောက်တင်ချက်အရ ညီတော် ကနောင်မင်းသားရဲ့ ရေမြှုပ်ဗုံး စမ်းသပ်ဖောက်ခွဲသံဖြစ်ကြောင်း သိရှိရပါတယ် ဘုရား"

ဤတွင် သာသနာပိုင် ဆရာတော်ကြီးသည် ဆွမ်းဘုဉ်းပေးနေရာက ဆက်လက်ဘုဉ်းမပေးတော့ဘဲ လက်ဆေးတော်မူသည်။ မင်းတုန်းမင်းလည်း



စိတ်မကောင်း ဖြစ်တော်မူသဖြင့် ဆရာတော်အား မေးလျှောက်သည်။ သာသနာပိုင် ဆရာတော်ကြီးက . . .

"သတ္တဝါများရဲ့ အသက်ပေါင်းများစွာ သေကြေပျက်စီးရမယ့်အရေး တွေးပြီး ဆွမ်းစား မဝင်ပေဘူး ဒကာတော်"ဟု ပြန်လည် မိန့်ကြားသည်။ ဆက်လက်ပြီး . . .

"သာသနာ့ ဒါယကာ မင်းမြတ်ရဲ့ စိတ်ဓာတ်နဲ့ သတ္တဝါအပေါင်း ပျက်စီးကြောင်းအမှု၊ သည်နှစ်ခုဟာ ဒွန်တွဲမနေသင့်ဘူး၊ ဒါကြောင့် သတ္တဝါ များရဲ့ အသက်ဘေး အေးငြိမ်းရာ အေးငြိမ်းကြောင်း ရှာစေချင်တယ် ဒကာမင်းကြီး"ဟု မေတ္တာရပ်ခံတော်မူသည်။

"တင်ပါ့ဘုရား၊ တပည့်တော်ကိုယ်တိုင် ညီတော် အိမ်ရှေ့မင်းကို ဖျောင်းဖျပြီး မေတ္တာရပ်ခံပေးပါ့မယ် ဘုရား"

မင်းတုန်းမင်းသည် သာသနာပိုင်ဆရာတော်ကြီးအား ဦးတိုက်ကာ လျှောက်တင်လိုက်လေသည်။

သာသနာပိုင်ဆရာတော်ကြီးနှင့် ခမည်းတော် မင်းတုန်းမင်းတို့ အပြန် အလှန် မေးမြန်း လျှောက်တင်နေကြသော စကားများကို အိမ်ရှေ့မိဖုရား လှိုင်က ကောင်းစွာ ကြားလိုက်သည်။ လှိုင် ထိတ်ခနဲ ဖြစ်သွားသည်။ မောင်တော်သာ ကြားလျှင် စိတ်ကောင်းနိုင်မည် မဟုတ်။ သူ့ ကြိုးပမ်းမှုတွေ သဲထဲရေသွန် ဖြစ်ရပေတော့မည်။

သာသနာပိုင် ဆရာတော်ကြီးအနေဖြင့် သတ္တဝါများအပေါ် မေတ္တာ၊ ကရုဏာစိတ်ထားကာ ခုလိုပင် မေတ္တာရပ်ခံရပေမှာပဲ။ သာသနာ့ဒါယကာ ရွှေနန်းရှင်ကကော။ သာသနာပိုင် ဆရာတော်ရဲ့ မေတ္တာရပ်ခံချက်ကို မည်သို့ လွန်ဆန်ဝံ့မည်နည်း။ မောင်တော့်ဘက်က ကြည့်ပြန်တော့လည်း ရက်စက် ကြမ်းကြုတ်သည့် စိတ်ထားဖြင့် သည်လက်နက်တွေ ထုတ်လုပ်ရသည်မှ မဟုတ်ဘဲ။ တိုင်းပြည်နှင့်လူမျိုးအတွက် တိုင်းသူပြည်သားများရဲ့ အသက် အိုးအိမ် စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပေးဖို့ သည်လက်နက်တွေကို ထုတ်လုပ်နေရသည်ပဲ။ လှိုင်သည် အလှူပွဲတော်တွင် ဝိုင်းဝန်းကူညီကာ သိုလ် ယူနေရသည်ပင် စိတ်မဖြောင့်တော့။ အတွေးတွေ ချာချာလည်ကာ ခေါင်းထဲတွင် မူးရီရီ ဖြစ်လာသည်။ ထို့ကြောင့် အလှူပွဲမစခင်မှာပင် မိဖုရားခေါင်ကြီးအား

www.burmeseclassic.com

www.burmeseclassic.com



ခွင့်ပန်ကာ အိမ်တော်သို့ ပြန်လာခဲ့သည်။

လှိုင် ပြန်ရောက်ပြီး မကြာခင်မှာပင် ကနောင်မင်းသားလည်း ရောက်လာသည်။ လှိုင်က အိမ်တော်ရှေ့ လှေကားမှ ဆီးကြိုနေသည်။ ကနောင်မင်းသားက . . .

"နမတော်တောင် ပြန်ရောက်နေမှကိုး၊ ဘယ့်နှယ်လဲ အလှူတော်ပွဲတော်တော်မှ စည်ကားရဲ့လား"

"ရွှေနန်းရှင်ရဲ့ အလှူတော်ပေမို့ စည်ကားလှပါတယ် မောင်တော်"

လှိုင်သည် ပြန်ဖြေရင်း မောင်တော်ထံမှ လက်သုံးတော် ရွှေဓားကို လှမ်းယူကာ သိမ်းဆည်းလိုက်သည်။ ပြီးမှ မောက်ရှူတော်ကို လှမ်းယူပြီး တောင်းတော်စင်ပေါ်သို့ တရိုတသေ တင်လိုက်သည်။ မောင်တော်၏ အဆောင်အယောင်များကို နေသားတကျ သိမ်းဆည်းပြီးနောက် အပါးတွင် လာရောက်ခစားသည်။

ကနောင်မင်းသားသည် သူ၏ ရေမြှုပ်ဖုံး စမ်းသပ် ဖောက်ခွဲမှု အောင်မြင်ပုံတို့ကို ဝမ်းသာအားရ ပြန်လည် ပြောပြသည်။ လှိုင်သည် မောင်တော်ကို ကြင်နာစွာ ကြည့်ရင်း သူ့ရင်ထဲမှာ ထိခိုက်ကြေကွဲနေသည်။ ရွှေနန်းရှင်မင်းတုန်းမင်းက သာသနာပိုင်ဆရာတော်ကြီးအား ကတိပေးခဲ့ကိုသာ မောင်တော်ကြားရလျှင် မည်သို့ ရှိလေမလဲ။ လှိုင် တွေးနေစဉ်မှာပင် ကနောင်မင်းသားက မေးလိုက်သည်။

"ရေမြှုပ်ဖုံး ပေါက်ကွဲသံကြီးကို အလှူတော်ပွဲက ကြားကြတယ် မဟုတ်လား နမတော်"

မောင်တော်က မေးလာပြီမို့ လှိုင် မနေသာတော့ပြီ။ သံဃဒါန အလှူတော်ပွဲတွင် တွေ့မြင် ကြားသိခဲ့သမျှ ဖြည်းဖြည်းချင်း လျှောက်တင်သည်။ ဖုံးပေါက်ကွဲသံ ကြားကြားချင်း ပရိသတ်များ လှုပ်လှုပ်ရွရွဖြစ်သွားသည့် မြင်ကွင်း၊ အချင်းချင်း မေးကြ၊ စူးစမ်းကြပုံ၊ သာသနာပိုင်ဆရာတော်ကြီး အမေးနှင့် ရွှေနန်းရှင်ဘုရား၏ အဖြေတော်။ သာသနာပိုင်ဆရာတော်ကြီး ဆွမ်းစားလျက်က ဆက်လက် ဘုဉ်းမပေးတော့ဘဲ လက်ဆေးတော်မူပုံ၊ ဆရာတော်ကြီးက သတ္တဝါများရဲ့ အသက်ပေါင်းများစွာ သေကြေပျက်စီးမည့် အရေး တွေးပြီး ဆွမ်းစားမဝင်ကြောင်း၊ ဆက်လက်ပြီး ဆရာတော်ကြီးက



မေတ္တာရပ်ခံပုံ။ လှိုင်သည် သာသနာပိုင်ဆရာတော်ကြီး၏ မေတ္တာရပ်ခံချက်ကို ပြန်လည် ပြောပြပြီးနောက် ရှေ့မဆက်ဘဲ ရပ်ထားသည်။ ဤတွင် ကနောင်မင်းသားသည် သူ အသိချင်ဆုံးသော အချက်ကို မေးလိုက်၏။

"သည်တော့. . .နောင်တော် ရွှေနန်းရှင်က သာသနာပိုင်ဆရာတော်ကြီးကို ဘယ်လို ပြန်လျှောက်သလဲ နမတော်"

လှိုင်သည် ပြောပြရမည့် စကားကို ချိန်ဆနေသဖြင့် ချက်ချင်း ပြန်မဖြေဖြစ်ပေ။ မောင်တော်၏ မျက်နှာတော်ကို ကရုဏာသက်စွာ ငေးကြည့်မိသဖြင့် ကြာသင့်သည့်အချိန်ထက် ပိုကြာသွားသည်။ ကနောင်မင်းသားသည် အားမလိုအားမရ ဖြစ်ကာ. . .

"ပြောစမ်းပါ နမတော်. . .နောင်တော်ရဲ့ သဘောထားက ဘယ်လိုတဲ့လဲ"ဟု ထပ်မံ မေးလိုက်သည်။ ထိုစဉ်မှာပင် ယောမင်းကြီး ဦးဘိုးလှိုင် အခစား ဝင်လာသည်။ ကနောင်မင်းသား၏ အာရုံသည် ယောမင်းကြီးဆီသို့ ရောက်သွားသည်။

"ဘယ့်နှယ်လဲ မင်းကြီးရဲ့၊ လက်နက်သံမကြားချင်ဘူးဆိုရင် ဒီနိုင်ငံ နယ်ချဲ့ဒဏ် ခံနိုင်ပါ့မလား"

"မှန်လှပါ နှစ်မွှန်းဖို့အကြောင်းပါပဲ ဘုရား"

"ဒါထက် နောင်တော်ရွှေနန်းရှင်ရဲ့ သဘောထားက ဘယ်လိုတဲ့လဲ မင်းကြီးရဲ့"

"ညီတော် အိမ်ရှေ့မင်းကို လက်နက်စွန့်လွှတ်ရေး ဖျောင်းဖျပေးပါ့မယ်လို့ သာသနာပိုင်ကြီးထံ ဦးတိုက်လျှောက်ထားပါသတဲ့ ဘုရား"

"အို. . .ကိုယ်ကျိုးဖြင့် နည်းပါပေါ့ မင်းကြီး၊ တိုင်းပြည်တော့ ဆုံးပြီ"

www.burmeseclassic.com

www.burmeseclassic.com

## ၁၀။ မြင်ကွန်းတနောင်အရေးတော်ပုံ

မင်းတုန်းမင်းကြီးသည် ညီတော် ကနောင်မင်းသားကို အလွန်ယုံကြည်သည်။ အားလည်းကိုးသည်။ ထို့ကြောင့် အရွယ်ရောက်နေပြီဖြစ်သော သားတော်များကို ကနောင်မင်းသားလက်တွင် အပ်နှံထားသည်။ သည်မင်းသားများအနက် မလွန်မင်းသား၊ သုံးဆယ်မင်းသား၊ မက္ခရာမင်းသားနှင့် မြင်ကွန်းမင်းသားတို့သည် လက်ထပ်ပြီးသူများ ဖြစ်ကြသည်။ မင်းသားအချို့သည် ဘထွေးတော်ကနောင်မင်းသား၏ ကွပ်ကဲမှုအောက်တွင် နေရသည်ကို မကျေနပ်ကြပေ။ ဘာကြောင့်ပါလဲ။ သူတို့စားရသည့် မြို့ရွာများသို့ သွားရောက်ကာ နေထိုင်ခွင့်မရသောကြောင့်ပင် ဖြစ်သည်။

ကနောင်မင်းသားကလည်း မင်းသားတွေ အဝေးရောက်လျှင် ပုန်ကန်မည်ကို စိုးရိမ်ပူပန်သည်။ သို့ဖြင့် သူတို့စားရသော မြို့ရွာများသို့ မသွားရအောင် ချုပ်ချယ်ကာ မျက်စိအောက်မှာပင် ထားခဲ့သည်။

ပြီးတော့ ခမည်းတော်မင်းတုန်းမင်းက သားတော်များ ရှိပါလျက် ညီတော်ကနောင်မင်းသားအား အိမ်ရှေ့အရာ ပေးသည်ကိုလည်း မင်းသားများက မကျေနပ်ကြပေ။ မြန်မာနိုင်ငံတွင် ထီးနန်းဆက်ခံရေး ဥပဒေဟူ၍လည်း အသေအချာ မရှိ။ တစ်မင်းလွန်လျှင် ထိုမင်း၏ အရိုက်အရာကို သားတော်အကြီးက ဆက်ခံမည်လား။ ညီတော်က ဆက်ခံမည်လား တိကျသည့်ကျင့်ထုံး မရှိပေ။



သားတော်များရှိပါလျက် ညီတော်ကို အိမ်ရှေ့အရာပေးသဖြင့် ပဒေသရာဇ်နိုင်ငံများတွင် ဖြစ်လေ့ရှိသည့် ပြဿနာမျိုးနှင့် ရင်ဆိုင်ကြရတော့သည်။ တနောင်မင်းသားအပေါ် အထူးမကျေမနပ် ဖြစ်နေကြသော မင်းသားများမှာ တောင်ရွှေရေးမိဖုရား ရတနာဒေဝီမှဖွားသော မြင်ကွန်းမင်းသားနှင့် မြင်းခုံတိုင်မင်းသားညီနောင်တို့ပင် ဖြစ်သည်။ သည်မင်းသားနှစ်ပါးအနက် နောင်တော်မြင်ကွန်းမင်းသားက ပို၍ မကျေမနပ် ဖြစ်နေသည်။

မြင်ကွန်းမင်းသား၏ စရိုက်သဘာဝကိုကပင် တစ်မူ ထူးခြားသည်။ သူ့ငယ်နာမည်မှာ မောင်မျိုးအေး ဖြစ်သည်။ နာမည်သာ အေးသည်၊ လူကဖြင့် မအေးပါ။ သူ၏ ပဋိသန္ဓေကပါလာသည့် မူလဇာတိ စိတ်နေစိတ်ထားအရ မဟုတ်လျှင် မခံတတ်သောစိတ် ရှိသည်။ မည်သည့်အရာကိုမဆို ရှုပ်ရှုပ်ချွံချွံ ဇွန့်ဇွန့်စားစား လုပ်တတ်သည်။ ပြီးတော့ မည်သူ့မျက်နှာကိုမျှ ထောက်ညှာလေ့ မရှိပေ။ မင်းတုန်းမင်းကြီး၏ သားတော်များထဲတွင်တော့ သတ္တိဗျတ္တိအကောင်းဆုံး၊ စိတ်အထက်ဆုံးဟုဆိုလျှင် မှားအံ့မထင်။

မြင်ကွန်းမင်းသား၏ ညီတော်များထဲမှ သုံးဆယ်မင်းသားသည် ကျုံးတော်ထဲ လှေကစားသည်ကို အလွန် ဝါသနာကြီးသည်။ သူ့လှေများအတွက် လှော်တက်များလုပ်ဖို့ သစ်သားများကို အစိုးရသစ်တောပျဉ်ပုံထဲမှချည်း တိတ်တဆိတ်ယူကာ ပြုလုပ်လေ့ ရှိသည်။ အစိုးပျဉ်ပုံထဲမှ သစ်သားများကို သုံးဆယ်မင်းသား တိတ်တဆိတ်ယူနေကြောင်း မြင်ကွန်းမင်းသား တစ်ဆင့်ကြားရသည်။ မကြာခင်မှာပင် သူကိုယ်တိုင် မြင်တွေ့လိုက်သည်။ မြင်ကွန်းမင်းသားသည် ဘာမျှ မပြော၊ ခေါင်းတဆတ်ဆတ်ညိတ်ပြီး ပြုံးနေသည်။ သုံးဆယ်မင်းသားကမူ သူ လုပ်သမျှ လုံလုပြီဟု ထင်နေသည်။

တစ်နေ့တွင် သုံးဆယ်မင်းသားသည် သူ့ငယ်ကျွန်များနှင့် အတူ ကျုံးတော်ထဲတွင် လှေတက်အစုံအလင်ဖြင့် လှေကစားသည်။ ကစားရင်း ဆာလောင်မွတ်သိပ်လာသည်။ ဤတွင် လှေကစားသည်ကို ခေတ္တရပ်နားပြီး အစောင့်တစ်ယောက်သာ ချန်ရစ်ခဲ့သည်။ မင်းသားနှင့် ကျွန်ငယ်ကျွန်တွေ အားလုံး အဆောင်သို့ပြန်ပြီး ထမင်းစားကြသည်။

သုံးဆယ်မင်းသားနှင့် သူ့လူများ၏ အခြေအနေကို တစ်နေရာမှ စောင့်ကြည့်နေသော မြင်ကွန်းမင်းသားသည် လှေစောင့်ရှိရာသို့ ရောက်လာပြီး

www.burmeseclassic.com

www.burmeseclassic.com



မေးလိုက်သည်။

"ဟဲ့...မောင်မင်း၊ ဒါ ဘယ်သူ့လေ့တက်တွေလဲ"

လေ့စောင့်သည် မြင်ကွန်းမင်းသားကို မြင်ကတည်းက ကြောက်နေပြီဖြစ်ရာ ယခုလို မေးလိုက်သည့်အခါ ထစ်ထစ်ငေါ့ငေါ့ ဖြေကြားလိုက်၏။

"မှန်...မှန်လှပါ။ သုံးဆယ်မင်းသားရဲ့ လေ့တက်တွေပါ ဘုရား"

ထိုအခါ မြင်ကွန်းမင်းသားသည် သူ့နောက်လိုက်များဘက် လှည့်၍ အမိန့်ပေးလိုက်သည်။

"ဟေ့...တက်တွေ အားလုံးယူခဲ့ကြ။ ငါ့လေ့တော်မှာ တက်မရှိဘူး"

မြင်ကွန်းမင်းသား၏ နောက်လိုက်များသည် လေ့တက်များအား ယူလိုက်ကြ၏။ မြင်ကွန်းမင်းသားသည် ဤသို့လည်း အနိုင်ကျင့်တတ်သည်။ သူသည် ခမည်းတော်ကိုပင် အရွဲ့တိုက်ဝံ့သူ ဖြစ်၏။

တစ်ချိန်တွင် မင်းတုန်းမင်းကြီးသည် သားတော်များ ရှေ့တော်၌ အခစားဝင်စဉ် ဖော်ဖော်ရွေရွေ မိန့်တော်မူသည်။

"ကဲ...ကဲ...သားတော်များ၊ သားတော်များကိုယ်တိုင်ချက်တဲ့ ဟင်းလျာများနဲ့ ခမည်းတော် ပွဲတော်တည်ချင်တယ်။ မောင်တို့ ဘာဟင်းတွေ ချက်တတ်ကြသတုံး"

ခမည်းတော်က ယခုလို မေးသည့်အခါ သားတော်များက မိမိတို့ ချက်တတ်သည့် ဟင်းလျာအမည်များကို ဝမ်းမြောက်ဝမ်းသာ သံတော်ဦး တင်ကြသည်။

"ကြက်သားဟင်း ချက်တတ်ပါတယ် ဘုရား"

"သားတော်ကတော့ ဝက်သားဟင်း ချက်တတ်ပါတယ် ဘုရား"

"ပဲကြီးနှပ်ချက်တတ်ပါတယ် ဘုရား"

စသည်စသည်ဖြင့် သားတော်များက သူ့ထက်ငါ အလုအယက် ဝင်လျှောက်ကြသည်။ မြင်ကွန်းမင်းသားတစ်ပါးတည်းသာ ဘာမျှ တင်လျှောက်ခြင်း မပြုဘဲ ခပ်မဆိတ်နေသည်။ ဤသည်ကို မင်းတုန်းမင်းကြီးက သတိပြုမိ သဖြင့် ယခုလို မေးတော်မူသည်။

"ကိုင်း...သားတော် သီလဝကကော ဘာဟင်းများချက်တတ်သလဲ"

"သားတော်ကတော့ အမဲသားဟင်း ကောင်းကောင်း ချက်တတ်



ပါတယ် ဘုရား"

"ဟင်..."

မင်းတုန်းမင်းကြီးသည် 'ဟင်'တစ်လုံးသာ အာမေဋိတ်ပြုနိုင်သည်။ ရွှင်ပျနေသော မင်းကြီး၏ မျက်နှာတော်လည်း အကြီးအကျယ် ပျက်သွား၏။ နွား၊ ကျွဲတို့၏ကျေးဇူး ကြီးမားလှသဖြင့် နေပြည်တော်တစ်ဝန်း အမဲသား၊ ကျွဲသား မစားရဟု မိမိက တင်းကျပ်စွာ ပိတ်ပင် တားမြစ်ထားသည်ကို သိပါလျက် သားတော်ကြီးက အမဲသားကိုမှ ကောင်းကောင်းချက်တတ်ပါကြောင်း လျှောက်တင်နေပါပကော။ ယခုလို မေးတော်မူသည်မှာလည်း အမှန်တကယ် ပွဲတော်တည်လို၍ မေးသည်မဟုတ်။ သားတော်များနှင့် ရင်းရင်းနှီးနှီး ရှိစေလို၍၊ ပျော်ရွှင်စေလို၍ မေးခဲ့ခြင်းသာ ဖြစ်သည်။ မင်းတုန်းမင်းကြီးသည် သားတော်၏ အဖြေစကားကြောင့် ကြီးစွာ စိတ်အနှောင့်အယှက် ဖြစ်သွားသည်။ ထိုကြောင့် ချက်ချင်းပင် အတွင်းတော်သို့ ဝင်တော်မူလေသည်။

သားတော်များလည်း စိတ်မကောင်းဖြစ်ကာ အသီးသီး အဆောင်တော်သို့ ပြန်ကြသည်။ မြင်ကွန်းမင်းသား၏ အဆောင်တော်သို့ ရောက်သောအခါ သူ့ငယ်ကျွန်များက ယခုလို တင်လျှောက်ကြသည်။

"ကိုယ်တော် တင်လျှောက်ပုံက လွန်လွန်းပါတယ် ဘုရား"

"ဟ...ငါလွန်သလား။ မဟုတ်မဟုတ်၊ ငါတို့ကို ဟင်းချက်ခိုင်းရတယ်လို့ကွာ၊ စားတော်ခဲတွေ ရှိသားပဲ။ စားချင်တာ ချက်ခိုင်းပါလေ့၊ ဒါနဲ့ ငါလည်း ခမည်းတော်တားမြစ်ထားတဲ့ အမဲသားကိုမှ ရွေးပြီး ချက်တတ်တယ်လို့ အရွဲ့တိုက် သံတော်ဦး တင်လိုက်တာကွ"

သူ့ငယ်ကျွန်များလည်း နောက်ထပ် ဘာမျှ မတင်လျှောက်ဝံ့ကြတော့ပေ။

တစ်ကြိမ်တွင်လည်း မင်းကြီးသည် မိဖုရားကြီးငယ် အားလုံးကို ရှေ့တော်သို့ ခေါ်ပြီး ယခုလို စေခိုင်းတော်မူသည်။

"ကိုင်း...နှမတော်များ...မယ်မင်းတို့ ကိုယ်တိုင် လုပ်တဲ့မုန့်တို့ မောင်ဘုရား ပွဲတော် တည်လိုတယ်။ မယ်မင်းတို့ကိုယ်တိုင် လုပ်တတ်တဲ့မုန့်ကို လုပ်ပြီး ဆက်ကြစေဗျား"

နောက်တစ်နေ့တွင် မိဖုရားကြီးငယ်တို့သည် မိမိတို့လုပ်တတ်သည့် မုန့်များကို အသီးသီးကိုယ်တိုင်လုပ်ပြီး မင်းကြီးထံ ပို့ဆက်ကြသည်။ မြင်ကွန်း

www.burmeseclassic.com

www.burmeseclassic.com



မင်းသားသည် သူ့မယ်တော် အဆောင်မှ မုန့်သွားပို့သည့် အပျိုတော်ကို လမ်းမှ ဆီးတားလိုက်သည်။ မယ်တော်ကိုယ်တိုင်လုပ်သည့်မုန့်ကို ယူထားလိုက်ပြီး မုန့်အစားထိုး လဲလှယ်ပေးလိုက်သည်။ သူ သည်လို လဲလှယ်ပေးလိုက်သည်ကို မယ်တော်ကအစ မည်သူ့ကိုမျှ မသိစေရဟုလည်း နှုတ်ပိတ်လိုက်သေးသည်။

မင်းကြီးလည်း မိဖုရားကြီးငယ်တို့ထံမှ ပို့ဆက်ထားသော လက်စွမ်းပြမုန့် အမျိုးမျိုးကို နည်းနည်းစီ မြည်းစမ်းကြည့်သည်။ သည်လို မြည်းစမ်းရင်း မုန့်တစ်မျိုးမှာ နူးညံ့ပျော့ပြောင်းသဖြင့် ဖဲ့ယူကြည့်၏။ မည်သို့မျှ ဖဲ့၍မရ။ ဆွဲကြည့်သော်လည်း ဆွဲ၍မရ။ မင်းကြီးသည် မျက်မှောင်ကုတ်ပြီး စဉ်းစားသည်။ ဘာမုန့်ပါလိမ့်။ စဉ်းစားမရသဖြင့် စူးစမ်း မေးမြန်းရတော့သည်။

"သည်မုန့် ဘယ်မိဖုရား လုပ်တာလဲ"

ဘုရင့်အပါး ခစားနေသူများ တစ်ယောက်မျက်နှာတစ်ယောက် ဖျတ်ခနဲကြည့်မိကြသည်။ သူတို့လည်း မသိ။ စောစောကတည်းက မှတ်မထားမိဘဲကိုး။ သည်တော့ မည်သူမျှ မဖြေနိုင်ကြပေ။ ဖဲ့မရ၊ ရွဲ့မရသဖြင့် နောက်ဆုံးတွင် လွှင့်ပစ်လိုက်ရသည်။ စားဖိုဆောင်အမှုထမ်းများသည် စွန့်ပစ်မုန့်ကို ခွေးများဝိုင်းကိုက်နေသဖြင့် လုမ်းကြည့်မိကြသည်။ ကိုက်မရ၊ ဆွဲမရမို့ ခွေးများပင် ငြီးငွေ့ချပြီး ထွက်သွားကြသည်ဟု ဆိုသည်။ နောက်ဆုံး ကျီးငှက်များ ကိုက်ချီသွားမှသာ အဆုံးသတ်သွားတော့သည်။

ထိုမုန့်ကား မည်သူ့မုန့် ထင်ပါသလဲ။ မည်သူရှိမည်နည်း။ မြင်ကွန်းမင်းသား လဲလှယ်အစားထိုးလိုက်သည့် မုန့်ပင် ဖြစ်၏။ ရှင်ဘုရင်တွင် စားစရာများ ပေါများပါလျက် နေရာရှာပြီး မိဖုရားများကို မုန့်လုပ်ခိုင်းရပါမို့လားဟု အတွေးရောက်ပြီး တမင်တကာ လဲပေးလိုက်ခြင်းပင်။ မင်းသားသည် ဆင်သေ၏ သိုကြီးကို တကူးတက ရှာသည်။ မားနှင့်လှီးဖြတ်ပြီး မုန့်နှင့်တူအောင် ကြော်၍ ပေးလိုက်သော 'ဆင်သိုကြီးကြော်မုန့်'ပင် ဖြစ်သည်ဟု သိမှီလိုက်သူတို့က ဆိုကြသည်။

တစ်ခါတွင်လည်း မြင်ကွန်းမင်းသားသည် ညီတော် မြင်းခုံတိုင်မင်းသားကို ခေါ်ကာ ငယ်ကျွန်များနှင့်အတူ ဥယျာဉ်တော်ထဲ၌ ကစားကြသည်။ ကစားရင်း စားတော်ခေါ်ချိန် လွန်သွားသည်။ အိမ်တော်တွင်လည်း



အစောင့်မထားရစ်ခဲ့သဖြင့် စားသောက်ဖွယ်ရာ ထမင်းဟင်းများ စီမံထားမည့်သူ မရှိ ဖြစ်နေသည်။ မြင်ကွန်းမင်းသားသည် ဟင်းလျာရရှိရေးကို စဉ်းစားသည်။ သိပ်ကြာကြာ မစဉ်းစားလိုက်ရပေ။ ကျုံးတော်အနီးတွင် မြက်စားနေသော မင်္ဂလာနွားဖြူကလေးတစ်ယှဉ်းကို တွေ့သွားသည်။ သူသည် ငယ်ကျွန်တော်များအား နွားဖြူလေးများကို ဖမ်းစေပြီး အမဲဖျက်ကာ ချက်ပြုတ် ကြော်လှော်စေသည်။ ပြီးတော့ အားလုံး ဝိုင်းဖွဲ့ကာ မြိန်ရှက်စွာ စားလိုက်ကြသည်။

သည်ကိစ္စကို ခမည်းတော်မင်းကြီး ကြားသိသွား၏။ မြင်ကွန်းညီနောင်နှစ်ယောက်စလုံးကို ဖမ်းပြီး ညီတော်ကနောင်မင်းသားလက်ထဲ အပ်လိုက်သည်။ ကနောင်မင်းသားက သူ့တူတော်များကို ကြေးတိုက်သို့သွင်းကာ ချုပ်ထားသည်။ တစ်လမျှကြာလျှင် လိမ္မာလောက်ပြီဟု တွက်ဆပြီး အချုပ်မှ လွှတ်ပေးလိုက်သည်။ ပြီးတော့ မြင်ကွန်မင်းသားကို မိမိ၏သမီးတော် တောင်ညိုမြင်းသမီး သိရိဘာနုဝတီနှင့် လက်ဆက်ပေးလိုက်၏။ သည်တော့ မြင်ကွန်းမင်းသားသည် ကနောင်မင်းသား၏ တူတော်ရုံမျှမက သားမက်လည်း တော်လာပြန်သည်။

ယခုလို ဆွေမျိုးစပ်လိုက်သည့်အတွက် မြင်ကွန်းမင်းသားသည် ကနောင်မင်းသားအပေါ် ကျေနပ်သွားပြီလား။ မကျေနပ်ပါ။ လုံးဝ မကျေနပ်ပါ။ ခမည်းတော်၏ အရိုက်အရာထီးမွေနန်းမွေကို သူသာ ရထိုက်သည်ဟု မြင်ကွန်းမင်းသားက စွဲမြဲမှတ်ယူသည်။ ယခုလို ဘထွေးတော်က နန်းမွေဆက်ခံလျှင် မိမိတို့ သားစဉ်မြေးဆက် တိမ်ကောရတော့မည်ဟု သဘောပိုက်သည်။ ထို့ကြောင့် ညီတော် မြင်းခုံတိုင်မင်းသားနှင့် တိုင်ပင်သည်။ ဘထွေးတော် ကနောင်မင်းသားအား လုပ်ကြံရန် ဆုံးဖြတ်ချက်ချလိုက်ကြသည်။

ခမည်းတော်အား လုပ်ကြံမည့်သတင်းကို ကနောင်မင်းသား၏ သမီးတော် တောင်ညိုမြင်းသမီးက သိရှိသွားသည်။ သူ့ခမည်းတော်အတွက် များစွာစိုးရိမ်ပြီး ကနောင်မင်းသားအား တိတ်တဆိတ် သံတော်ဦးတင်သည်။

ကနောင်မင်းသားက မယုံကြည်ပေ။ သူ့ကို လုပ်ကြံဝံ့မည် မဟုတ်ဟု ထင်နေသည်။ တစ်ကြောင်းလည်း မင်္ဂလာနွားဖြူလေးများ သတ်စားသည့်ကိစ္စနှင့် ပတ်သက်၍ ချုပ်နှောင်ထားရာမှ မိမိကပင် လွှတ်ပေးခဲ့သည်။ သည်ကျေးဇူးကို ထောက်ထားပြီး မိမိအား လုပ်ကြံရက်မည် မဟုတ်ဟု ကနောင်မင်းသားက တွက်ဆသည်။ သို့ဖြစ်၍ သမီးတော်အား စိတ်အေးအေးထားရန် ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



သမီးတော်က သူ့မောင်တော် မြင်ကွန်းမင်းသားအကြောင်း ကောင်းကောင်းသိသည်။ အမှန်တကယ် လုပ်ကြံမည်ကို ယုံကြည်သည်။ ထို့ကြောင့် အတတ်သိချဲ့သော ယခုလို သံတော်ဦး တင်ပါသည်။ ခမည်းတော် မယုံမရှိပါနှင့်ဟု အတန်တန် တောင်းပန်လျှောက်ထားသည်။ သို့သော် ကနောင်မင်းသားသည် သမီးတော်၏ သတင်းပေးချက်ကို အလေးအနက် မထားပေ။ မြင်ကွန်းမင်းသားကို မမူလောက်ပြီဟုသာ မှတ်ယူခဲ့၏။ သည်လို လျှော့တွက်မိခြင်းသည် ကနောင်မင်းသား၏ မဟာအမှားတော်ကြီးပင် ဖြစ်တော့သည်။

မိမိ၏ လျှို့ဝှက်သတင်းကို ကနောင်မင်းသားအား တင်လျှောက်ရပါမည်လားဟု မြင်ကွန်းမင်းသားက အမျက်ထွက်ပြီး သူ့ကြင်ရာတော် တောင်ညိုမင်းသမီးကို ဆုံးမလိုက်သည်။ မင်းသမီးလေးခမျာ မင်းသား၏ ဆုံးမချက်ဖြင့် ကံတော်ကုန်ရရှာသည်။ သည်သတင်းကို ကြားရသည့်တိုင် ကနောင်မင်းသားသည် မြင်ကွန်းမင်းသားကို အပြစ်မပေး။ မိမိအတွက်လည်း ကြိုတင်ကာကွယ်မှု တစ်ခုမျှ မလုပ်။ သမီးတော်လေး ကံတော်ကုန်ရသည်ကိုပင် ဖြစ်သင့်ဖြစ်ရာအတိုင်း ဖြစ်ရသည်ပဲဟု သဘောပိုက်ခဲ့သည်။

မြင်ကွန်းနှင့် မြင်းခုံတိုင်မင်းသားတို့သည် ဆုံးဖြတ်ချက်ချထားသည့်အတိုင်း အကောင်အထည်ဖော်ရန် စတင် လှုပ်ရှားကြတော့သည်။ မင်းသားညီနောင်တို့သည် စလေဦးပုညကို တိတ်တဆိတ်ခေါ်ယူကာ ယခုလို မေးကြသည်။

“ဆရာကြီး...ကျွန်ုပ်တို့ ညီနောင်နှစ်ပါးကို မလွန်မြို့စားနောင်တော်က ခမည်းတော်ဘုရားနှင့် ဘထွေးတော်ဘုရားတို့အား ကုန်းချောစကားဆိုထားပါတယ်။ ကျွန်ုပ်တို့အတွက် ရာဇဝတ်အမျက်များ မြင်ပါသလား”

ဦးပုညသည် မင်းသားညီနောင်၏ ဇာတာတော်များကို စစ်ဆေးကာ ယခုလို အဖြေပေးလိုက်သည်။

“ဇေဒင်ကိန်းခန်းအလိုအရ ခုနစ်ရက်အတွင်းမှာပင် မင်းပြစ်မင်းဒဏ် ထောင်တန်းနောင်အိမ်မှာ ကျရောက်ဖို့မြင်ကြောင်းပါ မင်းသားများ”

“ဆရာကြီး...သည်လိုဖြင့် အကြောင်းမထူးပါဘူး။ ခမည်းတော်နှင့် ဘထွေးတော်တို့ကို လုပ်ကြံမယ်၊ အခါသာ ပေးပေတော့”

မင်းသားညီနောင်တို့သည် ဓားမိုးပြီး အခါတောင်းကြသည်။ စလေဦးပုည



မည်သို့ လုပ်ရမည်နည်း။ မင်းသားများကို တရားချ ဖျောင်းဖျရမည်လား။ မဖြစ်နိုင်ပါ။ လုံးဝ မဖြစ်နိုင်ပါ။ မြင်ကွန်းမင်းသားအကြောင်း ကောင်းကောင်းသိသည်ပဲ။ ယခု လက်ငင်း ဂုတ်ပေါ်မှာ ဝဲနေသည့်ဓားကို မြင်နေရသဖြင့် ဦးပုည တုန်လှုပ်နေပြီ။ အခါမပေးလျှင် ချက်ချင်းသေမည်။ သည်တော့ နောင်ခါလာနောင်ခါချေး၊ ယခုလို အခါပေးလိုက်ရတော့သည်။

“ယနေ့ နံနက် ၁ ချက်တီးကျော်၊ ၅ မောင်းအချိန်တိတိကစပြီး ၂ ချက်တီးအတွင်း အချိန်သည် အသင့်လျော်ဆုံးအချိန် ဖြစ်ပါတယ်။ သပြေပန်းများ ကိုင်ဆောင်ရပါမယ်”[၁]

ဦးပုည အခါပေးပြီးသည်နှင့် ချက်ချင်းပင် မင်းသားညီနောင်တို့သည် စတင် လှုပ်ရှားကြသည်။ ငဖြူသီး၊ ဖော်ဂျီဖိုလ် စသော နောက်လိုက်နောက်ပါများနှင့် စုဝေးကာ အသီးသီး တာဝန်ခွဲဝေယူလိုက်ကြသည်။

အချိန်မှာ နေ့ခင်း ၂ ချက်တီး (မွန်းလွဲချိန်)ခန့် ဖြစ်၏။

ကနောင်မင်းသားသည် လွှတ်တော်တက်ချိန်နီးပြီမို့ မြောက်အိမ်တော်မှ ဆင်တော်ပေါ်သို့ တက်သည်။ လှေကားရင်းအထိ လိုက်ပါ ပို့ဆောင်ကာ ရပ်ကြည့်နေသော အိမ်ရှေ့မိဖုရားသည် ကြည့်နေရင်း ထိတ်ခနဲ ရင်ခုန်သွားသည်။ သူ့ အမြင်အာရုံဝယ် ထိတ်လန့်ကြောက်ရွံ့ဖွယ် မြင်ကွင်းကို မြင်လိုက်ရသဖြင့် မောင်တော်အား လှမ်း၍ သတိပေးလျှောက်တင်လိုက်သည်။

“မောင်တော်ဘုရား...နှမတော်ရဲ့ အမြင်အာရုံထဲမှာ ဖောင်းတော်ကျွတ်၍ မြေဝယ်ခပါတယ်။ ဦးခေါင်းတော်ရိပ်ကိုလည်း မမြင်ပါ။ နှမတော်စိုးထိတ်လှပါတယ်။ သတိကြီးစွာ ထားတော်မူပါဘုရား”

“နှမတော်ရယ်...မောင်တော့်ကို ရန်ပြုနိုင်မယ့်သူ မမွေးသေးပါဘူး။ စိုးထိတ်တော် မမူပါနဲ့”

ကနောင်မင်းသားသည် ရယ်သွမ်းသွေးကာ ပြောပြီး ထွက်ကြွသွားသည်။ လွှတ်တော်သို့ရောက်လျှင် ကိုယ်ရံတော်တပ်သား တစ်ရာကို ဝင်းတော်အပြင်ဘက်တွင် ထားခဲ့သည်။ ကနောင်မင်းသားကမူ လွှတ်တော်အဆောင်ရှိ

---

၁။ အရှင်ကောလာသ(မြွာစရိယ ဂဏဝါစက)၊ မန္တလေးသာသနာ့ဝင်၊ ပဉ္စမတွဲ၊ စာ ၂၉၄–၂၉၅

www.burmeseclassic.com

www.burmeseclassic.com



ယာယီတဲကြီးဆီသို့ သွား၏။ ထိုတဲကြီးအတွင်း၀ယ် မြတောင်ဝန်ကြီး ဦးမှိုး၊ ပုခန်းဝန်ကြီး ဦးရန်ဝေး၊ သူရဲဝန်ကြီး ဦးရွှေလုံး စသူများနှင့် သဿမေခကိစ္စများကို ရှင်းလင်းစစ်ဆေးလျက် ရှိသည်။

မင်းတုန်းမင်းကြီးနှင့် မိဖုရားခေါင်ကြီးတို့ကလည်း လောကမာရဇိန် ဘုရားပုရပုဏ်အတွင်း၌ ပါဠိ ပိဋကတ်တော်ကို ကျောက်ထက်အက္ခရာတင်ရန် ကိစ္စကြောင့် နန်းမြေဘုံသာ စံနန်းတော်သို့ ထွက်စံတော်မူနေခိုက် ဖြစ်သည်။

မကြာခင်မှာပင် တောင်ပြင်ဟော်ကုန်းဘက်ဆီမှ မီးရှို့၍ အချက်ပေးလိုက်သည်နှင့် မြင်ကွန်းမင်းသားညီနောင်တို့သည် နောက်လိုက်နောက်ပါ ၅၀ ကျော်တို့နှင့်အတူ စံနန်းတော်ဝင်းထဲသို့ ပြေးဝင်လာကြသည်။ မြင်းခုံတိုင်မင်းသားလက်ထဲတွင် ဓားလွတ်ကိုင်ကာ ရှေ့မှ ပြေးလာသည်။

"ကယ်တော်မူပါဘုရား၊ ကယ်တော်မူပါဘုရား"ဟု မြင်းခုံတိုင်မင်းသားက ပြေးရင်း အော်သည်။ သူ့နောင်တော် မြင်ကွန်းမင်းသားနှင့် နောက်လိုက်များက ဓားတဖွေးဖွေးကိုင်ကာ နောက်မှလိုက်ကြသည်။ မင်းသားညီနောင်သည် ရန်ဖြစ်ကြသည့်ဟန် ပရိယာယ်ဆင်ကာ စံနန်းတော်ထဲသို့ ဝင်လာကြခြင်း ဖြစ်၏။ မြင်းခုံတိုင်မင်းသား၏ အော်သံကြားသဖြင့် ကနောင်မင်းသားနှင့် ဝန်ကြီးများသည် ယာယီတဲကြီးပြင်ဘက်သို့ ထွက်လာကြသည်။ မြင်ကွင်းကို ကြည့်ပြီး ကနောင်မင်းသားက တူတော်များ တကယ်ပင် ရန်ဖြစ်ကြသည်ဟု အောက်မေ့၍ လှမ်းတားသည်။

"ဟဲ့...ဟဲ့...သီလဝ၊ ဖိုးထင်ကို ချမ်းသာပေးပါ"

ဤတွင် မြတောင်မြို့စားက အခြေအနေမှမမှန်သည်ကို ချက်ချင်းရိပ်စားမိသည်။ 'ဘယ့်နှယ် စံနန်းတော်ထဲ ဓားလွတ်တွေ ကိုင်လို့ပါလား'၊ စံနန်းတော်အတွင်း ဘုရင့်လက်သုံးတော်များမှလွဲ၍ မည်သူမျှ ဓား စသည့် လက်နက်များကိုင်ဆောင်ခွင့်မရှိ မဟုတ်ပါလား။ ထို့ကြောင့် မြတောင်မြို့စားက သတိပေးလိုက်သည်။

"ရန်သူတော်ပါဘုရား...ရှောင်တော်မူပါ"

မြတောင်မြို့စားသည် ဤမျှသာ သတိပေးလိုက်နိုင်သည်။ ရှေ့မှ ပြေးဝင်လာသော မြင်ကွန်းအဖွဲ့သားများ၏ ဓားချက်ဖြင့် ထိုနေရာမှာပင် အနိစ္စရောက်ရှာလေသည်။ ဖိနပ်တော်သားဦးကရင်ကလည်း "ရန်သူတော်ပါ



ဘုရား"ဟု လှမ်း၍ သတိပေးသည်။ သို့ဖြင့် ကနောင်မင်းသားသည် လွှတ်တော်ပေါ်သို့ ပြေးတက်သည်။ သို့သော် နောက်ကျသွားချေပြီ။ မြင်ကွန်းဘက်တော်သား ငဖြူသိး မီလာသည်။ ကနောင်မင်းသားကို လှမ်းခုတ်လိုက်ရာ မင်းသား၏ ခြေသလုံးတွင် ငဖြူသိး၏ဓားချက် မိသွားသည်။ ဟန်ချက်ပျက်သွားသော အိမ်ရှေ့မင်းသားကို မြင်းခုံတိုင်မင်းသားက လုပ်ကြံလိုက်သဖြင့် လွှတ်တော်လှေကား အတက်တွင်ပင် ကံတော်ကုန်ရရှာလေသည်။[1]

မြင်းခုံတိုင်မင်းသားသည် "အောင်တော်မူပြီ"ဟု အော်ကာ သူ့နောင်တော် မြင်ကွန်းမင်းသားဆီသို့ ပြေးသွား၏။ ရန်သူများလက်ချက်ဖြင့် လောင်းရှည်ဝန်ကြီးဦးမောင်းကလေးနှင့် အခြားအရာရှိအချို့ ဒဏ်ရာရကြသည်။ ဝန်ကြီးဦးရန်ဝေး၊ ပုပ္ပားဝန်ထောက်ဦးမှုံ စသူတို့မှာ ရှောင်ရှားလွတ်မြောက်သွားကြသည်။ မလွန်မင်းသား၊ ပြင်စည်မင်းသားနှင့် စကုမင်းသားတို့ကိုလည်း အိမ်ရှေ့မင်း၏အမိန့်ဟု ဆိုကာ လှည့်ဖြားခေါ်ဆောင်လာပြီး စံနန်းတော်တောင်ဝင်းမှာပင် လုပ်ကြံလိုက်ကြသည်။

သူရဲဝန်ကြီးမှာ မြင်ကွန်းဘက်တော်သားများကို အတင်း ခုခံတိုက်ခိုက်သည်။ သို့သော် အင်အားချင်း မမျှသဖြင့် ဝန်ကြီးကို လက်ရဖမ်းမိသွားသည်။ မြင်ကွန်းညီနောင်တို့က "သူရဲဝန်ကြီး၊ ကိုယ်တော်တို့ကို သစ္စာခံပါ။ အသက်ချမ်းသာပေးမည်"ဟု ကတိသစ္စာပြုရန် ခိုင်း၏။ ရန်သူ့လက်တွင်းမှ သူရဲဝန်သည် မြင်ကွန်းမင်းသား၏ မျက်နှာကို စေ့စေ့ကြည့်လျက်...

"သင်တို့ ခမည်းတော်မှတစ်ပါး၊ မည်သူ့ကိုမျှ သစ္စာမခံနိုင်၊ သတ်လိုလျှင်သတ်"ဟု တစ်ခွန်းတည်းသောစကားကို ရဲရဲတောက် ဆိုလေသည်။ ထိုနေရာတွင် ခဏမဆိုင်း သူပုန်တို့သတ်သောကြောင့် သူရဲဝန်ကြီး ကျလေ၏။

---

၁။ ဝန်းသိုအောင်ခင်၏ **'အာယုကာရကဂြိုဟ်နှင့် ဥပစ္ဆေဒကံ'**ဆောင်းပါးတွင် ကနောင်မင်းသား၏ ဇာတာနှင့် ပတ်သက်၍ ဤသို့ ဖော်ပြထားသည်။

ကနောင်မင်းသား၏ ဇာတာတွင် (၈)တန့် အာယုဘာဝ၌ စနေဂြိုဟ်ရပ်တည်၍ ရာဟုမှ(၉)တန့်ဖြင့် မြင်သည်။ ရာဟုသည် 'တမ'ဂြိုဟ်၊ အမှောင်ဂြိုဟ်၊ 'အဆိပ်ရှက်'ဂြိုဟ်ဖြစ်၏။ မမျှော်လင့်ဘဲမကောင်းကျိုးများသည် အဆိပ်သင့်သလိုဖြစ်လာတတ်သည်ဟုဆိုသည်။ (၈)တန့်ကို သောမဂြိုဟ် အမြင်မရှိချေ။ ယင်းကြောင့် ကနောင်မင်းသား ဥပစ္ဆေဒကံဖြင့် သေဆုံးရသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်ကွန်းမင်းသားနှင့် ဘက်တော်သားများ ယာယီ စံနန်းတော်တွင် စီးနင်းတိုက်ခိုက်နေချိန်တွင် မင်းတုန်းမင်းကြီးမှာ ပွဲတော်ဆောင်တွင် စံနေခိုက်ဖြစ်၏။ အပြင်စံနန်းတော်တွင် ရုတ်ရုတ်သဲသဲ ဖြစ်နေချိန်တွင် ကင်းဝန်မဟာမင်းလှစေယသူက...

"ရန်သူတော်ပါဘုရား။ မြင်ကွန်း၊ မြင်းခုံတိုင်တို့ ရန်သူပါဘုရား"ဟု ရုတ်တရက် ဝင်၍ တင်လျှောက်ပြီးနောက် ရှောင်တခင်ပင် ပွဲတော်ဆောင်အပြင်သို့ ပြေးထွက်ကာ...

"ခမည်းတော်အရင်းပါ ဘုရား၊ မကြံစည်သင့်ပါ ဘုရား"ဟု အော်ဟစ်လျှောက်တင်ကာ မြင်းခုံတိုင်မင်းသားကို အတင်းဝင်၍ ဖက်ထားသည်။ ဘုရင့်အသက်အတွက် မိမိအသက်ကို ပေး၍ နှောင့်နှေးအောင်ပြုသူ ကင်းဝန်မဟာမင်းလှစေယသူမှာ ထိုနေရာတွင်ပင် သူပုန်တို့လက်ချက်ဖြင့် အသက်ထွက်ရှာသည်။[၁]

မင်းတုန်းမင်းလည်း ကင်းဝန်ထံမှ သတင်းရလျှင်ရချင်း သားတော်မက္ခရာ မင်းသားကို တွဲကာ မင်းမိဖုရား၊ သားတော်သမီးတော်၊ ကိုယ်ရံတော်စသည် လူ ၅၀ ခန့်မျှနှင့် ပွဲတော်ဆောင်မှ ထွက်တော်မူသည်။ အနောက်တံခါးသို့ရောက်လျှင် ငပိုက်ကြီးကို တွေ့သည်။ မင်းတုန်းမင်းအား လုပ်ကြံရန် မြင်ကွန်းမင်းသားက ငပိုက်ကြီးကို သည်နေရာမှာ တာဝန်ချထားသည်။ သို့သော် ဘုရင့်ဘုန်းတော်ကြောင့် ငပိုက်ကြီးသည် မလုပ်ကြံဝံ့ပေ။ ဘုရင်ကို တွေ့သည်နှင့် သူ့လက်နက်ကို ချထားကာ ပုဆစ်တုပ်ပြီး မင်းကြီးအား ရှိခိုးနေသဖြင့် မင်းကြီးက မေးတော်မူသည်။

"မောင်မင်း ဘယ်သူလဲ"

"ငပိုက်ကြီးပါ ဘုရား"

"ငါ့အမှုတော်ကို ထမ်းဆောင်စေ"

ဟု မိန့်တော်မူလိုက်သည်နှင့် မက္ခရာမင်းသားသည် ငပိုက်ကြီးထံမှ လက်နက်ကို သိမ်းယူလိုက်၏။ ငပိုက်ကြီးလည်း မင်းကြီးကို ကျောပိုးလိုက်သည်။ မိဖုရားခေါင်ကြီးကိုမူ သေနတ်စာရေး မောင်ခြိုက ချီပိုးသည်။

၁။ ရွှေဘိုမိမိကြီး။ လေ့သင်းအတွင်းဝန်မင်း ဦးရွှေမောင်၊ စာ ၄၁-၄၂



မင်းတုန်းမင်း၊ မိဖုရားခေါင်ကြီး၊ သားတော်မက္ခရာမင်းသားနှင့် နောက်ပါတို့လည်း ရွှေနန်းတော်ဘက်ဆီသို့ အသော့လှမ်းခဲ့ကြသည်။ လမ်းတွင် အနောက်ဝန် ဦးတက်တူ၏ မြင်းကို တွေ့သည်။ မင်းကြီးလည်း မြင်းပေါ်သို့ ပြောင်းစီးကာ ဆက်လက် သွားသည်။ နောက်တော်ပါအစုထဲတွင် ဝန်ကြီးဦးရန်ဝေး၊ ဖောင်ဝန်တို့လည်း ထက်ကြပ်မကွာ ပါလာကြသည်။ မင်းကြီးနှင့်အဖွဲ့သည် ရွှေနန်းတော်သို့ မြောက်မျက်နှာမန်းဦးတံခါးမှ ဝင်ရာ ဘေးမသီရန်မခဘဲ ဝင်နိုင်ခဲ့ကြသည်။

မင်းကြီးက ငပိုက်ကြီးအား သွားလိုက သွားနိုင်သည်။ နေလိုက နေနိုင်သည်ဟု မိန့်သည်။ ငပိုက်ကြီးက မနေ။ မင်းကြီးအား ဦးချကန်တော့ပြီး ထွက်သွားသည်။

မြင်ကွန်းညီနောင်တို့လည်း စံနန်းတော်တွင် ခမည်းတော်တို့ကို မတွေ့ရသဖြင့် လိုက်လံရှာဖွေရင်း ရွှေတော်ယူတံခါးကို ထိုးဖောက်နိုင်ရန် ကြိုးပမ်းသည်။ တံခါးရှိ နတ်ရှင့်ရွှေ သေနတ်ဗိုလ်က မခုခံနိုင်သဖြင့် ရွှေတော်ယူတံခါးပေါက်ပြီး နန်းမြို့တွင်းသို့ ဝင်ရောက်လာကြတော့သည်။ အုတ်မြို့ရိုးအတွင်းထိ ဝင်ရောက်လာနိုင်သော်လည်း သစ်တပ်အတွင်းသို့ကား မဝင်နိုင်ပေ။ မြင်ကွန်းမင်းသားတို့ဘက်မှ တံခါးနီကို ဖောက်ရန်ကြိုးစားသည်။ တံခါးနီသာပေါက်လျှင် နန်းတော်သို့တန်း၍ ရောက်မည်။ သို့သော် တံခါးနီအတွင်းမှ မက္ခရာမင်းသား၊ ဝန်ကြီးဦးရန်ဝေး၊ ဖောင်ဝန်တို့ စုစည်းမိသမျှ ဗိုလ်မှူးများက ပြန်လည် ခုခံကြသည်။ မင်းတုန်းမင်းကြီးကိုယ်တိုင် ကွပ်ကဲလျက်ရှိသည်။ မြင်ကွန်းမင်းသားဘက်မှ တံခါးနီကို မထိုးဖောက်နိုင်ကြပေ။ ဤတွင် မြင်ကွန်းမင်းသားက မက္ခရာမင်းသားထံ လှမ်း၍ အော်ပြောသည်။

"ဟေ့...မောင်မျိုးတူ၊ မင်းက သုံးစလောင်းကုန်တာတောင် ပြောင်းဆန်မှန်း မသိသေးဘူးလား"

မက္ခရာမင်းသားက သူ့ဗိုက်ကို ပုတ်ပြပြီး ယခုလို ပြန်ပြောသည်။

"ငါ့ဗိုက်ထဲမှာ ခမည်းတော်ရဲ့ထမင်း ရှိတယ်"[၁]

မက္ခရာမင်းသားက ခမည်းတော်၏ ကျေးဇူးကို ယခုလို ဖော်ထုတ်

၁။ ဦးညိုမြ၊ ကုန်းဘောင်ရှာပုံတော်၊ စာ ၄၁၅

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်သည့်အခါ မြင်ကွန်းမင်းသားသည် စကားမဆက်တော့ပေ။ ခေတ္တမျှ တိတ်ဆိတ်သွားပြီး ညီနောင်နှစ်ပါး တိုင်ပင်ကြသည်။

မြင်းခုံတိုင်မင်းသားက လွှတ်တော်ကို မီးရှို့ရန် သူ့နောင်တော်ကို အကြံညာဏ်ပေးသည်။ လွှတ်တော်မီးလောင်လျှင် နန်းတော်ဘက်သို့ ကူးမည်။ မင်းတုန်းမင်းနှင့် ဘက်တော်သားများ ဘယ်ကို ပြေးမည်နည်း။ ထွက်ပေါက်မရှိတော့ပြီ။ သည်အကြံကို မြင်ကွန်းမင်းသားက လက်မခံပေ။ နန်းတော်ထဲတွင် သူတို့မယ်တော် တောင်ရွှေရေးမိဖုရား ရှိနေသည်မဟုတ်ပါလား။ ခမည်းတော် ထွက်ပေါက်မရှိဖြစ်သည်ထက် မယ်တော့်ကို မီးလောင်တိုက်သွင်းသလို ဖြစ်နေပေတော့မည်။ ထို့ကြောင့် မီးရှို့မည့်အကြံအစည်ကို ပယ်လိုက်သည်။

မင်းသားညီနောင်သည် ပုရပိုက်တွင် အရေးတောင်းသော စာရေးပြီး ပိုးပဝါပတ်လျက် တံခါးနီတော်အတွင်းသို့ လှမ်း၍ ပစ်သွင်းလိုက်သည်။ တံခါးနီတော်အဝှန်း ငရေချမ်းက ပုရပိုက်ကိုယူဆောင်၍ ဖောင်ဝန်မင်းကြီး မဟာမင်းထင်ထံ ပေးအပ်လိုက်၏။ ဖောင်ဝန်မင်းကြီး မဟာမင်းထင်က ရွှေလက်တော်အရောက် ဆက်ရာ ကိုယ်တော်တိုင် ဖတ်ရှုတော်မူသည်။

"ခမည်းတော်ဘုရား၊ သားတော်များ ဘုန်းလက်ရုံး အစွမ်းသတ္တိ ပြည့်စုံသည့်အတွက် ဘထွေးတော်နှင့်တကွ ဗိုလ်မှူးစသည့် အမှုထမ်းများကို သုတ်သင်ကြအောင်မြင်ပြီးပြီ။ ခမည်းတော်က လက်နက်ချပါမည်လား၊ ခမည်းတော်၏ သဘောထားကို သိလိုပါ၍ အမိန့်ရှိတော်မူပါ ဘုရား"

မင်းတုန်းမင်းသည် အရေးတောင်းသောစာကို ဖတ်ပြီးနောက် "ငါ့ကို ဒုန်မပြုနှင့်"ဟူသော အမိန့်တော်ကို ပုရပိုက်တွင် ရေးပြီး ပဝါနီရစ်ပတ်လိုက်သည်။ ပြီးလျှင် မြင်ကွန်းညီနောင်တို့၏ မယ်တော် တောင်ရွှေရေးမိဖုရားကိုယ်တိုင် သားတော်များထံ သွားရောက် ပို့စေသည်။

မိဖုရားလည်း မင်းကြီးစေခိုင်းသည့်အတိုင်း နှာခံဆောင်ရွက်သည်။ မြောက်မြို့ရိုးပေါ်သို့ မယ်တော်ရောက်လျှင်ပင် မင်းသားညီနောင်က မားပြပြီး "မယ်တော်မလာခဲ့နှင့်"ဟု အော်ပြောသည်။ မယ်တော်လည်း သားတော်များ၏ မားကို ကြောက်သဖြင့် ပြန်လှည့်ခဲ့တော့သည်။

မြင်ကွန်းညီနောင်ဘက်မှ ယခုကဲ့သို့ တင်းမာနေချိန်တွင် မင်းတုန်းမင်းဘက်၌ လူအင်အား ၇၀ ကျော်မျှဖြင့် အတွင်းတော်မှ ခုခံနေရသည်။



နန်းမြို့တော်အတွင်းအပြင် မင်းသား၏လူချည်း ဖြစ်ကုန်ပြီဟု မင်းကြီးစိတ်မှာ ထင်မှတ်တော်မူသည်။ ထို့ကြောင့် သားတော်မက္ခရာမင်းသားက ခမည်းတော်ကို အားပေး တင်လျှောက်သည်။

"ခမည်းတော်ဘုရား၊ သူတို့လည်း ခမည်းတော်ရဲ့ သားတော်များ ဖြစ်ကြတယ်။ ကျွန်တော်လည်း ခမည်းတော်ဘုရားရဲ့ သားပဲ။ ခမည်းတော်ရဲ့ ထမင်းကို အတူတူစားပြီး ကြီးပြင်းလာကြတဲ့သူချည်းပါ ဘုရား။ သူတို့က နတ်တွေမို့ နတ်သြဇာစားနေကြသူများ မဟုတ်ပါ။ ယခု အရေးမှာ ကျွန်တော် တာဝန်ယူလျက် ရှိနေပါပြီ။ စိုးရိမ်ကြောင့်ကြတော်မမူပါနှင့်။ စိတ်ချမ်းသာစွာ စံနေတော်မူပါ ဘုရား"

မက္ခရာမင်းသားသည် ခမည်းတော်ကို အားပေးတင်လျှောက်ပြီးနောက် ပြင်းပြင်းထန်ထန် ခုခံလျက် ရှိသည်။ သားတော်တူတော်များ၊ ဝန်ကြီးများ၊ အတွင်းဝန်များလည်း ရှိသမျှအင်အားနှင့် အသက်ကို ပဓာနမထားဘဲ ရွှေနန်းတော်အတွင်းမှ စွန့်စွန့်စားစား ခုခံတိုက်ခိုက်ကြသည်။ ထို့ကြောင့်လည်း မြင်ကွန်းညီနောင်တို့ဘက်မှ တံခါးနီကို မကျော်ဖြတ်နိုင်ကြသေးချေ။

ဤတွင် ဖောင်ဝန်မင်းသည် မင်းတရားကြီး၏ ကျေးဇူးတော်ကို အသက်ပေး၍ဆပ်ရန် ဆုံးဖြတ်လိုက်သည်။ ယခုအချိန်တွင် စစ်ကူလိုနေပြီ မဟုတ်ပါလား။ အိမ်ရှေ့မင်းသား၏ ကိုယ်ရံတော်တပ်အင်အားကို အရယူရန် ဆုံးဖြတ်လိုက်သည်။ ဖောင်ဝန်မင်းသည် သစ်တပ်မှ မြောက်ဘက်သို့ တစ်ယောက်တည်းကျော်ထွက်ကာ အိမ်ရှေ့မင်း၏ ကိုယ်ရံတော်တပ်ရှိရာသို့ သွားသည်။

ကနောင်မင်းသား၏ ကိုယ်ရံတော်တပ်သည် မင်းသား၏ သတင်း အမှန်အကန်ကို မသိကြသေးပေ။ ဒဏ်ရာပြင်းထန်စွာရသည်ဟုသာ မရေမရာ သိထားကြသည်။ ထို့ကြောင့် ကနောင်မင်းသားကို ရှာရန် နန်းမြေဘုံသာ စံနန်းတော်သို့ ချီတက်လာကြသည်။ မြင်ကွန်းမင်းသား ထားရစ်သော အစောင့်များသည် ကိုယ်ရံတော် တပ်သားများကို မြင်သည်နှင့် ထွက်ပြေး ကြတော့သည်။ ကိုယ်ရံတော်တပ်လည်း ကနောင်မင်းသားကို မတွေ့သဖြင့် နန်းမြို့တွင်းသို့ လိုက်သွားကြပြန်သည်။ မြင်ကွန်းမင်းသား အစောင့်ချထားသော ဇော်ဂျီဗိုလ်နှင့် နောက်လိုက်သုံးဆယ်ခန့်ကို နှိမ်နင်းရာ အောင်မြင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ကိုယ်ရံတော်တပ်ရှိရာသို့ ထွက်လာသော ဖောင်ဝန်မင်းနှင့် တွေ့သည်။ ဖောင်ဝန်မင်းက မင်းတုန်းမင်းကြီးနှင့် အိမ်ရှေ့ကိုယ်တော်တို့၏ အမိန့်နှင့် လာရကြောင်း၊ မြင်ကွန်းညီနောင်တို့ လွှတ်တော်အနီးတွင်ရှိရာ သွားရောက်နှိမ်နင်းရန် အမိန့်တော်ချမှတ်ကြောင်း ပြန်ကြားသည်။

သည်အခါ ကိုယ်ရံတော်တပ်မှူးများက သူတို့၏အိမ်ရှေ့ ကိုယ်တော်ကြီး ရှိမရှိ မေးမြန်းသည်။ ဖောင်ဝန်မင်းက အိမ်ရှေ့ကိုယ်တော်သည် နောင်တော် မင်းတုန်းမင်းနှင့် အတူရှိနေကြောင်း ဥပါယ်တံမျဉ်ဖြင့် ဖြေကြားသည်။ ကိုယ်ရံတော်တပ်မှ ခေါင်းဆောင်နှစ်ယောက်ကို ဖောင်ဝန်မင်းက ခေါ်ဆောင်ပြီး သစ်တပ်ကို ကျော်တက် ဝင်ရောက်ခဲ့ကြသည်။ ခေါင်းဆောင်နှစ်ယောက်ကို အပြင်ဆောင်တွင် ခေတ္တထားခဲ့သည်။ ဝင်ခွင့်မိန့်ခံယူရန်ဆိုကာ ဖောင်ဝန်မင်း တစ်ယောက်တည်း မင်းကြီးထံ ဝင်သည်။ မင်းကြီးအား တီးတိုးမာကြားပြီး နောက် ကိုယ်ရံတော်တပ်မှူးနှစ်ယောက်အား လာရောက်ခေါ်ယူသည်။ သူတို့ လက်နက်များကို ခေတ္တသိမ်းဆည်းထားပြီးမှ မင်းကြီးထံ ဝင်ရောက်ခစား ရသည်။

မင်းကြီးက "မောင်မင်းများ ငါ့အမှုတော်ကို ကြိုးစားထမ်းရွက်ကြ ရမည်။ မြင်ကွန်းညီနောင်တို့ ရန်ကို ယခုပင် သွားရောက်နှိမ်နင်းရမည်။ ငါ သူကောင်းပြုတော်မူမည်"ဟု မိန့်တော်မူသည်။ ခေါင်းဆောင်နှစ်ဦးလည်း မင်းတုန်းမင်းကြီး၏ အမှုတော်ကို သက်စွန့်ကြိုးပမ်း ထမ်းရွက်ပါမည်ဟု သစ္စာတော်ခံပြီးနောက် သူတို့တပ်သားများရှိရာသို့ အမြန်ပြန်လာကြသည်။ မင်းကြီး မိန့်တော်မူသည်ကို တပ်သားအားလုံးသို့ ပြန်ကြားပြီး မြင်ကွန်း တပ်သားများရှိရာသို့ ချက်ချင်း ချီတက်ကြသည်။

အိမ်ရှေ့မင်းသား၏ ကိုယ်ရံတော်တပ်မှ မြင်ကွန်းတပ်များဘက်သို့ အမြောက်ဖြင့် တရစပ်ပစ်ခတ်သည်။ မြင်ကွန်းညီနောင်တို့ဘက်မှ မင်းတုန်းမင်း ရှိရာ ရွှေနန်းတော်ဘက်ဆီသို့ သေနတ်ဖြင့် မပြတ် ပစ်ခတ်သည်။ နန်းမြို့တွင်း တစ်ရပ်လုံး အမြောက်သံ၊ သေနတ်သံတို့ဖြင့် တိုင်းပြည်ပျက်သည့်ပမာ ကျွက်ကျွက်ညံသွားတော့သည်။ ဝန်းကျင်တစ်ခုလုံးလည်း ယမ်းခိုးယမ်းငွေ့ များဖြင့် ဖုံးလွှမ်းသွားတော့သည်။

မြင်ကွန်းအုပ်စုလည်း ကိုယ်ရံတော်တပ်၏ တိုက်ခိုက်မှုကို မခံနိုင်သဖြင့်



သစ်တပ်မှ ဆုတ်ခွာလာပြီး အနောက်ရုံးဘက်တွင် နေရာယူကြသည်။ သည် နေရာတွင် ငပိုက်ကြီးကို တွေ့သည်။ ပေးအပ်ထားသည့်တာဝန် မကျေပွန် သဖြင့် ငပိုက်ကြီးကို ထိုနေရာမှာပင် သုတ်သင်လိုက်သည်။

ဖောင်ဝန်မင်းနှင့်တကွ မက္ခရာမင်းသား၊ ကိုယ်ရံတော်တပ်သားများ အားလုံး သစ်တပ်အပြင်သို့ ထွက်လာကာ ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်ကြသည်။ မြင်ကွန်းမင်းသားဘက်မှ အကျအဆုံး များသည်။ မိမိတို့အခြေအနေကို ရိပ်စားမိသော မြင်ကွန်းမင်းသားသည် ထိုနေ့ညနေပိုင်းတွင် ရတတ်သမျှသော နောက်လိုက်များနှင့်အတူ မြို့တော်တောင်မျက်နှာမှ ထွက်၍ မြစ်ဆိပ်အထိ တိမ်းရှောင်သွားသည်။ ဆိပ်ကမ်းရှိ မင်းတုန်းမင်းပိုင် 'ရေနန်းစကြာသဘော်'ကို အနိုင်အထက် သိမ်းကာ မလွန့်အထိ စုန်ပြေးကြသည်။ ထိုမှတစ်ဖန် မြင်းခြံ သို့ ဆန်တက်ကြပြန်သည်။ မြင်းခြံဆိပ်ကမ်းတွင် ခြေကုပ်ယူကာ နေပြည်တော် ကို ပြန်တိုက်ယူရန် ကြိုးပမ်းကြသေးသည်။

မင်းတုန်းမင်း၏ အမိန့်တော်အရ ရေနံချောင်းအတွင်းဝန် ဦးရွှေစိုးသည် လူအင်အား လက်နက်အင်အား အပြည့်အစုံနှင့် မြင်ကွန်းညီနောင်တို့ကို မြစ်ကြောတစ်လျှောက် လိုက်တိုက်သည်။ မင်းသားညီနောင်တို့လည်း မြန်မာ ပိုင်နက်ကို ကျော်လွန်ပြီး အင်္ဂလိပ်ပိုင်နက်အရောက် ထွက်ပြေးကာ ခိုလှုံ လိုက်ကြသည်။

မြင်ကွန်းညီနောင်တို့ ပုန်ကန်ကြသည်မှာ နာရီပိုင်းမျှသာ အချိန်ကြာမြင့် သည်။ အမြောက်သံများ၊ သေနတ်သံများ၊ ယမ်းခိုးယမ်းငွေ့များဖြင့် ထိတ်လန့် ဖွယ် ဖြစ်နေချိန်တွင် အိမ်ရှေ့စံ ကနောင်မင်းသား၏ သားတော်များသည် သူတို့ခမည်းတော်နှင့် ပတ်သက်၍ သတင်းအမှန်ကို မသိကြသေးပေ။ သူတို့ရသည့် သတင်းမှာ ခမည်းတော် ကနောင်မင်းသား ဒဏ်ရာအပြင်းအထန် ရသလိုလို၊ မင်းတုန်းမင်းကပင် ဖမ်းဆီးထားသလိုလို မရေမရာ ဖြစ်နေသည်။ မည်သို့ဆိုစေ ရတနာပုံနေပြည်တော်ကို တိုက်ခိုက်မည်ဟု ဆုံးဖြတ်ကြသည်။ သို့သော် ဘကြီးတော်မင်းတုန်းမင်းတွင် လူသူအင်အား၊ လက်နက်အင်အား များပြားလှသဖြင့် မန္တလေးတွင် တိုက်ခိုက်ခြင်းမပြုဘဲ ရွှေဘိုသို့ ချီတက်ရန် ဆုံးဖြတ်ကြသည်။ ဆုံးဖြတ်ပြီးသည်နှင့် ကြေးမြင့်မင်းသား၊ တိုင်တားမင်းသား၊ တောင်ပုံမင်းသား၊ ရွှာသာမင်းသားတို့သည် ရုပ်ဖျက်ကာ စံနန်းတော်

www.burmeseclassic.com

www.burmeseclassic.com



ထွက်ကြသည်။ ပြီး အနောက်ပြင်ရှိ အမြောက်လက်နက် စက်ရုံမှ စက်ရုံလုပ်သားများကို ရတတ်သမျှ စည်းရုံးကာ ရွှေဘိုသို့ ချီတက်သွားကြသည်။

ထိုအချိန်တွင် ကနောင်မင်းသား၏ သားတော်ကြီး ပတိမ်းမင်းသားသည် ညီတော်များနှင့်အတူ ရှိမနေခဲ့ပေ။ ပတိမ်းမင်းသားကား အိမ်ရှေ့စံ ကနောင်မင်းသား၏ မြောက်ဆောင်မိဖုရား ရှင်ကျေးမှ မြင်သော သားတော် သမီးတော် ငါးပါးအနက် ပထမသားတော် ဖြစ်သည်။ မဟာသီရိသုဓမ္မရာဇာ ဘွဲ့ခံ ပတိမ်းမြို့စား ဖြစ်၏။ ငယ်မည် မောင်ဆွေဆက် ဖြစ်သည်။ ဒုတိယ သမီးတော်မှာ 'သီရိဘဒ္ဒဝတီ'တောင်ညိုမင်းသမီး ဖြစ်သည်။ မြင်ကန်းမင်းသားနှင့် လက်ထပ်ထားသူ ဖြစ်၏။ ထို့ကြောင့် ပတိမ်းမင်းသားနှင့် မြင်ကွန်းမင်းသားတို့မှာ သမီးယောက်ဖ တော်ကြသည်။ ပတိမ်းမင်းသားသည် မကြာခင်မှာပင် ညီတော်များ၏ သတင်းကို ကြားသည်နှင့် ရွှေဘိုသို့ လိုက်သွားသည်။ ရွှေဘိုတွင် ညီငယ်များနှင့် ပေါင်းစည်းမိပြီး မြောက်ဘက်တစ်လွှားတွင် လှုသူအင်အား ဖြည့်တင်းနေတော့သည်။

၁၁။ မကြေတတ်လေဘု စရုပ်မှာညှေ့်သည်ဆုံးသည်သို့

ရွှေနန်းတော်ဘက်ဆီမှ သေနတ်သံများ ထွက်ပေါ်လာသဖြင့် လှိုင်သည် နားစွင့် လိုက်၏။ သေနတ်သံများ စဲမသွားဘဲ ဆက်တိုက်ကြားလာရသည်။ တစ်စုံတစ်ရာတော့ ဖြစ်ပြီ။ မောင်တော်ဘုရား...ဘယ်ဆီမှာလဲ။ လှိုင့် ရင်ထဲတွင် ထိတ်ခနဲ ခုန်သွားသည်။ ဘုရား...ဘုရား မောင်တော် ဘေးမသီရန်မခပါစေနှင့်။ လှိုင့်ရင်ထဲမှ ဆုတောင်းလိုက်သည်။

အပျိုတော်ကလေးများသည် သေနတ်သံကြားစမှာပင် အဆောင်တော် တံခါးများကို ပိတ်လိုက်ကြသည်။ ပြီးတော့ အိမ်ရှေ့သခင်မ လှိုင့် အပါးမှာ အားလုံး စုရုံး ခစားနေကြသည်။

မကြာခင်မှာပင် အမြောက်သံများကိုပါ ဆက်တိုက် ကြားလာရသည်။ လေထဲမှာပင် ယမ်းညှော်နံ့များ ပါလာသည်။ အော်ဟစ်သံ၊ ပြေးလွှားသံများကို စိတ်နှလုံး တုန်လှုပ်ချောက်ချားဖွယ် တစ်ချက်တစ်ချက် ကြားနေရသည်။ တဖြည်းဖြည်း နေညိုလာပြီ။ ပစ်ခတ်သံများ စဲသွားသည်။ တစ်ချက်တစ်ချက်သာ ကြားရသည်။ ပစ်ခတ်သံများ စဲသွားသော်လည်း မောင်တော်ကား ဆခုထိပင် ရောက်မလာသေးပေ။

အလင်းရောင်အား ဖျော့ကာ အဆောင်တော်ထဲတွင် မှောင်လာသဖြင့် အလင်းတိုင်များကို ထွန်းညှိလိုက်ကြသည်။ အပြင်တွင် တိတ်ဆိတ်လွန်းမက ဆိတ်ဆိတ်နေသည်။ အဝေးတစ်နေရာဆီမှ ဆွဲဆွဲငင်ငင် အူလိုက်သည်

www.burmeseclassic.com

www.burmeseclassic.com



ချေးအူသံမှာ ကြက်သီးထဖွယ် ကောင်းလှ၏။ အဆောင်တော်ထဲတွင် အပ်ကျလျှင်ပင် ကြားရမလောက် တိတ်ဆိတ်နေသည်။ ထို တိတ်ဆိတ်မှုကို ညင်သာသော တံခါးခေါက်သံက ချိုးဖောက်လိုက်သည်။ ငြိမ်ငြိမ်ကလေး ထိုင်နေကြသဖြင့် တံခါးခေါက်သံကြားလျှင် ဆတ်ခနဲ တုန်သွားကြသည်။ လှိုင်သည် အပျိုတော်ခင်ဆိုင်ကြီးကို လှမ်းကြည့်လိုက်၏။ ခင်ဆိုင်ကြီးက ရှိုရှိုသေသေ ခေါင်းညိတ်လိုက်၏။ လှိုင့်အပါးမှ သိမ်မွေ့စွာ နောက်ဆုတ်ထွက်သွားပြီး အဆောင်တော် တံခါးမကြီးကို ဖွင့်လိုက်သည်။ တံခါးအပြင်ဘက်တွင် ရပ်နေသူက စကားတစ်ခွန်း တိုးတိုးပြောသည်။ ခင်ဆိုင်ကြီးက ခေါင်းညိတ်ကာ ညွှန်သည်ကို လှိုင်ထိပ်ထားရှေ့တော်သို့ ခေါ်ဆောင်လာပြီး လျှောက်တင်လိုက်သည်။

"ထိပ်ထားဘုရား၊ အိမ်ရှေ့ကိုယ်တော်ကြီးရဲ့ ကိုယ်ရံတော်တပ်မှူးလေး ရှေ့တော်မှောက် အခစားရောက်နေကြောင်းပါ ဘုရား"

"အလို...ဘာများ အကြောင်းထူးလို့လဲ၊ မောင်တော်ဘုရားက ဘာများ အမှာတော်ပါးလိုက်သလဲ"

"မှန်လှပါ။ စိတ်ခိုင်ခိုင်ထား၍ နားဆင်တော်မူပါ။ မြင်ကွန်း မြင်းခုံတိုင် အရေးတွင် အိမ်ရှေ့ကိုယ်တော်ကြီး ကျဆုံးသွားပါကြောင်း လျှောက်တင်ပါတယ် ဘုရား"

"အို..."

လှိုင်၏ မျက်ဝန်းအစုံ ပြာဝေသွားသည်။ အသည်းနှလုံးတွေ တစ်စစီတစ်စစီ ပဲ့၍ ကြွေကျသွားသည်သို့ လှိုင် ခံစားလိုက်ရသည်။ တပ်မှူးလေးသည် အိမ်ရှေ့မင်းသား ကျဆုံးခဲ့ရပုံကို ဆက်လက် တင်လျှောက်နေသည်။ လှိုင့် နားထဲတွင် တပ်မှူးလေး၏ အသံသည် ဝေးသွားလိုက် နီးလာလိုက်၊ မကြားတစ်ချက်၊ ကြားတစ်ချက်။

အချိန်ကာလ ဘယ်လောက်များ ကြာသေးလို့လဲ။ နေ့ခင်း ၂ ချက် တီးခန့်က ရုပ်ပုံလွှာများသည် လှိုင့်အာရုံရိပ်ဝယ် တစ်ခုပြီးတစ်ခု အစီအရီ ပေါ်လာကြသည်။

ဆင်တော်ပေါ်သို့ တက်နေသည့် မောင်တော် ကနောင်မင်းသား ဖောင်းတော်ကျွတ်ပြီး မြေခသွားဟန်ပုံရိပ်၊ ဦးခေါင်းတော်ရိပ်ကို မမြင်ရသည့်



မောင်တော့်အသွင်သဏ္ဌာန် စသည့် ထိတ်လန့်ဖွယ် မြင်ကွင်းများ။ သည် နိမိတ်ပုံ မြင်ကွင်းတွေကြောင့် ထိတ်လန့် တုန်လှုပ်ပြီး မောင်တော်အား သတိပေးလျှောက်တင်လိုက်သည့် စကား။ မောင်တော် ပြန်ပြောလိုက်သည့် ရယ်သွမ်းသွေးစကား..စသည်တို့သည် လှိုင့်နားဝယ် ပဲ့တင်ထပ်လာသည်။ ပြက်ရယ်စကားပြောပြီး လွှတ်တော်တက်ရန် ထွက်သွားသည့် မောင်တော်က ရယ်လို့ပြုံးလို့၊ မောင်တော့်မျက်နှာကို နောက်ဆုံးမြင်လိုက်ရခြင်းပါပဲ။ ခုတော့ဖြင့် မောင်တော်ကျဆုံးသွားပြီတဲ့။ ကွေးသောလက် မဆန့်မီပါလား။

လှိုင်သည် အတိတ်ကလေးတစ်ခုဆီသို့ ရောက်သွားသည်။ မျက်တောင်လည်း မခတ်။ အသက်မှရှူမိရဲ့လား မသိ။ ကျောက်ရုပ်ပမာ မလှုပ်မရှားဘဲ တောင့်တောင့်ကြီး ဖြစ်နေသည်။ မျက်လုံးအကြောင်သားဖြင့် တစ်နေရာတည်း စိုက်ကြည့်နေသည်။ အနီးကပ် ခစားနေသော ခင်ဆိုင်ကြီးသည် လှိုင့်အနား တိုးကပ်သွား၏။ လှိုင့် လက်ချောင်း သွယ်သွယ်ကလေးများကို ခပ်တင်းတင်း ဆုပ်ကိုင်ပြီး...

"ထိပ်ထား...ထိပ်ထား...သတိထားတော်မူပါ။ ရင်ထဲ ကြိတ်မထားပါနဲ့၊ ငိုလိုက်ပါ။ အားရအောင် ငိုလိုက်ပါဘုရား"ဟု သတိပေးလိုက်သည်။

သည်တော့မှ လှိုင်သည် 'အင့်'ခနဲ အသံထွက်ကာ မျက်ရည်များ စီးကျလာသည်။ ရှိုက်ငိုနေသဖြင့် လှိုင့် ကျောပြင်မှာ တဆတ်ဆတ်တုန်နေသည်။ အတန်ငယ်ကြာလျှင် တဖြည်းဖြည်း ငြိမ်သက်သွား၏။ လှိုင်သည် တပ်မှူးလေးအား တိုးလျှစွာ မေးလိုက်၏။

"အခု မောင်တော့်ကို ဘယ်မှာထားသလဲ"

"လွှတ်တော်မှာပဲ ယာယီ ပြင်ဆင်ထားကြောင်းပါ"

"မောင်တော့်ကို ယခုပင် ဖူးမြင်ချင်လှပါတယ်"

"သည်းခံတော်မူပါ။ ရွှေနန်းရှင်ရဲ့အမိန့်တော်မြတ်ကို စောင့်ဆိုင်းသင့်ကြောင်းပါ ဘုရား"

"အေးလေ...မှန်ပါတယ်။ ရွှေနန်းရှင်ဆီက အမိန့်တော်ကို စောင့်ရမှာပေါ့"

တပ်မှူးလေးလည်း အိမ်ရှေ့မိဖုရား လှိုင့်အား နှုတ်ဆက်ကာ ထွက်ခွာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



လှိုင်၏ ပြင်ပသွင်ပြင်မှာ တည်ငြိမ်နေသည်။ သို့သော် သည်သွင်ပြင်နှင့် ခြားနားလှစွာ သူ့ရင်ထဲမှာ သောကမုန်တိုင်း ထန်နေ၏။ ထိုညက တစ်ညလုံး လှိုင် အိပ်စက်၍မရ။ သလွန်ထက်တွင် ပူဆွေးသောက၏ အနှိပ်အစက်ကို ခံနေရသည်။ မကြာခဏ သလွန်ထက်မှ ထသည်။ လေးတွဲ့သော ခြေလှမ်းများ လှမ်းကာ လေသာပြတင်းမှာ ရပ်သည်။ သည်ပြတင်းတွင် ရပ်ကာ မောင်တော် ပြန်လာလိမ့်နိုးနိုး မျှော်ကိုးပြီး ဟိုဟိုသည်သည် လှမ်းကြည့်နေမိသည်။ သူ့စိတ်ထဲက မောင်တော် ကျဆုံးသွားပြီ ဆိုသည်ကို မယုံချင်၊ လက်မခံချင်ပါ။ သို့သော် အမှန်တကယ် ကျဆုံးသွားခဲ့ပြီ။ ချစ်ရလွန်းသူ မောင်တော်နှင့် မခွဲခွာလိုပါဘဲလျက် ကွဲကွာကြရပြီ။ သည်အသိသည် လှိုင့်ရင်ကို ပြင်းစွာ တုန်လှုပ်စေခဲ့သည်။ ကြမ်းတမ်းသောခရီးရှည်ကြီးကို မရပ်မနား သွားခဲ့ရ ပမာ လှိုင် မောပန်းနွမ်းနယ်လှ၏။

ယခုဆိုလျှင် မောင်တော်ကျဆုံးသွားသည်မှာ နှစ်ရက်ပင် ကြာခဲ့ပြီ။ နှစ်ရက်လုံးလုံး စားတော်လည်း မခေါ်နိုင်။ စက်လို့လည်း မပျော်ခဲ့ပေ။

မြန်မာသက္ကရာဇ် ၁၂၂၈ ခု ဒုတိယဝါဆိုလပြည့်ကျော် ၉ ရက်။

အညစ်အကြေးတို့ဖြင့် စွန်းထင်းသွားသော နန်းမြေဘုံသာယာထံ စံနန်းတော်ကို ရှင်းလင်း သန့်စင်လိုက်ကြသည်။ ပြီးတော့ အိမ်ရှေ့ ကနောင်မင်းသား၏ အလောင်းတော်ကို ယာယီထားရှိရာ လွှတ်တော် နန်းမြေဘုံသာသို့ ပြောင်းရွှေ့လိုက်သည်။ ထီးဖြူတော် ဝဲယာလေးစင်းစိမ့် အစောင့်အကြပ်များထားကာ ပြင်ဆင်သည်။

သည်နေ့တွင် လှိုင်သည် သားတော်လေး ထန်းတစ်ပင်မင်းသားနှင့် အတူ မောင်တော်ကနောင်မင်းသားအား လာရောက်ကြည့်ရှု ဂါရဝပြုသည်။ မောင်တော်၏ ခေါင်းရင်းဘက်တွင် အလင်းတိုင်များ ထွန်းညှိထား၏။ ငွေဖလားထဲတွင်မူ ပုန်းညက်ညိုနှင့် သရဖီပန်းများ ထိုးစိုက်ထားသည်။

လှိုင်သည် မောင်တော်၏ မျက်နှာတော်ကို စူးစူးစိုက်စိုက်ကြည့်နေသည်။

'မောင်တော့်ကို ရန်ပြုမယ့်သူ မမွေးသေးပါဘူးဆို၊ ခုတော့ဖြင့် တူတော်မောင်ရဲ့ လက်ချက်နဲ့ အသက်ဓိဝိန်ချုပ်ခဲ့ရပါပကော၊ လုပ်ရက်ပါ ပါပေ့ တူမောင်တို့ရယ်'

ယူကြုံးမရဖြစ်လွန်းလှ၍ လှိုင့်ရင်ထဲမှ အထပ်ထပ် ပြောနေမိသည်။



လှိုင်သည် မျက်ရည်မကျဘဲ ငိုနေသည်။ အသံမထွက်ဘဲ ရှိုက်နေသည်။ မောင်တော်ကို ကြည့်နေရင်း 'သည်ရုပ်၊ သည်ခန္ဓာ၊ သည်မျက်နှာတော်ကို သည်တစ်ခါ နောက်ဆုံးတွေ့ရခြင်းပါလား...'ဟု ဝမ်းနည်းစွာ တွေးမိ မိသည်။ စိတ်ထိခိုက်လွန်းသဖြင့် လဲကျမသွားစေရန် ဒူးတုပ်လျက် ထိုင်လိုက်ရသည်။ မောင်တော်ကို ချစ်လွန်း၍ မောင်တော်မရှိသည့်နောက် မိမိလည်း အသက်ရှင်လျက် မနေချင်ပါ။ မောင်တော်နှင့် အတူလိုက်၍ နှစ်လောင်းပြိုင် သေချင်လှသည်။ ထို့ကြောင့် အပါးမှာရှိသည့် အပျိုတော် ခင်ဆိုင်ကြီးကို ပုရပိုက်ယူစေသည်။

လှိုင်သည် ထက်မြက်သည့် စာဆိုဖြစ်သည်။ စာဆိုတို့မည်သည် စိတ်ကြည်လင် ရွှင်ပျနေချိန်မှာလည်း ရင်ထဲမှ အပျော်ကို စာစပ်တတ်သည်။ သောကပရိဒေဝ တောက်လောင်နေချိန်မှာလည်း ရင်တွင်း ဝေဒနာကို စာဖွဲ့ တတ်သည်။ လှိုင်သည် ယခုလို သောကတောင်ထုပွေ့မှ ဆင်နေရသည်ကို လှစ်ဟလိုက်ချင်သည်။ သို့ဖြင့် လှိုင်သည် နှုတ်မှ ခပ်ဖြည်းဖြည်းရွတ်ဆိုကာ ခင်ဆိုင်ကြီးအား လိုက်ရေးစေတော့သည်။

အပုပ်ချိန် ကိုယ်တော်ကျပြီမို့
ရုပ်အိမ်တော် ညိုကာကြွသော်လည်း
ငိုကာမှ မယ်မငို။
မကြာတတ်လေဘု
ဧရပ်မှာ ညဲ့သည်ဆုံးသည်သို့
ဘုန်းပြုသကို။
ထီးဖြူတော် ရစ်ချက်ကျင်းပါလို့
ကျောက်နီတွင် ရွှေတညင်းရယ်နှင့်
အမယ်မင်း သခင့်ကိုယ်
ရွှေဖိုနှင့် တင်ချင်သား။
ကြောင်းမခိုင်
မပေါင်းပိုင် အခြေစိုက်တာကြောင့်
နှစ်လောင်းပြိုင် သေကာလိုက်ချင်ရဲ့
သောင်းထိုက်ညာဖွား။

www.burmeseclassic.com

www.burmeseclassic.com



လှိုင်သည် သူ့ရင်ထဲမှ ဝေဒနာကို ဖွင့်ဟ၍ ပြီးသွားပေပြီ။ စရပ်မှာ ညှိုးသည်ဆိုးသည့်ပမာ အဖြစ်ဆိုးရရှာသော မောင်တော်၏ မျက်နှာကို လှိုင်ရှုစားမိပြန်သည်။ သူ့ရင်ထဲမှာ ဆို့နင့်တင်းကြပ်လာသည်။ အသက်ရှူရန်ပင် လွန်စွာ အပန်းကြီးနေသည်။ သည့်ထက် ကြာကြာရှုနေလျှင် လှိုင် ရူးများသွားလေမလား။ လှိုင်သည် သက်ပြင်းတစ်ချက်ကို ပင်ပန်းစွာ ရှိုက်လိုက်၏။ ပြီးတော့ မောင်တော်ကနောင်မင်းသား စံပျော်လဲလျောင်းနေသည့် သလွန်တော်အောက်တွင် ပုဆစ်တုပ် ထိုင်လိုက်သည်။

'ဖြစ်လေရာ ဘဝတိုင်းမှာ မောင်တော်သည် ဤကဲ့သို့ အဖြစ်ဆိုးမျိုး တစ်ဖန်ပြန်၍ မကြုံပါစေနှင့် ဘုရား'ဟု ကြေကွဲစွာဆုတောင်းရင်း ဦးညွှတ်တန်တော့လိုက်သည်။

သည်အခိုက်အတန့်မှာပင် ကောင်းကင်မှ တိမ်ခဲကြီးတွေပြို၍ ယိုကျလာသည့်နှယ် မိုးသည် သဲသဲမဲမဲ ရွာချလိုက်လေတော့သည်။

'သြော်...မိုးမင်းသည်ပင် အိမ်ရှေ့ဥပရာဇာအတွက် လွမ်းမျက်ရည်ကျလေရော့သလား'

ပတိမ်းမင်းသားခေါင်းဆောင်သည့် အင်အားစုသည် ရွှေဘိုတွင် ရက်အနည်းငယ်အတွင်း အံ့သြဖွယ်ကောင်းလောက်အောင် အင်အား ကြီးမားလာသည်။ တပယင်းဝန် ဦးမှန်း၊ ပဥ္စလဝန် ဦးအောင်မြတ်၊ တပယင်းစစ်ကဲ ဦးအုန်း၊ ဗိုလ်မိတ် စသူတို့ သစ္စာခံလာကြသည်။

မင်းတုန်းမင်းအနေဖြင့် တူတော် ပတိမ်းမင်းသားကို မတိုက်ခိုက်လိုသေးသဖြင့်ကြောင့် ကနောင်မင်းသားနှင့် ရင်းနှီးကျွမ်းဝင်သော ရဟန်းပုဂ္ဂိုလ်၁ လူပုဂ္ဂိုလ်တို့ကို ရွှေဘိုရှိ ပတိမ်းမင်းသားညီနောင်များထံ လွှတ်လိုက်သည်။ မင်းတုန်းမင်း၏ အလိုတော်မှာ သတ္တဝါအများ ချမ်းသာကိုသာ အလိုရှိသည်။ တူတော်မင်းသားများသည် စေလွှတ်သည့် ပုဂ္ဂိုလ်များနှင့် ပြန်လိုက်ခဲ့ပါက မင်းကြီးက အပြစ်မယူ ခွင့်လွှတ်မည်။ သားတော် (ပတိမ်းမင်းသား)အလိုရှိရာကို ဖြစ်စေမည်ဟု ပြောပြကြသည်။ သို့သော် တူတော်မင်းသားများက လက်မခံကြပေ။ လာရောက် စေ့စပ်ကြသည့် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့ကို

၁။ ရဟန်းပုဂ္ဂိုလ်များစာရင်းကို နောက်ဆက်တွဲ(က)တွင် ပြထားပါသည်။



ဆွမ်းဘောဇဉ်၊ ကွမ်းဆေးလက်ဖက်တို့ဖြင့် ကောင်းစွာ ဆက်ကပ်၊ ကျွေးမွေးပြုစုကြသည်။

မင်းတုန်းမင်းစေလွှတ်သည့် အဖွဲ့သည် ဝါခေါင်လဆန်း ၂ ရက်နေ့တက်အချိန်တွင် ရွှေဘိုမှ ပြန်လာခဲ့ကြသည်။ လဆန်း ၃ ရက်နေ့ ညနေ ၄ ချက်တီးအချိန် ရွှေနန်းတော်သို့ဝင်၍ ပတိမ်းမင်းသားအလို အရေးအရာကားများကို မင်းကြီးအား ပြန်လည် လျှောက်ထားကြသည်။ ဤတွင် မင်းတုန်းမင်းလည်း ညောင်ရမ်းမင်းသား၊ မက္ခရာမင်းသား၊ သုံးဆယ်မင်းသားသူတို့ကို လက်နက်လူသူ ပေးအပ်လျက် တပ်မများ ဖွဲ့စည်းပြီး နေပြည်တော်နှင့် မလှမ်းမကမ်းတွင် တပ်စွဲကာ အသင့် ပြင်ဆင်ထားရတော့သည်။

ပတိမ်းမင်းသားဦးစီးသော တပ်သည် ကျောက်မြောင်းတစ်ဝိုက် တပ်ချထားသည်။ သူ့ကို သစ္စာခံထားသူ ဗိုလ်မိတ်သည် ဗိုလ်ချုပ် ပြုလုပ်ပြီး လက်အောက်ခံဗိုလ် ၅၀ ကျော်ဖြင့် နေပြည်တော်သို့ ဦးတည် ချီတက်တိုက်ခိုက်သည်။ မင်းတုန်းမင်းဘက်မှ ခုခံတိုက်ခိုက်သော်လည်း ပတိမ်းစား၏ နိုင်ကို ထိရောက်စွာ နှိမ်နင်းနိုင်ခြင်း မရှိသေးပေ။ ဒုတိယဝါဆိုလပြည့်ကျော်မှ တင် ထောင်ထားခြားနားသည့် ပတိမ်းဘက်တော်သားများကို ဝါခေါင်လပြည့်ရောက်သည်တိုင် မဖြိုဖျက်နိုင်သေးချေ။

ဤတွင် ဖောင်ဝန်မင်းသည် မင်းတုန်းမင်းထံ အစေခံဝင်သည်။ စစ်ကိုင်းကြောင်းချီ ညောင်ရမ်းမင်းသား၏ တပ်တော်တွင် လိုက်ပါအမှုထမ်းခွင့်တောင်းသည်။ မင်းကြီးထံမှ ခွင့်ပြုချက်ရသည်နှင့် ဖောင်ဝန်မင်းသည် သူ့လက်အောက်ရှိ လေ့တော်တပ်များအနက်မှ ယုံကြည်စိတ်ချရသူများကို ရွေးချယ်ပြီး ညောင်ရမ်းမင်းသားထံ သွားရောက် အမှုထမ်းသည်။ ဗိုလ်မှူး ညောင်ရမ်းမင်းသားက ဖောင်ဝန်အား စစ်ကိုင်းရှိ ပတိမ်းဘက်တော်သားများကို ဖြိုဖျက်ရန် တာဝန်ပေးသည်။

ဖောင်ဝန်လည်း စနစ်တကျ လေ့ကျင့်ထားသော သူ၏ ရေတပ်သားများနှင့် စစ်ကိုင်းဘက်သို့ ကူးပြီးလျှင် ရန်သူတပ်များချထားရာ ရေဦးကျောင်းဆိပ်ကမ်းကို ဝင်ရောက်စီနင်းတိုက်ခိုက်သည်။ ပတိမ်းစားဘက်မှ တပ်များနောက်ဆုတ်သွားတော့သည်။ ဆုတ်ခွာသွားသူများကို အချိန်မပေးဘဲ ဖောင်ဝန်၏ တပ်များက ထက်ကြပ်မကွာ လိုက်လံ တိုက်ခိုက်နှိမ်နင်းရာ ရှိမ်းမကား၊

www.burmeseclassic.com

www.burmeseclassic.com



ရွာသစ်၊ အင်တောင်း၊ သစ်ဆိမ့် စသည့် ရွာများကို ဆက်တိုက်အောင်မြင်သည်။ ပတိမ်းစား ခေါင်းဆောင်သော တပ်သည် ကျောက်မြောင်းတစ်နေရာတွင် ရှိကြောင်း သတင်းရရှိသည်။ တပ်ဖျောက်၍ တိတ်တဆိတ် ချဉ်းကပ်လာရာ ကျောက်မြောင်းဥယျာဉ်အတွင်း ပတိမ်းစားတပ်ကို တွေ့သည်။ ဖောင်ဝန်၏ တပ်မှ တပ်ဦးဗိုလ်၊ ခိုတောင်ပဲ့ချိတ်မောင်ပေါက်၏ တပ်ဆွယ်မှ အတင်းဝင်ရောက် တိုက်ခိုက်ရာ ပတိမ်းမင်းသားကို လက်ရ ဖမ်းမိသည်။ ဆက်လက်၍ တိုင်တားမင်းသား၊ တောင်ဆင်းမင်းသား စသည့် ညီတော်များကိုပါ ရှေ့ဆင့်နောက်ဆင့် ဖမ်းဆီးမိသည်။ နန်းတော်တွင်း အစောင့်အရှောက်နှင့် ထားစဉ် နှမဖြစ်သူ ရန်အောင်မြင်မင်းသမီးနှင့် တိတ်တဆိတ်တိုင်ပင်သည်ကို ထောက်လှမ်းတွေ့ရှိရသည်။ ထို့ကြောင့် လွှတ်တော်က သေဒဏ်ပေးခဲ့သည်။ ထုံးတမ်းစဉ်လာအရ သေဒဏ်ပေးခံရသူများသည် ဘုရင့်ထံသို့ ဖြတိုက်၍ တစ်ဆင့် နာခံကြားလျှာ တင်သွင်း အမိန့်ခံနိုင်သည်။ ရှင်ဘုရင်လက်ခံလိုက လက်ခံနိုင်သည်။ 'ချမ်းသာစေ'အမိန့်ချလိုက ချနိုင်သည်။

ယခု ပတိမ်းညီနောင်တို့အတွက် နာခံကြားလျှာကို အချိန်မီရောက်စေရန် စားတော်ဝန် ဦးခဲထံမှတစ်ဆင့် မြောက်နန်းမိဖုရား ခင်သဲထံ အပ်ခဲ့သည်။ မြောက်နန်းမိဖုရားကလည်း မင်းတုန်းမင်းစံရာ အဆောင်တွင် အသေအချာ အပ်ခဲ့သည်။ ပြီးတော့ အင်္ဂလိပ်ကိုယ်စားလှယ် ဗိုလ်ကြီးစလေဒင်ကလည်း မင်းသားများအတွက် အသနားခံရန် ကြိုးစားခဲ့သေးသည်။ သို့သော် ပတိမ်းမင်းသား ကံခေသည်ဟု ဆိုရမည်။ မင်းတုန်းမင်းသည် အတွင်းခန်းမှ အပြင်ခန်းသို့ အချိန်မီ ထွက်မလာခဲ့ပေ။ မင်းကြီး ထွက်လာပြီးနောက် အကြောင်းစုံကို သိရသည့်အခါ 'ချမ်းသာစေ'အမိန့်တော် ချမှတ်သည်။ သို့သော် ထိုအချိန်တွင် ပတိမ်းမင်းသားအား ပြစ်ဒဏ်ပေးပြီးနေပြီ။ သူ့ညီတော်များကား အသက်ချမ်းသာခွင့် ရခဲ့ကြသည်။

မြင်ကွန်းညီနောင်တို့၏ လုပ်ကြံမှုတွင် စလေဦးပုည အခါပေးကြောင်း မင်းတုန်းမင်းကြီး ကြားသိတော်မူသည်။ မင်းကြီးက ဦးပုညကို 'ရှေ့တော်သို့ သွင်းစေ'ဟု အမိန့်တော် ချမှတ်သည်။ သို့ဖြင့် ဇန်းမော်တိုက်တွင် သွားရောက် တိမ်းရှောင်နေသော ဦးပုညကို ခေါ်ယူလာကြကာ ရှေ့တော်သို့ သွင်းလိုက်၏။ ရောက်လျှင် မင်းတုန်းမင်းတရားကိုယ်တိုင် စစ်မေးရာ ဦးပုညက ယခုလို



ပြန်လည် တင်လျှောက်သည်။

"မှန်လှပါ။ ဘုန်းတော်ကြီးမြတ်သော အရှင်ဘုရား၊ သတ်လျှင်လည်း သေ၊ ထားရလျှင်လည်း နေရမည့် ကျွန်တော်မျိုးပါ ဘုရား။ ဓားနှစ်လက် အောက် ရောက်ဆဲဖြစ်သည်က တစ်ကြောင်း၊ မင်းတရားကြီးမှာ သာသနာ့ ဒါယကာ ဘုန်းရှင်ကံရှင်ဖြစ်၍ ရန်သူတို့ မဖျက်ဆီးနိုင်သည်ကို ပိုင်ပိုင် သိသည်က တစ်ကြောင်းများအပြင် ဘေးမဲ့ပေးခဲ့သည်ကိုလည်း အားကိုးကာ ဥပဇ္ဈေဒက ကံကြမ္မာဆိုးမှ ခွတ်တိုး၍ ရှောင်ရှား၊ အခါပေးမိကြောင်းပါ ဘုရား"[၁]

မင်းတုန်းမင်းသည် ဦးပုည၏ ဝန်ခံလျှောက်တင်ချက်ကို ကြားနာပြီးချေပြီ။ ကိုယ်တော်တိုင်ကလည်း ဦးပုညအား သနားကြင်နာရင်းစွဲရှိသဖြင့် စိတ်တော်ကြေအေးသည့်အခါ သူကောင်းပြုမည်ဟု ရည်ရွယ်လျက် အနီးတွင် ရှိသော မြို့တော်ဝန်မြို့သာ မြို့စားဦးသာအိုးထံ အကျယ်နှင့် အပ်ထားလိုက်လေသည်။

မင်းကြီးက မသတ်ဘဲအကျယ်နှင့် ထားခဲ့သော်လည်း ဦးပုည၏ ကံကြမ္မာကား ညှိုးခဲ့သည်။ မြို့ဝန် ဦးသာအိုး၏ လက်ချက်ဖြင့် ကွယ်လွန်ရှာသည်။ သူ့တွင် ဥပစ္ဆေဒကကံ ပါခဲ့သည်ကိုး။ ဦးပုညသည် ဇန်းမော် ဆရာတော်ဘုရားကြီး အရှင်ပဏ္ဍိတထံတွင် ရဟန်းဘဝနှင့် နေစဉ် ဆရာတော်ကြီးက သတိပေးဖူးသည်။

"မောင်ပုည၊ သင့်မှာ မင်းဒဏ်စိုးဒဏ်နှင့် မကင်းတတ်၊ ရဟန်းဘဝနှင့် နေ၊ လူမထွက်နဲ့"

ထို့အတူပင် ဦးပုည ဖွားမြင်စကလည်း ဒုတိယ ကြက်သွန်ခင်း ဆရာတော်ကြီးနှင့် ရာဇဂုရုမုံရွေး ဆရာတော်ကြီးတို့က ဦးပုည၏ မိဘများအား . . .

"လောကီလောကုတ္တရာအကျိုးနှစ်ပါး ပြီးမြောက်အောင်၊ မောင်ပုညာ ရဟန်းဝတ်နှင့် နေပါစေ၊ သင်တို့သားဟာ ပညာရှိဖြစ်ပြီး လောကီရေးမှာ ကျော်စောမယ်၊ ဒါပေသိ ဗေဒင်အလိုအရ ဥပစ္ဆေဒကကံ မကင်းပေဘူး"

---

၁။ အရှင်ကောလာသ။ မန္တလေးသာသနာဝင်၊ ပဌမတွဲ စာ-၂၉၅

www.burmeseclassic.com

www.burmeseclassic.com



ဦးပုညအပေါ် အမျက်တော်ပြေပြီ ဖြစ်သော မင်းတုန်းမင်းသည် တစ်နေ့တွင် . . .

"ဟဲ့ . . . သာအိုး၊ မောင်ပုည ဘယ်လိုထားတုန်း၊ လွှတ်လိုက်"ဟု မိန့်တော်မူသည်။

ဦးသာအိုးက "အရှင်မင်းကြီး၊ မောင်ပုညကို လက်လွန်ပြီဖြစ်ကြောင်းပါ ဘုရား"ဟု သံတော်ဦး တင်သည်။ ဤတွင် မင်းကြီးက "ဟယ် . . . လူကိုခွေးသတ်သကိုး"ဟု မိန့်တော်မူသည်။

မြင်ကွန်းအရေးနှင့် ပတိမ်းမင်းသားအရေးတို့ကို နှိမ်နင်းနေရသဖြင့် နိုင်ငံတော်တွင် အရှိန်အဟုန်နှင့် လုပ်ဆောင်နေသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ခေတ္တရပ်ဆိုင်းသွားသည်။ အရေးကိစ္စများ ပြီးဆုံးသည့်နောက် မင်းတုန်းမင်းသည် သားတော်များကို စိတ်မချတော့ပေ။ ထို့ကြောင့် သုံးဆယ်မင်းသား၊ ညောင်ရမ်းမင်းသား၊ မက္ခရာမင်းသားတို့ကဲ့သို့ အရွယ်ရောက်နေပြီဖြစ်သည့် သားတော်များထံ အခြားသူများ အဝင်အထွက်မပြုရန် စည်းကမ်းသတ်မှတ် ပြဋ္ဌာန်းလိုက်သည်။

မြင်ကွန်းညီနောင် အရေးတွင် သားတော်မက္ခရာ မင်းသားသည် ခမည်းတော်ဘက်မှ စွန့်စွန့်စားစား တိုက်ခိုက်ခဲ့သည့်အတွက် မင်းကြီးက သားတော်ကို ယုံကြည်တော်မူသည်။ အားလည်း ကိုးတော်မူသည်။ သို့နှင့် ကနောင်မင်းသား အုပ်ချုပ်စီမံခဲ့သော စက်ရုံများကို မက္ခရာမင်းသား အားကြီးကြပ် အုပ်ချုပ်စေသည်။ ထို့ပြင်လည်း မင်းကြီး၏ အချစ်ဆုံး သမီးတော် တစ်ပင်တိုင်မင်းသမီး စလင်းမြို့စားနှင့် စုလျားရစ်ပတ် လက်ထပ် ပေးရန် ရည်မှန်းတော်မူသည်။

မင်းကြီးသည် မက္ခရာမင်းသားနှင့် သမီးတော် စလင်းမြို့စားတို့၏ ပုဏ္ဏားတော်များအား စစ်ဆေးစေသည်။ ပုဏ္ဏားတော်များက ဇာတာရှင် ဇာတာတော် နှစ်ပါးကို စုလျားရစ်ပတ်တော်မူပါက ဇမ္ဗူဒိပ်ကျွန်းအလုံးကို စိုးမိုးနိုင်မည့် ဘုန်းကံရှင်များ ဖြစ်ကြောင်း ယောဂကိန်းထုတ်ကြသည်။ ထို့ကြောင့် မင်းကြီးက မက္ခရာမင်းသားကို သမီးတော်နှင့် စုံဖက်ပြီး အိမ်ရှေ့အရာ အပ်နှင်းရန် ရည်ရွယ်သည်။ သို့သော် . . . သမီးတော် စလင်းမင်းသမီးသာ ခမည်းတော် အသက်ရှည်သမျှ ကာလပတ်လုံး သီတင်းသီလ ဆောက်တည်၍သာ



နေလိုပါကြောင်း ခွင့်ပန်သဖြင့် မင်းကြီး၏ အကြံအစည် ပျက်ပြယ်သွားသည်။

မက္ခရာမင်းသား ကံခေပုံမှာ ထိုမျှနှင့် မပြီးပေ။ တစ်နေ့တွင် မက္ခရာမင်းသားထံ မြို့အုပ်မောင်ကြီးဆိုသူက ဝင်ရောက် ခစားသည်။ မင်းသားက မြို့အုပ်မောင်ကြီးအား အထည်အလိပ်များ ဆုချလိုက်သည်။ မင်းသားက ဆုချသည်ကို မြို့အုပ်မောင်ကြီးက သူ့ယောက္ခမဖြစ်သူ မြို့ဝန်မင်းလက်ဝဲ (မဟာသမိန်ဘရမ်း)အား ပြောပြသည်။ ဤတွင် မင်းလက်ဝဲ ထိပ်ထိပ်ပျာပျာ ဖြစ်ရပြီ။ 'အရွယ်ရောက်သားတော်များထံ အခြားသူများ အဝင်အထွက် မရှိစေရ'ဟု မင်းကြီးက ပြဋ္ဌာန်းထားသည် မဟုတ်ပါလား။ သည်တော့ သားမက်ဖြစ်သူ မြို့အုပ်မောင်ကြီးက မက္ခရာမင်းသားထံ ဝင်ရောက်ခစားခြင်းမှာ ရာဇဝတ်ဒဏ် သင့်နိုင်သည်ကို မင်းလက်ဝဲက မြင်သည်။ သို့နှင့် ဆုချထားသည့်ပစ္စည်းများကို မင်းကြီး၏ရှေ့တော်သို့သွင်းကာ အမှန်အတိုင်း တင်လျှောက်ပြီး မင်းကြီး၏ အမိန့်တော်ကို ခံယူစေသည်။

မင်းကြီးလည်း မြို့အုပ်မောင်ကြီးကို ရာထူးမှနုတ်ပြီး မိုးကောင်းအကျဉ်းထောင်သို့ ပို့လိုက်၏။ မင်းလက်ဝဲကိုမူ ဘုရင့်ကျေးဇူးသစ္စာတော်ကို စောင့်ထိန်းသူဖြစ်၍ မင်းကြီးက မဟာသက်တော်ရှည်ဘွဲ့ ချီးမြှင့်တော်မူသည်။ သားတော်မက္ခရာမင်းသားမှာ မြင်ကွန်းညီနောင်အရေးတွင် မိမိအပါးတော်၌ သက်စွန့်ကြိုးပမ်းထမ်းရွက်ခဲ့သူမို့ ရာဇဝတ်ဘေးမှ ချမ်းသာပေးလိုက်သည်။ သို့သော် မူလရည်မှန်းထားသည့် အိမ်ရှေ့မင်းသားအဖြစ် ရွေးချယ်ခြင်းကိုမူ မပြုတော့ပေ။

မင်းတုန်းမင်းတွင် သားတော်များ လွန်စွာ များပြားလှပါ၏။ သို့သော်လည်း တစ်ဦးတစ်ယောက်ကို အိမ်ရှေ့အရာပေးလိုက်ပါက ညီတော် ကနောင်မင်းသား၏ ကံကြမ္မာမျိုး ကြုံရဖို့များသဖြင့် သေမိန့်ပေးလိုက်သကဲ့သို့ ဖြစ်မည်ကို မင်းကြီး စိုးရိမ်သည်။ ထို့ကြောင့် အိမ်ရှေ့မင်းသားအဖြစ် မည်သူ့ကိုမျှ ရွေးချယ်ခြင်းမပြုဟုလည်း ဆိုကြသည်။ ထီးနန်းအရိုက်အရာကို ထိုက်သူစံသဘောမျိုး ဖြစ်နေပေရာ နိုင်ငံတော်၏ အနာဂတ်သည် မသေမချာ မရေမရာ ဖြစ်နေတော့သည်။

နေပြည်တော်မှ တိမ်းရှောင်သွားသော သားတော် မြင်ကွန်းနှင့် မြင်းခုံတိုင်တို့အတွက်လည်း မင်းကြီးမှာ စိတ်မချမ်းမသာ ဖြစ်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



သားတော်နှစ်ပါးကို အင်္ဂလိပ်တို့ ဖမ်းဆီးချုပ်နှောင်ထားသည် ဆိုသည့်သတင်း၊ ထွက်ပြေး လွတ်မြောက်သွားပြီဆိုသည့် သတင်းများကို ကြားရသည်။ သားတော်များက ခမည်းတော်ကို ကြည်ညိုမြဲ၊ ချစ်ခင်မြဲဖြစ်ကြောင်း၊ ထီးနန်းလက်လွှတ်မည်စိုး၍သာ ပုန်ကန်ရကြောင်း သိရသည့်အခါ မင်းကြီးသည် သားတော်များအား ခွင့်လွှတ်နိုင်ခဲ့သည်။ ထို့ကြောင့် သားတော်များ ဆင်းရဲနေရှာရှာမည်။ သွားခေါ်ပေးကြပါ၊ အန္တရာယ်ဆို၍ တစ်ပေါက်မျှ မကျရောက်စေရဘူးဟု မိန့်တော်မူကာ ဆရာတော်ငါးပါးနှင့် နောက်လိုက်နောက်ပါအချို့ ထည့်ပေးပြီး အခေါ် လွှတ်လိုက်သည်။

မြင်ကွန်းညီနောင်တို့ကလည်း ခမည်းတော်၏ မိန့်မှာချက်ကို ကြားရသဖြင့် ဝမ်းသာကြသည်။ သို့သော် ခမည်းတော်ကို လုပ်ကြံရန်ရည်ရွယ်ရင်း မဟုတ်သော်လည်း လုပ်ကြံရာရောက်နေသဖြင့် ယခုချက်ချင်းပြန်လိုက်၍ မတော်ပါကြောင်း၊ နောင်ပြန်လာသင့်သည့်အချိန်တွင် ပြန်လာခဲ့မည် ဖြစ်ပါကြောင်း လျှောက်ထားကာ နေရစ်ခဲ့ကြသည်။ သည့်အတွက်လည်း မင်းကြီး စိတ်တော်ညှိုးနွမ်းခဲ့ရသည်။

ညီတော်အိမ်ရှေ့မင်း ကျဆုံးသွားသဖြင့် မင်းတုန်းမင်းအဖို့ ညာလက်ရုံး ပြုတ်သွားသည့်နှယ် တုန်လှုပ်ချောက်ချားရသည်။ ပြီးတော့ မိမိအတွက် အသက်ပေးသွားသော ဝန်ကြီးများ၊ မှူးမတ်များစသည့် မင်းမှုထမ်းများ အတွက်လည်း နှမြောတသ ဖြစ်ရသည်။ ခမည်းတော်အတွက် အသက်စတေး သွားရရှာသည့် မလွန်မင်းသား၊ စကုမင်းသားနှင့် ပြင်စည်မင်းသား၊ သည်သုံးပါးအတွက် ယူကြုံးမရ တသသနှင့် သနားနေရသည်။

နယ်ချဲ့အင်္ဂလိပ်များကမူ အထက်မြန်မာပြည် သိမ်းယူရေးတွင် အကြီးဆုံး ရန်သူဖြစ်သည့် အိမ်ရှေ့မင်းသား မရှိတော့သည့်အတွက် များစွာ ကျေနပ် ဝမ်းမြောက်လျက် ရှိသည်။ ရွှေနန်းတော်အတွင်းအပြင် အင်္ဂလိပ်သူလျှိုများ ခြေချင်းလိမ်နေအောင် လှုပ်ရှားကျက်စားလာကြသည်။ အခါအခွင့်သင့်သည်နှင့် အထက်မြန်မာပြည်ကို တိုက်မည်တကဲကဲ။ မင်းတုန်းမင်းအဖို့ နယ်ချဲ့အင်္ဂလိပ် များကလည်း တစ်မှောင့်။

## ၁၂။ လှိုင်ထိပ်ခေါင်တင်၏ နောက်ဆုံးနေ့များ

၁၂၂၉ ခု နယုန်လဆန်း ၅ ရက် . . .။

နန်းမြေဘုံသာစံနန်းတော်ဆောင်မကို ဖျက်သိမ်းလိုက်ပြီ။ သည်နေရာမှာ ကနောင်မင်းသား၏ အလောင်းတော်ကို သင်္ဂြိုဟ်ရန် အုတ်ဂူကို တည်ဆောက်သည်။ သည်အုတ်ဂူအနီးမှာပင် မလွန်မင်းသား၊ စကုမင်းသားနှင့် ပြင်စည်မင်းသားတို့၏ အုတ်ဂူများကိုလည်း စီတန်းကာ တည်ဆောက်ထားသည်။

ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်များအားလုံး အိမ်ရှေ့မင်းသား၏ အလောင်းတော်ကို နောက်ဆုံး ဂါရဝပြုရန် သည်နေရာသို့ ရောက်ရှိနေကြပြီ။ အရှင်နှစ်ပါး၊ အိမ်ရှေ့မိဖုရားလှိုင်ထိပ်ထားနှင့် ဆွေတော်မျိုးတော်တို့အရောက် ကို စောင့်ဆိုင်းနေကြသဖြင့် တပ်သားများအားလုံး ငြိမ်သက်စွာ ရှိနေကြ သည်။ သည်ဝန်းကျင်တစ်ခွင်လုံး အပ်ကျလျှင်ပင် ကြားရမလောက် တိတ်ဆိတ် နေသည်။

ရာသီကား နွေရာသီ။ သို့ပါလျက် နယုန်မိုးနံ့ရပြီမို့ မြက်ပင်များ လန်းလန်းထလာပြီ။ သစ်ပင်ကြီးငယ်တို့လည်း ရွက်ညွန့်ကိုယ်စီနှင့် အရောင် အသွေးပြောင်းလာကြပြီ။ ဝန်းကျင်တစ်ခွင်လုံး စိုစိုပြည်ပြည် ဖြစ်လာပြီ။ သို့သော် မိုးကောင်ကင်တစ်ခွင်၌ကား အိမ်ရှေ့မင်းသား၏ အလောင်းတော်ကို ရှုသွင်းသင်္ဂြိုဟ်ရာ၌ ဝမ်းနည်းသည့်အထိမ်းအမှတ် ပြနေသည့်အလား အုံ့မှိုင်း သိုသာ ညိုနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာခင်မှာပင် အိမ်ရှေ့စံကနောင်မင်းသား၏ နောင်တော် ရွှေနန်းရှင်မှအစ ဆွေတော်မျိုးတော်များ ရောက်လာကြသည်။ အိမ်ရှေ့မိဖုရား လှိုင်ထိပ်ထားသည် တစ်ပတ်လျှိုထုံးထားသော ဆံပင်ကို နောက်ဘက်တွင် ချထားသည်။ ဆီမွှေးဖြင့် လိမ်းကျံထားခြင်းမရှိသော ဆံနွယ်များသည် ပခုံးနောက်၌ ကပိုကယို ကျနေသည်။ မျက်နှာပြင်ပေါ်ဝယ် ဘာမျှ လိမ်းခြယ်ထားခြင်းမရှိ၊ ပကတိအတိုင်းပင်။ သူ့ခန္ဓာကိုယ်ပေါ်ဝယ် ပုတီး၊ နားဋောင်း လက်ကောက်လက်ကြပ် စသည့် ရတနာများ ဆင်ယင်မထားပါ။ ညှိုးနွမ်းနေသော လှိုင့် မျက်နှာကလေးသည် ရှေ့တည့်တည့်မြေပြင်ကိုသာ ကြည့်ရင်း တစ်လှမ်းချင်း လှမ်းလာသည်။ သူ့လက်ယာလက်က သားတော်လေး ထန်းတစ်ပင်မင်းသား၏ လက်ကို ကိုင်ဆွဲထားသည်။ သူ့နောက်ပါးတွင် အပျိုတော်ခင်ဆိုင်ကြီး၊ အဆိုတော်များဖြစ်သော ခင်အုံနှင့် ခင်သစ်တို့အပြင် အခြား ရံရွေတော်များလည်း လိုက်ပါလာကြသည်။

အရှင်နှစ်ပါးနှင့်တကွ ဆွေတော်မျိုးတော်များ အသီးသီး နေရာယူကြပြီးသည်နှင့် စစ်ခရာနှင့် စစ်တံပိုးများကို ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် လွမ်းတဖွယ်မှုတ်လိုက်ကြသည်။ စစ်မြင်းများ၊ ဆင်များသည်လည်း မိမိတို့ အရှင်သခင် အိမ်ရှေ့မင်းကျဆုံးမှုကို ဝမ်းနည်းသည့်အလား မြေပြင်ကို ခွာဖြင့်လှုပ်၍ လှုပ်ရှားနေကြသည်။ စစ်ခရာသံများနှင့် မရေးမနှောင်းမှာပင် နတ်စည်ငယ် ရွှမ်းသံများသည် အိမ်ရှေ့မင်းသားအား ဂါရဝပြုသည့်နယ် ကောင်းကင်ယံမှ ထွက်ပေါ်လာသည်။

လှိုင်သည် တည်ငြိမ်လေးတွဲ့စွာ မြေပြင်ပေါ်သို့ တဖြည်းဖြည်း ဒူးထောက်ပြီး ပုဆစ်တုပ် ထိုင်လိုက်သည်။ ပခုံးထက်တွင် လွှမ်းခြုံထားသော ပုဝါစကို ရှေ့တွင်ဖြန့်ကာ နောက်ဆုံး ဂါရဝပြုခြင်းဖြင့် မောင်တော်၏ အလောင်းတော်ကို သုံးကြိမ်ဦးချ ကန်တော့လိုက်၏။

ဆွေတော်မျိုးတော်များအားလုံး ဂါရဝပြုပြီးသည်နှင့် တစ်ပြိုင်နက် အလောင်းတော်ကို ဂူသွင်းလိုက်သည်။ အိမ်ရှေ့မင်း၏သားတော် ထန်းတစ်ပင်မင်းသားလေးသည် အသံထွက်၍ ငိုရှိုက်လိုက်သဖြင့် ရံရွေတော်များက ဖေးမချော့မော့ကြသည်။ လှိုင်သည် သားတော်လေးကို စောင်းငဲ့ကြည့်လိုက်၏။ လှိုင့်ရင်ထဲ အသည်းနှလုံးထဲတွင် သောကမီးတွေ တောက်လောင်ကာ



လည်ချောင်းဝတွင် တစ်ဆို့နေခိုက်မို့ သားတော်လေးကို ကိုယ်တိုင် မချော့မော့နိုင်။ လှိုင့် ရင်ထဲက သောကမီးသည် အသည်းနှလုံးတွေ ပြာကျသွားအောင်ပင် တောက်လောင်နေသည်။

ကနောင်မင်းသား၏အလောင်းတော်ကို ဂူသွင်းသင်္ဂြိုဟ်ပြီးသည်နှင့် တစ်ဆက်တည်းပင် မင်းတုန်းမင်း၏ သားတော်လေးများ ဖြစ်သော မလွန်မင်းသား၊ စကုမင်းသားနှင့် ပြင်စည်မင်းသားတို့၏ အလောင်းများကို ဂူသွင်းသင်္ဂြိုဟ်လိုက်ကြသည်။

အခမ်းအနားကား ပြီးဆုံးသွားပေပြီ။ အရှင်နှစ်ပါးနှင့် ဆွေတော်မျိုးတော်များ ထွက်ခွာသွားပြီးသည်နှင့် ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်များလည်း အသီးသီး ထွက်ခွာသွားတော့သည်။

မကြာခင်မှာပင် မင်းတုန်းမင်းသည် အမရပူရမြို့တော်မှ စန္ဒာမုနိရုပ်ပွားတော်ကို ပင့်ဆောင်လာပြီး ညီတော် အိမ်ရှေ့မင်းသားကျဆုံးရာ နေရာတွင် စန္ဒာမုနိဘုရားကို တည်ထားကိုးကွယ်တော်မူသည်။

အိမ်ရှေ့မင်းသား မရှိတော့သည့်အတွက် လှိုင်သည် အိမ်ရှေ့မိဖုရား မဟုတ်တော့ပေ။ ကုသိုလ်ကံမပါ၍ လှိုင်သည် အဂ္ဂမဟေသီမိဖုရားအဖြစ် မရောက်ရှာ။ လှိုင့်အသက် ၃၃ နှစ်တွင် အိမ်ရှေ့စံမိဖုရားအဖြစ်မှ လျှောကျကာ သာမန်မင်းသမီးဘဝသို့ ရောက်သွားသည်။ သားတော် ထန်းတစ်ပင်မင်းသားသည်လည်း သာမန်မင်းသားကလေး ဖြစ်သွားပြီ။

သို့သော် လှိုင်မျက်နှာ မငယ်ပါ။ လှိုင်၏ သိမ်မွေ့မှု၊ အေးဆေးမှု၊ စိတ်ထားဖြူစင်မှု စသည့် သဘာဝကြောင့် မင်းတုန်းမင်းနှင့် မိဖုရားခေါင်ကြီးတို့ကအစ မင်းသားမင်းသမီး အားလုံးပင် လှိုင့်ကို အသနားပိုကြသည်။ မင်းတုန်းမင်းကဆိုလျှင် ညီတော်အိမ်ရှေ့မင်း မရှိသည့်နောက်ပိုင်း လှိုင်အပိုသုံးရန် ငွေ ၅၀၀ ကျပ်၊ ထန်းတစ်ပင်မင်းသားလေးအား ငွေ ၁၀၀ ကျပ် လစဉ် သနားတော်မူသည်။

နန်းဆောင်အလယ်တွင် ဆွေတော်မျိုးတော်၊ ရံရွေတော်တွေနှင့် နေငြား လှိုင် မပျော်ပိုက်ပါ။ ငယ်စဉ်တောင်ကျေးကလေးဘဝကတည်းက မိမိဘဝ တည်ငြိမ်အေးချမ်းခြင်း မရှိသည်ကို လှိုင် စဉ်းစားမိပြန်သည်။ ထိုနန်းစည်းစိမ် ရလိုမှုအတွက် ဆွေတော်မျိုးတော်တွေ တစ်ယောက်ကိုတစ်ယောက် အကောက်



www.burmeseclassic.com

www.burmeseclassic.com



ကြဲကြဲ၊ လုပ်ကြဲကြဲနှင့်။ သည်လို အရှုပ်အထွေးတွေထဲမှာ မိမိရဲ့မယ်တော် အနောက်နန်းမိဖုရား မမြကလေးရော၊ ဘွားတော် ခေါ်အိပါ မင်းပြစ်မင်းဒဏ် သင့်ပြီး အသေဆိုးခဲ့ကြရသည်။ ယခုတစ်ဖန် မိမိအားကိုးရာ၊ မိမိရဲ့ ဘဝသခင် မောင်တော်ကနောင်မင်းသားသည် မြင်ကွန်းညီနောင်တို့ လုပ်ကြံမှုကြောင့် အသေဆိုးနှင့် သေခဲ့ရပြန်ပြီ။ မောင်တော်ကျဆုံးသွားခြင်းသည် မိမိအတွက်ရော နိုင်ငံအတွက်ပါ အစားထိုး၍မရသော ဆုံးရှုံးမှုကြီး တစ်ရပ်ပင် ဖြစ်၏။ မိမိဘဝမှာ သောကဗျာပါရတွေ မီးခိုးမဆုံး၊ မိုးမဆုံးပါပဲလား။ သားတော် ထန်းတစ်ပင်မင်းသား၏ ဘဝကကော၊ ပန်းခင်းသောလမ်းပေလား၊ ဆူးခင်းသော လမ်းလေလား မသိနိုင်ပြီ။ ဘာမျှမမြဲသော လောကထဲတွင် မိမိကို လုံးဝ အားကိုးနေမည် စိုးသည်။ သည်တော့ တစ်ကိုယ်တည်း ကြံ့ကြံ့ခံနိုင်အောင် လေ့ကျင့်ပေးရဦးမည်။ လှိုင်သည် သားတော်လေး၏ ဘဝရှေ့ရေးကို မျှော်တွေးမိသည့်အခါ ရင်မှာ ပူလောင်လာသည်။ ချစ်ခြင်းဒုက္ခ၊ သမုဒယ ဒုက္ခတွေကို လှိုင်သည် ရင်ကွဲလုမတတ် ခံစားနေရသည်။

လှိုင့် အဖြစ်ကို မြင်နေရ၊ ကြားသိနေရသော မိဖုရားခေါင်ကြီး စကြာဒေဝီသည် များစွာ ကရုဏာသက်မိသည်။ သူ့ထိုက်နှင့် သူ့ကံ ဆိုပြီး လျစ်လျူမရှုနိုင်ပါ။ ထို့ကြောင့် လှိုင့်ကို တရားချဖျောင်းဖျတော်မူသည်။

"ညီမတော်...လောကမှာ ရှိရှိသမျှ ပုဂ္ဂိုလ်သတ္တဝါတွေဟာ အနိစ္စသဘောချည်း ဖြစ်ပေတယ်။ အနိစ္စသဘောကို မည်သူမျှ မလွန်ဆန်နိုင်ပေဘူး။ ဖြစ်ပြီးရင် ပျက်မယ်၊ မမြဲဘူး။ မမြဲခြင်းတရားသည်သာ အမြဲရှိနေတယ်။ ညီမတော်အနေနဲ့ လောကဓံလှိုင်းပုတ်တဲ့ ဒဏ်တွေကို အများကြီးခံခဲ့ရဖူးပြီ။ အတွေ့အကြုံတွေလည်း များခဲ့ပြီ။ သည်တော့ ရုန်းထွက်လို့မရနိုင်သေးတဲ့ အခြေအနေမှာ ခုလို ပူဆွေးသောကတွေ ရင်ဝယ်ပိုက်ထားမယ့်အစား၊ စိတ်သက်သာမှု ရအောင် ရှာပြီး နေတတ်ဖို့လိုတယ်။ စိတ်ထားတတ်ဖို့ လိုတယ်။ ဘယ်လို လောကဓံနဲ့တွေ့တွေ့၊ ပုထုဇဉ်ဘဝရဲ့ မလွန်ဆန်နိုင်တဲ့ တရားတွေပဲလို့ နှလုံးသွင်းပါ။ နှလုံးသွင်းမှန်ရင် စိတ်ချမ်းသာရာ ရမှာအမှန်ပဲ ညီမတော်"

မိဖုရားခေါင်ကြီးက အခါမလပ် တရားချမှု၊ ဖျောင်းဖျမှုတွေကြောင့် လှိုင်သည် နှလုံးသွင်းမှန်အောင် ကြိုးစားသည်။ တစ်စတစ်စ စိတ်သက်သာရာ



ရလာသည်။ သင့်တင့်စွာ နှလုံးသွင်းနိုင်ပြီမို့ ရင်ကို ထိမှန်စေမည့် ဝေဒနာမှန်သမျှ ခွာချနိုင်ခဲ့သည်။ သီလဆောက်တည်ခြင်း၊ မေတ္တာဘာဝနာ စီးဖြန်းခြင်းတို့ကြောင့် တဖြည်းဖြည်း စိတ်တည်ငြိမ်လာသည်။ ပြီးတော့ အချိန်သည်လည်း အကောင်းဆုံးသော သမားတော်ကြီးပင် မဟုတ်ပါလား။ အချိန်တွေ ကြာညောင်းလာသည်နှင့်အမျှ လှိုင့် ရင်တွင်းမှ သောကမီးစွယ် သည်လည်း တဖြည်းဖြည်း အစွယ်ကျိုးကာ ငြိမ်းသွားတော့သည်။

ယခုဆိုလျှင် လှိုင့်အသက်မှာ ၄၂ နှစ် ရှိပြီ။ မောင်တော်ကနောင်မင်းသား ကံတော်ကုန်သည်မှာပင် ၉ နှစ် ကြာညောင်းခဲ့ပေပြီ။ သည်အချိန်မှာ လှိုင်၏ ကျန်းမာရေး အခြေအနေသည် တဖြည်းဖြည်း ချွတ်ယွင်းလာသည်။ လှိုင်သည် သင့်တင့်စွာ နှလုံးသွင်းမှုကြောင့် ဖြေပြေရာရခဲ့သည်ဆိုသော်လည်း ချစ်ကြမ္မာ ဖိစီး၍ သောကမီးတောက်လောင်ခဲ့ရသည့်ဒဏ်၊ လောကဓံလှိုင်း၏ ရိုက်ပုတ်ချက် ပြင်းထန်လွန်းသည့် ဒဏ်တွေကြောင့် တဖြည်းဖြည်း ကျန်းမာရေး ချို့တဲ့ လာသည်။ သောကပင်လယ်တွင် ကူးခတ်ရဖန် များလွန်း၍လည်း ခြေကုန် လက်ပန်း ကျနေပေပြီ။ လှိုင့် ကျန်းမာရေးအခြေအနေသည် ကောင်းမွန်လာသည် မရှိ။ တစ်နေ့တခြား ဆုတ်ယုတ်လို့သာ လာသည်။

၁၂၃၇ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်။

လှိုင်ထိပ်ထား၏ အဆောင်မှာ တိတ်ဆိတ်ငြိမ်သက်နေသည်။ သည်နေ့ နံနက်ပိုင်းမှစ၍ လှိုင်၏ ကျန်းမာရေးအခြေအနေ ဆိုးဝါးလာသည်။ အနည်းငယ် အမောဖောက်လာသဖြင့် အပျိုတော်ခင်ဆိုင်ကြီးတို့ ထိပ်ထိပ်ပျာပျာ ဖြစ်နေသည်။ လှိုင် လဲလျောင်းနေသည့် သလွန်အနီးတွင် ရဲရွှေတော်များခစားကာ သမားတော်ကြီး၏ မျက်နှာကို အားကိုးတကြီး ကြည့်နေကြသည်။ အသက်ဝင် ပြင်းပြင်းမရှူဝံ့ကြပေ။

သမားတော်ကြီးသည် အစွမ်းအထက်ဆုံးသော ဆေးတစ်ခွက်ကို တိုက်ကျွေးပြီးနောက် လှိုင်၏ အခြေအနေကို မမှိတ်မသုန်အကဲခတ်နေသည် အချိန်အတန်ငယ် ကြာသွားသည်။ ထူးခြားတိုးတက်မှု မရှိသေးပါ။

ထန်းတစ်ပင်မင်းသားသည် မယ်တော်ကို တစ်လှည့်၊ သမားတော်ကြီးကို တစ်လှည့် ကြည့်ရင်း တိတ်တခိုး သက်ပြင်းချမိသည်။ မယ်တော်သည် ကောင်းကျော်နိုင်ပါတော့မလား။ သူ့ရင်ထဲတွင် ပူလောင်လာသည်။ သူ့ ဆယ်ကျော်သား

www.burmeseclassic.com

www.burmeseclassic.com



အရွယ် ခမည်းတော် မျက်ကွယ်ပြုသွားကတည်းက မယ်တော်သည် မိခင်တာဝန်ကိုရော ဖခင်တာဝန်ကိုပါ ယူကာ သူ့အား မပြတ်ဆုံးမသွန်သင်ခဲ့သည်။ ကိုယ်ကျင့်တရား ကောင်းမွန်ဖို့၊ ရိုးသားဖြောင့်မတ်ဖို့၊ လူကြီးသူမများ၏ စကားကို နာယူတတ်ဖို့၊ ညီတော် နောင်တော်များအား ချစ်ခင်တတ်ဖို့စသည်ဖြင့် ဆုံးမခဲ့သည်မှာ မမောနိုင်မပန်းနိုင်။ ကိုယ့်တိုင်းပြည်အတွက် သက်စွန့်ကြိုးပမ်း ထမ်းရွက်နိုင်ဖို့၊ ရဲရည်ရဲသွေး မြင့်မားလာစေဖို့ ဆရာကောင်းထံအပ်နှံကာ အတတ်ပညာများကို သင်ယူစေခဲ့သည်။ မိမိအတွက် သည်မျှပူပန်တတ်သော မယ်တော်။ ယခု မပူပန်နိုင်တော့ပါလား။

သမားတော်ကြီးသည် မျက်မှောင်ကြုတ်လိုက်၏။ မျှော်လင့်စောင့်ဆိုင်းနေသည့် အချိန်ထက် ကျော်လွန်လာခဲ့ပြီ။ ဝေဒနာမှသက်သာသည့် အရိပ်လက္ခဏာကို လုံးဝ မတွေ့ရပေ။ မကြာခင်မှာပင် လှိုင့် ရင်အုံသည် မသိမသာ မြင့်မောက်လာပြီး ပြန်လည် ငြိမ်ကျသွား၏။ သောကပြည့်လျှမ်းသည့် လူ့ဘုံနန်းတွင် မနေလိုတော့ပြီဖြစ်သော လှိုင်သည် သူချစ်လှသော သားတော် ထန်းတစ်ပင်မင်းသားလေးကို ထားရစ်ကာ မျက်ကွယ်ပြုသွားသည်။

မြန်မာစာပေသမိုင်းတွင် ထင်ရှားခဲ့သော ကြယ်တစ်ပွင့်မှာ ကြွေလွင့်သွားခဲ့ရရှာလေပြီ။

စိမ့်(ပညာရေး)



နောက်ဆက်တွဲ(ဃ)

## ပတိမ်းမင်းသားနှင့် စေ့စပ်စကားပြောဆိုရန် ရွှေဘိုသို့ကြွသွားခဲ့သော သံဃာတော်များစာရင်း

| ရတနာသိခမြို့ကြွသွားရာ သံဃာစာရင်း | | | | | |
|---|---|---|---|---|---|
| ဆရာတော်(ဘွဲ့မည်မပါ) | ၁ | | | | |
| ဦးတိလောက | ၁ | ၁၅၀ ကျောင်း | ရှင်ဩဘာသ | ၁ | ကျောင်းကြီး |
| ဦးကေတု | ၁ | လှိုင် | ရှင်နရာသဘ | ၁ | အလယ်နန်း |
| ဦးဉာဏ | ၁ | စစ်ကဲ | ရှင်ဥတ္တမ | ၁ | ၁၅၀ |
| ဦးဇယန္တ | ၁ | မကွေး | ရှင်ဝရ | ၁ | ကျောင်းကြီး |
| ဦးစန္ဒိမာ | ၁ | လှိုင် | ရှင်အာဒါသ | ၁ | ငုင်း |
| ဦးဣန္ဒ | ၁ | ငုင်း | | | |
| ဦးကောဏ္ဍည | ၁ | ငုင်း | သာမဏေ | ၅ | |
| ဦးပညာ | ၁ | အရှေ့ကျောင်းတော် | | | |
| ဦးသာသန | ၁ | သနပ်စစ် | ၂၉ | ၂၃ | |
| ဦးဂန္ဓ | ၁ | သီဟိုဠ် | | | |
| ဦးသီလ | ၁ | ကျောင်းကြီး | | | |
| ဦးဇာဂရ | ၁ | ကျောက်ပန်းတောင်း | | | |
| ဦးနန္ဒိ | ၁ | မကွေး | | | |
| ဦးမေဓာ | ၁ | ၁၅၀ | | | |
| ဦးဇာဂရ | ၁ | အလယ်နန်း | | | |
| ဦးဝိစာရ | ၁ | နတ်ရှင်ရွေး | | | |
| ဦးကေလာသဘ | ၁ | လဲချား | | | |
| ရဟန်း | ၁၈ | | | | |

စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ်၊ ရွှေဘုံသာကျေးရွာ၊ အနောက်ကျောင်းဆရာတော်ထံတွင်ရှိသည့် ပုရပိုက်မှ ဗုဒ္ဓစာပေ၊ မောင်မြင့်သိန်း၊ မန္တလေးဘုံ ယူပေးပို့ ရရှိပါသည်။

(တင့်ရွှေ)

www.burmeseclassic.com

www.burmeseclassic.com



## မှီငြမ်းစာအုပ်များ


၁။ ကောလာသ၊ အရှင်။ (ဓမ္မစရိယ၊ ဂဏဝါစက)၊ မန္တလေးသာသနာဝင်၊ ပထမတွဲနှင့် ဒုတိယတွဲ။

၂။ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး၊ တတိယအုပ်။

၃။ ကြန်၊ ဒေါ်။ ပဒေသရာဇ် မြန်မာနိုင်ငံဇာတ်သိမ်း။

၄။ ခင်ခင်လေး၊ ဒေါက်တာ။ အမျိုးသမီးအနုပညာရှင်များ။

၅။ ချမ်းမြ၊ ဦး။ ကဗျာယဉ်စာယဉ် လက်ရွေးစင်။

၆။ ညိုမြ၊ ဦး။ ကုန်းဘောင်ရှာပုံတော်။

၇။ တင်၊ ဦး။ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း၊ တတိယပိုင်း။

၈။ တိုက်စိုး။ မင်းတုန်းမင်း။

၉။ ထင်၊ မောင်။ ယောမင်းကြီးဦးဖိုးလှိုင်အတ္ထုပ္ပတ္တိနှင့် ရာဇဓမ္မသင်္ဂဟကျမ်း။

၁၀။ နတ်ရှင်၊ ဒေါက်တာ။ စာပေဝတ်ဆံ ၄

၁၁။ " " ရတနာပုံမိန်းဒါန်း။

၁၂။ ပုဆိုးကြမ်း၊ မောင်။ ကနောင်မင်းသား။

၁၃။ ဖေမောင်တင်၊ ဦး။ မြန်မာစာပေသမိုင်း။

၁၄။ ဖိုးမှတ်စု၊ ရတနာပုံ။ မန္တလေး။

၁၅။ မိမိကြီး၊ ရွှေဘို။ လှေသင်းအတွင်းဝန်မင်း ဦးရွှေမောင်။

၁၆။ မြကေတု။ နန်းလေ့မှတ်တမ်းများ။

၁၇။ မြန်မာ့စွယ်စုံကျမ်း။ အတွဲ ၁၊ အတွဲ ၉၊ အတွဲ ၁၂။

၁၈။ ရင်ဂျမ်း၊ ကို။ စာဆိုကြေးမုံ။

၁၉။ လှသမိန်။ အနောက်နန်းမိဖုရားမမြကလေးနှင့် လှိုင်ထိပ်ခေါင်တင်။

၂၀။ လွင်မောင်။ မှတ်တမ်းသမိုင်း မန်းဓေယျာတိုင်း။

၂၁။ သုတ၊ မောင်။ (ဗိုလ်မှူးဘသောင်း)၊ စာဆိုတော်များ အတ္ထုပ္ပတ္တိ။

၂၂။ သော်၊ မောင်။ ကုန်းဘောင်စစ်တမ်း။

၂၃။ အေးမောင်၊ ဗိုလ်။ မင်းတုန်းကနောင်အရေးတော်ပုံ။

၂၄။ ဥတ္တမဗုဒ္ဓိ၊ အသျှင်။ သီပေါမင်းနန်းတွင်းရေးနှင့် မြင်ကွန်းမင်းသားအတွင်းရေး။ မဟာဝိဇ္ဇာဘွဲ့ကျမ်း။

၂၅။ မခင်ဆွေဝင်း။ လှိုင်ထိပ်ခေါင်တင်၏ တေးကဗျာများ လေ့လာချက်။ ရန်ကုန်တက္ကသိုလ်၊ မဟာဝိဇ္ဇာ(မြန်မာစာ)ဘွဲ့အတွက် တင်သွင်းသောကျမ်း။ ၁၉၉၃ ဒီဇင်ဘာ။

၂၆။ နန်းညွန့်ဆွေ(ဆောင်းပါးရှင်)။ ဂီတစာဆို မောင်ကျောက်ခဲ(ဆောင်းပါး)

၂၇။ ဝန်းသိုအောင်ခင်(ဆောင်းပါးရှင်)။ အာယုကာရကဗြိုဟ်နှင့် ဥပဓေ္ဆဒကကဲ(ဆောင်းပါး)

၂၈။ စောမုံညင်း(ဆောင်းပါးရှင်)။ ဥက္ကလာပပြန်သာယာဝတီမင်း၏ဘဝ ရင်ဆိုင်မှုများ (ဆောင်းပါး)


www.burmeseclassic.com